# မြန်မာ့အလင်း

၁၂၇၅ ခုနှစ်က တည်ထောင်သည်။ Established in 1914

Myanma Alinn Daily


## မိမိပြုဖွယ် အမှုကိစ္စ

သီလနှင့်လည်းပြည့်စုံ၊ ဉာဏ်အမြင်နှင့်လည်း ပြည့်စုံ၍ တရား၌တည်ကာ အမှန်တရားကိုလည်း သိတတ်သော မိမိပြုဖွယ်အမှုကိစ္စကိုလည်း ပြုတတ်သူကို လူအပေါင်းသည် ချစ်မြတ်နိုး၏။

ပိယဝဂ်(ဓမ္မပဒ-၂၁၇)


၁၃၈၄ ခုနှစ်၊ နတ်တော်လဆန်း ၉ ရက် | ၂၀၂၂ ခုနှစ်၊ ဒီဇင်ဘာ ၁ ရက်၊ ကြာသပတေးနေ့ | အတွဲ (၆၂)၊ အမှတ် (၀၆၂)


## နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ၏ ရှေ့လုပ်ငန်းစဉ် (၅) ရပ်

၁။ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ကို ပြန်လည်ဖွဲ့စည်းပြီး မဲစာရင်းများ စစ်ဆေးခြင်းများအပါအဝင် လုပ်ဆောင်သင့်၊ လုပ်ဆောင်ထိုက်သည်များကို ဥပဒေနှင့်အညီ ဆက်လက်လုပ်ဆောင်သွားမည်။

၂။ လတ်တလော ဖြစ်ပွားနေဆဲဖြစ်သည့် COVID-19 ကပ်ရောဂါ ကာကွယ်ရေးလုပ်ငန်းများကို အရှိန်အဟုန်မပျက် ထိထိရောက်ရောက် ဆက်လက်ဆောင်ရွက်သွားမည်။

၃။ COVID-19 ကပ်ရောဂါကြောင့် ထိခိုက်ခဲ့သည့် စီးပွားရေးလုပ်ငန်းများအား ဖြစ်နိုင်သမျှနည်းလမ်းများဖြင့် အမြန်ဆုံးကုစားသွားမည်။

၄။ တစ်နိုင်ငံလုံး ထာဝရငြိမ်းချမ်းရေးရရှိရေးအတွက် တစ်နိုင်ငံလုံး ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေးသဘောတူစာချုပ် (NCA) ပါ သဘောတူညီချက်များအတိုင်း ဖြစ်နိုင်သမျှအလေးထား လုပ်ဆောင်သွားမည်။

၅။ အရေးပေါ်ကာလဆိုင်ရာ ပြဋ္ဌာန်းချက်များနှင့်အညီ ဆောင်ရွက်ပြီးစီးပါက ဖွဲ့စည်းပုံအခြေခံဥပဒေ (၂၀၀၈ ခုနှစ်) နှင့်အညီ လွတ်လပ်ပြီး တရားမျှတသော ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲအား ပြန်လည်ကျင်းပ၍ အနိုင်ရသည့်ပါတီအား ဒီမိုကရေစီစံနှုန်းများနှင့်အညီ နိုင်ငံတော်တာဝန်အား လွှဲအပ်နိုင်ရေး ဆက်လက်ဆောင်ရွက်သွားမည်။

## စစ်တက္ကသိုလ်ဗိုလ်လောင်းသင်တန်း အမှတ်စဉ်(၆၄) သင်တန်းဆင်း ဂုဏ်ပြုစစ်ရေးပြအခမ်းအနား တိုက်ရိုက် (Live) ထုတ်လွှင့်မည်

နေပြည်တော် နိုဝင်ဘာ ၃၀

စစ်တက္ကသိုလ် ဗိုလ်လောင်းသင်တန်း အမှတ်စဉ်(၆၄)သင်တန်းဆင်း ဂုဏ်ပြုစစ်ရေးပြအခမ်းအနားကျင်းပပုံများကို ဒီဇင်ဘာ ၂ ရက်နေ့ နံနက် ၇ နာရီ ၂၅ မိနစ်မှစတင်၍ MRTV HD Channel၊ MWD HD Channel၊ MWD Variety HD Channel၊ Skynet FUTURE 5 Channel နှင့် MRTV Web & App တို့မှ တိုက်ရိုက် (Live) ထုတ်လွှင့်သွားမည်ဖြစ်သည်။

သတင်းစဉ်

## ထူးခြားသည့် ညအပူချိန်များ

၃၀-၁၁-၂၀၂၂

| | |
|---|---|
| ပူတာအိုမြို့ | ၈ ဒီဂရီစင်တီဂရိတ် |
| မချမ်းဘောမြို့ | ၁၀ ဒီဂရီစင်တီဂရိတ် |
| ဟားခါးမြို့ | ၁၀ ဒီဂရီစင်တီဂရိတ် |

## မှတ်သားဖွယ်ရာ မိုးရေချိန်များ

| | |
|---|---|
| ရေးမြို့ | ၀ ဒသမ ၉၄ လက်မ |
| ပင်လောင်းမြို့ | ၀ ဒသမ ၉၁ လက်မ |
| မှော်ဘီ (စိုက်ပျိုးရေး မိုးလေဝသ) | ၀ ဒသမ ၄၇ လက်မ |
| မြိတ်မြို့ | ၀ ဒသမ ၄၃ လက်မ |
| ကော့ကရိတ် | ၀ ဒသမ ၃၁ လက်မ |

မိုး/ဇလ



ရန်ကုန် - ဒလ မြစ်ကူးတံတား တည်ဆောက်မှုလုပ်ငန်းခွင်ကို တွေ့ရစဉ်။

## ရန်ကုန် - ဒလမြစ်ကူးတံတားတည်ဆောက်မှု ၄၉ ရာခိုင်နှုန်းခန့် ပြီးစီးနေ

ရန်ကုန် နိုဝင်ဘာ ၃၀

မြန်မာ - ကိုရီးယား ချစ်ကြည်ရေးတံတား တည်ဆောက်ရေးစီမံကိန်းကို ဆောက်လုပ်ရေးဝန်ကြီးဌာန တံတားဦးစီးဌာနမှ ဆောင်ရွက်လျက်ရှိရာ ရန်ကုန်-ဒလမြစ်ကူးတံတား တည်ဆောက်မှုသည် ယခုအခါ ၄၉ ရာခိုင်နှုန်းခန့် ပြီးစီးနေပြီဖြစ်ကြောင်း တံတားဦးစီးဌာနမှ ဒုတိယညွှန်ကြားရေးမှူးချုပ် ဦးကျော်ကောင်းချိုက ပြောသည်။

"ဒီတံတားစီမံကိန်းက ဘိုးပိုင်အုတ်မြစ် သံကူကွန်ကရစ်ကိုယ်ထည်ပေါ်မှာ တည်ဆောက်ထားတဲ့ လေးလမ်းသွား သံမဏိကြိုးဆိုင်းတံတားတစ်စင်း ဖြစ်ပါတယ်။ လက်ရှိမှာတော့ တံတားစီမံကိန်းတစ်ခုလုံးရဲ့ ၄၉ ရာခိုင်နှုန်းလောက် ပြီးစီးနေပြီဖြစ်ပါတယ်" ဟု ဒုတိယညွှန်ကြားရေးမှူးချုပ်က ဆက်လက်ပြောသည်။ ရန်ကုန်မြစ်ကို ဖြတ်ကျော်တည်ဆောက်နေသည့် ရန်ကုန်-ဒလ မြစ်ကူးတံတားကို *စာမျက်နှာ ၃ ကော်လံ ၁* ❖

## ယနေ့ ဖတ်စရာ


ကိုဗစ်-၁၉ ရန်ပုံငွေမှ နိုင်ငံသားပိုင် ငါး၊ ပုစွန် မွေးမြူရေး အပါအဝင် မွေးမြူရေးကဏ္ဍသို့ ထုတ်ပေးထားသည့် ချေးငွေများ ပြန်လည်ပေးဆပ်ရမည့်ကာလအား သက်တမ်း (၁) နှစ် ထပ်မံတိုးမြှင့်ပေးကြောင်း အသိပေးကြေညာခြင်း — ပြည်တွင်းသတင်း စာ ၃

အမျိုးသားစည်းလုံးညီညွတ်ရေးနှင့် ငြိမ်းချမ်းရေးဖော်ဆောင်မှု ညှိနှိုင်းရေးကော်မတီနှင့် နိုင်ငံရေးပါတီများအစုအဖွဲ့၏ အလုပ်အဖွဲ့တို့ တွေ့ဆုံဆွေးနွေး — ပြည်တွင်းသတင်း စာ ၄

"အေအိုင်ဒီအက်စ်ပပျောက်ဖို့ မညီမျှမှုများလျှော့ချလို့ အားလုံးပူးပေါင်းဆောင်ရွက်စို့" — ဆောင်းပါး စာ ၆

မသန်စွမ်းသူများ၏ အနာဂတ်ဘဝသာယာလှပဖို့ လက်တွဲကူညီဖေးမကြပါစို့ — ဆောင်းပါး စာ ၁၀

## အိတ်ချ်အိုင်ဗွီကူးစက်မှုမှ ကာကွယ်ရေး အန္တရာယ်ရှိ အပြုအမူများကို ရှောင်ကြဉ်

ယနေ့သည် အိတ်ချ်အိုင်ဗွီဗိုင်းရပ်စ်ကြောင့် ဖြစ်ပွားရသည့် အေအိုင်ဒီအက်စ်ရောဂါ ကူးစက်ပျံ့နှံ့မှုကို အများပြည်သူတို့ သတိမူနိုင်ကြစေရန် ရည်ရွယ်၍ သတ်မှတ်ထားသည့် “ကမ္ဘာ့ ခုခံအားကျဆင်းမှု ကူးစက်ရောဂါတိုက်ဖျက်ရေးနေ့” (World AIDS Day) ဖြစ်သည်။ ထို့အပြင် အိတ်ချ်အိုင်ဗွီ၊ အေအိုင်ဒီအက်စ်ကြောင့် သေဆုံးသွားခဲ့ရသူများကို အမှတ်ရစေရန်နှင့် အေအိုင်ဒီအက်စ်ရောဂါကို ပြည်သူ့ကျန်းမာရေးပြဿနာအဖြစ်မှ လုံးဝပပျောက်သွားစေရေးအတွက် ကြိုးပမ်းရာတွင် ကျန်းမာရေးဝန်ထမ်းများ၊ ကုလသမဂ္ဂအဖွဲ့အစည်းများ၊ လူမှုရေး အသင်းအဖွဲ့များ၊ အိတ်ချ်အိုင်ဗွီပိုးရှိသူများနှင့် ပြည်သူလူထုတစ်ရပ်လုံး နိုးကြားတက်ကြွစွာ ပါဝင်လာကြစေရန်လည်း ရည်ရွယ်သည်။

မြန်မာနိုင်ငံတွင် အိတ်ချ်အိုင်ဗွီပိုး ကူးစက်ခံထားရသူများကို ၁၉၉၀ ပြည့်လွန်နှစ်များတွင် စတင်တွေ့ရှိခဲ့ရခြင်းဖြစ်သည်။ ၂၀၂၀ ပြည့်နှစ်တွင် မြန်မာတစ်နိုင်ငံလုံး၌ အိတ်ချ်အိုင်ဗွီပိုး ကူးစက်ခံရသူဦးရေ ၂၄၀၀၀၀ ကျော်ရှိပြီး ရောဂါဖြစ်ပွားမှုနှုန်း ၀ ဒသမ ၅၇ ရာခိုင်နှုန်းရှိသည်ဟု ခန့်မှန်းတွက်ချက်ထားသည်။ မြန်မာနိုင်ငံတွင် အိတ်ချ်အိုင်ဗွီပိုးအသစ် ကူးစက်ခံရမှုအနေဖြင့် ၂၀၀၀ ပြည့်နှစ်တွင် ၂၈၀၀၀ ရှိခဲ့ရာမှ ၂၀၁၈ ခုနှစ်တွင် ၁၁၀၀၀ သို့ ကျဆင်းလာခဲ့သည်ဟု ကမ္ဘာ့ကျန်းမာရေးအဖွဲ့က ဖော်ပြထားသည်။ ကမ္ဘာပေါ်တွင် အိတ်ချ်အိုင်ဗွီပိုးအသစ် ကူးစက်ခံရသူများ၏ ထက်ဝက်ကျော်ခန့်မှာ ဦးတည်အုပ်စုများဖြစ်ကြသည့် မူးယစ်ဆေး အကြောထဲထိုးသွင်းသူများ၊ အမျိုးသားချင်း လိင်တူချစ်သူများနှင့် ထိုသူတို့၏ လိင်ဆက်ဆံဖော်များ၊ လိင်လုပ်သားများဖြစ်ကြပြီး မြန်မာနိုင်ငံတွင် မူးယစ်ဆေး အကြောထဲ ထိုးသွင်းသူများ၏ ၁၉ ရာခိုင်နှုန်း၊ အမျိုးသားချင်း လိင်တူဆက်ဆံသူများ၏ ၆ ဒသမ ၄ ရာခိုင်နှုန်း၊ အမျိုးသမီး လိင်လုပ်သားများ၏ ၅ ဒသမ ၆ ရာခိုင်နှုန်းတို့တွင် အိတ်ချ်အိုင်ဗွီပိုး တွေ့ရှိရသည်ဟုဆိုသည်။

ယခုအခါ ကူးစက်နိုင်စွမ်းမြင့်မားသည့် မျိုးဗီဇပြောင်း အိတ်ချ်အိုင်ဗွီဗိုင်းရပ်စ် မျိုးကွဲသစ်တစ်မျိုးကို နယ်သာလန်နိုင်ငံရှိ ၎င်းတို့၏နိုင်ငံသား ၁၀၀ ကျော်တွင် တွေ့ရှိထားကြောင်း၊ ၎င်းဗိုင်းရပ်စ်မျိုးကွဲသစ်ကြောင့် အေအိုင်ဒီအက်စ် ကူးစက်မှုသည် လက်ရှိအိတ်ချ်အိုင်ဗွီဗိုင်းရပ်စ်ထက် နှစ်ဆပိုမိုမြန်ဆန်ကြောင်း သတင်းများတွင် ဖော်ပြခဲ့ရာ အိတ်ချ်အိုင်ဗွီ အေအိုင်ဒီအက်စ်ရောဂါ ကူးစက်မှုသတိပြုကာကွယ်ရေးအတွက် ယခင်ထက်ပို၍ နိုးနိုးကြားကြားရှိဖို့ လိုအပ်လာသည်။

အိတ်ချ်အိုင်ဗွီဗိုင်းရပ်စ်ကူးစက်မှုမှ ကာကွယ်နိုင်ရန်မှာ အန္တရာယ်ရှိသော အပြုအမူများဖြစ်သည့် မူးယစ်ဆေးဝါး အကြောထဲထိုးသွင်းခြင်း၊ လိင်တူလိင်ကွဲ လိင်မှုကိစ္စရှုပ်ထွေးခြင်းတို့ကို ရှောင်ကြဉ်ကြရန်လိုအပ်ပြီး ရောဂါပိုးရှိသူ၏သွေးကို သွင်းမိခြင်း၊ ဆေးထိုးအပ်၊ ဘလိတ်ဓား၊ သွားပွတ်တံတို့ မျှဝေသုံးစွဲခြင်းတို့ မပြုမိရန်လည်း ဂရုပြုကြဖို့လိုသည်။ အိတ်ချ်အိုင်ဗွီပိုး ကူးစက်ခံရသူများအနေဖြင့်လည်း အချိန်မီ ကုသမှုခံယူပြီး ဆေးမှန်မှန်သောက်ခြင်းဖြင့် လူ့ဘဝသက်တမ်းစေ့နီးပါးခန့် နေနိုင်ကြပြီဖြစ်ရာ နောက်ထပ်လူများကို မကူးစက်စေရအောင် မိမိကိုယ်မိမိ တာဝန်ယူ ထိန်းသိမ်းနေထိုင်ကြခြင်းဖြင့် အိတ်ချ်အိုင်ဗွီ/ အေအိုင်ဒီအက်စ် တိုက်ဖျက်ရေးတွင် ပူးပေါင်းပါဝင်ကြရပါမည်ဖြစ်ကြောင်း။ ။



အမျိုးသမီးများအပေါ် အကြမ်းဖက်မှုပပျောက်ရေး (၁၆) ရက်တာလှုပ်ရှားမှု အထိမ်းအမှတ်အခမ်းအနား

“အမျိုးသမီးများအပေါ် အကြမ်းဖက်မှုအဆုံးသတ်ရေး အားလုံးပေါင်းစုလှုပ်ရှားပေး”

UNITE! Activism to End Violence Against Women & Girls

၂၀၂၂ခုနှစ်၊ နိုဝင်ဘာလ (၂၅)ရက် မှ ဒီဇင်ဘာလ (၁၀)ရက်

## မဲစာရင်းပြုစုရာတွင် အခြေခံရမည့် လူဦးရေစာရင်းများ ပြည့်စုံမှန်ကန်ရေး ပြန်လည်တိုက်ဆိုင်စစ်ဆေးရေးဆိုင်ရာ ညှိနှိုင်းအစည်းအဝေးကျင်းပ

နေပြည်တော် နိုဝင်ဘာ ၃၀



ပြည်ထောင်စု ရွေးကောက်ပွဲကော်မရှင်အနေဖြင့် အရေးပေါ်ကာလဆိုင်ရာ ပြဋ္ဌာန်းချက်များနှင့်အညီ ဆောင်ရွက်ပြီးစီးပါက ဖွဲ့စည်းပုံအခြေခံဥပဒေ (၂၀၀၈ ခုနှစ်) နှင့်အညီ လွတ်လပ်ပြီး တရားမျှတသော ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲအား ကျင်းပပြုလုပ်ပေးမည်ဖြစ်သည့်အတွက် မဲဆန္ဒရှင်ပြည်သူများ လွတ်လပ်ပြီး ဥပဒေနှင့်အညီ မဲပေးနိုင်ရန် ကြိုတင်ပြင်ဆင်ဆောင်ရွက်ရမည့် လုပ်ငန်းများကို ဆောင်ရွက်လျက်ရှိရာ မဲဆန္ဒရှင်စာရင်းများ ပြည့်စုံမှန်ကန်ရေး လုပ်ငန်းများကိုလည်း အလေးအနက်ထား ဆောင်ရွက်လျက်ရှိသည်။

ထိုသို့ ဆောင်ရွက်လျက်ရှိရာ ပြည်ထောင်စုနယ်မြေ နေပြည်တော်အတွင်း မဲစာရင်းပြုစုရာတွင် အခြေခံရမည့် လူဦးရေစာရင်းများပြည့်စုံမှန်ကန်ရေး ပြန်လည်တိုက်ဆိုင် စစ်ဆေးရေးဆိုင်ရာ ညှိနှိုင်းအစည်းအဝေးကို ယနေ့မွန်းလွဲ ၁ နာရီတွင် နေပြည်တော်ကောင်စီရုံး အစည်းအဝေးခန်းမ (၂) ၌ ကျင်းပသည်။ **(အပေါ်ယာပုံ)**

အစည်းအဝေးတွင် ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်အဖွဲ့ဝင် ဦးဘရန်ရှောင် က ပြည်ထောင်စု ရွေးကောက်ပွဲကော်မရှင်အနေဖြင့် မဲဆန္ဒရှင်စာရင်း ပြည့်စုံမှန်ကန်စေရေးအတွက် မြေပြင်လူဦးရေစာရင်းနှင့် တိုက်ဆိုင်စစ်ဆေးခြင်း လုပ်ငန်းများကို ၂၀၂၂ ခုနှစ် ဖေဖော်ဝါရီလမှ မေလအတွင်း ဆောင်ရွက်ပြီးစီးခဲ့ပြီး ရရှိလာသည့် စာရင်းများပေါ်တွင်အခြေခံ၍ အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနနှင့် လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာနတို့နှင့် ပူးပေါင်း၍ လစဉ်တိုက်ဆိုင် စစ်ဆေးဆောင်ရွက်လျက်ရှိကြောင်း၊ ယခုအခါ ပြည်ထောင်စုနယ်မြေ ရှစ်မြို့နယ်အတွင်းရှိ ဥပဒေနှင့်အညီ နေထိုင်သော လူဦးရေစာရင်းကို မြို့နယ်တစ်ခုနှင့် တစ်ခု အပြန်အလှန် တိုက်ဆိုင်စစ်ဆေးခြင်း (Cross-check) ဆောင်ရွက်လျက်ရှိကြောင်း၊ တွေ့ရှိလာသည့် (၂) ကြိမ်၊ (၃) ကြိမ်၊ ( ၄ ) ကြိမ်နှင့် အထက် ထပ်နေသည့်စာရင်းများ ရှိကြောင်း၊ ယင်းစာရင်းများ မှန်ကန်စေရန်အတွက် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနနှင့် လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာနတို့မှစိစစ်၍ အမြန်ဆုံးပြီးစီးရန် ပူးပေါင်းဆောင်ရွက်ကြစေလိုကြောင်း ပြောကြားသည်။

ယင်းနောက် ပြည်ထောင်စုနယ်မြေ ရှစ်မြို့နယ်၏ ဥပဒေနှင့်အညီ နေထိုင်သူများစာရင်းကို မြို့နယ်တစ်ခုနှင့် တစ်ခု အပြန်အလှန် တိုက်ဆိုင်စစ်ဆေးခြင်း (Cross-check) ဆောင်ရွက်ရာ၌ တွေ့ရှိရသည့် အချက်များနှင့်စပ်လျဉ်း၍ ပြည်ထောင်စု ရွေးကောက်ပွဲ ကော်မရှင်ရုံး ဒုတိယ ညွှန်ကြားရေးမှူးချုပ် ဦးညီညီလွင် က ရှင်းလင်းတင်ပြသည်။

ဆက်လက်ပြီး ပြည်ထောင်စုနယ်မြေ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန၊ ပြည်ထောင်စုနယ်မြေ ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲနှင့် နေပြည်တော် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနတို့မှ တာဝန်ရှိသူများက လုပ်ငန်း အမြန်ပြီးပြတ်ရေးအတွက် လိုအပ်ချက်များကို ဆွေးနွေးတင်ပြကြပြီး တင်ပြချက်များအပေါ် ကော်မရှင်အဖွဲ့ဝင်များက ပြန်လည်ဆွေးနွေးကြသည်။

ထို့နောက် ပြည်ထောင်စု ရွေးကောက်ပွဲကော်မရှင်အဖွဲ့ဝင် ဦးဘရန်ရှောင် က နိဂုံးချုပ် အမှာစကားပြောကြားပြီး အစည်းအဝေးကို ရုပ်သိမ်းလိုက်သည်။

အစည်းအဝေးသို့ ပြည်ထောင်စု ရွေးကောက်ပွဲကော်မရှင်အဖွဲ့ဝင်များ၊ ပြည်ထောင်စုနယ်မြေ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အား ဝန်ကြီးဌာနမှ တာဝန်ရှိသူများ၊ နေပြည်တော် အထွေထွေအုပ်ချုပ်ရေး ဦးစီးဌာနမှ တာဝန်ရှိသူများ၊ ပြည်ထောင်စုရွေးကောက်ပွဲ ကော်မရှင်ရုံးမှ တာဝန်ရှိသူများနှင့် ပြည်ထောင်စုနယ်မြေရွေးကောက်ပွဲကော်မရှင် အဖွဲ့ခွဲရုံးမှ အရာထမ်း၊ အမှုထမ်းများ တက်ရောက်ကြပြီး တိုင်းဒေသကြီး/ ပြည်နယ်များတွင် ဥပဒေနှင့်အညီ နေထိုင်သူများစာရင်းကိုလည်း သက်ဆိုင်ရာ တိုင်းဒေသကြီး/ ပြည်နယ်များအတွင်း မြို့နယ်တစ်ခုနှင့် တစ်ခု အပြန်အလှန် တိုက်ဆိုင်စစ်ဆေးခြင်း (Cross-check) လုပ်ငန်းကို ဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိရသည်။ **သတင်းစဉ်**

## တိမ်အသင့်အတင့် ဖြစ်ထွန်းမည်

နေပြည်တော် နိုဝင်ဘာ ၃၀

နေပြည်တော်နှင့် မန္တလေးမြို့တို့အနီးတစ်ဝိုက်တွင် ယနေ့ တိမ်အသင့်အတင့် ဖြစ်ထွန်းမည်။ ရန်ကုန်မြို့နှင့်အနီးတစ်ဝိုက်တွင် ယနေ့ နေရာကွက်ကျား မိုးထစ်ချုန်းရွာနိုင်သည်။

မိုး/ဇလ

# ပထမအကြိမ် မြန်မာ-ရုရှား ပူးတွဲအကြမ်းဖက်မှုတိုက်ဖျက်ရေး ကော်မတီအစည်းအဝေး ကျင်းပ

**နေပြည်တော် နိုဝင်ဘာ ၃၀**

ပထမအကြိမ် မြန်မာ-ရုရှား ပူးတွဲအကြမ်းဖက်မှုတိုက်ဖျက်ရေးကော်မတီအစည်းအဝေးကို ယနေ့ နံနက်ပိုင်းက နေပြည်တော်ရှိ Hilton Hotel ၌ ကျင်းပသည်။ **(ဃာပုံ)**

အစည်းအဝေးသို့ ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း)မှ ဒုတိယဗိုလ်ချုပ်ကြီး မိုးမြင့်ထွန်းနှင့် ကော်မတီဝင် မြန်မာ့တပ်မတော်မှ အရာရှိကြီးများ တက်ရောက်ကြပြီး ရုရှားတပ်မတော်၊ စစ်ဦးစီးချုပ်ရုံး အကြီးအကဲနှင့် ပထမဒုတိယကြည်းတပ်ဦးစီးချုပ် Colonel-General Kim Alexey Rostislavovich နှင့် ကော်မတီဝင်ရုရှားတပ်မတော်မှ အရာရှိကြီးများ တက်ရောက်ကြသည်။

ရှေးဦးစွာ ပထမအကြိမ် မြန်မာ-ရုရှား အကြမ်းဖက်မှုတိုက်ဖျက်ရေးကော်မတီ ပူးတွဲဥက္ကဋ္ဌများဖြစ်ကြသည့် ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း)မှ ဒုတိယဗိုလ်ချုပ်ကြီး မိုးမြင့်ထွန်းနှင့် ရုရှားတပ်မတော်၊ စစ်ဦးစီးချုပ်ရုံးအကြီးအကဲနှင့် ပထမဒုတိယကြည်းတပ်ဦးစီးချုပ် Colonel-General Kim Alexey Rostislavovich တို့က နှုတ်ခွန်းဆက်စကားများ ပြောကြားကြသည်။

ထို့နောက် အကြမ်းဖက်မှုတိုက်ဖျက်ရေး ကော်မတီပူးတွဲဥက္ကဋ္ဌနှစ်ဦးက အစည်းအဝေး အစီအစဉ်အား အတည်ပြုကြပြီး အစည်းအဝေး တက်ရောက်လာသူများနှင့်အတူ စုပေါင်းမှတ်တမ်း တင် ဓာတ်ပုံရိုက်ကြသည်။



အစည်းအဝေးတွင် မြန်မာ-ရုရှား အကြမ်းဖက်မှု တိုက်ဖျက်ရေး ပူးပေါင်းဆောင်ရွက်မှုဆိုင်ရာ ကိစ္စရပ်များနှင့်ပတ်သက်၍ နှစ်ဖက်ရင်းနှီးပွင့်လင်းစွာ အမြင်ချင်းဖလှယ် အပြန်အလှန်ဆွေးနွေးခဲ့ကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

## ကိုဗစ် - ၁၉ ရန်ပုံငွေမှ နိုင်ငံသားပိုင် ငါး၊ ပုစွန် မွေးမြူရေးအပါအဝင် မွေးမြူရေးကဏ္ဍသို့ ထုတ်ပေးထားသည့် ချေးငွေများ ပြန်လည်ပေးဆပ်ရမည့်ကာလအား သက်တမ်း (၁) နှစ် ထပ်မံတိုးမြှင့်ပေးကြောင်း အသိပေးကြေညာခြင်း

**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ**
**ကိုဗစ်-၁၉ ကြောင့် ဖြစ်ပေါ်လာနိုင်သည့် စီးပွားရေးသက်ရောက်မှုများအပေါ်**
**ကုစားရေးလုပ်ငန်းကော်မတီ**
**သတင်းထုတ်ပြန်ချက် ( ၄ / ၂၀၂၂)**
**၂၀၂၂ ခုနှစ်၊ နိုဝင်ဘာလ ၃၀ ရက်**

**ကိုဗစ်-၁၉ ရန်ပုံငွေ မှ နိုင်ငံသားပိုင် ငါး၊ ပုစွန် မွေးမြူရေး အပါအဝင် မွေးမြူရေးကဏ္ဍသို့ ထုတ်ပေးထားသည့် ချေးငွေများ ပြန်လည်ပေးဆပ်ရမည့် ကာလအား သက်တမ်း (၁) နှစ် ထပ်မံ တိုးမြှင့်ပေးကြောင်း အသိပေးကြေညာခြင်း**

၁။ ကိုဗစ်-၁၉ ကြောင့် ဖြစ်ပေါ်လာနိုင်သည့် စီးပွားရေး သက်ရောက်မှုများအပေါ် ကုစားရေးလုပ်ငန်း ကော်မတီ၏ တာဝန်များအနက် ကိုဗစ်-၁၉ ကပ်ရောဂါကြောင့် စီးပွားရေးထိခိုက်မှုများကို ပြန်လည် ကုစားနိုင်ရေးအတွက် နိုင်ငံသားပိုင် ငါး၊ ပုစွန် မွေးမြူရေးအပါအဝင် မွေးမြူရေးကဏ္ဍမှ ထိခိုက်မှု အများဆုံးဖြစ်သည့် လုပ်ငန်းများအား ကိုဗစ်-၁၉ ရန်ပုံငွေမှ ချေးငွေသက်တမ်းတစ်နှစ် (အတိုးနှုန်း ၁ %) သတ်မှတ်ပြီး ၂၀၂၁ ခုနှစ်၊ နိုဝင်ဘာလ ၁၆ ရက်နေ့ မှစတင်၍ ချေးငွေများ ခွင့်ပြုထုတ်ချေးပေးခဲ့ပါသည်။

၂။ မြန်မာ့စီးပွားရေးဘဏ်က ၂၀၂၂ ခုနှစ်၊ အောက်တိုဘာလ ၃၁ ရက်နေ့ထိ ကုမ္ပဏီ/ လုပ်ငန်း စုစုပေါင်း ၃၂၅ ခု၊ ချေးငွေပမာဏ ကျပ် ၇.၆ ဘီလီယံအား ကိုဗစ်-၁၉ ရန်ပုံငွေမှ ချေးငွေထုတ်ပေးခြင်းကို ဆောင်ရွက် ပေးခဲ့ပြီးဖြစ်ပါသဖြင့် အစောဆုံး ထုတ်ပေးခဲ့သည့် ချေးငွေရရှိသူများသည် မကြာမီချေးငွေသက်တမ်းကာလ ပြည့်မြောက်ပြီး ပြန်လည်ပေးဆပ်ရမည့် ကာလစေ့ရောက်တော့မည် ဖြစ်ပါသည်။

၃။ ယခုအခါ ကိုဗစ်-၁၉ ကပ်ရောဂါကြောင့် စီးပွားရေးလုပ်ငန်းများ ထိခိုက်မှုများ ထပ်မံရှိနေပြီး ပြည်တွင်းရှိ စီးပွားရေးလုပ်ငန်းများ ငွေကြေးလည်ပတ်မှု အဆင်ပြေချောမွေ့စေရေးအတွက် ချေးငွေ ပြန်လည်ပေးဆပ်ရမည့်ကာလကို ချေးငွေပြန်လည်ပေးဆပ်ရန် ကာလစေ့ရောက်သည့် နေ့မှစ၍ နောက်ထပ် (၁) နှစ် သက်တမ်းတိုးမြှင့်ပေးရန် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီက လမ်းညွှန်ခဲ့ပါသည်။

၄။ သို့ပါ၍ ကိုဗစ်-၁၉ ရန်ပုံငွေမှ ချေးငွေရယူထားသည့် နိုင်ငံသားပိုင် ငါး၊ ပုစွန်မွေးမြူရေး အပါအဝင် မွေးမြူရေးကဏ္ဍမှ ကုမ္ပဏီ/ လုပ်ငန်း ၃၂၅ ခု အနေဖြင့် အောက်ပါအခြေအနေများဖြင့် ကိုက်ညီသူများအား ချေးငွေပြန်ဆပ်ရန် ကာလကို ချေးငွေကာလ သက်တမ်း (၁) နှစ် စေ့ရောက်သည့်နေ့မှစ၍ နောက်ထပ် (၁) နှစ် ထပ်မံ တိုးမြှင့်ပေးပါကြောင်း အသိပေးကြေညာအပ်ပါသည်-

(က) အတိုးများအား ကာလစေ့ရောက်သည့်နေ့တွင် ပေးဆပ်ပြီး ဖြစ်ရပါမည်၊

( ခ ) ချေးငွေအား ရည်ရွယ်ချက်အတိုင်း ထိရောက်အောင် ဆောင်ရွက်လျက်ရှိသည့် ကုမ္ပဏီ/ လုပ်ငန်း ဖြစ်ရပါမည်။

၅။ လုပ်ငန်းကော်မတီက ခွင့်ပြုခဲ့သည့် ချေးငွေ ထုတ်ယူခွင့်ပြုကြောင်း အကြောင်းကြားစာတွင် “ပြန်လည်ပေးဆပ်ရန် ပျက်ကွက်ပါက ဥပဒေနှင့်အညီ ဆက်လက်အရေးယူဆောင်ရွက်ခံရမည်ဖြစ်ပါကြောင်း” အသိပေးဖော်ပြပါရှိသဖြင့် မြန်မာ့စီးပွားရေးဘဏ်မှ ချေးငွေထုတ်ယူထားသည့် ကုမ္ပဏီ/ လုပ်ငန်းများအနေဖြင့် ချေးငွေ အရင်း၊ အတိုး ပြန်လည်ပေးဆပ်ရန် ပျက်ကွက်ပါက ချေးငွေ သဘောတူစာချုပ်ပါအတိုင်း ဘဏ်လုပ်ထုံးလုပ်နည်းနှင့်အညီ တရားမကြောင်းအရ အရေးယူဆောင်ရွက်သွားမည် ဖြစ်ပါကြောင်းနှင့် သက်တမ်းတိုးမြှင့်ရန် ခွင့်ပြုထားသည့်ကာလအတွင်း အပြီးသတ်အပြေအကြေပေးဆပ်ရန် အသိပေးကြေညာအပ်ပါသည်။

**ကိုဗစ်-၁၉ ကြောင့် ဖြစ်ပေါ်လာနိုင်သည့် စီးပွားရေး**
**သက်ရောက်မှုများအပေါ် ကုစားရေး လုပ်ငန်းကော်မတီ**

❖ *ရှေ့ဖုံးမှ*

ကိုရီးယားနိုင်ငံစီးပွားဖွံ့ဖြိုးမှု ပူးပေါင်းဆောင်ရွက်ရေးရန်ပုံငွေနှင့် အစိုးရထည့်ဝင်ငွေ အပါအဝင် စုစုပေါင်း အမေရိကန်ဒေါ်လာ ၁၈၈ ဒသမ ၁၇၄ သန်းကျော် အကုန်အကျခံပြီး တည်ဆောက်နေခြင်းဖြစ်ကြောင်း၊ တံတား တည်ဆောက်မှုပြီးသွားပါက ရန်ကုန်တိုင်းဒေသကြီးနှင့် ဧရာဝတီတိုင်းဒေသကြီးကို အလွယ်တကူ ဆက်သွယ်ဆောင်ရွက်နိုင်မှာဖြစ်ပြီး လူမှုရေး၊ စီးပွားရေး ဖွံ့ဖြိုးတိုးတက်လာမည်ဖြစ်သည်။ လက်ရှိအနေအထားအရ ဒလဘက်ခြမ်းရှိ PY1 နှင့် ရန်ကုန်ဘက်ခြမ်းရှိ PY2 တို့၏ ဘိုးပိုင်တူးဖော်ခြင်းလုပ်ငန်းများနှင့် ပိုင်တိုင်ထိပ်အုပ် (Pile Cap) လုပ်ငန်းများ အလုံးစုံ ဆောင်ရွက်ပြီးစီးသွားပြီဖြစ်ပြီး ဒလဘက်ခြမ်းရှိ ပင်မတံတား PY1 အတွက် ရေလယ်တိုင်လုပ်ငန်းဖြစ်သော Shaft တိုင် ဆောင်ရွက်ခြင်း လုပ်ငန်းမှာ တိုင်အောက်ခြေမှ အမြင့် ၂၄ မီတာထိ ဆောင်ရွက်ပြီးစီးပြီဖြစ်ကြောင်း၊ ဒလဘက်ခြမ်း ချဉ်းကပ်တံတား ရက်မတင်ရန် ၁၄ ခန်းရှိသည့်အနက် ရက်မတင်ခြင်းလုပ်ငန်း ငါးခန်းဆောင်ရွက်ပြီးစီးသွားပြီဖြစ်ရာ ရက်မအခန်း ၆ နှင့် ၇ ကို ဒီဇင်ဘာအတွင်း လွှန်းထိုးခြင်းနည်းပညာဖြင့် လွှန်းထိုး၍ ဆက်တင်သွားမည်ဖြစ်သောကြောင့် ၂၀၂၃ ဧပြီလကုန်ပိုင်းတွင် ရက်မတင်ခြင်းလုပ်ငန်း အလုံးစုံအပါအဝင် ဒလဘက်ခြမ်းချဉ်းကပ် တံတားတည်ဆောက်ခြင်း လုပ်ငန်းများ ဆောင်ရွက်ပြီးစီးရန် လျာထားကြောင်း သိရသည်။

ရန်ကုန်ဘက်ခြမ်းရှိ ပင်မတံတား PY2 အတွက် ရေလယ်တိုင်လုပ်ငန်းဖြစ်သော Shaft တိုင်ဆောင်ရွက်ခြင်းလုပ်ငန်းမှာ တိုင်အောက်ခြေမှ အမြင့် ရှစ်မီတာအထိ ဆောင်ရွက်ပြီးစီးပြီဖြစ်ပြီး ဘုန်းကြီးလမ်းတစ်လျှောက်ရှိ ချဉ်းကပ်တံတားအတွက် ရက်မတင်ခြင်းလုပ်ငန်းများမှာလည်း အလုံးစုံဆောင်ရွက်ပြီးစီးသွားပြီဖြစ်ကာ သံကူကွန်ကရစ် ကြမ်းခင်း ခုနစ်ခန်း သွန်းလောင်းပြီးဖြစ်ကြောင်း သိရသည်။

အဆိုပါတံတားတည်ဆောက်မှုစီမံကိန်းကို ၂၀၁၉ ခုနှစ် မေလက လုပ်ငန်းများ စတင်ဆောင်ရွက်ခဲ့ခြင်းဖြစ်ပြီး လာမည့် ၂၀၂၄ ခုနှစ် နှစ်ဆန်းပိုင်းတွင် ပြီးစီးရန် မျှော်မှန်းထားကြောင်း သိရသည်။

**အာကာလင်း၊ ဓာတ်ပုံ-တင်စိုး**

## ချောင်းဆုံမြို့နယ် သမဝါယမအသင်းစုလီမိတက်က နှစ်ပတ်လည်အရပ်ရပ်ဆိုင်ရာအစည်းအဝေး ကျင်းပ

**ချောင်းဆုံ နိုဝင်ဘာ ၃၀**

မွန်ပြည်နယ် ချောင်းဆုံမြို့နယ် သမဝါယမအသင်းစုလီမိတက်၏ (၂၀၂၀-၂၀၂၁) ဘဏ္ဍာနှစ်နှင့် (၁-၁၀-၂၀၂၁) မှ(၃၁-၃-၂၀၂၂)ထိ ကြားကာလဘဏ္ဍာရေးနှစ်တို့အတွက် နှစ်ပတ်လည်အရပ်ရပ်ဆိုင်ရာ အစည်းအဝေးကို ချောင်းဆုံမြို့နယ်သမဝါယမဦးစီးဌာန၌ ကျင်းပခဲ့သည်။

အစည်းအဝေးတွင် သဘာပတိအဖြစ် မြို့နယ် သမဝါယမ အသင်းစု ဥက္ကဋ္ဌက ဆောင်ရွက်ခဲ့ပြီး ပြည်နယ်သမဝါယမဦးစီးဌာန ညွှန်ကြားရေးမှူးနှင့် ပြည်နယ်သမဝါယမအသင်းစုချုပ်ဥက္ကဋ္ဌတို့က အမှာစကား ပြောကြားခဲ့သည်။ ဆက်လက်၍ ဒါရိုက်တာအဖွဲ့လုပ်ငန်းအစီရင်ခံစာနှင့် ဘဏ္ဍာရေး ရှင်းတမ်းများအား ဖတ်ကြားရှင်းလင်း၍ ဆွေးနွေးသဘောတူညီချက်ရယူကာ အတည်ပြုချက်ရယူ ဆောင်ရွက်ခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

# အမျိုးသားစည်းလုံးညီညွတ်ရေးနှင့် ငြိမ်းချမ်းရေးဖော်ဆောင်မှု ညှိနှိုင်းရေးကော်မတီနှင့် နိုင်ငံရေးပါတီများအစုအဖွဲ့၏ အလုပ်အဖွဲ့တို့ တွေ့ဆုံဆွေးနွေး

**နေပြည်တော် နိုဝင်ဘာ ၃၀**

အမျိုးသားစည်းလုံးညီညွတ်ရေးနှင့် ငြိမ်းချမ်းရေးဖော်ဆောင်မှုညှိနှိုင်းရေးကော်မတီနှင့် နိုင်ငံရေးပါတီများ အစုအဖွဲ့၏ အလုပ်အဖွဲ့တို့ တွေ့ဆုံဆွေးနွေးပွဲကို ယနေ့နံနက်ပိုင်းတွင် နေပြည်တော်ရှိ အမျိုးသားစည်းလုံးညီညွတ်ရေးနှင့် ငြိမ်းချမ်းရေးဖော်ဆောင်မှုဗဟိုဌာန၌ ကျင်းပသည်။ **(ယာပုံ)**



တွေ့ဆုံဆွေးနွေးပွဲသို့ နိုင်ငံတော်စီမံအုပ်ချုပ်ရေး ကောင်စီအဖွဲ့ဝင် ပြည်ထောင်စုအစိုးရအဖွဲ့ရုံးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး၊ အမျိုးသားစည်းလုံးညီညွတ်ရေးနှင့် ငြိမ်းချမ်းရေးဖော်ဆောင်မှုညှိနှိုင်းရေးကော်မတီဥက္ကဋ္ဌ ဒုတိယဗိုလ်ချုပ်ကြီး ရာပြည့်နှင့် ညှိနှိုင်းရေးကော်မတီဝင်များ၊ နိုင်ငံရေးပါတီများ အစုအဖွဲ့၏ အလုပ်အဖွဲ့ခေါင်းဆောင် ရှမ်းတိုင်းရင်းသားများ ဒီမိုကရက်တစ်ပါတီဥက္ကဋ္ဌ ဦးစိုင်းအိုက်ပေါင်းနှင့် အလုပ်အဖွဲ့ကိုယ်စားလှယ်များ တက်ရောက်ကြသည်။

တွေ့ဆုံဆွေးနွေးပွဲတွင် အမျိုးသားစည်းလုံးညီညွတ်ရေးနှင့် ငြိမ်းချမ်းရေးဖော်ဆောင်မှုညှိနှိုင်းရေးကော်မတီဥက္ကဋ္ဌ ဒုတိယ ဗိုလ်ချုပ်ကြီး ရာပြည့်နှင့် နိုင်ငံရေးပါတီများအစုအဖွဲ့၏ အလုပ်အဖွဲ့ခေါင်းဆောင် ရှမ်းတိုင်းရင်းသားများ ဒီမိုကရက်တစ်ပါတီဥက္ကဋ္ဌ ဦးစိုင်းအိုက်ပေါင်းတို့က နှုတ်ခွန်းဆက်အမှာစကားများ ပြောကြားကြသည်။ ယင်းနောက် ဖွဲ့စည်းပုံအခြေခံဥပဒေ (၂၀၀၈ ခုနှစ်) မှ ပြင်ဆင်လိုသည့် အချက် ၁၁ ချက်နှင့်စပ်လျဉ်း၍ နိုင်ငံရေးပါတီများ အစုအဖွဲ့၏ အလုပ်အဖွဲ့မှ တစ်ချက်ချင်းအလိုက် အဆိုပြုတင်ပြပြီး ညှိနှိုင်းရေးကော်မတီမှ လေ့လာဆန်းစစ်တွေ့ရှိချက်များကို တစ်ချက်ချင်းအလိုက် အလွတ်သဘော ပြန်လည်ရှင်းလင်းဆွေးနွေးပြီး အဆိုပြုချက်များအပေါ် တက်ရောက်လာသူများက မိမိတို့၏သဘောထားများကို အပြန်အလှန် ဆွေးနွေးညှိနှိုင်းကြသည်။

ယင်းနောက် နှစ်ဖက်ဆွေးနွေးချက်များအရ ရရှိလာသည့် သဘောထားများအား သဘောထားစုစည်းချက်များအဖြစ် မှတ်တမ်းတင်ခဲ့ကြသည်။ ထို့နောက် နိုင်ငံရေးပါတီများအစုအဖွဲ့၏ အလုပ်အဖွဲ့ခေါင်းဆောင် ရှမ်းတိုင်းရင်းသားများ ဒီမိုကရက်တစ်ပါတီဥက္ကဋ္ဌ ဦးစိုင်းအိုက်ပေါင်းနှင့် အမျိုးသားစည်းလုံးညီညွတ်ရေးနှင့် ငြိမ်းချမ်းရေးဖော်ဆောင်မှု ညှိနှိုင်းရေးကော်မတီဥက္ကဋ္ဌ ဒုတိယဗိုလ်ချုပ်ကြီး ရာပြည့်တို့က နိဂုံးချုပ်အမှာစကားများ ပြောကြားခဲ့ကြပြီး တွေ့ဆုံဆွေးနွေးပွဲကို ရုပ်သိမ်းလိုက်ကြောင်း သိရသည်။

**သတင်းစဉ်**

# ကိုဗစ် -၁၉ ကြောင့် ဖြစ်ပေါ်လာနိုင်သည့် စီးပွားရေးသက်ရောက်မှုများအပေါ် ကုစားရေးလုပ်ငန်းကော်မတီ အစည်းအဝေးကျင်းပ

နေပြည်တော် နိုဝင်ဘာ ၃၀

**ကိုဗစ်-၁၉ ကြောင့် ဖြစ်ပေါ်လာနိုင်သည့် စီးပွားရေးသက်ရောက်မှုများအပေါ် ကုစားရေးလုပ်ငန်းကော်မတီ၏ အစည်းအဝေးအမှတ်စဉ် (၆/၂၀၂၂) ကို ယနေ့မွန်းလွဲပိုင်းတွင် ရင်းနှီးမြှုပ်နှံမှုနှင့် နိုင်ငံခြားစီးပွားဆက်သွယ်ရေး ဝန်ကြီးဌာန ရုံးအမှတ် (၁) ၌ ဗီဒီယိုကွန်ဖရင့်ဖြင့် ကျင်းပသည်။** (အောက်ပုံ)



အစည်းအဝေးသို့ လုပ်ငန်းကော်မတီဥက္ကဋ္ဌ၊ ရင်းနှီးမြှုပ်နှံမှုနှင့် နိုင်ငံခြားစီးပွားဆက်သွယ်ရေး ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာကံဇော်နှင့် လုပ်ငန်းကော်မတီဝင်များဖြစ်ကြသော စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာန၊ ရင်းနှီးမြှုပ်နှံမှုနှင့် နိုင်ငံခြားစီးပွားဆက်သွယ်ရေးဝန်ကြီးဌာန၊ အလုပ်သမားဝန်ကြီးဌာနနှင့် စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနတို့မှ ဒုတိယဝန်ကြီးများ၊ မြန်မာနိုင်ငံတော်ဗဟိုဘဏ် ဒုတိယဥက္ကဋ္ဌ၊ အမြဲတမ်းအတွင်းဝန်၊ ညွှန်ကြားရေးမှူးချုပ်များနှင့် သက်ဆိုင်ရာဌာနကိုယ်စားလှယ်များ တက်ရောက်ကြသည်။

အစည်းအဝေးတွင် လုပ်ငန်းကော်မတီဥက္ကဋ္ဌက ချေးငွေပြန်လည်ပေးဆပ်ရေးဆိုင်ရာ ကိစ္စများအတွက် လုပ်ငန်းကော်မတီက ညှိနှိုင်းဆောင်ရွက်ထားရှိမှု၊ ချေးငွေပြန်လည်ပေးဆပ်လျက်ရှိသည့် အခြေအနေများ၊ နိုင်ငံသားပိုင် ငါး၊ ပုစွန် မွေးမြူရေး အပါအဝင် မွေးမြူရေးကဏ္ဍသို့ ထုတ်ပေးထားသည့် ချေးငွေများ ပြန်လည်ပေးဆပ်ရမည့်ကာလကို ချေးငွေသက်တမ်း စေ့ရောက်သည့်နေ့မှစ၍ နောက်ထပ် (၁) နှစ် ထပ်မံတိုးမြှင့်ပေးမည့် အခြေအနေကို ဆွေးနွေးသည်။

ဆက်လက်၍ လုပ်ငန်းကော်မတီအတွင်းရေးမှူး၊ ရင်းနှီးမြှုပ်နှံမှုနှင့် နိုင်ငံခြားစီးပွားဆက်သွယ်ရေး ဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာဝါဝါမောင်က ချေးငွေစိစစ်ကြပ်မတ်ရေးဆိုင်ရာကိစ္စ၊ ပြည်နယ်/တိုင်းဒေသကြီးအလိုက် ချေးငွေပြန်လည်ကောက်ခံရရှိမှုနှင့် ချေးငွေ အရင်း၊ အတိုးလက်ခံရရှိမှုကို ရှင်းလင်းတင်ပြ ဆွေးနွေးသည်။

အစည်းအဝေး တက်ရောက်လာကြသူများက ကိုဗစ်-၁၉ ကြောင့် စီးပွားရေးသက်ရောက်မှုများ ကုစားရေးအတွက် ဝန်ကြီးဌာနအလိုက် ဆောင်ရွက်လျက်ရှိသည့် လုပ်ငန်းများနှင့် ကော်မတီအနေဖြင့် ဆက်လက်ဆောင်ရွက်မည့် လုပ်ငန်းစဉ်များနှင့် နိုင်ငံသားပိုင် ငါး၊ ပုစွန် မွေးမြူရေးအပါအဝင် မွေးမြူရေးကဏ္ဍသို့ ထုတ်ပေးထားသည့် ချေးငွေများ ပြန်လည်ပေးဆပ်ရမည့်ကာလကို ချေးငွေသက်တမ်း တစ်နှစ်စေ့ရောက်သည့်နေ့မှစ၍ နောက်ထပ် (၁) နှစ် ထပ်မံတိုးမြှင့်ရေးကိစ္စကို အတည်ပြု ညှိနှိုင်းဆွေးနွေးခဲ့ကြသည်။

**သတင်းစဉ်**

# ပြင်ဦးလွင်မြို့၌ ခရိုင်အဆင့် ရှာဖွေကယ်ဆယ်ရေး သင်တန်း ( ၁ / ၂၀၂၂ ) သင်တန်းဖွင့်

**ပြင်ဦးလွင် နိုဝင်ဘာ ၃၀**

မန္တလေးတိုင်းဒေသကြီး မီးသတ်ဦးစီးဌာန ခရိုင်အဆင့်ရှာဖွေကယ်ဆယ်ရေးသင်တန်း ( ၁ / ၂၀၂၂ ) ဖွင့်ပွဲကို နိုဝင်ဘာ ၂၉ ရက် နံနက် ၉ နာရီက ပြင်ဦးလွင် မြို့ ရပ်ကွက်ကြီး ( ၅ ) ရှိ မြို့တော်ခန်းမ၌ ကျင်းပသည်။

ရှေးဦးစွာ ဗဟိုမီးသတ်သင်တန်းကျောင်း ကျောင်းအုပ်ကြီး၊ ဒုတိယညွှန်ကြားရေးမှူးချုပ်ဦးကျော်နိုင်က အမှာစကားပြောကြားခဲ့ပြီး တာဝန်ရှိသူများနှင့်အတူ ခေတ်မီ မီးငြိမ်းသတ်ရေးနှင့် ရှာဖွေကယ်ဆယ်ရေးသုံးပစ္စည်းများကို လှည့်လည်ကြည့်ရှုသည်။

အဆိုပါ ခရိုင်အဆင့် ရှာဖွေကယ်ဆယ်ရေးသင်တန်းကို ပြင်ဦးလွင်ခရိုင် မီးသတ်စခန်းတွင် နိုဝင်ဘာ ၂၉ ရက်မှ ဒီဇင်ဘာ ၉ ရက်အထိ သင်တန်းကာလ ၁၁ ရက်ကြာ စနစ်တကျ ဖွင့်လှစ်သင်ကြားပို့ချလျက်ရှိရာ မီးသတ်တပ်ဖွဲ့ဝင်များ၊ အရန်မီးသတ်တပ်ဖွဲ့ဝင်များ၊ ပြင်ဦးလွင်မြို့နယ်ရှိ လူမှုရေးအသင်းအဖွဲ့များနှင့် ကြက်ခြေနီတပ်ဖွဲ့ဝင်များ စုစုပေါင်း ၅၀ တက်ရောက်သင်ကြားလျက်ရှိကြောင်း သိရသည်။

**ခရိုင် (ပြန် / ဆက်)**

# ပြည်မြို့၌ နယူးရောသစ္စာ ယာဉ်လိုင်းအသစ် ဖွင့်ပွဲအခမ်းအနားကျင်းပ

**ပြည် နိုဝင်ဘာ ၃၀**


ပဲခူးတိုင်းဒေသကြီး ပြည်မြို့ ကားကြီးဂိတ်ကြီးဝင်း၌ ယနေ့ နံနက် ၈ နာရီက နယူးရောသစ္စာယာဉ်လိုင်းအသစ် ဖွင့်ပွဲအခမ်းအနားကို ကျင်းပခဲ့သည်။

ဦးစွာ အခမ်းအနားတွင် ပြည်ခရိုင်စီမံအုပ်ချုပ်ရေးအဖွဲ့ ဥက္ကဋ္ဌ ဦးသိန်းအောင်၊ ခရိုင်စီမံအုပ်ချုပ်ရေးအဖွဲ့ အဖွဲ့ဝင် (၁ )ဒုတိယဗိုလ်မှူးကြီး မျိုးမင်းမင်းနှင့် နယူးရောသစ္စာယာဉ်လိုင်း ဥက္ကဋ္ဌ ဦးကျော်လွင်ဦးတို့က ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးသည်။ **(ယာပုံ)**



အခမ်းအနားသို့ ခရိုင်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌနှင့်အဖွဲ့၊ ခရိုင်နှင့် မြို့နယ်အဆင့်ဌာနဆိုင်ရာများ၊ နယူးရောသစ္စာ ယာဉ်လိုင်းမှ ဥက္ကဋ္ဌနှင့်ဝန်ထမ်းများ တက်ရောက်ကြပြီး အဆိုပါ နယူးရောသစ္စာ ယာဉ်လိုင်းသည် ခရီးသွားပြည်သူများ ပိုမိုအဆင်ပြေချောမွေ့စွာ သွားလာနိုင်ရေးအတွက် ရည်ရွယ်ပြီး ပြည်-ပဲခူး ခရီးစဉ်အား နံနက် ၆ နာရီတွင်လည်းကောင်း၊ ပဲခူး-ပြည်ခရီးစဉ်အား နံနက် ၈ နာရီတွင်လည်းကောင်း၊ ပြည်-နေပြည်တော် ခရီးစဉ်အား နံနက် ၈ နာရီခွဲတွင် တစ်ကြိမ်၊ နံနက် ၁၀နာရီခွဲတွင် တစ်ကြိမ် ၊ နေပြည်တော်-ပြည် ခရီးစဉ်အား နံနက် ၇နာရီခွဲတွင် တစ်ကြိမ်၊ ညနေ ၃ နာရီတွင် တစ်ကြိမ် ပြေးဆွဲမည်ဖြစ်ပြီး သာယာဝတီ၊ တောင်ငူ၊ ဖြူး၊ မင်းလှ၊ ကြံခင်း၊ မြန်အောင် မြို့များသို့လည်း တိုးချဲ့ပြေးဆွဲသွားမည်ဖြစ်ကြောင်း သိရသည်။

**ကိုစိုး(ပြန်/ဆက်)**

# (၇၅) နှစ်မြောက် စိန်ရတုလွတ်လပ်ရေးနေ့ အထိမ်းအမှတ် ပဒေသာကပွဲ ဆက်လက်ကျင်းပ

**နေပြည်တော် နိုဝင်ဘာ ၃၀**

၂၀၂၃ ခုနှစ် (၇၅) နှစ်မြောက် စိန်ရတုလွတ်လပ်ရေးနေ့အထိမ်းအမှတ် ပဒေသာကပွဲ ပဉ္စမနေ့ကို ယနေ့ ညနေပိုင်းတွင် နေပြည်တော် မြို့တော်ခန်းမရှိ လဟာပြင် ကဇာတ်ရုံ၌ ဆက်လက်ကျင်းပသည်။

ပဒေသာကပွဲသို့ ပြန်ကြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမောင်မောင်အုန်း၊ သာသနာရေးနှင့်ယဉ်ကျေးမှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးကိုကို၊ ဒုတိယဝန်ကြီးများ၊ ပြည်ထောင်စုအဆင့် အဖွဲ့အစည်းများမှ ဌာနဆိုင်ရာ အကြီးအကဲများ၊ တပ်မတော်မှ အရာရှိကြီးများနှင့် ၎င်းတို့၏ဇနီးများ၊ ဝန်ထမ်းမိသားစုများနှင့် ပြည်သူများ စည်ကား သိုက်မြိုက်စွာ တက်ရောက်ကြည့်ရှုအားပေးကြသည်။ **(အပေါ်ပုံ)**

**ဖျော်ဖြေတင်ဆက်**

ပဒေသာကပွဲတွင် သာသနာရေးနှင့်ယဉ်ကျေးမှုဝန်ကြီးဌာန အနုပညာဦးစီးဌာနမှ အနုပညာရှင်များက ဦးနန်းညွန့်ဆွေ (မန္တလေး) ဇာတ်ညွှန်းရေးဖွဲ့သည့် **"အသက်ထက်မြတ်သော ဂုဏ်သိက္ခာ"** ဆိုသည့် ဖြစ်ရပ်မှန်သမိုင်းကို အခြေပြုတင်ဆက်ထားသည့် ပြဇာတ်ကြီးကို ဖျော်ဖြေတင်ဆက်ကြသည်။



သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန အနုပညာဦးစီးဌာနမှ အနုပညာရှင်များက ဖျော်ဖြေတင်ဆက်ကြစဉ်။

အဆိုပါ ပြဇာတ်ကြီးကို မြန်မာ့သမိုင်းတွင် ရတုရေးသားရာ၌ တံခွန်စိုက်ထူခဲ့သည့် တောင်ငူဘုရင်နတ်သျှင်နောင်နှင့် ရာဇဓာတုကလျာမင်းသမီးတို့၏ အချစ်ဇာတ်ကြောင်း၊ ဟံသာဝတီပြည့်ရှင် ဘုရင့်နောင်မင်းတရားကြီး၏ သမီးတော်ဖြစ်သော်လည်း လောကဒဏ်အနိမ့်အမြင့်အတက်အကျတွင် လိုက်ပါခဲ့ရသည့် ရာဇဓာတုကလျာ၏ ရင်နင့်ဖွယ်ရာ ဖြစ်ရပ်နှင့်အတူ ပဒေသရာဇ်များ၏ အားပြိုင်မှုမှ ဖြစ်ပေါ်လာသော နိုင်ငံရေး၊ စစ်ရေး အခင်းအကျင်းများကို နောက်ခံလျက် စစ်ရေးစစ်ရာတွင် ရဲစွမ်းသတ္တိရှိသည် သာမက အနုသုခုမပညာတွင်လည်း လက်ရာပြောင်မြောက်ခဲ့သော နတ်သျှင်နောင်သည် မိမိတို့၏ နိုင်ငံတွင်းပြဿနာကို ဖြေရှင်းရန်ကြိုးပမ်းရာ၌ တိုင်းတစ်ပါးသားကို အကြွင်းမဲ့ယုံစား၍ ပူးပေါင်းဆောင်ရွက်မိသဖြင့် မလှပသောသမိုင်း နိဂုံးဖြင့် ဇာတ်သိမ်းရသည်ကို သမိုင်းတစ်ကွေ့၏ သတိမူစရာ သင်ခန်းစာဖြစ်ရပ်တစ်ခုအနေဖြင့် တင်ဆက်ပြသခြင်း ဖြစ်သည်။

**စီစဉ်ဆောင်ရွက်ထား**

အဆိုပါ **"အသက်ထက်မြတ်သော ဂုဏ်သိက္ခာ"** ဇာတ်ကြီးကို ၂၀၂၃ ခုနှစ်တွင် ရန်ကုန်မြို့ရှိ အမျိုးသားကဇာတ်ရုံကြီး၌ အများပြည်သူများကို ဆက်လက် ဖျော်ဖြေတင်ဆက်နိုင်ရေးအတွက် စီစဉ်ဆောင်ရွက်ထားကြောင်း သိရသည်။

ဖျော်ဖြေတင်ဆက်မှုအပြီးတွင် ပြန်ကြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမောင်မောင်အုန်းနှင့် သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးကိုကိုတို့မှ ဂုဏ်ပြုပန်းခြင်းဖြင့်လည်းကောင်း၊ သာသနာရေးနှင့်ယဉ်ကျေးမှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးကိုကိုက ဂုဏ်ပြုဆုငွေများနှင့် ပြည်သူ့ဆက်ဆံရေးနှင့် စိတ်ဓာတ်စစ်ဆင်ရေးညွှန်ကြားရေးမှူးရုံးမှလည်း ဂုဏ်ပြုဆုငွေများဖြင့်လည်းကောင်း အသီးသီးပေးအပ်ကာ သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန အနုပညာဦးစီးဌာနမှ အနုပညာရှင်များကို ရင်းရင်းနှီးနှီး နှုတ်ဆက်ကြသည်။

**သတင်းစဉ်**




"အသက်ထက်မြတ်သော ဂုဏ်သိက္ခာ" ပြဇာတ်ကြီး ဖျော်ဖြေတင်ဆက်စဉ်။

# “အေအိုင်ဒီအက်စ်ပပျောက်ဖို့ မညီမျှမှုများလျှော့ချလို့ အားလုံးပူးပေါင်းဆောင်ရွက်စို့”

ဒေါက်တာသန်းသန်းလွင် (ခုခံကျ / ကာလသား)၊ ဒေါက်တာသန်းနိုင်စိုး(ကျန်းမာရေးအသိပညာမြှင့်တင်ရေး)

**ကမ္ဘာ့ခုခံအားကျဆင်းမှု ကူးစက်ရောဂါတိုက်ဖျက်ရေးနေ့အခမ်းအနားများကို နှစ်စဉ် ဒီဇင်ဘာလ (၁)ရက်နေ့တွင် ကမ္ဘာတစ်ဝန်းလုံး၌ အိတ်ချ်အိုင်ဗွီ/အေအိုင်ဒီအက်စ်ဆိုင်ရာ ကျန်းမာရေးအသိပညာ မြှင့်တင်ရန်၊ ပြည်သူ့ကျန်းမာရေးဝန်ထမ်းများ၊ မိတ်ဖက်အဖွဲ့အစည်းများနှင့် အိတ်ချ်အိုင်ဗွီရောဂါပိုး ရှိသူများအပါအဝင် ပြည်သူလူထုတစ်ရပ်လုံးမှ ပူးပေါင်းပါဝင်၍ ခုခံအားကျဆင်းမှုကူးစက်ရောဂါအား ပြည်သူ့ကျန်းမာရေးပြဿနာအဖြစ်မှ လုံးဝကင်းစင်ပပျောက်သွားသည်အထိ ဝိုင်းဝန်းကြိုးပမ်း ပူးပေါင်းဆောင်ရွက်သွားရန် ရည်ရွယ်ချက်များဖြင့် ကျင်းပခြင်းဖြစ်သည်။**

၁၉၈၀ ပြည့်နှစ်လွန်နှစ်များမှစတင်၍ သတိပြုမိလာသော အိတ်ချ်အိုင်ဗွီ/အေအိုင်ဒီအက်စ်ရောဂါပြဿနာသည် ယခုအချိန်အထိ လူထုကျန်းမာရေးပြဿနာတစ်ရပ်အဖြစ် တည်ရှိနေဆဲဖြစ်ပါသည်။ ကုလသမဂ္ဂ အိတ်ချ်အိုင်ဗွီ/အေအိုင်ဒီအက်စ် ပူးပေါင်းအစီအစဉ် (UNAIDS) မှ ၂၀၃၀ ပြည့်နှစ်တွင် အိတ်ချ်အိုင်ဗွီ/အေအိုင် ဒီအက်စ်ရောဂါကို ကပ်ရောဂါအသွင်အဖြစ်တည်ရှိနေခြင်းမှ အဆုံးသတ်ရန် ရည်မှန်းချက်နှင့်နည်းဗျူဟာများ ချမှတ်ထားပြီးဖြစ်ရာ အိတ်ချ်အိုင်ဗွီ/အေအိုင်ဒီအက်စ်ရောဂါအသစ် ကူးစက်ဖြစ်ပွားမှု “သုည”၊ ခွဲခြားနှိမ်ချဆက်ဆံမှု “သုည” ၊ အေအိုင်ဒီအက်စ် ကြောင့် သေဆုံးမှု “သုည” ဖြစ်သည်အထိ ဆောင်ရွက်နိုင်ရန် ရည်ရွယ်ထားခြင်း ဖြစ်သည်။

**ပိုးရှိနေကြောင်း သိနိုင်ရန်**

ကျန်းမာရေးဝန်ကြီးဌာန ပြည်သူ့ကျန်းမာရေးဦးစီးဌာန ခုခံကျ/ကာလသားရောဂါ တိုက်ဖျက်ရေးစီမံချက်သည် ခုခံအားကျဆင်းမှုကူးစက်ရောဂါဆိုင်ရာ အမျိုးသားမဟာဗျူဟာစီမံကိန်း (၂၀၂၁-၂၀၂၅) ကို ရေးဆွဲ၍လုပ်ငန်းများ အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိသည်။ ၎င်းအမျိုးသားမဟာဗျူဟာစီမံကိန်းသည် အိတ်ချ်အိုင်ဗွီ/အေအိုင်ဒီအက်စ်ရောဂါ တိုက်ဖျက်ရေးရည်မှန်းချက်မှတ်တိုင် သုံးခုဖြစ်သည့် (၉၅-၉၅-၉၅) ကို ရည်ရွယ်ထားရှိ၍ UNAIDS က ချမှတ်ထားသည့် နည်းဗျူဟာနှင့်အညီ ရေးဆွဲထားခြင်းဖြစ်သည်။ ရည်မှန်းချက်မှတ်တိုင် အမှတ်စဉ်တစ်အနေဖြင့် အိတ်ချ်အိုင်ဗွီရောဂါပိုးနှင့် ရှင်သန်နေထိုင်သူများ၏ ၉၅ ရာခိုင်နှုန်းသည် မိမိတို့ပိုးရှိနေကြောင်း သိရှိနိုင်ရန်ဖြစ်ပြီး အမှတ်စဉ်နှစ်အနေဖြင့် အိတ်ချ်အိုင်ဗွီရောဂါပိုးရှိကြောင်း စစ်ဆေးသိရှိထားသူများ၏ ၉၅ ရာခိုင်နှုန်း ဆေးဝါးကုသမှု ရရှိနိုင်ရန် ဖြစ်သည်။ အမှတ်စဉ်သုံးအနေဖြင့် အေအာတီဆေး သောက်သုံးနေသူများ၏ ၉၅ ရာခိုင်နှုန်းသည် သွေးအတွင်းတွင် အိတ်ချ်အိုင်ဗွီရောဂါပိုးကောင်ရေကို ထိန်းချုပ်ထားနိုင်ရန် ဖြစ်သည်။

အထက်ဖော်ပြပါ အမျိုးသားမဟာဗျူဟာစီမံကိန်းအရ ရန်ကုန်တိုင်းဒေသကြီး၊ မန္တလေးတိုင်းဒေသကြီး၊ စစ်ကိုင်းတိုင်းဒေသကြီး၊ ကချင်ပြည်နယ်နှင့် ရှမ်းပြည်နယ်(မြောက်ပိုင်း)တို့ကို အိတ်ချ်အိုင်ဗွီ/အေအိုင်ဒီအက်စ်ရောဂါ ကာကွယ်ရေးလုပ်ငန်းများ အဓိကဦးစားပေး ဆောင်ရွက်ရမည့်ဒေသများအဖြစ် သတ်မှတ်ထားပြီး ကူးစက်မှုအန္တရာယ်လျှော့ချရေးနှင့် မက်သာဒုန်းအစားထိုး တိုက်ကျွေးရေး

> ❖ ကျန်းမာရေးဝန်ကြီးဌာနအောက်ရှိ ဆေးရုံ/ဆေးခန်းများတွင် ကုသစောင့်ရှောက်မှုများ ပိုမိုတိုးချဲ့ပေးအပ်လာနိုင်ခြင်းဖြင့် လူနာများအတွက် ရေရှည်ကုသမှု ခံယူနိုင်မည်

ဝန်ဆောင်မှုများအပါအဝင် အိတ်ချ်အိုင်ဗွီ/အေအိုင်ဒီအက်စ်ရောဂါကာကွယ်ရေးလုပ်ငန်းများ၊ အေအာတီဆေး တိုက်ကျွေးခြင်းအပါအဝင် ပြုစုကုသစောင့်ရှောက်မှုလုပ်ငန်းများကို စဉ်ဆက်မပြတ် ဆောင်ရွက်လျက်ရှိသည်။

မြန်မာနိုင်ငံတွင် ၂၀၂၁ ခုနှစ်၌ အသက်(၁၅)နှစ်နှင့်အထက် လူအုပ်စုများတွင် အိတ်ချ်အိုင်ဗွီဖြစ်ပွားနှုန်းသည် AIDS Epidemic Model– AEM ဖြင့် ခန့်မှန်းတွက်ချက်မှုများအရ (၀.၆၄)ရာခိုင်နှုန်းဖြစ်ပါသည်။ ၂၀၀၀ ပြည့်နှစ်တွင် ရောဂါအသစ် ကူးစက်ခံရမှုအနေနှင့် အမြင့်ဆုံးဖြစ်ခဲ့ပြီး အသစ်ရောဂါကူးစက်ခံရသူဦးရေ (၃၀၀၀၀)နီးပါးရှိခဲ့ရာမှ ရောဂါကာကွယ်တိုက်ဖျက်ရေးလုပ်ငန်းများကို အရှိန်အဟုန်ဖြင့် ဆောင်ရွက်ခဲ့မှုကြောင့် ၂၀၂၁ ခုနှစ်တွင် အသစ်ရောဂါကူးစက်ခံရသူဦးရေ (၁၁၀၀၀) ခန့်အထိ ကျဆင်းလာသည်ကိုတွေ့ရပြီး အသစ်ရောဂါကူးစက်ခံရသူဦးရေ ပိုမိုလျော့နည်းကျဆင်းလာရေးအတွက် ဆက်လက်၍ အားလုံးက ဝိုင်းဝန်းကြိုးပမ်းဆောင်ရွက်ရမည်ဖြစ်သည်။

**ကူးစက်ခံရမှုမြင့်မားနေ**

အိတ်ချ်အိုင်ဗွီ/အေအိုင်ဒီအက်စ် ရောဂါသည် အဓိကအားဖြင့် ကူးစက်ရန်အန္တရာယ်များသော လူအုပ်စုများဖြစ်သည့် မူးယစ်ဆေးအကြောထဲထိုးသွင်းသူများ၊ အမျိုးသားချင်း ချစ်ခင်စုံမက်သူများ၊ အမျိုးသမီးလိင်လုပ်သမများနှင့် ၎င်းတို့၏ လိင်ဆက်ဆံဖော်များအကြားတွင် ကူးစက်ခံရမှုမြင့်မားနေကြောင်း တွေ့ရသည်။ ၂၀၂၁ ခုနှစ်အတွင်း အိတ်ချ်အိုင်ဗွီပိုးအသစ် ကူးစက်ခံရမှုများ၏ (၅၀)ရာခိုင်နှုန်းကျော်သည် အဆိုပါ ဦးတည်အုပ်စုဝင်များအတွင်းမှဖြစ်ကြောင်း တွေ့ရှိရသည်။

ကျန်းမာရေးဝန်ကြီးဌာန ပြည်သူ့ကျန်းမာရေးဦးစီးဌာန ခုခံကျ/ကာလသားရောဂါတိုက်ဖျက်ရေးစီမံချက်အနေဖြင့် အိတ်ချ်အိုင်ဗွီ/အေအိုင်ဒီအက်စ်ရောဂါ ကာကွယ်ရေးနည်းဗျူဟာအသစ်ဖြစ်သည့် အိတ်ချ်အိုင်ဗွီရောဂါပိုးကူးစက်ရန် အန္တရာယ်ရှိသော ဦးတည်အုပ်စုဝင်များအား ရောဂါပိုးကူးစက်မှုမှ ကာကွယ်ရန် ဆေးတိုက်ကျွေးခြင်း Pre Exposure Prophylaxis (PrEP) လုပ်ငန်းကို ရန်ကုန်တိုင်းဒေသကြီးတွင် အမျိုးသားချင်းချစ်ခင်စုံမက်သူများအတွက် ၂၀၂၀ ပြည့်နှစ်၊ ဇူလိုင်လမှ ၂၀၂၁ ခုနှစ်၊ ဒီဇင်ဘာလအတွင်း ဆောင်ရွက်ခဲ့ရာ အမျိုးသားချင်း ချစ်ခင်စုံမက်သူ (၁၈၁၄)ဦးအား PrEP တိုက်ကျွေးနိုင်ခဲ့သည်။ PrEP ဆေးတိုက်ကျွေးခြင်းမှ ရလဒ်များမှာ အခြားနိုင်ငံများနှင့် နှိုင်းယှဉ်နိုင်သည့် ရလဒ်ကောင်းများ ရရှိသည့်အတွက် အဆိုပါ ဆေးတိုက်ကျွေးခြင်းကို ရန်ကုန်တိုင်းဒေသကြီးနှင့် မန္တလေးတိုင်းဒေသကြီးတို့တွင် အမျိုးသားချင်း ချစ်ခင်စုံမက်သူများနှင့် အမျိုးသမီးလိင်အလုပ်သမများအတွက်လည်းကောင်း၊ မွန်ပြည်နယ်၊ ရှမ်းပြည်နယ်(တောင်ပိုင်း)၊ ဧရာဝတီတိုင်းဒေသကြီးတို့၌ အမျိုးသားချင်း ချစ်ခင်စုံမက်သူများအတွက်လည်းကောင်း ၂၀၂၃ ခုနှစ်မှစတင်၍ ဆောင်ရွက်သွားမည်ဖြစ်သည်။ ထို့အပြင် မူးယစ်ဆေးအကြောထဲ ထိုးသွင်းသူများအတွက် PrEP ဆေးတိုက်ကျွေးခြင်းကိုလည်း ကချင်ပြည်နယ် ဝိုင်းမော်မြို့နယ်နှင့် ရှမ်းပြည်နယ်(မြောက်ပိုင်း) လားရှိုးမြို့တို့တွင် ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်သည်။


ကျန်းမာရေးဝန်ကြီးဌာန၏ ဦးဆောင်မှုဖြင့် ဆောင်ရွက်သည့် ခုခံကျ/ကာလသားရောဂါ တိုက်ဖျက်ရေးလုပ်ငန်းတစ်ခုဖြစ်သည့် ကူးစက်ရန်အန္တရာယ်ရှိသည့်အပြုအမူများပြုမူသည့် ဦးတည်အုပ်စု ဝင်များအတွက် စင်တာများ (Key Population Service Center–KPSC) နှင့် လူထုအခြေပြု အိတ်ချ်အိုင်ဗွီ/ အေအိုင်ဒီအက်စ်ရောဂါ ကာကွယ်ရေးလုပ်ငန်းများ၊ လူထုအခြေပြု အိတ်ချ်အိုင်ဗွီရောဂါပိုးရှိ မရှိ စစ်ဆေးခြင်းများသည်လည်း လက်ရှိတွင် အောင်မြင်မှုများ တိုးတက်ရရှိနေပါသည်။ ထို့အပြင် အိတ်ချ်အိုင်ဗွီရောဂါပိုး ကူးစက်ခံထားရပါက စောစီးစွာ ရှာဖွေဖော်ထုတ်၍ ဆေးကုသမှုခံယူခြင်းဖြင့် အခြားသူများသို့ ကူးစက်မှုကွင်းဆက် ဖြတ်တောက်ရန် ရည်ရွယ်၍ အိတ်ချ်အိုင်ဗွီရောဂါပိုးရှိ၊ မရှိ မိမိကိုယ်တိုင် စစ်ဆေးခြင်းလုပ်ငန်းအား ရှေ့ပြေးစီမံချက်အဖြစ် ၂၀၂၁ ခုနှစ်၊ စက်တင်ဘာလမှ ဒီဇင်ဘာလအတွင်း ရန်ကုန်တိုင်းဒေသကြီးမှ အမျိုးသားချင်း ချစ်ခင်စုံမက်သူ ၉၂၉ ဦးနှင့် မန္တလေးတိုင်းဒေသကြီးမှ ၁၀၀၀ တို့အတွက် ဆောင်ရွက်ပေးနိုင်ခဲ့ပြီး ဆက်လက်၍ တိုးချဲ့ဆောင်ရွက်နိုင်ရေး စီစဉ်လျက်ရှိသည်။

**အေအာတီဆေးဝါးဖြင့်ကုသ**


၂၀၂၂ ခုနှစ်ကုန်အထိရရှိသော စာရင်းများအရ ကျန်းမာရေးဝန်ကြီးဌာန၏ ဦးဆောင်မှုဖြင့် ခုခံကျ/ကာလသားရောဂါ တိုက်ဖျက်ရေးစီမံချက်နှင့် ပြည်တွင်းနှင့် အပြည်ပြည်ဆိုင်ရာ မိတ်ဖက်အဖွဲ့အစည်းများပူးပေါင်းပြီး အိတ်ချ်အိုင်ဗွီ/ အေအိုင်ဒီအက်စ်လူနာစုစုပေါင်း ၁၉၀၄၁၃ ဦးကို အေအာတီ ဆေးဝါးဖြင့် ကုသပေးနိုင်ခဲ့ပြီးဖြစ်ရာ အဆိုပါလူနာများ၏ (၉၀)ရာခိုင်နှုန်းခန့်သည် ကျန်းမာရေးဝန်ကြီးဌာနအောက်ရှိ အေအာတီဆေးကုဌာနများတွင် ဆေးကုသမှုခံယူခဲ့ခြင်းဖြစ်ပြီး ဆက်လက်၍ ကုသစောင့်ရှောက်မှုပေးအပ်လျက်ရှိသည်။ ထိုသို့ ကျန်းမာရေးဝန်ကြီးဌာနအောက်ရှိ ဆေးရုံ/ဆေးခန်းများတွင် ကုသစောင့်ရှောက်မှုများ ပိုမိုတိုးချဲ့ပေးအပ်လာနိုင်ခြင်းဖြင့် လူနာများအတွက် ရေရှည်ကုသမှု ခံယူနိုင်မည် ဖြစ်သည်။

ခုခံအားကျဆင်းမှု ကူးစက်ရောဂါဆိုင်ရာ စောင့်ကြပ်ကြည့်ရှုခြင်းလုပ်ငန်းများကို အချိန်နှင့်တပြေးညီ တိကျခိုင်မာသော သတင်းအချက်အလက်များ ရရှိနိုင်ရေးနှင့် ဆန်းစစ်လေ့လာနိုင်ရေးအတွက် တိုးမြှင့်ဆောင်ရွက်လျက်ရှိသည်။ ၂၀၁၉ ခုနှစ် မြန်မာနိုင်ငံတွင် အိတ်ချ်အိုင်ဗွီပိုး ကူးစက်ဖြစ်ပွားမှုအခြေအနေနှင့် အန္တရာယ်ရှိသော အပြုအမူကျင့်သုံးမှုအခြေအနေများ ပုံမှန်ဆန်းစစ်ချက်အရ အိတ်ချ်အိုင်ဗွီဖြစ်ပွားမှုနှုန်းအနေဖြင့် အမျိုးသမီးလိင်အလုပ်သမများတွင် (၈.၂)ရာခိုင်နှုန်းနှင့် အမျိုးသားချင်း ချစ်ခင်စုံမက်သူများတွင် (၈.၈)ရာခိုင်နှုန်းအသီးသီးရှိနေပြီး ၂၀၁၇ ခုနှစ် ဆန်းစစ်ချက်များအရ မူးယစ်ဆေးအကြောထဲ ထိုးသွင်းသူများတွင် အိတ်ချ်အိုင်ဗွီဖြစ်ပွားမှုနှုန်း (၃၄.၉) ရာခိုင်နှုန်းရှိကြောင်း တွေ့ရှိရသည်။

*စာမျက်နှာ ၈ သို့*




ပုံ (၁) - အိတ်ချ်အိုင်ဗွီရောဂါပိုးရှိ လူနာများအား အေအာတီဆေးဝါးဖြင့် အခမဲ့ နှစ်စဉ်တိုးတက်ကုသပေးနိုင်ပုံ




ပုံ (၂) - မြန်မာနိုင်ငံတွင် အိတ်ချ်အိုင်ဗွီရောဂါပိုးရှိ လူနာသစ်တွေ့ရှိရမှု လျော့နည်းကျဆင်းလာပုံ

# (၇၅)နှစ်မြောက် စိန်ရတုလွတ်လပ်ရေးနေ့အထိမ်းအမှတ် လူငယ်နှင့် စာပေအနုပညာပြပွဲကျင်းပရေး ညှိနှိုင်းအစည်းအဝေးကျင်းပ

## ပြပွဲတွင် လူငယ်နှင့်ပတ်သက်သည့် အကြောင်းအရာများ၊ ကျန်းမာရေး၊ လူမှုရေး၊ ပညာရေးနှင့် စာပေဆိုင်ရာ သိသင့်သိထိုက်သည်များကို ဦးစားပေးပြသသွားမည်

**နေပြည်တော် နိုဝင်ဘာ ၃၀**

၂၀၂၃ ခုနှစ် (၇၅) နှစ်မြောက် စိန်ရတုလွတ်လပ်ရေးနေ့ အထိမ်းအမှတ် လူငယ်နှင့် စာပေအနုပညာပြပွဲအား ကျောင်းသား ကျောင်းသူများ စာအုပ်စာစောင်များကို တန်ဖိုးထားဖတ်ရှုလိုစိတ် ဖြစ်ပေါ်လာစေရန်နှင့် စာပေ၏ အကျိုးကျေးဇူးကို သိရှိနိုင်စေရန်၊ ရုပ်ရှင်အနုပညာမှတစ်ဆင့် မျိုးချစ်စိတ်ဓာတ်နှင့် အမျိုးဂုဏ်၊ ဇာတိဂုဏ်မြင့်မားစေပြီး လွတ်လပ်ရေးကြိုးပမ်းမှု သမိုင်းကြောင်းများ၊ ကိုလိုနီလက်အောက်ခံဘဝတွင် တွေ့ကြုံခံစားရမှုများကို သိမြင်စေကာ မိမိတို့နိုင်ငံ၏ လွတ်လပ်ရေးကို လေးစားတန်ဖိုးထားတတ်စေရန်၊ ဓာတ်ပုံအနုပညာပြပွဲမှတစ်ဆင့် မြန်မာနိုင်ငံ၏ အေးချမ်းတည်ငြိမ်မှု၊ သာယာလှပမှုနှင့် ဖွံ့ဖြိုးတိုးတက်မှုများ၊ ချစ်စဖွယ်ကျေးလက်ဒေသ အလှအပများကို သိရှိခံစားပြီး မိမိတို့၏ တိုင်းဒေသကြီး၊ ပြည်နယ်များအပေါ် မြတ်နိုးတန်ဖိုးထားစိတ်များ ဖြစ်ပေါ်လာစေရန်နှင့် ပြခန်းများ ခင်းကျင်းပြသမှုများမှ တစ်ဆင့် ဝန်ကြီးဌာနအသီးသီးက ဆောင်ရွက်လျက်ရှိသော လုပ်ငန်းများကို အလွယ်တကူ သိမြင်နိုင်စေရန်ဟူသည့် ရည်ရွယ်ချက်များဖြင့် နေပြည်တော်ရှိ မြန်မာအပြည်ပြည်ဆိုင်ရာ ကွန်ဗင်းရှင်းဗဟိုဌာန-၂(MICC-2 ) ၌ ဒီဇင်ဘာ ၂၆ ရက်မှ ၂၈ ရက်အထိ နံနက် ၉ နာရီခွဲမှ ညနေ ၄ နာရီခွဲ အတွင်း ကျင်းပသွားမည်ဖြစ်ကြောင်း သိရသည်။



(၇၅)နှစ်မြောက် စိန်ရတုလွတ်လပ်ရေးနေ့ အထိမ်းအမှတ် လူငယ်နှင့် စာပေအနုပညာပြပွဲကျင်းပရေး ညှိနှိုင်းအစည်းအဝေးကို ယနေ့နံနက် ၁၀ နာရီတွင် နေပြည်တော်ရှိ ပြန်ကြားရေးဝန်ကြီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပရာ(**အပေါ်ပုံ**) အစည်းအဝေးသို့ ပြန်ကြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမောင်မောင်အုန်း၊ ဒုတိယဝန်ကြီးများဖြစ်ကြသော ဒေါ်သန်းသန်းလင်း၊ ဦးရဲတင့်၊ ဦးဇော်ဝင်း၊ ဒေါက်တာအေးထွန်း၊ ဒေါက်တာစိုးဝင်း၊ အမြဲတမ်းအတွင်းဝန်များ၊ ဌာနဆိုင်ရာ အကြီးအကဲများနှင့် ဖိတ်ကြားထားသူများ တက်ရောက်ကြသည်။

**နိုင်ငံတော်အဆင့်ကျင်းပမည်**

ရှေးဦးစွာ ပြည်ထောင်စုဝန်ကြီး ဦးမောင်မောင်အုန်းက (၇၅) နှစ်မြောက် စိန်ရတုလွတ်လပ်ရေးနေ့ကို ကြိုဆိုဂုဏ်ပြုသည့် အစီအစဉ်များစွာအနက်မှ လူငယ်နှင့် စာပေအနုပညာ ပြပွဲသည်လည်း တစ်ခုအပါအဝင်ဖြစ်ပါကြောင်း၊ ယခင်နှစ်က ဝဏ္ဏသိဒ္ဓိ အားကစားကွင်းတွင် စိန်ရတုပြည်ထောင်စုနေ့ အထိမ်းအမှတ်အဖြစ် လူငယ်နှင့် စာပေပွဲတော်ကို ကျင်းပခဲ့ပါကြောင်း၊ ယခုနှစ်တွင် ပိုမိုထူးခြားလေးနက်အောင် လူငယ်နှင့်စာပေအနုပညာပြပွဲဟု အမည်ပြောင်းလဲ၍ နိုင်ငံတော်အဆင့် စည်ကားသိုက်မြိုက်စွာ ကျင်းပသွားမည်ဖြစ်ပြီး ကျောင်းသားလူငယ်များ၊ ဝန်ထမ်းမိသားစုများအားလုံး ပါဝင်နိုင်အောင် စီစဉ်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း၊ ပြပွဲတွင် လူငယ်နှင့် ပတ်သက်သည့် အကြောင်းအရာများ၊ ကျန်းမာရေး၊ လူမှုရေး၊ ပညာရေးနှင့် စာပေဆိုင်ရာ သိသင့် သိထိုက်သည်များကို ဦးစားပေးပြသသွားမည် ဖြစ်ပါကြောင်း၊ ကလေးများအတွက် စိတ်ဝင်စားဖွယ် အစီအစဉ်များ၊ ပျော်ပျော်ရွှင်ရွှင်ဖြင့် ကိုယ်တိုင်ပါဝင်ဆောင်ရွက်နိုင်မည့် အစီအစဉ်များ ပါဝင်မည်ဖြစ်ပြီး ပြပွဲကို အဓိပ္ပာယ်ရှိရှိ၊ အနှစ်သာရရှိရှိ ဖြစ်အောင် စီမံဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း ပြောကြားသည်။

ထို့နောက် ဒုတိယဝန်ကြီး ဦးရဲတင့်က ပြပွဲတွင်ပါဝင်မည့် ဝန်ကြီးဌာနများအနေဖြင့် ပေါင်းစပ်ဆောင်ရွက်ရမည့် ကိစ္စရပ်များကို ရှင်းလင်းပြောကြားသည်။

**ရှင်းလင်းတင်ပြ**

ယင်းနောက် အမြဲတမ်းအတွင်းဝန် ဦးမျိုးမြင့်မောင်က ပြပွဲတွင်ပါဝင်မည့် စာပေဆိုင်ရာ ပြသမည့်အစီအစဉ်၊ အနုပညာဆိုင်ရာ ပြသမည့်အစီအစဉ်၊ ပြခန်းများပြသမည့် အစီအစဉ်များ၊ ကော်မတီနှင့် ဆပ်ကော်မတီများ ဖွဲ့စည်းဆောင်ရွက်မှုများနှင့် စပ်လျဉ်း၍ ရှင်းလင်းတင်ပြသည်။

ဆက်လက်၍ ဒုတိယဝန်ကြီးများနှင့် တက်ရောက်လာကြသူများက လူငယ်များကျန်းမာကြံ့ခိုင်ရေး၊ စာရိတ္တနှင့် စိတ်ဓာတ်မြင့်တင်ရေးဆိုင်ရာအတွက် ပါဝင်မည့် အစီအစဉ်များ၊ ပြခန်းများ ခင်းကျင်းပြသမှုနှင့် လူငယ်နှင့် စာပေအနုပညာပြပွဲ အောင်မြင်စွာ ကျင်းပနိုင်ရေးအတွက် ပေါင်းစပ် ဆောင်ရွက်သွားမည့် အစီအမံများနှင့် စပ်လျဉ်း၍ ရှင်းလင်းဆွေးနွေးကြသည်။

**အမှာစကားပြောကြား**

ထို့နောက် ပြည်ထောင်စုဝန်ကြီး ဦးမောင်မောင်အုန်းက ဆွေးနွေးတင်ပြချက်များအပေါ် ပေါင်းစပ်ညှိနှိုင်းပေးပြီး နိဂုံးချုပ်အမှာစကားပြောကြားသည်။

(၇၅) နှစ်မြောက် စိန်ရတုလွတ်လပ်ရေးနေ့ အထိမ်းအမှတ် လူငယ်နှင့် စာပေအနုပညာပြပွဲတွင် စာအုပ်စာစောင်များ ခင်းကျင်းပြသခြင်း၊ စာအုပ်အရောင်းဆိုင်များ ဖွင့်လှစ်ခြင်း၊ ၂၀ ရာစု စာရေးဆရာများ၏ ဓာတ်ပုံများ ခင်းကျင်းပြသခြင်း စသည်ဖြင့် စာပေဆိုင်ရာ ပြသမည့် အစီအစဉ်များ၊ ဓာတ်ပုံများ ခင်းကျင်းပြသခြင်း၊ ကြီးမြတ်သော မြန်မာ၊ သူ့ကျွန်မခံပြီ၊ ငဘရုပ်ရှင်ကားများ စသည်ဖြင့် အနုပညာဆိုင်ရာ ပြသမည့်အစီအစဉ်များ၊ ဝန်ကြီးဌာနများအလိုက် ပြခန်းများ ခင်းကျင်းပြသမည့် အစီအစဉ်များကို လူငယ်များအတွက် အဓိကထား၍ ကျင်းပပြုလုပ်သွားမည်ဖြစ်ကြောင်း သိရသည်။

**သတင်းစဉ်**

# အစိုးရစက်မှုလက်မှုသိပ္ပံ(ထားဝယ်)၊ အစိုးရစက်မှုလက်မှုသိပ္ပံ(တောင်ငူ) နှင့် အစိုးရစက်မှုလက်မှုသိပ္ပံ(သန်လျင်) ဖွင့်ပွဲအခမ်းအနားများကျင်းပ

**နေပြည်တော် နိုဝင်ဘာ ၃၀**

သိပ္ပံနှင့် နည်းပညာဝန်ကြီးဌာန၊ နည်းပညာ၊ သက်မွေးပညာနှင့် လေ့ကျင့်ရေးဦးစီးဌာနရှိ အစိုးရစက်မှုလက်မှုသိပ္ပံ (ထားဝယ်)၊ အစိုးရစက်မှုလက်မှု သိပ္ပံ(တောင်ငူ) နှင့် အစိုးရစက်မှုလက်မှုသိပ္ပံ (သန်လျင်) ဖွင့်ပွဲအခမ်းအနားများကို ယနေ့ နံနက် ၉ နာရီတွင် တစ်ပြိုင်တည်း ကျင်းပသည်။



အစိုးရ စက်မှုလက်မှုသိပ္ပံ (တောင်ငူ) ဖွင့်ပွဲအခမ်းအနား **(ယာပုံ)**သို့ သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာမျိုးသိန်းကျော်၊ ပဲခူးတိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးမျိုးဆွေဝင်း၊ တိုင်းဒေသကြီး အစိုးရအဖွဲ့ဝင် ဝန်ကြီးများနှင့် တာဝန်ရှိသူများ၊ သိပ္ပံနှင့် နည်းပညာဝန်ကြီးဌာန ညွှန်ကြားရေးမှူးချုပ်များ၊ ပါမောက္ခချုပ်များ၊ ကျောင်းအုပ်ကြီးများနှင့် တာဝန်ရှိသူများ၊ GTI ကျောင်းသားဟောင်းများ၊ ဆရာ ဆရာမများ၊ စက်မှုလက်မှု လုပ်ငန်းရှင်များ၊ သင်တန်းသား သင်တန်းသူများ တက်ရောက်ကြပြီး အစိုးရစက်မှုလက်မှုသိပ္ပံ (ထားဝယ်) ဖွင့်ပွဲအခမ်းအနားသို့ တနင်္သာရီတိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးမြတ်ကို၊ တိုင်းဒေသကြီး အစိုးရအဖွဲ့ဝင် ဝန်ကြီးများနှင့် တာဝန်ရှိသူများ၊ ကျောင်းအုပ်ကြီးများ၊ ဆရာ ဆရာမများ၊ ကျောင်းသား ကျောင်းသူများ တက်ရောက်ကြကာ အစိုးရစက်မှု လက်မှုသိပ္ပံ(သန်လျင်) ဖွင့်ပွဲအခမ်းအနားသို့ ရန်ကုန်တိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးစိုးသိန်းနှင့် အစိုးရအဖွဲ့ဝင် ဝန်ကြီးများနှင့် တာဝန်ရှိသူများ၊ ကျောင်းအုပ်ကြီးများ၊ ဆရာ ဆရာမများ၊ ကျောင်းသား ကျောင်းသူများ တက်ရောက်ဖွင့်လှစ်ခဲ့ကြသည်။

ယင်းနောက်သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး၊ တိုင်းဒေသကြီး ဝန်ကြီးချုပ်များနှင့် တာဝန်ရှိသူများသည် အဆိုပါ အစိုးရ စက်မှုလက်မှုသိပ္ပံများ အတွင်းရှိ မြို့ပြအင်ဂျင်နီယာ၊ လျှပ်စစ်စွမ်းအား အင်ဂျင်နီယာနှင့် စက်မှုအင်ဂျင်နီယာ အလုပ်ရုံများ၊ လက်တွေ့ခန်းများ၊ စာသင်ခန်းများ၊ စာကြည့်တိုက်နှင့် ကွန်ပျူတာခန်းများကို လှည့်လည်ကြည့်ရှု စစ်ဆေးခဲ့ကြသည်။ အဆိုပါဖွင့်ပွဲအခမ်းအနားများတွင် သိပ္ပံနှင့် နည်းပညာဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးနှင့် တိုင်းဒေသကြီး ဝန်ကြီးချုပ်များက အဖွင့်အမှာစကားများ ပြောကြားခဲ့ကြပြီး အစိုးရစက်မှုလက်မှုသိပ္ပံကျောင်းများမှ ကျောင်းသား ကျောင်းသူများက တေးသီချင်းများဖြင့် သီဆိုကပြဖျော်ဖြေခဲ့ကြသည်များကို ကြည့်ရှုအားပေးကြသည်။

အစိုးရ စက်မှုလက်မှုသိပ္ပံ (ထားဝယ်)၊ အစိုးရစက်မှုလက်မှု သိပ္ပံ(တောင်ငူ) နှင့် အစိုးရစက်မှု လက်မှုသိပ္ပံ (သန်လျင်) တို့ကို ဖွင့်လှစ်ခြင်းသည် နိုင်ငံတော် တည်ဆောက်ရေး လုပ်ငန်းများအတွက် လိုအပ်သည့် နည်းပညာကျွမ်းကျင်သည့် ပညာတတ်လူငယ်များ မွေးထုတ်ပေးနိုင်ရေး ရည်ရွယ်၍ နိုင်ငံတော်အစိုးရ၏ လမ်းညွှန်မှုဖြင့် ကျောင်းများတိုးချဲ့ဖွင့်လှစ် ဆောင်ရွက်ခဲ့ခြင်းဖြစ်ပြီး ဒေသခံပြည်သူများ၏ သားသမီးများနှင့် အနယ်နယ်အရပ်ရပ်မှ ထူးချွန်ကျောင်းသား ကျောင်းသူများအတွက် သင်ကြားသင်ယူမှု အခွင့်အလမ်းများ ပိုမိုရရှိစေရန်၊ နည်းပညာနှင့် သက်မွေးပညာရပ်များကို လေ့လာသင်ယူခွင့်ရရှိစေရန် နည်းပညာရှင်၊ အတတ်ပညာရှင်များ မွေးထုတ်ပေးရန်နှင့် ဒေသ ဖွံ့ဖြိုးတိုးတက်ရေးနှင့် ပြည်သူများ၏ လူမှုစီးပွားဘဝ ဖွံ့ဖြိုးရေးကို အထောက်အကူပြုနိုင်စေမည်ဖြစ်ကြောင်း သိရသည်။

**သတင်းစဉ်**

# ကမ္ဘာလုံးဆိုင်ရာ ပြည်သူ့လုံခြုံရေးပူးပေါင်းဆောင်ရွက်မှုဖိုရမ်၏ ပထမအကြိမ်ညီလာခံသို့ ပြည်ထဲရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့ရဲချုပ် ဗိုလ်ချုပ် ဇင်မင်းထက် ဦးဆောင်သည့် ကိုယ်စားလှယ်အဖွဲ့ တက်ရောက်ဆွေးနွေး






**နေပြည်တော် နိုဝင်ဘာ ၃၀**

ကမ္ဘာလုံးဆိုင်ရာပြည်သူ့လုံခြုံရေး ပူးပေါင်းဆောင်ရွက်မှု ဖိုရမ်၏ ပထမအကြိမ် ညီလာခံကို တရုတ်နိုင်ငံက အိမ်ရှင်အဖြစ် ဦးဆောင်၍ နိုဝင်ဘာ ၂၉ ရက်မှ ၃၀ ရက်အထိ ဗီဒီယိုကွန်ဖရင့်စနစ်ဖြင့် ကျင်းပသည်။**(ယာပုံ)**

ညီလာခံသို့ ပြည်ထဲရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့ ရဲချုပ် ဗိုလ်ချုပ် ဇင်မင်းထက် ဦးဆောင်သော ကိုယ်စားလှယ်အဖွဲ့ တက်ရောက်ခဲ့ပြီး တရုတ်၊ ကမ္ဘောဒီးယား၊ လာအို၊ ထိုင်း၊ ဗီယက်နမ်၊ ရုရှား၊ ဘီလာရုစ်၊ ဟန်ဂေရီ၊ စပိန်၊ အီဂျစ်၊ ဘရာဇီးလ်၊ အာဂျင်တီးနား၊ ပါကစ္စတန်၊ ကာဂျစ်စတန်၊ ဥဇဘက်ကစ္စတန်၊ နယူးဇီလန်၊ ဆော်လမွန်၊ နိုင်ဂျီးရီးယား၊ အီသီယိုးပီးယားနှင့် အစ္စရေးနိုင်ငံတို့မှ ဒုတိယဝန်ကြီးချုပ်များ၊ ပြည်ထဲရေးဝန်ကြီးများ၊ ဒုတိယဝန်ကြီးများ၊ ရဲချုပ်များ၊ သံအမတ်ကြီးများနှင့် အင်တာပိုလ်ဥက္ကဋ္ဌ၊ ဒုတိယဥက္ကဋ္ဌတို့အပါအဝင် နိုင်ငံ ၃၈ နိုင်ငံမှ ကိုယ်စားလှယ်များ တက်ရောက်ခဲ့ကြသည်။

ညီလာခံဖွင့်ပွဲ အခမ်းအနားတွင် တရုတ်ကွန်မြူနစ်ပါတီ၊ ဗဟိုကော်မတီအဖွဲ့ဝင်၊ ပြည်သူ့လုံခြုံရေးဝန်ကြီးဌာန ဝန်ကြီး Mr.Wang Xiaohong က မိန့်ခွန်းပြောကြားခဲ့ပြီး ညီလာခံအား အပိုင်း ၄ ပိုင်းခွဲ၍ လျင်မြန်စွာ ပြောင်းလဲနေသော ကမ္ဘာကြီးတွင် လုံခြုံရေးဆိုင်ရာ အသိုက်အဝန်း တစ်ရပ် ပေါ်ထွန်းလာစေရေး၊ လုပ်ငန်းတာဝန်ကျွမ်းကျင်မှုရှိပြီး ထိရောက်မှုရှိသော တရားဥပဒေစိုးမိုးရေးနှင့် လုံခြုံရေးဆိုင်ရာ နိုင်ငံတကာပူးပေါင်းဆောင်ရွက်မှု ပေါ်ထွန်းလာစေရေး၊ အနာဂတ်တွင် အဆင်သင့်ဖြစ်စေရန် စွမ်းရည်မြှင့်တင်ရေး အစီအစဉ်များ ပိုမိုတိုးမြှင့်ပြုလုပ်ပေးရေး၊ လုံခြုံစိတ်ချရမှုရှိသော ဖွံ့ဖြိုးတိုးတက်မှုများ ဖြစ်လာစေရန် လုံခြုံရေးဆိုင်ရာ ကဏ္ဍစုံပူးပေါင်းဆောင်ရွက်နိုင်မည့် ယန္တရား တစ်ရပ် ပေါ်ထွန်းလာစေရေး စသည့်ခေါင်းစဉ် ၄ ရပ်ဖြင့် ဆက်လက်ပြုလုပ်ကြသည်။

မြန်မာ ကိုယ်စားလှယ်အဖွဲ့ခေါင်းဆောင်က လက်ရှိဖြစ်ပေါ်နေသော စိန်ခေါ်မှုများနှင့် အတားအဆီးများကို ထိရောက်စွာဖြေရှင်းဆောင်ရွက်နိုင်ရေးအတွက် နိုင်ငံတကာ ပူးပေါင်းဆောင်ရွက်မှု ခိုင်မာအားကောင်းရမည် ဖြစ်ကြောင်း၊ ယင်းကဲ့သို့ ခိုင်မာအားကောင်းခြင်းသည် ကမ္ဘာလုံးဆိုင်ရာပြစ်မှု ကြိုတင်ကာကွယ်ရေးနှင့်တိုက်ဖျက်ရေး အားထုတ်ကြိုးပမ်းမှုများကို ထိရောက်စေမည်ဖြစ်ကြောင်း၊ နိုင်ငံတကာ ပူးပေါင်းဆောင်ရွက်မှု အဆင်ပြေချောမွေ့စေရေးအတွက် အခြေခံအချက်တစ်ရပ်အနေဖြင့် မိမိတို့သည် နိုင်ငံဖြတ်ကျော်ဂိုဏ်းဖွဲ့မှုခင်းများ တိုက်ဖျက်ရေးဆိုင်ရာ ကုလသမဂ္ဂ ကွန်ဗင်းရှင်းနှင့် ယင်း၏ နောက်ဆက်တွဲစာချုပ်များအပါအဝင် အပြည်ပြည်ဆိုင်ရာ ကွန်ဗင်းရှင်းများ၊ စာချုပ်များ၊ သဘောတူညီချက်များကို ထိရောက်စွာ အကောင်အထည်ဖော် ဆောင်ရွက်သွားရမည်ဖြစ်ကြောင်း ဆွေးနွေးပြောကြားသည်။

ညီလာခံဒုတိယနေ့ကို ယနေ့ နံနက်ပိုင်းတွင် ဗီဒီယိုကွန်ဖရင့်စနစ်ဖြင့် ဆက်လက်ကျင်းပခဲ့ပြီး လုံခြုံရေးနှင့် ဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာဖိုရမ်၊ သတင်းအချက်အလက် လုံခြုံရေးဆိုင်ရာဖိုရမ်၊ ရဲအကယ်ဒမီ ကျောင်းအုပ်ကြီးများ ဖိုရမ် စသည်ဖြင့် ဖိုရမ် သုံးခုခွဲ၍ ဆောင်ရွက်ခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

# မဲခေါင် - လန်ချန်း ပူးပေါင်းဆောင်ရွက်မှုအစီအစဉ်အရ ရှမ်းပြည်နယ် တောင်ကြီးမြို့၌ မဲခေါင်ဒေသလုံခြုံမှု ပေါင်းစပ်ညှိနှိုင်းရေးစင်တာ “Safe Mekong Coordination Center ” မဲခေါင်ရိပ်သာဖွင့်ပွဲကျင်းပ



နေပြည်တော် နိုဝင်ဘာ ၃၀

**မဲခေါင် – လန်ချန်း ပူးပေါင်းဆောင်ရွက်မှု အစီအစဉ်အရ ရှမ်းပြည်နယ် တောင်ကြီးမြို့၌ မဲခေါင်ဒေသ လုံခြုံမှုပေါင်းစပ်ညှိနှိုင်းရေးစင်တာ၊ Safe Mekong Coordination Center မဲခေါင်ရိပ်သာဖွင့်ပွဲအခမ်းအနားကို ယမန်နေ့ နံနက် ၉ နာရီတွင် ကျင်းပသည်။**

အခမ်းအနားသို့ မြန်မာနိုင်ငံ မူးယစ်ဆေးဝါးနှင့် စိတ်ကို ပြောင်းလဲစေသော ဆေးဝါးများ အန္တရာယ် တားဆီးကာကွယ်ရေး ဗဟိုအဖွဲ့၊ မြန်မာနိုင်ငံဆိုင်ရာ တရုတ်ပြည်သူ့သမ္မတနိုင်ငံ သံရုံး၊ ရှမ်းပြည်နယ် မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသောဆေးဝါး များအန္တရာယ် တားဆီးကာကွယ်ရေး အဖွဲ့၊ နိုင်ငံခြားရေးဝန်ကြီးဌာန မဲခေါင်–လန်ချန်း ပူးပေါင်းဆောင်ရွက်မှု ပူးပေါင်းညှိနှိုင်းရေးအဖွဲ့တို့မှ ကိုယ်စားလှယ်များ၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့မှ ရဲအရာရှိကြီးများနှင့် ဖိတ်ကြားထားသူများ တက်ရောက်ကြသည်။

အခမ်းအနားတွင် မြန်မာနိုင်ငံ၊ မူးယစ်ဆေးဝါးနှင့် စိတ်ကို ပြောင်းလဲစေသော ဆေးဝါးများ အန္တရာယ် တားဆီးကာကွယ်ရေး ဗဟိုအဖွဲ့ တွဲဖက်အတွင်းရေးမှူး၊ မူးယစ်ဆေးဝါး တားဆီးနှိမ်နင်းရေး ရဲတပ်ဖွဲ့မှူး ရဲမှူးချုပ် ဝင်းနိုင်၊ မြန်မာနိုင်ငံဆိုင်ရာ တရုတ်ပြည်သူ့သမ္မတနိုင်ငံသံရုံးမှ သံမှူးကြီး Dr. Zheng Zhihong နှင့် နိုင်ငံခြားရေးဝန်ကြီးဌာန မဲခေါင်–လန်ချန်း ပူးပေါင်းဆောင်ရွက်မှု ပူးပေါင်းညှိနှိုင်းရေးအဖွဲ့ ဒုတိယဥက္ကဋ္ဌ ဒုတိယညွှန်ကြားရေးမှူးချုပ် ဦးဝင်းဇေယျာဦးတို့က အမှာစကားပြောကြားခဲ့ကြပြီး တာဝန်ရှိသူများက Safe Mekong Coordination Center မဲခေါင်ရိပ်သာဆိုင်းဘုတ်ကို စက်ခလုတ်နှိပ်ဖွင့်လှစ်ပေးသည်။

ထို့နောက် တက်ရောက်လာသူများက စုပေါင်းမှတ်တမ်းဓာတ်ပုံရိုက်ပြီး **(အပေါ်ယာပုံ)** တိုင်းရင်းသားရိုးရာ ယဉ်ကျေးမှုအဖွဲ့များက တိုးနရားအကဖြင့် ဖြေဖျော်ကြကာ အခမ်းအနားဖွင့်ပွဲ အထိမ်းအမှတ် ကမ္ပည်းမော်ကွန်းအား အမွှေးနံ့သာများဖြင့် ပက်ဖျန်းကြပြီး အဆောက်အဦကို လှည့်လည်ကြည့်ရှုစစ်ဆေးခဲ့ကြောင်း သိရသည်။

အဆိုပါ Safe Mekong Coordination Center မဲခေါင်ရိပ်သာ အဆောက်အဦကို မဲခေါင်–လန်ချန်း ပူးပေါင်းဆောင်ရွက်မှု စီမံကိန်း ၂၀၁၈ ခုနှစ်၊ အထူးရန်ပုံငွေမှ အမေရိကန်ဒေါ်လာ ၄၉၉၄၀၀ နှင့် ညီမျှသော မြန်မာကျပ်ငွေ ၇၇၄ ဒသမ ဝ၇ သန်းနှင့် ပြည်ထဲရေးဝန်ကြီးဌာန၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့ဌာနချုပ် ရန်ပုံငွေမှ ငွေကျပ် ၇၈ ဒသမ ၇ သန်း၊ စုစုပေါင်း ငွေကျပ် ၈၅၂ ဒသမ ၇၇ သန်းဖြင့် အကောင်အထည်ဖော် ဆောင်ရွက်ခဲ့ပြီး မဲခေါင်မြစ်ကြောင်းတစ်လျှောက်ရှိ တရုတ်–မြန်မာ – လာအို – ထိုင်း – ကမ္ဘောဒီးယားနှင့် ဗီယက်နမ်နိုင်ငံတို့ အနေဖြင့် မူးယစ်ဆေးဝါး နိုင်ငံဖြတ်ကျော် သယ်ဆောင်ရောင်းဝယ်သူများကို ဖော်ထုတ်ဖမ်းဆီးနိုင်ရေး အထောက်အကူဖြစ်စေမည့် သတင်းအချက်အလက်များ ရရှိစေရေးအတွက် ပူးပေါင်းစုံစမ်းစစ်ဆေးမှုများပြုလုပ်ရန် နိုင်ငံအလိုက် မူးယစ်ဆေးဝါးတားဆီးနှိမ်နင်းရေးအဖွဲ့များမှ ကိုယ်စားလှယ်အချင်းချင်း ပူးပေါင်း၍ မဲခေါင်မြစ်ကြောင်းတစ်လျှောက် မူးယစ်ဆေးဝါး မှောင်ခိုရောင်းဝယ်မှု ပပျောက်ရေးအတွက် ထိရောက်စွာ ဆောင်ရွက်နိုင်ရေး၊ မူးယစ်ဆေးဝါး ထုတ်လုပ်ရာတွင် အသုံးပြုသည့် ဓာတုပစ္စည်းများ ထိန်းချုပ်ရေး၊ နည်းပညာပူးပေါင်းဖလှယ်ရေးနှင့် တားဆီးနှိမ်နင်းရေးတပ်ဖွဲ့ဝင်များ၏ စွမ်းရည်မြှင့်တင်ရေးဆိုင်ရာ ပူးပေါင်းဆောင်ရွက်မှုများကို အားကောင်းလာစေရန်နှင့် မဲခေါင်မြစ်ဝှမ်းတစ်လျှောက် တရားဥပဒေစိုးမိုးရေးနှင့် လုံခြုံရေးပူးပေါင်းဆောင်ရွက်နိုင်ရေး၊ မူးယစ်ဆေးဝါးအန္တရာယ် တားဆီးကာကွယ်ရေးအတွက် အကျိုးကျေးဇူး များစွာရရှိနိုင်မည် ဖြစ်သည်။

မဲခေါင် – လန်ချန်း ပူးပေါင်းဆောင်ရွက်မှု အဓိကရည်ရွက်ချက်သည် မဲခေါင်ဒေသတွင်း နိုင်ငံများ၏ လူမှုစီးပွားဖွံ့ဖြိုးတိုးတက်ရေး၊ စဉ်ဆက်မပြတ် ဖွံ့ဖြိုးတိုးတက်မှုကို ရရှိစေရန်နှင့် နိုင်ငံအလိုက် ဒေသဖွံ့ဖြိုးတိုးတက်မှု ကွာဟနေခြင်းကို လျှော့ချသွားရန်၊ အာဆီယံအသိုင်းအဝိုင်း တည်ထောင်မှုကို အထောက်အကူပြုရန်၊ ကုလသမဂ္ဂ ၂၀၃၀ ပြည့်နှစ် စဉ်ဆက်မပြတ် ဖွံ့ဖြိုးတိုးတက်မှု အစီရင်ခံစာ၏ ရည်မှန်းချက်များကို တိုးမြှင့်အကောင်အထည်ဖော် ဆောင်ရွက်ရန်နှင့် ဖွံ့ဖြိုးဆဲနိုင်ငံများအကြား ပူးပေါင်းဆောင်ရွက်ရေးတို့ကို တိုးမြှင့်ပူးပေါင်းဆောင်ရွက်သွားရန်ဖြစ်သည်။ မဲခေါင်ဒေသလုံခြုံရေး ပူးပေါင်းညှိနှိုင်းဆောင်ရွက်မှုဗဟိုဌာန “Safe Mekong Coordination Center” ကို အကောင်အထည်ဖော် ဆောင်ရွက်နိုင်ခဲ့သည့်အတွက် မြန်မာနိုင်ငံအနေဖြင့် နိုင်ငံအလိုက် ကိုယ်စားလှယ်များအတွက် ရုံးခန်းများ ဖွင့်လှစ် ဆောင်ရွက်နိုင်ခြင်း၊ မဲခေါင်ဒေသအတွင်း မူးယစ်ဆေးဝါး တားဆီးနှိမ်နင်းရေး သတင်းဖလှယ်မှု အစည်းအဝေးများ ကျင်းပနိုင်ခြင်းစသည့် အကျိုးကျေးဇူးများ ရရှိမည်ဖြစ်သည့်အပြင် မိမိတို့ရည်မှန်းချက်ဖြစ်သည့် မူးယစ်ဆေးဝါး တားဆီးနှိမ်နင်းရေး ပူးပေါင်းဆောင်ရွက်မှု အခန်းကဏ္ဍကို ယခုထက် ပိုမိုထိရောက်အောင်မြင်စွာ ဆောင်ရွက်မည်ဖြစ်ကြောင်း သိရသည်။

**သတင်းစဉ်**

*စာမျက်နှာ ၆ မှ*

မိမိတို့နိုင်ငံအနေဖြင့် အိတ်ချ်အိုင်ဗွီ/အေအိုင်ဒီအက်စ်ရောဂါတိုက်ဖျက်ရေးလုပ်ငန်းကို အမျိုးသားရေးအသွင်ဖြင့် ကြိုးပမ်းအကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိရာ နိုင်ငံတော်အစိုးရ၏ ရန်ပုံငွေထည့်ဝင်မှုသည် နှစ်စဉ်သိသာစွာ တိုးတက်လာခဲ့ပါသည်။ ခုခံအားကျဆင်းမှုကူးစက်ရောဂါ တိုက်ဖျက်ရေးလုပ်ငန်းများ ဆောင်ရွက်ရန် လိုအပ်သောရန်ပုံငွေကို ကျန်းမာရေးဝန်ကြီးဌာနနှင့် ကမ္ဘာ့ရန်ပုံငွေအဖွဲ့တို့မှ အဓိကထောက်ပံ့ပေးလျက်ရှိပြီး (၂၀၂၂–၂၀၂၃)ဘဏ္ဍာနှစ်တွင် အေအာတီဆေးနှင့် ဆေးပစ္စည်းများ ဝယ်ယူရန်အတွက် အမေရိကန်ဒေါ်လာ ၁၆ သန်းကို ကျန်းမာရေးဝန်ကြီးဌာနမှ ထောက်ပံ့ပေးခဲ့ပါသည်။

ယခုနှစ် ကမ္ဘာ့ခုခံအားကျဆင်းမှု ကူးစက်ရောဂါတိုက်ဖျက်ရေးနေ့ အထိမ်းအမှတ်အခမ်းအနားဆောင်ပုဒ်ဖြစ်သည့် "Equalize" “အေအိုင်ဒီအက်စ်ပပျောက်ဖို့၊ မညီမျှမှုများလျှော့ချလို့၊ အားလုံးပူးပေါင်းဆောင်ရွက်စို့”နှင့်အညီ ကျန်းမာရေးဝန်ကြီးဌာန၊ ပြည်သူ့ကျန်းမာရေးဦးစီးဌာန၊ ခုခံကျ/ကာလသားရောဂါတိုက်ဖျက်ရေးစီမံချက်သည် အိတ်ချ်အိုင်ဗွီ ကာကွယ်ကုသရေးဝန်ဆောင်မှုများကို လူတိုင်းညီတူညီမျှ လက်လှမ်းမီရရှိစေရေး ဆောင်ရွက်လျက်ရှိရာတွင် မညီမျှမှုများရှိပါက ဝိုင်းဝန်းအဖြေရှာ၍ လူတိုင်းလုံခြုံစိတ်ချရသော ကျန်းမာရေးစောင့်ရှောက်မှုများရရှိကာ အိတ်ချ်အိုင်ဗွီ/ အေအိုင်ဒီအက်စ်ကင်းဝေးသောအနာဂတ်ကိုဖော်ဆောင်ရန် အမျိုးသားမဟာဗျူဟာစီမံကိန်းအရ လုပ်ငန်းများ အကောင်အထည်ဖော်လျက်ရှိပါကြောင်းနှင့် မိဘပြည်သူများအနေဖြင့် အိတ်ချ်အိုင်ဗွီ/ အေအိုင်ဒီအက်စ်ရောဂါကာကွယ်နှိမ်နင်းရေး လုပ်ငန်းဆောင်ရွက်မှုများကို သိရှိ၍ ဝိုင်းဝန်းပူးပေါင်းဆောင်ရွက်နိုင်ပါရန် တင်ပြလိုက်ရပါသည်။ ။

# ဘွဲ့ထူး၊ ဂုဏ်ထူးများချီးမြှင့်အပ်နှင်းတာဟာ ကာယကံရှင်နဲ့ မိသားစုတွေအတွက် ဂုဏ်ယူစရာဖြစ်တာကြောင့် နိုင်ငံ့ဝန်ထမ်းများအနေနဲ့ အတုယူပြီး နိုင်ငံတော်အတွက် တစ်ဖက်တစ်လမ်းကနေ ကြိုးစားပေးနိုင်ကြမယ်လို့ မျှော်လင့်ပါတယ်

ဒေါက်တာစန်းဝင်း

■ တွေ့ဆုံမေးမြန်း - ညိမ်းသူ(သတင်းစဉ်)၊ ဓာတ်ပုံ - ကနူး

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီက ၂၀၂၂ ခုနှစ် နိုဝင်ဘာ ၁၇ ရက်တွင် အမိန့်ကြော်ငြာစာအမှတ် ၂၁၁/၂၀၂၂ ဖြင့် နယ်ပယ်အသီးသီးတွင် စွမ်းစွမ်းတမံဆောင်ရွက်ခဲ့ကြသော ပုဂ္ဂိုလ်များအား ဂုဏ်ထူးဆောင်ဘွဲ့များ၊ ဂုဏ်ထူးဆောင်တံဆိပ်များကို ချီးမြှင့်ခဲ့သည်။

အဆိုပါဘွဲ့၊ တံဆိပ်များ ချီးမြှင့်ခံရသည့် ပုဂ္ဂိုလ်အချို့၏ ဝမ်းမြောက်စကားသံများကို မြန်မာ့သတင်းစဉ်က စုစည်းဖော်ပြလိုက်ပါသည်။


ဦးမြသိန်းဟန်


ဒေါက်တာစန်းဝင်း


ဦးအောင်ခိုင်

**ဦးမြသိန်းဟန် (သိပ္ပကျော်စွာဘွဲ့)**
**ပါမောက္ခဒေါက်တာမြသိန်းဟန်**
**ဗိုလ်မှူးချုပ်(ငြိမ်း)**

တပ်မတော်ကိုဝင်တဲ့ ရည်ရွယ်ချက်က နိုင်ငံတော်နဲ့ တပ်မတော်အတွက် တစ်သက်တာမှာ တပ်မတော်က အလိုရှိသမျှကာလပတ်လုံး စွမ်းဆောင်မယ်ဆိုတဲ့ ခံယူချက်နဲ့ ဝင်ရောက်ခဲ့တာ ဖြစ်ပါတယ်။ တပ်ထဲဝင်ပြီး မကြာခင်ဘဲ FRCS ဝင်ခွင့်စာမေးပွဲ ဖြေဆိုခွင့်ရခဲ့ပြီးတော့ စင်ကာပူမှာစစ်တဲ့ စာမေးပွဲကိုလည်း တစ်ခါတည်း အောင်မြင်ခဲ့တယ်။ ပြီးတော့ အင်္ဂလန်မှာစစ်တဲ့ FRCS စာမေးပွဲကိုလည်း အောင်ခဲ့တယ်။ နှစ်နှစ်အကြာမှာ ပထမတန်း ခွဲစိတ်ပါရဂူအနေနဲ့ တာဝန်ထမ်းဆောင်ရတယ်။ လားရှိုးမှာ ဖွင့်လှစ်တဲ့ အမှတ်(၁) စစ်မြေပြင်စစ်ဆေးရုံမှာ တာဝန်ထမ်းဆောင်ရတယ်။ တိုင်းပြည်နဲ့ လူမျိုးအတွက် တာဝန်ထမ်းဆောင်နေတဲ့ တပ်မတော်သားတွေကို ကိုယ်စွမ်းဉာဏ်စွမ်းရှိသမျှ ပြုစုကုသမယ်ဆိုတဲ့ စေတနာအရင်းခံနဲ့ ထမ်းဆောင်တဲ့အခါ လူကြီးများကလည်း အသိအမှတ်ပြုပါတယ်။ ဆေးပညာတွေ ဆက်လက် လေ့လာသင်ယူနိုင်အောင် စင်ကာပူနဲ့ ဂျပန်နိုင်ငံကို သွားရောက်ခဲ့ရတယ်။ အဲဒီအချိန်က တပ်မတော်မှာ ဆရာဝန်နည်းတဲ့အတွက် ဘာပဲဖြစ်ဖြစ် အတတ်နိုင်ဆုံး ကြိုးစားခဲ့တယ်။

နောက်ပိုင်း တပ်မတော်စစ်ဆေးရုံကြီးရဲ့ တပ်မှူးဖြစ်လာတယ်။ ဗိုလ်မှူးချုပ် တာဝန်နဲ့ တပ်မတော်သူနာပြုလုပ်ငန်းတွေကို ဆက်လက်ထမ်းဆောင်ခဲ့တယ်။ မိမိဆေးတပ်ရဲ့ တိုးတက်ရာတိုးတက်ကြောင်းကို နိုင်ငံတော်ရဲ့ ပံ့ပိုးမှုပါသလို ကိုယ်တိုင်လည်း ကြိုးစားပြီး စေတနာရှင်တွေကို ဆွဲဆောင်ပြီး အူနဲ့အဆုတ်ထဲကို ကြည့်ရှုလို့ရတဲ့ အင်ဒိုစကုတ်တွေရခဲ့တဲ့အတွက် လူနာတွေရဲ့ အသက်ကို ကယ်ဆယ်နိုင်ခဲ့တယ်။ တပ်မတော်မှာ ကျောက်ကပ်အစားထိုးကုသတာကို မြန်မာပြည်မှာ ပထမဆုံး ဖြစ်လာအောင် စီစဉ်နိုင်ခဲ့တယ်။ တပ်မတော်နှလုံးခွဲစိတ်မှုဆိုင်ရာ ဖြစ်လာအောင် အတတ်နိုင်ဆုံး စီမံနိုင်ခဲ့တယ်။ ကျောက်ကပ် အစားထိုးကုသမှုကို အရပ်ဘက်နဲ့ ပူးပေါင်းဆောင်ရွက်တဲ့အခါမှာ ပထမဆုံးအောင်မြင်မှုကို ရခဲ့တယ်။ ကျောက်ကပ်အစားထိုးမှုမှာ ငါးဦးကို အောင်မြင်ခဲ့ပြီး တစ်ဦးက ခန္ဓာကိုယ်က Reject ဖြစ်တဲ့အတွက် ပြန်ထုတ်ခဲ့ရတယ်။ ပါရဂူဘဝမှာ ဌာနအတွက်ပဲ အဓိကထား လုပ်ဆောင်ရပေမယ့် တပ်မှူးဖြစ်လာတဲ့အခါမှာ တပ်တစ်တပ်လုံးရဲ့ ဌာနတွေ ကောင်းအောင် လုပ်ခဲ့ရတယ်။ ဒါရိုက်တာဖြစ်လာတော့ ဆေးတပ်ဖွဲ့အားလုံးအတွက် ကြိုးစားပြီး လုပ်ခဲ့တယ်။ ဆေးသိပ္ပံ(၂)မှာလည်း ဂုဏ်ထူးဆောင်ကထိက၊ ပါမောက္ခ၊ ဌာနမှူးအနေနဲ့လည်း ထမ်းဆောင်ခဲ့တယ်။ တပ်မတော်ဆေးတက္ကသိုလ်ရဲ့ ပထမဆုံး ပါမောက္ခချုပ် ကျောင်းအုပ်ကြီးအနေနဲ့လည်း စာသင်ရင်း တာဝန်ထမ်းဆောင်ခဲ့တယ်။ ညောင်လေးပင်မြို့နယ် ပိန်းဇလုပ်ရွာအလွန် ကန်လေးရွာဇာတိပါ၊ ရထားမရှိ၊ ကားလမ်းမရှိတဲ့ အဲဒီလို ကျေးရွာလေးက လူတစ်ယောက်ကို နိုင်ငံတော်ရဲ့ပံ့ပိုးမှုကြောင့် စကောလားရှစ်နဲ့ တပ်မတော်ဆရာဝန်ဖြစ်လာတဲ့အတွက် ဒီကျေးဇူးကို အမြဲတမ်းဆပ်ချင်ခဲ့တယ်။ ဘာမျှော်လင့်ချက်မှမရှိဘဲ ကျေးဇူးဆပ်ချင်တဲ့စိတ်နဲ့ပဲ တပ်မတော်အပေါ် စေတနာထားခဲ့တယ်။ အခုလို ဘွဲ့ထူး၊ ဂုဏ်ထူးချီးမြှင့်မယ်လို့လည်း မမျှော်မှန်းခဲ့ဘူး။ အခုလိုရရှိတဲ့အတွက် ဝမ်းလည်းသာတယ်၊ ဂုဏ်လည်းယူတယ်။ ကျွန်တော်တို့ ဆောင်ရွက်ခဲ့တာတွေကို အသိအမှတ်ပြုပြီး အတတ်ပညာပိုင်းဆိုင်ရာမှာ ထူးထူးကဲကဲ ဆောင်ရွက်ခဲ့မှုအပေါ် ပေးအပ်တဲ့အတွက် လူကြီးများအားလုံးကို အထူးပဲကျေးဇူးတင်ပါတယ်။ ကျွန်တော်လှုပ်ရှားနိုင်သမျှကာလပတ်လုံး တပ်မတော်နဲ့ နိုင်ငံတော်အတွက် အစွမ်းကုန်ဆောင်ရွက်ဖို့ ဆုံးဖြတ်ထားပါတယ်။

**ဒေါက်တာစန်းဝင်း(ဝဏ္ဏကျော်ထင်ဘွဲ့)**
**ရှေးဟောင်းသုတေသန အမျိုးသား**
**ပြတိုက်နှင့် စာကြည့်တိုက်ဦးစီးဌာန**
**ညွှန်ကြားရေးမှူးချုပ်(ငြိမ်း)**

အခုလို နိုင်ငံတော်က (၁၀၂) နှစ်မြောက် အမျိုးသားအောင်ပွဲနေ့မှာ အမိန့်ကြော်ညာစာအမှတ် (၂၁၁) နဲ့ ဝဏ္ဏကျော်ထင်ဘွဲ့ ချီးမြှင့်ခံရတဲ့အတွက် ကျေးဇူးအထူးတင်ပါတယ်။ အခုလို မမျှော်မှန်းထားဘဲ ဘွဲ့တံဆိပ်ရရှိမှုအပေါ် အတိုင်းမသိ ဝမ်းမြောက်ဂုဏ်ယူဖြစ်ရပါတယ်။ မန္တလေးယဉ်ကျေးမှုတက္ကသိုလ်ပါမောက္ခချုပ်၊ နေပြည်တော်မှာလည်း ရှေးဟောင်းသုတေသန အမျိုးသားပြတိုက်နဲ့ စာကြည့်တိုက်ဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်အဖြစ် ဆောင်ရွက်ခဲ့ပြီး ၂၀၁၀ ပြည့်နှစ်မှာ အငြိမ်းစားယူပါတယ်။ အဲဒီနောက်ပိုင်း မြန်မာနိုင်ငံမှာ ပထမဆုံး ကမ္ဘာ့ယဉ်ကျေးမှု အမွေအနှစ်အဖြစ် ဗိဿနိုး၊ ဟန်လင်း၊ သရေခေတ္တရာ ပျူမြို့ဟောင်းသုံးမြို့ကို ကမ္ဘာ့အမွေအနှစ်အဖြစ် စာရင်းတင်သွင်းနိုင်ရေးကို ကြိုးစားတဲ့အခါ ဦးဆောင်ကော်မတီဝင်နဲ့ ပညာရှင်များအဖွဲ့မှာ ပါဝင်ခဲ့ပါတယ်။ ဒါ့အပြင် ယူနက်စကိုကို ပျူသုံးမြို့ ကမ္ဘာ့အမွေအနှစ်ဖြစ်ဖို့အတွက် အဆိုပြုတင်သွင်းတဲ့ အသင်းရဲ့ ဥက္ကဋ္ဌအဖြစ်လည်း ပါဝင်ဆောင်ရွက်ခဲ့ပါတယ်။ ၂၀၁၃ ခုနှစ်မှာ ပျူမြို့ဟောင်းသုံးမြို့ကို ကမ္ဘာ့အမွေအနှစ်အဖြစ် ပထမဆုံး သတ်မှတ်ခံခဲ့ရပါတယ်။ ပုဂံယဉ်ကျေးမှုအမွေအနှစ်ဒေသကို ကမ္ဘာ့ယဉ်ကျေးမှုအမွေအနှစ်စာရင်း တင်သွင်းဖို့အတွက် ၂၀၁၅ ခုနှစ်ကနေ ၂၀၁၉ ခုနှစ်အထိ ဆက်လက်ဆောင်ရွက်ခဲ့တယ်။ ၂၀၁၇ ခုနှစ်မှာလည်း ပြန်ကြားရေးဝန်ကြီးဌာနနဲ့ ထွန်းဖောင်ဒေးရှင်းတို့ ပူးပေါင်းဆောင်ရွက်တဲ့ မြန်မာ့စွယ်စုံကျမ်း(၁၅)တွဲကို အချက်အလက်တွေ ထပ်မံဖြည့်ဆည်းပြီး အသစ်ပြန်လည် ပုံနှိပ်ထုတ်ဝေနိုင်အောင် ဆောင်ရွက်ခဲ့တယ်။ အထွေထွေအတွင်းရေးမှူးအဖြစ် လေးနှစ်ဆောင်ရွက်ခဲ့တာပါ။ NGO အသင်းတစ်ခုဖြစ်တဲ့ မြန်မာနိုင်ငံနယ်စပ်ဒေသ ဖွံ့ဖြိုးရေးအသင်းမှာလည်း ဒုတိယဥက္ကဋ္ဌ(၁)အဖြစ် မိမိသိထားတဲ့ အသိပညာတွေကို မျှဝေအကျိုးပြုနေပါတယ်။

၁၉၄၈ ခုနှစ် လွတ်လပ်ရေးရတဲ့ကာလကနေ ၁၉၆၂ ခုနှစ် မြန်မာ့ဆိုရှယ်လစ် လမ်းစဉ်ပါတီခေတ်၊ ၁၉၈၈ ခုနှစ် နိုင်ငံတော်ငြိမ်ဝပ်ပိပြားမှု တည်ဆောက်ရေးအဖွဲ့ကာလ၊ ၁၉၉၇ ခုနှစ် နိုင်ငံတော်အေးချမ်းသာယာရေးနဲ့ ဖွံ့ဖြိုးရေးကောင်စီ ကာလအဆက်ဆက်မှာ ဆောင်ရွက်ခဲ့ကြတဲ့ လူကြီးတွေကို စွမ်းဆောင်ရည်ဘွဲ့တွေဖြစ်တဲ့ သင်္ဂဟဘွဲ့နဲ့ ဂုဏ်ထူးဆောင်ဘွဲ့တွေ ချီးမြှင့်ပြီးတော့ အချို့ဆိုရင် မရှိကြတော့ပေမယ့် ဘွဲ့များကိုချီးမြှင့်တာဟာ အထူးလေးစားဂုဏ်ယူစရာပါ။ နိုင်ငံတော်အနေနဲ့ အစဉ်အဆက် နိုင်ငံတော်ကြီးကို စုစည်းပျိုးထောင်ခဲ့တဲ့၊ ယနေ့အထိ မြန်မာရယ်လို့ အာရှမှာ၊ ကမ္ဘာမှာ ခိုင်ခိုင်မာမာ ရပ်တည်နိုင်အောင် ဝိုင်းဝန်းကြိုးစားခဲ့တဲ့ လူကြီးတွေရဲ့ ကျေးဇူးနဲ့ ဂုဏ်ရည်ကို မမေ့ဘူး။ မမေ့တဲ့အတွက် အသိအမှတ်ပြုတယ်လို့ သဘောသက်ဝင်ပါတယ်။ ဒါကြောင့် ဘွဲ့ထူး၊ ဂုဏ်ထူးများချီးမြှင့်အပ်နှင်းတာဟာ ကာယကံရှင်တွေအတွက် ဂုဏ်ယူစရာ၊ မိသားစုတွေလည်း ဂုဏ်ယူစရာဖြစ်တာကြောင့် နိုင်ငံ့ဝန်ထမ်းများအနေနဲ့ အတုယူပြီး နိုင်ငံတော်အတွက် တစ်ဖက်တစ်လမ်းကနေ ကြိုးစားပေးနိုင်ကြမယ်လို့ မျှော်လင့်ပါတယ်။ အခုလိုရရှိခဲ့တဲ့ ဘွဲ့ထူး၊ ဂုဏ်ထူးဟာ ပထမဆုံးဖြစ်တဲ့အတွက် ကျွန်တော့်အနေနဲ့ လှိုက်လှိုက်လှဲလှဲကို ဂုဏ်ယူပါတယ်။

**ဦးအောင်ခိုင်(သရုပ်ဆောင်)**
**အနုပညာထူးချွန် ဒုတိယဆင့်**

ကိုယ်တတ်ကျွမ်းတဲ့ အနုပညာနဲ့ ကျေးဇူးရှင်ဆရာသမားတွေရဲ့ ကူညီပံ့ပိုးမှုကြောင့် ဒီနေ့ထိအောင် ဒီလောကမှာ ရပ်တည်နေနိုင်ခဲ့တယ်။ ဒါကို အသိအမှတ်ပြုပေးခဲ့တဲ့ နိုင်ငံတော်တာဝန်ရှိတဲ့ လူကြီးတွေကိုလည်း တကယ်ပဲ ကျေးဇူးတင်ပါတယ်။ ဦးအောင်ခိုင်တို့ ဘယ်လိုမှ မမျှော်လင့်တဲ့ မျှော်လင့်မထားတဲ့ဆု ဒုတိယဆင့်နဲ့ တတိယဆင့်ကို ဦးအောင်ခိုင်တို့ ဇနီးမောင်နှံ နှစ်ယောက်လုံးကို တစ်နှစ်တည်းမှာ တစ်ပြိုင်တည်း ချီးမြှင့်ခံရတဲ့အတွက် တကယ့်ကို ပီတိဖြစ်ပါတယ်။ ဘယ်လိုပြောရမလဲဆိုတော့ ကြားကြားချင်းတော့ မယုံပါဘူး။ ဘာလို့ဆိုတော့ ဦးအောင်ခိုင်တို့သည် ဇာတ်ပို့၊ ဇာတ်ရန်အလွှာမှာ supporting character နဲ့ အလုပ်လုပ်နေရတဲ့သူတွေဖြစ်တယ်။ အန်တီဝါလည်း အတူတူပဲ။ အသံကြားတဲ့အချိန်မှာတော့ မယုံသေးပါဘူး။ ဒါပေမယ့် နောက်ပိုင်းကျတော့ သတင်းတွေထဲမှာပါလာတဲ့အခါ ဘယ်လိုပြောရမှန်းတောင် မသိပါဘူး။ ဒါကတော့ ခံစားဖူးတဲ့သူတိုင်း သိကြပါလိမ့်မယ်။ အဲဒီပီတိကိုတော့ ဘယ်လိုထုတ်ပြောရမှန်းကို မသိအောင် တကယ်ကို ကြည်နူးဝမ်းသာရပါတယ်။

## ဝေါမြို့နယ်၌ အသက်မွေးဝမ်းကျောင်း အထောက်အကူပြု ဆိုင်ကယ်ပြုပြင်နည်း(အခမဲ့) သင်တန်းဆင်းပွဲကျင်းပ

ဝေါ နိုဝင်ဘာ ၃၀

ပဲခူးတိုင်းဒေသကြီး ဝေါမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ကျေးလက်နေပြည်သူများ အသက်မွေးဝမ်းကျောင်းအထောက်အကူပြုစေရန်နှင့် အလုပ်အကိုင်အခွင့်အလမ်းများ ရရှိစေရန် ရည်ရွယ်၍ ဖွင့်လှစ်သင်ကြားပေးခဲ့သည့် ဆိုင်ကယ်ပြုပြင်နည်း သင်တန်းဆင်းပွဲကို နိုဝင်ဘာ ၂၉ ရက်က အဗျားအလယ်စု ကျေးရွာအုပ်စု အထက်စုကျေးရွာ၌ ကျင်းပသည်။

ရှေးဦးစွာ မြို့နယ်ကျေးလက်ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ဦးစီးမှူး ဒေါ်ငြိမ်းငြိမ်းအိက သင်တန်းဆင်းအမှာစကားပြောကြားရာတွင် သင်တန်းသားများအနေဖြင့် ယခုသင်ကြားပေးလိုက်သည့် ဆိုင်ကယ်ပြုပြင်နည်း အတတ်ပညာများကို စဉ်ဆက်မပြတ် ဆက်လက်လေ့လာပြီး လက်တွေ့နယ်ပယ်တွင် အကျိုးရှိရှိအသုံးချကာ မိသားစုဝင်ငွေတိုးပွားရေးလုပ်ငန်းများတွင် တစ်ဖတ်တစ်လမ်းက ဆောင်ရွက်ကြစေလိုကြောင်း ပြောကြားသည်။

အဆိုပါ ဆိုင်ကယ်ပြုပြင်နည်းသင်တန်းတွင် အထက်စုကျေးရွာနှင့် အောက်စုကျေးရွာမှ သင်တန်းသား ၁၂ ဦးအား စာတွေ့၊ လက်တွေ့ဘာသာရပ်များဖြင့် နိုဝင်ဘာ ၁၈ ရက်မှ ၂၉ ရက်အထိ အခမဲ့သင်ကြားပေးခဲ့ကြောင်း သိရသည်။

မြို့နယ်(ပြန်/ဆက်)

# မသန်စွမ်းသူများ၏ အနာဂတ်ဘဝသာယာလှပဖို့ လက်တွဲကူညီဖေးမကြပါစို့

မယ်ထွေးလေး

လူသားတို့သည် မိမိတို့၏ ကာယ၊ ဉာဏ စွမ်းအားများပေါ်မူတည်၍ စားဝတ်နေရေးအတွက် နေ့စဉ် ရုန်းကန်လှုပ်ရှားကြရသည်။ ထိုသို့ ရုန်းကန်ကြရာတွင် ပစ္စည်းဥစ္စာပြည့်စုံ၍ စားဝတ်နေရေးတွင် မည်မျှပင် အဆင့်အတန်းမီမီ ကောင်းမွန်ပြည့်စုံစွာ နေထိုင်နိုင်သော်ငြားလည်း ကိုယ်အင်္ဂါအစိတ်အပိုင်း တစ်စုံတစ်ရာ ချို့ယွင်းနေပါက အများနည်းတူ မစွမ်းဆောင်နိုင်တော့သဖြင့် ပင်ကိုစွမ်းဆောင်နိုင်သည့် အင်အားများ ယုတ်လျော့အားနည်းသည့် အခြေအနေနှင့် ကြုံတွေ့ရမည် ဖြစ်ပါသည်။ ထိုအချိန်တွင် မိသားစု ပတ်ဝန်းကျင်အသိုင်းအဝိုင်း၏ ဖေးမကူညီမှုဖြင့် မသန်စွမ်းသူများ၏ စွမ်းဆောင်ရည်ကို ပြန်လည်မြှင့်တင်လာနိုင်ပေသည်။ နိုင်ငံတကာတွင် မသန်စွမ်းသူများကို ကိုယ်အင်္ဂါမသန်စွမ်းသူ၊ အမြင်အာရုံချို့တဲ့ မျက်စိမမြင်သူ၊ နားမကြားသူ၊ ဉာဏ်ရည်မမီသူများဟု သတ်မှတ်ထားပါသည်။ တစ်နည်းဆိုသော် ကာယသုခချို့ယွင်းနေသူများဟု ဆိုလိုခြင်းဖြစ်သည်။ ထိုသူများသည် မိသားစုနှင့် လူ့အသိုင်းအဝိုင်းက ဖေးမကူညီမှုမရှိဘဲ ပစ်ပယ်ထားပါက သိမ်ငယ်စိတ်၊ အားငယ်စိတ်များ ဝင်လာကာ မိမိကိုယ်ကိုယ် အသုံးမဝင်၊ အရာမရောက်သူ လူပိုတစ်ယောက်ဟုမှတ်ယူပြီး စိတ်ဓာတ်များကျဆင်း၍ စိတ္တသုခလူမှုရေးသုခများပါ ဆုံးရှုံးလာနိုင်ပေသည်။

**ကိုယ်ချင်းစာတရားဖြင့်ကူညီစောင့်ရှောက်**

မသန်စွမ်းသူများတွင် မွေးရာပါမသန်စွမ်းနှင့် မွေးဖွားစဉ်ကောင်းမွန်သော်လည်း အကြောင်းတစ်စုံတစ်ရာကြောင့် မသန်စွမ်းဖြစ်ရသူဟူ၍ နှစ်မျိုးရှိသည်။ မွေးရာပါမသန်စွမ်းဖြစ်ရခြင်းမှာ မိခင်ဖြစ်သူ၏ ကျန်းမာရေးအသိအားနည်းမှု၊ အာဟာရချို့တဲ့မှုတို့ကြောင့်ဖြစ်နိုင်ပြီး မွေးဖွားပြီး မသန်စွမ်းဖြစ်ရခြင်းမှာ မတော်တဆထိခိုက်ဒဏ်ရာရခြင်း၊ သဘာဝဘေးအန္တရာယ်၊ စစ်မက်ရေးရာတစ်ခုခုနှင့် ရင်ဆိုင်ကြုံတွေ့ရခြင်းတို့ကြောင့်လည်း ဖြစ်နိုင်သည်။ မည်သို့ပင်ဖြစ်စေ မသန်စွမ်းသူတို့၏ဘဝသည် ရုပ်နှင့်စိတ် တစ်ထပ်တည်းမကျနိုင်သည့်ဘဝမျိုး ဖြစ်သဖြင့် လူသားအချင်းချင်း ဖြူစင်မေတ္တာထား၍ ကိုယ်ချင်းစာတရားများဖြင့် အားပေးကူညီစောင့်ရှောက်ကြရမည်ဖြစ်သည်။

ယနေ့ကမ္ဘာတွင် လူဦးရေ သန်း ၈၀၀၀ ကျော် ရှိသည့်အနက် မသန်စွမ်းသူဦးရေမှာ သန်း ၁၀၀၀ ကျော်ရှိကြောင်း ကမ္ဘာ့ကျန်းမာရေးအဖွဲ့ကြီးနှင့် ကမ္ဘာ့ဘဏ်တို့မှ ပူးပေါင်းထုတ်ပြန်သည့် မသန်စွမ်းမှုဆိုင်ရာ ကမ္ဘာ့အစီရင်ခံစာအရသိရသည်။ မြန်မာနိုင်ငံတွင် ၂၀၁၄ ခုနှစ် လူဦးရေနှင့် အိမ်အကြောင်းအရာ သန်းခေါင်စာရင်းအရ ၂ ဒသမ ၃ သန်းကျော်မှာ မသန်စွမ်းသူများဖြစ်သဖြင့် နိုင်ငံ့လူဦးရေ၏ ၄ ဒသမ ၆ ရာခိုင်နှုန်းသည် မသန်စွမ်းသူများဖြစ်သည်ကို တွေ့ရပါသည်။ ထိုပမာဏကိုကြည့်ခြင်းဖြင့် ကမ္ဘာတစ်ဝန်းရှိ မသန်စွမ်းသူများ၏ အရေးကို ပေါ့ပေါ့တန်တန် သဘောမထားဘဲ ဤမျှများပြားလာသည့် မသန်စွမ်းသူများကို ကူညီဖေးမစောင့်ရှောက်ရန်မှာ လူသားအားလုံး၏ အဓိကကျသော တာဝန်တစ်ရပ်ဖြစ်လာသည်။

**မသန်စွမ်းသူများ၏ စွမ်းဆောင်မှုများ**

ကမ္ဘာပေါ်တွင် မသန်စွမ်းသူများအရေးကို ကြိုးစားဆောင်ရွက်နေသလို လူမှုရေးနယ်ပယ်စုံတွင်လည်း အထူးနေရာပေးလာသည်ကို တွေ့မြင်နေရပေသည်။ မသန်စွမ်းသူများ၏ စွမ်းဆောင်မှုများကို ကမ္ဘာအရပ်ရပ်က စံနမူနာထားကာ ဖော်ထုတ်လျက်ရှိသည်။ ကမ္ဘာကျော်စာရေးဆရာကြီး "ဟယ်လင်ကဲလား"သည် မျက်မမြင် နားမကြားသူတစ်ဦးဖြစ်၍ သိပ္ပံနယ်ပယ်တွင် ထင်ရှားသော "စတီဖင်ဟော့ကင်း" ဆိုသူမှာ ကိုယ်တစ်ပိုင်းသေနေသူ မသန်စွမ်းတစ်ယောက်ဖြစ်သည်။ ထိုသူများ၏ စွမ်းဆောင်ချက်များကို တစ်ကမ္ဘာလုံးက အံ့မခန်းလေးစား စံထားခဲ့ကြရသည်။ ထိုသို့ မသန်စွမ်းသူများကို စွမ်းသန်လာအောင် ကူညီစောင့်ရှောက်ရာတွင် ကုလသမဂ္ဂ ဖွံ့ဖြိုးမှုအစီအစဉ် (UNDP) သည် အဓိကကျသော အခန်းကဏ္ဍမှ ပါဝင်လျက်ရှိသည်။ ကုလသမဂ္ဂ အထွေထွေညီလာခံကြီးက ကုလသမဂ္ဂမသန်စွမ်းသူများဆိုင်ရာ ကမ္ဘာ့လုပ်ငန်းစဉ်တွင် မသန်စွမ်းသူများအား ကြိုတင်ကာကွယ်ခြင်း၊ ပြန်လည်ထူထောင်ခြင်း၊ အပြည့်အဝပါဝင်ခွင့်နှင့် တန်းတူရပိုင်ခွင့်တို့ကို တိုးမြှင့်နိုင်ရန်အတွက် ကမ္ဘာ့ပထမဆုံးသော မသန်စွမ်းရပိုင်ခွင့်ကို အခြေခံသည့် ကမ္ဘာလုံးဆိုင်ရာ နည်းဗျူဟာကို ချမှတ်ခဲ့ပါသည်။ ထိုနေ့ကိုအထူးပြုကာ ၁၉၉၂ ခုနှစ် အောက်တိုဘာလ ၁၄ ရက်နေ့တွင် ကျင်းပသော (၄၇) ကြိမ်မြောက် ကုလသမဂ္ဂ အထွေထွေညီလာခံကြီး၏ ဆုံးဖြတ်ချက်အရ နှစ်စဉ် ဒီဇင်ဘာလ ၃ ရက်နေ့ကို "အပြည်ပြည်ဆိုင်ရာ မသန်စွမ်းသူများနေ့" အဖြစ် အတည်ပြုသတ်မှတ်ခဲ့ပါသည်။ ကမ္ဘာတစ်ဝန်းတွင် အပြည်ပြည်ဆိုင်ရာ မသန်စွမ်းသူများနေ့ အခမ်းအနားကို ၁၉၉၂ ခုနှစ်မှ စတင်ကျင်းပခဲ့ပြီး မြန်မာနိုင်ငံတွင် ၁၉၉၄ ခုနှစ်မှ စတင်၍ ကျင်းပခဲ့သည်။ မြန်မာ့လူ့ဘောင်အဖွဲ့အစည်းအတွင်းရှိ မသန်စွမ်းသူများ၏ ဘဝအရည်အသွေး ပိုမိုဖွံ့ဖြိုးလာစေရေး၊ သန်စွမ်းသူများနည်းတူ တန်းတူညီမျှအခွင့်အရေးရရှိရန် ကြိုးပမ်းဖော်ဆောင်ရေး၊ မသန်စွမ်းသူများ၏ ဂုဏ်သိက္ခာနှင့် စွမ်းဆောင်ရည်တို့ကို အလေးဂရုပြုကြစေရေးကို ရည်ရွယ်၍ မသန်စွမ်းသူများနေ့ အခမ်းအနားကို နှစ်စဉ်နှစ်တိုင်း ကျင်းပခဲ့ခြင်းဖြစ်သည်။

ယခင်က မသန်စွမ်းသူများနှင့် ပတ်သက်၍ မိသားစုအသိုင်းအဝိုင်းကြား လူမှုရေးနယ်ပယ်စုံတွင် ဝဋ်နာကံနာရှိသူများ၊ ကံအကြောင်းမလှသူများ၊ လူ့အဖွဲ့အစည်းအတွက် ဝန်ထုပ်ဝန်ပိုးဖြစ်နေသူများအဖြစ် မှတ်ယူခဲ့ကြသည်။ ယနေ့ခေတ်တွင်မူ နည်းပညာ ထွန်းကားတိုးတက်လာမှုနှင့်အတူ မသန်စွမ်းသူများအပေါ် ထားရှိသည့် သဘောထားအမြင်များမှာ များစွာပြောင်းလဲလာပြီဖြစ်သည်။

မသန်စွမ်းသူများကိုယ်တိုင် အခွင့်အရေးများ ရရှိခံစားရေး၊ မွေးရာပါဂုဏ်သိက္ခာများအား လေးစားတန်ဖိုးထားခံရရေးနှင့် မသန်စွမ်းသူတို့၏ ဖွံ့ဖြိုးတိုးတက်မှုများတွင် အခက်အခဲအတားအဆီးများရှိနေကြောင်းကို အသိအမှတ်ပြုကာ ခွဲခြားဆက်ဆံခံရမှုများပပျောက်၍ တန်းတူညီမျှ အခွင့်အရေးရရှိစေရေးတို့အတွက် ကုလသမဂ္ဂ အပါအဝင် ကမ္ဘာ့နိုင်ငံများက ကြိုးပမ်းအကောင်အထည်ဖော်လာပြီဖြစ်သည်။ မသန်စွမ်းသူများအပေါ်ထားရှိသည့် စိတ်သဘောထားများနှင့် ဖြေရှင်းမှုပုံစံများကို ပြုပြင်ပြောင်းလဲနိုင်ရန် ရည်ရွယ်ပြီး မသန်စွမ်းသူများ၏ အခွင့်အရေး သဘောတူစာချုပ်ကို ၂၀၀၆ ခုနှစ်၊ ဒီဇင်ဘာလ ၁၃ ရက်နေ့တွင် ကမ္ဘာ့နိုင်ငံအသီးသီးက သဘောတူလက်မှတ်ရေးထိုးကာ ထုတ်ပြန်ခဲ့သည်။ ယင်းစာချုပ်အပိုဒ် (၁) တွင် မသန်စွမ်းသူဆိုသည်မှာ ပတ်ဝန်းကျင်ရှိအတားအဆီးများကြောင့် လူ့အဖွဲ့အစည်းအတွင်း အများနည်းတူ အပြည့်အဝ ထိရောက်စွာ ပါဝင်ဆောင်ရွက်မှုမပြုနိုင်သော ကိုယ်ခန္ဓာပိုင်း၊ စိတ်ပိုင်း၊ ဉာဏ်ရည်ပိုင်း သို့မဟုတ် အာရုံခံစားမှုပိုင်းဆိုင်ရာ ရေရှည်ချို့ယွင်းချက်ရှိသူများကို ဆိုလိုခြင်းဖြစ်သည်ဟု ဖော်ပြထားပါသည်။

> ❖ **ယနေ့ကမ္ဘာတွင် လူဦးရေ သန်း ၈၀၀၀ ကျော် ရှိသည့်အနက် မသန်စွမ်းသူဦးရေမှာ သန်း ၁၀၀၀ ကျော်ရှိကြောင်း ကမ္ဘာ့ကျန်းမာရေးအဖွဲ့ကြီးနှင့် ကမ္ဘာ့ဘဏ်တို့မှ ပူးပေါင်းထုတ်ပြန်သည့် မသန်စွမ်းမှုဆိုင်ရာ ကမ္ဘာ့အစီရင်ခံစာအရ သိရ**
>
> ❖ **မြန်မာနိုင်ငံတွင် ၂၀၁၄ ခုနှစ် လူဦးရေနှင့် အိမ်အကြောင်းအရာ သန်းခေါင်စာရင်းအရ ၂ ဒသမ ၃ သန်းကျော်မှာ မသန်စွမ်းသူများဖြစ်သဖြင့် နိုင်ငံ့လူဦးရေ၏ ၄ ဒသမ ၆ ရာခိုင်နှုန်းသည် မသန်စွမ်းသူများဖြစ်သည်ကို တွေ့ရ**
>
> ❖ **ထိုပမာဏကိုကြည့်ခြင်းဖြင့် ကမ္ဘာတစ်ဝန်းရှိ မသန်စွမ်းသူများ၏အရေးကို ပေါ့ပေါ့တန်တန် သဘောမထားဘဲ ဤမျှများပြားလာသည့် မသန်စွမ်းသူများကို ကူညီဖေးမစောင့်ရှောက်ရန်မှာ လူသားအားလုံး၏ အဓိကကျသော တာဝန်တစ်ရပ်ဖြစ်လာ**

**အဖွဲ့ဝင်နိုင်ငံအဖြစ် ပါဝင်လက်မှတ်ရေးထိုး**

မြန်မာနိုင်ငံသည် မသန်စွမ်းသူများ၏ အခွင့်အရေးများဆိုင်ရာ ကုလသမဂ္ဂကွန်ဗင်းရှင်းတွင် အဖွဲ့ဝင်နိုင်ငံအဖြစ် ၂၀၁၁ ခုနှစ် ဒီဇင်ဘာလ ၇ ရက်နေ့တွင် လက်မှတ်ရေးထိုးပါဝင်ခဲ့ပါသည်။ မသန်စွမ်းသူများကို ထိရောက်စွာ ကူညီဆောင်ရွက်ပေးနိုင်ရေးအတွက် "မသန်စွမ်းသူများ၏ အခွင့်အရေး ဥပဒေ" ကို ၂၀၁၅ ခုနှစ်၊ ဇွန်လ ၅ ရက်နေ့တွင် ပြဋ္ဌာန်း၍ ၂၀၁၇ ခုနှစ်၊ ဒီဇင်ဘာလ ၂၇ ရက်နေ့တွင် နည်းဥပဒေများကို ထုတ်ပြန်ခဲ့ပါသည်။ ၂၀၀၈ ခုနှစ် ပြည်ထောင်စုသမ္မတနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၃၂ (က) တွင်လည်း နိုင်ငံတော်သည် မိခင်နှင့် ကလေးသူငယ်များ၊ မိဘမဲ့ကလေးများ၊ ကျဆုံးသော တပ်မတော်သားများ၏ ကလေးများ၊ အိုမင်းမစွမ်းသူများ၊ မသန်စွမ်းသူများအား ကြည့်ရှုစောင့်ရှောက်ရမည်ဟု ပြဋ္ဌာန်းထားပါသည်။ ယင်းပြဋ္ဌာန်းချက်၏ အနှစ်သာရကို လူမှုဝန်ထမ်းဦးစီးဌာနက အကောင်အထည်ဖော်ဆောင်ရွက်ပေးနေသကဲ့သို့ လူမှုရေးအသင်းအဖွဲ့များကလည်း တတ်စွမ်းသမျှ ပူးပေါင်းဆောင်ရွက်နေသည်ကို မြင်တွေ့ကြရမည်ဖြစ်သည်။ ထို့ပြင် မသန်စွမ်းသူများ၏ အခွင့်အရေးများဆိုင်ရာ နိုင်ငံတော်အဆင့် အမျိုးသားကော်မတီကို ၂၀၁၇ ခုနှစ်၊ စက်တင်ဘာလ ၁၄ ရက်နေ့တွင် ဖွဲ့စည်းခဲ့ပါသည်။ ယခုအခါ အမျိုးသားကော်မတီ၏ လမ်းညွှန်မှုဖြင့် မြန်မာနိုင်ငံ၏ ရေရှည်တည်တံ့ခိုင်မြဲပြီး ဟန်ချက်ညီသော ဖွံ့ဖြိုးတိုးတက်မှုစီမံချက်၊ အာဆီယံမဟာဗျူဟာလုပ်ငန်းအစီအစဉ် (၂၀၂၅) နှင့်အညီ မသန်စွမ်းသူများ၏ အခွင့်အရေးဆိုင်ရာ မဟာဗျူဟာ ငါးနှစ်စီမံကိန်း (၂၀၂၂ - ၂၀၂၇)ကို အတည်ပြုပြဋ္ဌာန်းခဲ့ပြီးဖြစ်သည်။

**သင်တန်းများအခမဲ့သင်ကြားပေး**

မြန်မာနိုင်ငံအနေဖြင့် မသန်စွမ်းသူများ၏ အခွင့်အရေးများကို ထိရောက်စွာ အကောင်အထည်ဖော်ဆောင်ရွက်နိုင်ရေးအတွက် ကျန်းမာရေး၊ ပညာရေး၊ အလုပ်အကိုင်၊ သဘာဝဘေးနှင့် အခြားအရေးပေါ် အခြေအနေများ၊ မသန်စွမ်းအမျိုးသမီးများနှင့် ကလေးသူငယ်များ၊ သတင်းအချက်အလက် နည်းပညာနှင့် လွယ်ကူစွာ သွားလာနေထိုင်အသုံးပြုနိုင်ရေး၊ တရားမျှတမှုရပိုင်ခွင့်၊ သုတေသနနှင့် စောင့်ကြည့်အကဲဖြတ်ရေးဆပ်ကော်မတီ (၉) ခုကိုလည်း ဖွဲ့စည်းထားခဲ့ပါသည်။ မသန်စွမ်းသူများ၏ အခြေခံအခွင့်အရေးများရရှိရေးနှင့် မသန်စွမ်းသူတို့ဘဝ ဖွံ့ဖြိုးတိုးတက်စေရေးအတွက် မသန်စွမ်းသူများ ပြုစုစောင့်ရှောက်ရေး လုပ်ငန်းများကိုလည်း ဆောင်ရွက်လျက်ရှိပါသည်။ ကိုယ်အင်္ဂါမသန်စွမ်းသူ၊ အကြားအာရုံမသန်စွမ်းသူ၊ ဉာဏ်ရည်မသန်စွမ်းသူ၊ အမြင်မသန်စွမ်းသူများဟူ၍ မသန်စွမ်းအဆင့်အလိုက် သင်တန်းကျောင်း အခြေပြုစောင့်ရှောက်ခြင်းလုပ်ငန်းများကို ဆောင်ရွက်ထားရှိခဲ့ပါသည်။ လူမှုဝန်ထမ်းဦးစီးဌာနက ဦးစီး၍ မသန်စွမ်းသူများ ဂုဏ်သိက္ခာရှိစွာနှင့် အမှီအခိုကင်းစွာ ဘဝရပ်တည်နိုင်ရေး၊ အသက်မွေးဝမ်းကျောင်းပညာရရှိရေး၊ အလုပ်အကိုင်အခွင့်အလမ်းနှင့် ကိုယ်ပိုင်ဝင်ငွေရရှိရေးအတွက် အကြောပြင်အနှိပ်သင်တန်း၊ ဗေဒင်သင်တန်း၊ ကြိမ်ထိုးသင်တန်း၊ ဖာထိုး၊ ပန်းထိုး၊ ကွန်ပျူတာ၊ ပန်းအလှပြင်၊ စက်ချုပ်သင်တန်း၊ ဓာတ်ပုံ၊ ဆံသ၊ တံဆိပ်ရိုက်၊ စက်ချုပ်၊ အီလက်ထရွန်နစ် သင်တန်းများကိုလည်း အခမဲ့သင်ကြားပေးလျက်ရှိသည်ကို တွေ့ရသည်။

ထို့ပြင် မသန်စွမ်းကလေးများ ပြုစုစောင့်ရှောက်ရေးဂေဟာ(ရန်ကုန်)၊ မသန်စွမ်းသက်ငယ်သင်တန်းကျောင်း(ရန်ကုန်)၊ မသန်စွမ်းသက်ငယ်သင်တန်းကျောင်း(မန္တလေး)၊ ကြည့်မြင်တိုင်မျက်မမြင်ကျောင်း (ရန်ကုန်)၊ စစ်ကိုင်းမျက်မမြင်ကျောင်း (စစ်ကိုင်း)၊ နားမကြားကလေးများကျောင်း (ရန်ကုန်)၊ နားမကြားကလေးများကျောင်း (မန္တလေး)၊ မသန်စွမ်းသက်ကြီးသင်တန်းကျောင်း (ရန်ကုန်) ဟူ၍ သင်တန်းကျောင်း ရှစ်ကျောင်းကို ဖွင့်လှစ်ထားပြီးဖြစ်သည်။

ကိုယ်အင်္ဂါအစိတ်အပိုင်းတစ်ခုခု ဆုံးရှုံးသော်လည်း စွမ်းအင်မဆုံးရှုံးကြောင်းကို လက်တွေ့ပြနိုင်ရန်အတွက် မသန်စွမ်းသူများ အားကစားအဖွဲ့ချုပ်ကို ဖွဲ့စည်းထားပြီး နိုင်ငံ့ဂုဏ်ဆောင်ထူးချွန်သော မသန်စွမ်းအားကစားသမားများကို မွေးထုတ်ပေးလျက်ရှိပါသည်။ ၂၀၂၂ ခုနှစ် ဇူလိုင် ၃၀ ရက်မှ ဩဂုတ် ၆ ရက်အထိ အင်ဒိုနီးရှားနိုင်ငံ ဆိုလိုမြို့တွင် ကျင်းပသော (၁၁)ကြိမ်မြောက် အာဆီယံမသန်စွမ်းသူများ အားကစားပြိုင်ပွဲတွင် မြန်မာမသန်စွမ်းအားကစားသမား ၆၉ ဦးက ပြေးခုန်ပစ်၊ ရေကူး၊ မသန်စွမ်းဘောလုံး၊ အလေးမ အားကစားနည်းများတွင် ရွှေတံဆိပ် ၁၄ ခု၊ ငွေတံဆိပ် ၁၂ ခု၊ ကြေးတံဆိပ် ၁၇ ခုဖြင့် စုစုပေါင်းဆုတံဆိပ် ၄၃ ဆုကို ဆွတ်ခူးခဲ့ပြီး မြန်မာမသန်စွမ်းသူတို့၏အစွမ်းကို ကမ္ဘာက သိအောင် ပြသနိုင်ခဲ့သည်။

*စာမျက်နှာ ၁၁ သို့*

# အပြည်ပြည်ဆိုင်ရာ အဂတိလိုက်စားမှုတိုက်ဖျက်ရေးအကယ်ဒမီ၏ (၁၁)ကြိမ်မြောက် အဖွဲ့ဝင်များညီလာခံသို့ မြန်မာနိုင်ငံအဂတိလိုက်စားမှု တိုက်ဖျက်ရေးကော်မရှင်ကိုယ်စား မြန်မာအမြဲတမ်းကိုယ်စားလှယ် သံအမတ်ကြီး ဦးမင်းသိမ်း ဦးဆောင်သော ကိုယ်စားလှယ်အဖွဲ့တက်ရောက်

**နေပြည်တော် နိုဝင်ဘာ ၃၀**

ဩစတြီးယားနိုင်ငံ ဗီယင်နာမြို့တွင် နိုဝင်ဘာ ၂၈ ရက်၌ ကျင်းပသော အပြည်ပြည်ဆိုင်ရာ အဂတိလိုက်စားမှုတိုက်ဖျက်ရေး အကယ်ဒမီ (International Anti–Corruption Academy–IACA) ၏ (၁၁) ကြိမ်မြောက် အဖွဲ့ဝင်များညီလာခံသို့ မြန်မာနိုင်ငံ အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင် ကိုယ်စား ဗီယင်နာမြို့အခြေစိုက် ကုလသမဂ္ဂနှင့် နိုင်ငံတကာ အဖွဲ့အစည်းများဆိုင်ရာ မြန်မာအမြဲတမ်းကိုယ်စားလှယ် သံအမတ်ကြီး ဦးမင်းသိမ်း ဦးဆောင်သော မြန်မာကိုယ်စားလှယ်အဖွဲ့ တက်ရောက်သည်။ **(ယာပုံ)**

ညီလာခံတွင် မြန်မာအမြဲတမ်းကိုယ်စားလှယ်က ဆွေးနွေးပြောကြားရာ၌ မြန်မာနိုင်ငံသည် ကုလသမဂ္ဂအဂတိလိုက်စားမှုတိုက်ဖျက်ရေး ကွန်ဗင်းရှင်း (UNCAC) သို့ ၂၀၁၂ ခုနှစ်တွင် ဝင်ရောက်ခဲ့ပြီး ၂၀၁၃ ခုနှစ်တွင် ပြဋ္ဌာန်းခဲ့သော အဂတိလိုက်စားမှု တိုက်ဖျက်ရေးဥပဒေနှင့်အညီ အဂတိလိုက်စားမှုတိုက်ဖျက်ရေးလုပ်ငန်းများကို ဆောင်ရွက်လျက်ရှိပါကြောင်း၊ မြန်မာနိုင်ငံ၏ အဂတိလိုက်စားမှုတိုက်ဖျက်ရေး အစီအစဉ်များတွင် ပြည်သူများ၏ အသိဉာဏ်နှင့် စွမ်းဆောင်ရည် တိုးမြှင့်ရေးအတွက် IACA က ပံ့ပိုးဆောင်ရွက်ပေးနိုင်မည်ဟူသော ယုံကြည်ချက်ဖြင့် မြန်မာနိုင်ငံသည် IACA သို့ ၂၀၁၉ ခုနှစ်တွင် အဖွဲ့ဝင်အဖြစ် ဝင်ရောက်ခဲ့ပါကြောင်း၊ မြန်မာနိုင်ငံ အဂတိလိုက်စားမှုတိုက်ဖျက်ရေး ကော်မရှင်သည် အဂတိလိုက်စားမှုတိုက်ဖျက်ရေး မဟာဗျူဟာစီမံချက် (၂၀၂၂–၂၀၂၅) ကို ရေးဆွဲချမှတ်ပြီး နှစ်အလိုက် Action Plan ချမှတ်လျက် နိုင်ငံအတွင်း အဂတိလိုက်စားမှုတားဆီးကာကွယ်ခြင်း၊ အသိပညာပေးခြင်းနှင့် စုံစမ်းစစ်ဆေးခြင်းတို့ကို ဆောင်ရွက်လျက်ရှိပါကြောင်း၊ အဂတိလိုက်စားမှုတိုက်ဖျက်ရေးဆိုင်ရာ အသိပညာပေးရေးအစီအစဉ်များကို နိုင်ငံပိုင်သတင်းစာ၊ ရုပ်မြင်သံကြားနှင့် ဆိုရှယ်မီဒီယာများမှ တစ်ဆင့်လည်းကောင်း၊ နိုင်ငံ့ဝန်ထမ်းတက္ကသိုလ်နှင့် ပြည်ထောင်စုဝန်ကြီးဌာန/ အဖွဲ့အစည်းများက ဖွင့်လှစ်ပို့ချသော သင်တန်းများတွင်လည်းကောင်း၊ ပညာရေးဝန်ကြီးဌာနနှင့် ပူးပေါင်း၍လည်းကောင်း ကြိုးပမ်းဆောင်ရွက်လျက်ရှိပါကြောင်း၊ ပြည်ထောင်စုအဆင့် ဝန်ကြီးဌာန/အဖွဲ့အစည်းများနှင့် တိုင်းဒေသကြီး/ ပြည်နယ်အစိုးရအဖွဲ့ ၁၄ ခုတို့တွင် အဂတိလိုက်စားမှုကာကွယ်ရေးအဖွဲ့များ (CPU) ဖွဲ့စည်းပြီးစီးမှု၊ အများပြည်သူထံမှ တုံ့ပြန်မှုရယူခြင်း အစီအစဉ် (Public Feedback Programme–PFP) ဆောင်ရွက်နေမှုနှင့် ရာထူးကြီးငယ်မရွေး အဂတိလိုက်စားမှုများကို စုံစမ်းဖော်ထုတ်ဆောင်ရွက်လျက်ရှိပါကြောင်း၊ မြန်မာနိုင်ငံအနေဖြင့် UNODC နှင့်လည်းကောင်း၊ ဒေသတွင်း၌ ASEAN–PAC အဖွဲ့ဝင်နိုင်ငံများနှင့်လည်းကောင်း ပူးပေါင်းဆောင်ရွက်လျက်ရှိရာ ဗီယက်နမ်၊ ထိုင်း၊ လာအို၊ တောင်ကိုရီးယား၊ အိန္ဒိယ၊ ကမ္ဘောဒီးယားနိုင်ငံများနှင့် နှစ်နိုင်ငံချင်း MoU များ လက်မှတ်ရေးထိုးထားပါကြောင်း၊ ဒိန်းမတ်နိုင်ငံနှင့်လည်း LOI လက်မှတ်ရေးထိုးထားပါကြောင်း ရှင်းလင်းပြောကြားသည်။




ညီလာခံတွင် အဖွဲ့ဝင်နိုင်ငံအများအပြားမှ ကိုယ်စားလှယ်အဖွဲ့များ တက်ရောက်ခဲ့ကြပြီး IACA ၏ ရုံးလုပ်ငန်းဆိုင်ရာတိုးတက်မှုများ၊ ၂၀၂၁–၂၀၂၄ လုပ်ငန်းစီမံချက် အကောင်အထည်ဖော်ဆောင်ရွက်မှု၊ အဂတိလိုက်စားမှုတားဆီးကာကွယ်ရေးနှင့် တိုက်ဖျက်ရေးဆောင်ရွက်ရာတွင် လက်ရှိအခြေအနေ၊ ပြောင်းလဲလာသော အခြေအနေများနှင့် စိန်ခေါ်မှုများ၊ ၂၀၂၃ ခုနှစ်အတွက် ဘတ်ဂျက်ကိစ္စရပ်များကို ဆွေးနွေးခဲ့ကြပြီး Measurement of Corruption နှင့် General Matters ဆိုင်ရာ Resolution နှစ်ခုကို အတည်ပြုချမှတ်ခဲ့ကြောင်း သိရသည်။ **သတင်းစဉ်**

# (၁၁) ကြိမ်မြောက် မဲခေါင်ဒေသခွဲ နယ်စပ်ဖြတ်ကျော် မီးခိုးမြူငွေ့ညစ်ညမ်းမှုလျှော့ချရေးဆိုင်ရာ ဝန်ကြီးများအဆင့်စည်းဝေး

**နေပြည်တော် နိုဝင်ဘာ ၃၀**

(၁၁) ကြိမ်မြောက် မဲခေါင်ဒေသခွဲ နယ်စပ်ဖြတ်ကျော် မီးခိုးမြူငွေ့ညစ်ညမ်းမှု လျှော့ချရေးဆိုင်ရာ ဝန်ကြီးများအဆင့် အစည်းအဝေးကို ယနေ့တွင် ထိုင်းနိုင်ငံမှ အိမ်ရှင်အဖြစ်လက်ခံ၍ Online စနစ်ဖြင့် ကျင်းပသည်။

အစည်းအဝေးသို့ မဲခေါင်ဒေသခွဲနိုင်ငံများဖြစ်သော ကမ္ဘောဒီးယား၊ လာအို၊ မြန်မာ၊ ထိုင်းနှင့် ဗီယက်နမ်နိုင်ငံတို့မှ ကိုယ်စားလှယ်များ၊ အာဆီယံအတွင်းရေးမှူးချုပ်ရုံးမှ ကိုယ်စားလှယ်များနှင့် အာဆီယံမိုးလေဝသ စောင့်ကြည့်လေ့လာရေးဗဟိုဌာန (ASEAN Specialised Meteorological Centre–ASMC)မှ ကိုယ်စားလှယ်များ တက်ရောက်ကြသည်။

မြန်မာနိုင်ငံမှ သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန ပတ်ဝန်းကျင်ထိန်းသိမ်းရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးဆောင်၍ ဆက်စပ်ဦးစီးဌာနများ ဖြစ်သည့် သစ်တောဦးစီးဌာန၊ စိုက်ပျိုးရေးဦးစီးဌာန၊ မီးသတ်ဦးစီးဌာန၊ မိုးလေဝသနှင့် ဇလဗေဒညွှန်ကြားမှုဦးစီးဌာနနှင့် ဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုဦးစီးဌာနတို့မှ အဆင့်မြင့်အရာထမ်း ကိုယ်စားလှယ်များ တက်ရောက်ကြသည်။ **(အောက်ပုံ)**




အဆိုပါ အစည်းအဝေးကို မဲခေါင်ဒေသတွင် နယ်စပ်ဖြတ်ကျော် မီးခိုးမြူငွေ့ညစ်ညမ်းမှုဆိုင်ရာ အာဆီယံသဘောတူညီချက် (ASEAN Agreement on Transboundary Haze Pollution–AATHP) ကို အကောင်အထည်ဖော် ဆောင်ရွက်ရေးဆိုင်ရာလုပ်ငန်းများကို ဆွေးနွေးညှိနှိုင်းနိုင်ရန်နှင့် နယ်စပ်ဖြတ်ကျော် မီးခိုးမြူငွေ့ညစ်ညမ်းမှု ကြိုတင်ကာကွယ်ရေး လုပ်ငန်းများကို နိုင်ငံအလိုက် အကောင်အထည်ဖော် ဆောင်ရွက်နိုင်ရန် ရည်ရွယ်၍ ကျင်းပခြင်းဖြစ်ပြီး အစည်းအဝေးတွင် ထိုင်းနိုင်ငံ သယံဇာတနှင့် သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းရေးဝန်ကြီးဌာန ဒုတိယအမြဲတမ်းအတွင်းဝန် Mr. Thalearnsak Petchusuwan မှ Chair အဖြစ် ဆောင်ရွက်ကာ သယံဇာတနှင့် သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းရေးဝန်ကြီးမှ Video Message ဖြင့် အဖွင့်အမှာစကား ပြောကြားသည်။

ထို့နောက် အစည်းအဝေး အစီအစဉ်အရ အာဆီယံမိုးလေဝသစောင့်ကြည့်လေ့လာရေး ဗဟိုဌာနမှ ၂၀၂၂ ခုနှစ်တွင် မဲခေါင်ဒေသ မီးလောင်ကျွမ်းမှု (Fire Hotspot) နှင့် မီးခိုးမြူငွေ့ဖြစ်ပေါ်မှု၊ ရာသီဥတု အခြေအနေများ၊ အာဆီယံအတွင်းရေးမှူးချုပ်ရုံးမှ အာဆီယံ နယ်စပ်ဖြတ်ကျော် မီးခိုးမြူငွေ့ညစ်ညမ်းမှု ထိန်းချုပ်ရေးဆိုင်ရာ လမ်းပြမြေပုံအသစ် (၂၀၂၂–၂၀၃၀) ရေးဆွဲမှု၊ အာဆီယံ သစ်ဆွေးမြေ စီမံခန့်ခွဲမှုဆိုင်ရာ မဟာဗျူဟာအသစ် (၂၀၂၂–၂၀၃၀) ရေးဆွဲမှု၊ ယမန်နေ့က ကျင်းပခဲ့သည့် (၁၇) ကြိမ်မြောက် မဲခေါင်ဒေသခွဲ နယ်စပ်ဖြတ်ကျော် မီးခိုးမြူငွေ့ညစ်ညမ်းမှု လျှော့ချရေးဆိုင်ရာ နည်းပညာလုပ်ငန်းအဖွဲ့အစည်းအဝေးတွင် ဆွေးနွေးခဲ့သည့် မဲခေါင်နိုင်ငံများ၏ နယ်စပ်ဖြတ်ကျော် မီးခိုးမြူငွေ့လျှော့ချရေး လုပ်ငန်းဆောင်ရွက်မှုများ၊ ၂၀၁၇ ချင်းရိုင်လုပ်ငန်းစီမံချက်ကို ၂၀၂၅ ခုနှစ်အထိ သက်တမ်းတိုး၍ ဆက်လက်အကောင်အထည်ဖော်ရေးအတွက် Fire Hotspot အရေအတွက် လျှော့ချရမည့်အညွှန်းကိန်းများ၊ ဒေသတွင်းနိုင်ငံများ၏ မီးခိုးမြူငွေ့ ထိန်းချုပ်ရေးဆိုင်ရာ ပူးပေါင်းဆောင်ရွက်မှုများ၊ နိုင်ငံတကာ မိတ်ဖက်အဖွဲ့အစည်းများနှင့် ပူးပေါင်းဆောင်ရွက်တိုးတက်မှု အခြေအနေများနှင့် မြန်မာနိုင်ငံအနေဖြင့် ဒေသတွင်းမီးခိုးမြူငွေ့လျှော့ချရေးနှင့်ပတ်သက်၍ မြန်မာနိုင်ငံ၏ ဆောင်ရွက်ချက်များကို ဆွေးနွေးတင်ပြပြီး ဒေသတွင်းနိုင်ငံများနှင့် နိုင်ငံတကာ မိတ်ဖက် အဖွဲ့အစည်းများနှင့်ပါ ပူးပေါင်းဆောင်ရွက်သွားမည့် အခြေအနေနှင့် ဒေသတွင်းမီးခိုးမြူငွေ့လျှော့ချရေးဆိုင်ရာ ရှေ့ဆက်လက်ဆောင်ရွက်မည့် လုပ်ငန်းအစီအစဉ်များကို ဆွေးနွေးခဲ့ကြောင်း သိရသည်။ **သတင်းစဉ်**

*စာမျက်နှာ ၁၀ မှ*

နိုင်ငံတော်အနေဖြင့် မသန်စွမ်းသူများ၏ အခွင့်အရေးများဆိုင်ရာ အရင်းမပျောက်မတည်ငွေ သုံးဘီလီယံကို တိုးပွားအောင်ဆောင်ရွက်ပြီး မသန်စွမ်းအဖွဲ့အစည်းများသို့ ထိထိရောက်ရောက် ပံ့ပိုးပေးနိုင်ရေးတို့ကို ဆောင်ရွက်လျက်ရှိသည်။ မသန်စွမ်းမှု အဆင့်အလိုက် သတ်မှတ်၍ လိုအပ်သည့် ပံ့ပိုးမှုများ သိရှိပံ့ပိုးနိုင်အောင် လုပ်ဆောင်ခြင်း၊ သက်ဆိုင်ရာ တိုင်းဒေသကြီး ပြည်နယ်များအလိုက် မသန်စွမ်းသူများမှတ်ပုံတင်ခြင်းဖြင့် မသန်စွမ်းသူများအပေါ် ကူညီထောက်ပံ့မှုများ ထိရောက်စွာဆောင်ရွက်ပေးနိုင်ရန် စီမံကိန်းရေးဆွဲဆောင်ရွက်လျက်ရှိသည်။ မသန်စွမ်းသူများ လျော့နည်းပပျောက်အောင် အမျိုးသားကျန်းမာရေးကော်မတီက ဦးဆောင်၍ အာဟာရချို့တဲ့မှုကြောင့်လူစဉ်မမီ မသန်စွမ်းကလေးငယ်များ မပေါ်ပေါက်ရေး အိုင်အိုဒင်းဓာတ်ချို့တဲ့၍ ဉာဏ်ရည်နိမ့်ကျသော ကလေးငယ်များ မပေါ်ပေါက်ရေးအတွက် အမျိုးသားလှုပ်ရှားမှု အသွင်ဖြင့် အမျိုးသားကာကွယ်ဆေး တိုက်နေ့များ သတ်မှတ်ဆောင်ရွက်လျက်ရှိသည်။

တစ်ဖက်မှလည်း သားသည်မိခင်များ ကျန်းမာရေးအသိရှိအောင် ဆောင်ရွက်ပေးပါက မသန်စွမ်းကလေးငယ်များ လျော့နည်းပပျောက်သွားနိုင်သဖြင့် ရင်သွေးငယ်များ အာဟာရချို့တဲ့မှု မရှိစေရေးအတွက် အခြေခံပညာကျောင်းများတွင် စေတနာရှင်များက အာဟာရဒါန လှူဒါန်းပေးခြင်း၊ ကျန်းမာရေးအသိပညာပေးလုပ်ငန်းများ ဟောပြောဆောင်ရွက်ခြင်းများကို သက်ဆိုင်ရာ ကျန်းမာရေးဝန်ထမ်းများ၊ လူမှုရေးအသင်းအဖွဲ့များက ပိုမိုပူးပေါင်း၍ လုပ်ဆောင်ပေးရန် လိုအပ်ပေသည်။ မတော်တဆ ထိခိုက်မှုအန္တရာယ်ကင်းဝေးစေရေးအတွက် ယာဉ်အန္တရာယ်၊ လမ်းအန္တရာယ်၊ သဘာဝဘေးအန္တရာယ် အသိပညာပေး ဟောပြောခြင်းများ ဆောင်ရွက်ပေးခြင်း၊ စစ်မက်ဖြစ်ပွားမှုကြောင့် မသန်စွမ်းဒုက္ခိတများ လျော့နည်းပပျောက်စေရန် ငြိမ်းချမ်းရေးတည်ဆောက်ရေး လုပ်ငန်းစဉ်များ ကြိုးပမ်းအကောင်အထည်ဖော် လုပ်ဆောင်ခြင်းများ ဆောင်ရွက်သွားကြရပေမည်။

မြန်မာနိုင်ငံသည် ဗုဒ္ဓဘာသာနိုင်ငံဖြစ်ပြီး သစ္စာ၊ မေတ္တာ၊ ကရုဏာ၊ မုဒိတာဆိုသည့် ဗြဟ္မစိုရ်တရားလေးပါးနှင့်အညီ ရှေးယခင်ကတည်းကပင် မသန်စွမ်းသူများကို မည်သည့်အဖွဲ့အစည်း၏ တိုက်တွန်းနှိုးဆော်မှုမှမပါဘဲ မြန်မာ့ဓလေ့ထုံးတမ်းအရပင် မိဘ၊ ဆွေမျိုး၊ ရပ်ရွာ ဘုန်းတော်ကြီးကျောင်း၊ သီလရှင်ကျောင်း၊ ခိုကိုးရာရိပ်သာစခန်းများတွင် ထားရှိကာ တတ်အားသရွေ့ဖေးမကူညီစောင့်ရှောက်ကြသည်ကို တွေ့မြင်ကြရမည် ဖြစ်သည်။

မြန်မာ့လူ့ဘောင်အဖွဲ့အစည်းသည် ယဉ်ကျေးမှုအဆင့်အတန်းမြင့်မားမှုနှင့်အတူ မြန်မာတို့၏စိတ်နေစိတ်ထားများသည်လည်း ကြီးသူရိုသေ၊ ရွယ်တူလေးစား၊ ငယ်သူကိုသနား ညှာတာသည့် စိတ်ထားများ အစဉ်ကိန်းအောင်းနေသည်ဖြစ်ရာ မသန်စွမ်းသူများကို လူမှုအသိုင်းအဝိုင်းတွင် ပစ်ပယ်မထားဘဲ အားပေးကူညီလျက်ရှိသည်။ မသန်စွမ်းသူများကို စွမ်းသန်လာအောင် အားပေးကူညီကြရမည်။ လက်တွဲခေါ်ယူ ဖေးမကြရမည်။ နောင်လာမည့်အနာဂတ်တွင် မသန်စွမ်းသူများအတွက် စိတ်ပိုင်းဆိုင်ရာသာမက ရုပ်ပိုင်းဆိုင်ရာပါ ကျန်းမာကြံ့ခိုင်လာနိုင်စေမည့် နည်းလမ်းများကို ရှာဖွေကြံဆပေးကြရမည်ဖြစ်သည်။ ထိုသို့ဖြင့် မသန်သော်လည်း စွမ်းသူများအဖြစ်သို့ ရောက်အောင် ဖြူစင်မေတ္တာထား၍ လက်တွဲကူညီဖေးမကြရန် နိုင်ငံသားအားလုံး၏ တာဝန်ဖြစ်ကြောင်း ရေးသားရင်းဖြင့် ၂၀၂၂ ခုနှစ် ဒီဇင်ဘာ ၃ ရက်နေ့တွင် ကျရောက်မည့် အပြည်ပြည်ဆိုင်ရာ မသန်စွမ်းသူများနေ့ကို ဂုဏ်ပြုလိုက်ရပါသည်။ ။

# စက်မှုနှင့်စိုက်ပျိုးရေးဆိုင်ရာ အသက်မွေးပညာသင်တန်းကျောင်းများကို လာမည့်ပညာသင်နှစ်မှစတင်၍ မန္တလေးတိုင်းဒေသကြီးအတွင်း ဖွင့်လှစ်သွားမည်

**မန္တလေး နိုဝင်ဘာ ၃၀**

မန္တလေးတိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးမောင်ကိုသည် တိုင်းဒေသကြီး အဖွဲ့ဝင်ဝန်ကြီးများနှင့်အတူ ပြင်ဦးလွင်မြို့ရှိ အခြေခံပညာအထက်တန်းကျောင်းများဖြစ်သည့် အမှတ်(၂)၊ အမှတ်(၃)၊ အမှတ်(၅)နေရာသို့ ယနေ့ နံနက်ပိုင်းက ရောက်ရှိရာ ခရိုင်ပညာရေးမှူး၊ မြို့နယ်ပညာရေးမှူး၊ ကျောင်းအုပ်၊ ဆရာ ဆရာမများနှင့်အတူ ကျောင်းများအတွင်း အေးချမ်းပျော်ရွှင်စွာ ပညာသင်ကြားနေမှုများကို လိုက်လံကြည့်ရှုအားပေးပြီး ဆရာ ဆရာမများနှင့် တွေ့ဆုံသည်။

တွေ့ဆုံစဉ် တိုင်းဒေသကြီး ဝန်ကြီးချုပ်က တိုင်းဒေသကြီးအစိုးရအဖွဲ့မှ နိုင်ငံတော်ဝန်ကြီးချုပ်၏လမ်းညွှန်ချက်များနှင့်အညီ တိုင်းဒေသကြီးအတွင်း ကျန်းမာရေး၊ ပညာရေး၊ စိုက်ပျိုးရေးကဏ္ဍများတွင် အနီးကပ် ဖြည့်ဆည်းဆောင်ရွက်ပေးနေကြောင်း၊ လာမည့်စာသင်နှစ်တွင် ကျောင်းအပ်နှံမှုပိုမိုတိုးတက်အပ်နှံရေး မိဘ၊ ဆရာပေါင်းစပ်ကာ ကြိုးစားဆောင်ရွက်သွားကြရမည်ဖြစ်ကြောင်း၊ ပညာသင်ယူခွင့်ရရှိရေး၊ ကျောင်းနေမြဲရေး၊ အတန်းကူးပြောင်းနှုန်းမြင့်မားရေး၊ ကျောင်းထွက်နှုန်း လျော့ပါးရေးတို့ကို အားလုံးပူးပေါင်း ဆောင်ရွက်ကြရမည်ဖြစ်ကြောင်း၊ အကြောင်းအမျိုးမျိုးကြောင့် အတန်းပညာသင်ကြားနိုင်ခြင်းမရှိသည့် လူငယ်များအတွက် စက်မှုနှင့်စိုက်ပျိုးရေးဆိုင်ရာပညာများ သင်ကြားပေးမည့် အသက်မွေးပညာသင်တန်းကျောင်းများကို စဉ့်ကူးမြို့နယ်၊ မြစ်သားမြို့နယ်၊ မိတ္ထီလာမြို့နယ်၊ ပျော်ဘွယ်မြို့နယ်၊ ကျောက်ပန်းတောင်းမြို့နယ်များ၌ လာမည့်ပညာသင်နှစ်တွင် စတင်ဖွင့်လှစ်သင်ကြားပေးသွားမည်ဖြစ်ရာ အဆိုပါကျောင်းများသို့ တက်ရောက်သင်ကြားပေးနိုင်ရန် စီစဉ်ထားကြောင်း ပြောကြားကာ (ယာပုံ) စာသင်ခန်းများ၊ စာကြည့်တိုက်များအတွင်း လိုက်လံကြည့်ရှုကြပြီး လိုအပ်သည်များ ပေါင်းစပ်ဆောင်ရွက်ပေးသည်။



ထိုသို့ ကျောင်းများသို့ သွားရောက်ကြည့်ရှုအားပေးစဉ် တိုင်းဒေသကြီးဝန်ကြီးချုပ်က အမှတ်(၃) အခြေခံပညာအထက်တန်းကျောင်း၌ ပညာသင်ကြားနေသည့် ကိုရင် ၂၈ ပါး၊ သီလရှင် ၃၆ ပါးတို့အား နဝကမ္မဝတ္ထုငွေများ ဆက်ကပ်လှူဒါန်းသည်။

ဆက်လက်၍ တိုင်းဒေသကြီးဝန်ကြီးချုပ်နှင့်အဖွဲ့သည် ကန်တော်ကြီး ကန်အမှတ် (၄) ကန်ပေါင်ရေထိန်းမျှော်စင်သို့ ရောက်ရှိပြီး ကန်တော်ကြီးအတွင်း ရေဝင်ရောက်နေမှု အခြေအနေများနှင့် ကန်ပေါင်ဝန်းကျင် သန့်ရှင်းသပ်ရပ်လှပရေးဆောင်ရွက်နေမှုများကို ကြည့်ရှုပြီး အမျိုးသားကန်တော်ကြီးဥယျာဉ်ရှင်းလင်းဆောင်သို့ ရောက်ရှိပြီး တာဝန်ရှိသူတစ်ဦးက (၁၅) ကြိမ်မြောက် ပန်းပွဲတော်ကျင်းပရန်အတွက် ကြိုတင်ပြင်ဆင်ထားမှုများကို ရှင်းလင်းတင်ပြရာ တိုင်းဒေသကြီးဝန်ကြီးချုပ်က လိုအပ်သည်များ မှာကြားခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

# အိမ်ထောင်စုလူဦးရေ စာရင်းပုံစံ(၆၆/၆) မြေပြင်ကွင်းဆင်းစိစစ်ကောက်ယူခြင်းနှင့် မဲစာရင်းများ မှန်ကန်မှုရှိစေရေး ညှိနှိုင်းအစည်းအဝေးကျင်းပ

**ပဲခူး နိုဝင်ဘာ ၃၀**

ပဲခူးတိုင်းဒေသကြီး အစိုးရအဖွဲ့ရုံးတော်ဝင်ဟံသာ အစည်းအဝေးခန်းမ၌ ယမန်နေ့က အိမ်ထောင်စုလူဦးရေစာရင်းပုံစံ(၆၆/၆) မြေပြင်ကွင်းဆင်း စိစစ်ကောက်ယူခြင်းနှင့် မဲစာရင်းများမှန်ကန်မှုရှိစေရေး လုပ်ငန်းညှိနှိုင်း အစည်းအဝေး ကျင်းပသည်။ (ယာပုံ)



ရှေးဦးစွာ တိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးမျိုးဆွေဝင်းက အိမ်ထောင်စုလူဦးရေ စာရင်းပုံစံ (၆၆/၆) မြေပြင်ကွင်းဆင်းစိစစ်ကောက်ယူခြင်းနှင့် မဲစာရင်းများ မှန်ကန်မှုရှိစေရေး လုပ်ငန်းစဉ်များသည် အလွန်အရေးကြီးသည့် လုပ်ငန်းတစ်ခုဖြစ်ကြောင်း၊ သတ်မှတ်ကာလအတွင်း အထွေထွေရွေးကောက်ပွဲ အောင်မြင်စွာကျင်းပနိုင်ရေး ခရိုင်/မြို့နယ် စီမံအုပ်ချုပ်ရေးအဖွဲ့များ အနေဖြင့် အမျိုးသားရေး တာဝန်တစ်ရပ်အဖြစ် ခံယူဆောင်ရွက်သွားရမည်ဖြစ်ကြောင်း၊ မြို့နယ်အလိုက် မဲရုံစာရင်းများ ပြုစုခြင်းကိုလည်း ကြိုတင်ပြင်ဆင် ဆောင်ရွက်ထားရမည်ဖြစ်ကြောင်းနှင့် ပြီးပြည့်စုံသည့် လုံခြုံရေးစီမံချက်များလည်း ရေးဆွဲထားရမည် ဖြစ်ကြောင်း၊ မြေပြင်စာရင်း ကောက်ယူရေးအဖွဲ့များအနေဖြင့် လုံခြုံရေးအသိ၊ လုံခြုံရေးသတိဖြင့် စနစ်တကျ စုဖွဲ့ဆောင်ရွက်ကြရန် မှာကြားသည်။

ထို့နောက် ပဲခူးတိုင်းဒေသကြီး လူမှုရေးရာဝန်ကြီး ဦးအောင်မင်းက မြို့နယ်အလိုက် အိမ်ထောင်စုလူဦးရေစာရင်း ပုံစံ (၆၆/၆)ရှိပြီး မြေပြင်တွင် နေထိုင်မှုမရှိသူများ စိစစ်ခြင်း၊ သေဆုံးသူများ ပယ်ဖျက်ခြင်း၊ အခြားမြို့နယ်၏ အိမ်ထောင်စုလူဦးရေ စာရင်းပုံစံ (၆၆/၆) ဖြင့် နေထိုင်ခြင်း၊ အိမ်ထောင်စုလူဦးရေစာရင်း ပုံစံ (၆၆/၆) မရှိဘဲ မြေပြင်တွင် နေထိုင်သူများ စိစစ်ခြင်း၊ မွေးဖွားသည့် ရက်/လ ထပ်နေသူများ စာရင်းစိစစ်ခြင်း၊ မွေးသက္ကရာဇ်မပါသူများ/မပြည့်စုံသူများ စိစစ်ခြင်း၊ နိုင်ငံသားကတ်(၂)ကြိမ်/(၃)ကြိမ် ထပ်နေသူများ စိစစ်ခြင်းနှင့် အသက် ၁၈ နှစ်အထက်၊ ၁၈ အောက် နိုင်ငံသားကတ်မရှိသူများ စိစစ်ခြင်းလုပ်ငန်းဆိုင်ရာ အချက်အလက်များကို Power Point ဖြင့် အသေးစိတ် ရှင်းလင်းတင်ပြသည်။

ထို့နောက် တက်ရောက်လာသည့် ခရိုင်/မြို့နယ် စီမံအုပ်ချုပ်ရေးအဖွဲ့ ဥက္ကဋ္ဌများက အိမ်ထောင်စု လူဦးရေစာရင်းပုံစံ (၆၆/၆) မြေပြင် ကွင်းဆင်းစိစစ်ကောက်ယူနိုင်ရေးအဖွဲ့များ ဖွဲ့စည်းထားရှိမှုနှင့် မဲစာရင်းမှန်ကန်စေရေး ကြိုတင်ပြင်ဆင် ဆောင်ရွက်ထားရှိမှုအခြေအနေများ တင်ပြမှုအပေါ် အစိုးရအဖွဲ့ တာဝန်ရှိသူများက ဌာနဆိုင်ရာများပါဝင်သည့် ပူးပေါင်းအဖွဲ့များနှင့် ကွင်းဆင်းဆောင်ရွက်နိုင်ရေး အစီအမံများကို ရှင်းလင်းတင်ပြကြရာ တိုင်းဒေသကြီး ဝန်ကြီးချုပ်က လိုအပ်သည်များ ဖြည့်စွက်မှာကြားခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

# စိန်ရတုလွတ်လပ်ရေးနေ့ ဂုဏ်ပြုသတင်းဆောင်းပါးပြိုင်ပွဲ စာမူများဖိတ်ခေါ်

**ရန်ကုန် နိုဝင်ဘာ ၃၀**

ရန်ကုန်တိုင်းဒေသကြီး ဗဟန်းမြို့နယ် သတင်းစာဆရာအသင်းက (၇၅) နှစ်မြောက် စိန်ရတုလွတ်လပ်ရေးနေ့ ဂုဏ်ပြုသတင်းဆောင်းပါးပြိုင်ပွဲ ကျင်းပမည်ဖြစ်သည်။

ပထမဆုအဖြစ် ငွေကျပ် ၂၀၀၀၀၀၊ ဒုတိယဆုအဖြစ်ငွေကျပ် ၁၅၀၀၀၀၊ တတိယဆုအဖြစ်ငွေကျပ် ၁၀၀၀၀၀၊ နှစ်သိမ့်ဆု သုံးဆု တစ်ဆုလျှင်ငွေကျပ် ၅၀၀၀၀ စီ ချီးမြှင့်သွားမည်ဖြစ်သည်။ ပြိုင်ပွဲကို အလွတ်တန်းအဖြစ် ကျင်းပသွားမည်ဖြစ်ပြီး မည်သူမဆို ဝင်ရောက်ယှဉ်ပြိုင်နိုင်သည်။

ဆုရဖူးသော သတင်းဆောင်းပါးနှင့် အခြားမဂ္ဂဇင်း၊ ဂျာနယ်၊ စာစောင်များတွင် ဖော်ပြခံရဖူးသော သတင်းဆောင်းပါးများ မဖြစ်စေရ။ ပြိုင်ပွဲဝင်တစ်ဦးလျှင် ကလောင်နာမည်တစ်မျိုးနှင့် တစ်ပုဒ်သာ ယှဉ်ပြိုင်နိုင်ပြီး ကလောင်ခွဲများဖြင့် ဝင်ရောက်ယှဉ်ပြိုင်ခြင်းကို လက်ခံမည်မဟုတ်ကြောင်း သိရသည်။

ကွန်ပျူတာစာစီ၍ A-4(၃)မျက်နှာထက်မနည်း၊ (၅) မျက်နှာထက်မပိုစေရ၊ ကလောင်အမည်အပြင် အမည်ရင်း၊ နိုင်ငံသားစိစစ်ရေးနံပါတ်၊ ဖုန်းနံပါတ်၊ နေရပ်လိပ်စာအပြည့်အစုံကို နောက်ဆုံးစာမျက်နှာ၌ ဖော်ပြရမည်ဖြစ်ပြီး မိမိကိုယ်တိုင်ရေးသားသည်မှာ မှန်ကန်ကြောင်း လက်ရေးဖြင့် ရေးသား၍ လက်မှတ်ရေးထိုးပေးရပါမည်။ ပြိုင်ပွဲဝင်စာမူများကို ၂၀၂၂ ခုနှစ် ဒီဇင်ဘာ ၂၀ ရက်(အင်္ဂါနေ့) ညနေ ၄ နာရီ နောက်ဆုံးထား၍ ဗဟန်းမြို့နယ် သတင်းစာဆရာအသင်း တည်ရှိရာ ရေတာရှည်ရပ်ကွက် (ရွှေတိဂုံဘုရားမြောက်ဘက် မုခ်အရှေ့၊ သွေးဆေးကန်အနောက်ဘက်)ကြီးငါးကြီး ဆုတောင်းပြည့်ဘုရားရှိ ကျင်းပရေးကော်မတီဝင် ဦးတင်အောင်စိုး ဖုန်း ၀၉-၅၁၉၄၈၆၄၊ ဦးဇော်မိုးညွန့် ဖုန်း ၀၉-၄၂၀၂၁၅၃၁၄၊ ဦးကျင်ထွန်းအောင် ဖုန်း ၀၉ -၂၅၃၄၂၂၂၄၄ တို့ထံ ပေးပို့ရမည်ဖြစ်ကြောင်း ပြိုင်ပွဲကျင်းပရေးကော်မတီက သတင်းထုတ်ပြန်ထားသည်။

**တင်ဝင်းလေး(ကြည့်မြင်တိုင်)**

❒ *ကျောဖုံးမှ*

နိုဝင်ဘာ ၃၀ ရက် ည ၉ နာရီခွဲတွင် အုပ်စု(ဃ)မှ အုပ်စုနောက်ဆုံးပွဲစဉ်ဖြစ်သည့် ဩစတြေးလျနှင့် ဒိန်းမတ်၊ တူနီးရှားနှင့် ပြင်သစ်တို့ပွဲစဉ်များ ယှဉ်ပြိုင်ကြရာ ဩစတြေးလျနှင့် တူနီးရှားတို့က ပြိုင်ဘက်များကို တစ်ဂိုး - ဂိုးမရှိဖြင့် အနိုင်ရရှိကြသည်။

ဩစတြေးလျနှင့် ဒိန်းမတ်ပွဲတွင် နှစ်သင်းစလုံး အုပ်စုမှတက်ရန် အခွင့်အရေးရှိသဖြင့် အကြိတ်အနယ်ယှဉ်ပြိုင်ကြပြီး ဩစတြေးလျအတွက် အနိုင်ဂိုးကို ဒုတိယပိုင်း မိနစ် ၆၀ ၌ မက်သရူးလက်ကီက သွင်းယူပေးသည်။ တူနီးရှားနှင့် ပြင်သစ်တို့ပွဲတွင် ပြင်သစ်တို့က နှစ်ပွဲနိုင်ထား၍ အုပ်စုမှတက်နေပြီး တူနီးရှားက ဩစတြေးလျနှင့် ဒိန်းမတ်တို့ပွဲရလဒ်ပေါ်မူတည်၍ အနိုင်ရပါက မျှော်လင့်ချက်ရှိခဲ့သည်။ တူနီးရှားအတွက် အနိုင်ဂိုးကို ပွဲချိန် ၅၈ မိနစ်တွင် ခါဇရီက သွင်းယူပေးခဲ့သည်။ အုပ်စု(ဃ)ပွဲစဉ်များအပြီးတွင် ပြင်သစ်နှင့် ဩစတြေးလျ ခြောက်မှတ်စီတူသော်လည်း ဂိုးကွာခြားချက်ဖြင့် ပြင်သစ်က အုပ်စုပထမ၊ ဩစတြေးလျက အုပ်စုဒုတိယဖြင့် ၁၆ သင်းအဆင့်သို့ တက်ရောက်သွားပြီဖြစ်သည်။

**ဇော်ဇော်**

## အမျိုးသမီးတစ်ဦးကို တရုတ်ယောကျ်ားထံ ရောင်းစားရန်စီစဉ်ခဲ့သူများကို လူကုန်ကူးမှုဖြင့် ထောင်ဒဏ်ချမှတ်

**နေပြည်တော် နိုဝင်ဘာ ၃၀**

အမျိုးသမီးတစ်ဦးကိုတရုတ်ယောကျ်ားထံ ရောင်းစားခဲ့သူများကို လူကုန်ကူးမှုဖြင့် အလုပ်နှင့် ထောင်ဒဏ်များ ချမှတ်ခဲ့ကြောင်း သိရသည်။

နေပြည်တော် ဥတ္တရသီရိမြို့နယ် တောင်ညိုအုပ်စု ထန်းတောရပ်ကွက်နေ မ---၂၉/၂၀ နှစ်အား တစ်မြို့တည်းနေ ရွှေမင်းသူ (ခ) ကိုစိုင်း(ခ) ဂျစ်တူး၊ ဒေါ်ပု (ခ) ဒေါ်ပုလေးနှင့် မခိုင်သိန်းဦး (ခ) သဲဦးတို့က ပါဆန်(ခ) ပန်ဆန်းမြို့တွင် အလုပ်ကောင်းကြောင်း၊ တစ်လလျှင် (၂/၃) သိန်းကျပ်ခန့် ရရှိမည်ဖြစ်ကြောင်း လိမ်လည်စည်းရုံးပြောဆို၍ တရုတ်ပြည်သို့ ခေါ်ဆောင်သွားပြီး တရုတ်ယောကျ်ားထံ အဓမ္မရောင်းစားခဲ့သဖြင့် တောင်ညိုနယ်မြေရဲစခန်း (ပ)၈၁/၂၀၂၀၊ လူကုန်ကူးမှုတားဆီးကာကွယ်ရေး ဥပဒေပုဒ်မ ၂၄/၃၂ ဖြင့် အမှုရေးဖွင့်ခဲ့ပြီး ဥတ္တရခရိုင်တရားရုံးသို့ တရားစွဲတင်ပို့ခဲ့ရာ နိုဝင်ဘာ ၂၈ ရက်တွင် တရားခံ ရွှေမင်းသူ (ခ) ကိုစိုင်း (ခ) ဂျစ်တူးအား လူကုန်ကူးမှု တားဆီးကာကွယ်ရေးဥပဒေပုဒ်မ ၂၄ အရ အလုပ်နှင့်ထောင်ဒဏ် (၁၅) နှစ် ကျခံစေရန်နှင့် တရားခံ ဒေါ်ပု (ခ) ဒေါ်ပုလေးနှင့် မခိုင်သိန်းဦး (ခ) သဲဦးတို့ နှစ်ဦးအား လူကုန်ကူးမှု တားဆီးကာကွယ်ရေးဥပဒေပုဒ်မ ၃၂ အရ အလုပ်နှင့် ထောင်ဒဏ် ၁၀ နှစ်စီကျခံစေရန် အမိန့်ချမှတ်ခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

## တရုတ်သမ္မတဟောင်း ကျန်ဇီမင်း သွေးကင်ဆာရောဂါဖြင့် အသက် ၉၆ နှစ်တွင် ကွယ်လွန်

ပေကျင်း နိုဝင်ဘာ ၃၀

**တရုတ်သမ္မတဟောင်း ကျန်ဇီမင်းသည် သွေးကင်ဆာရောဂါဖြင့် ရှန်ဟိုင်း၌ နိုဝင်ဘာ ၃၀ ရက် ဒေသစံတော်ချိန် မွန်းလွဲ ၁၂ နာရီ ၁၃ မိနစ်တွင် ကွယ်လွန်ခဲ့ကြောင်း နိုင်ငံပိုင်သတင်းအေဂျင်စီက ဖော်ပြခဲ့သည်။**

ကျန်ဇီမင်းသည် ကွယ်လွန်ချိန်တွင် အသက် ၉၆ နှစ်ရှိပြီဖြစ်သည်။ ကျန်ဇီမင်းကို ကွန်မြူနစ်ပါတီ၏ အမြင့်ဆုံးရာထူးဖြစ်သည့် အထွေထွေအတွင်းရေးမှူးရာထူးနှင့် ဗဟိုစစ်ဘက်ဆိုင်ရာကော်မရှင်ဥက္ကဋ္ဌအဖြစ် ၁၉၈၉ ခုနှစ်တွင် ခန့်အပ်ခဲ့သည်။

ကျန်ဇီမင်းကို တရုတ်ထိပ်တန်းခေါင်းဆောင် တိန်ရှောင်ဖိန်က ရွေးချယ်ခဲ့ခြင်းဖြစ်သည်။ ကျန်ဇီမင်းသည် လွှမ်းမိုးခဲ့သည့် ဆယ်စုနှစ်အတွင်း တရုတ်နိုင်ငံသမိုင်းတွင် အဓိကအရေးပါသည့် ခေါင်းဆောင်တစ်ဦးဖြစ်လာခဲ့သည်။ တရုတ်သမ္မတအဖြစ် တာဝန်ယူခဲ့သည့်ကာလတွင် တရုတ်နိုင်ငံသည် တံခါးဖွင့်မူဝါဒကို ဖော်ဆောင်ခဲ့သလို အရှိန်အဟုန်ကြီးမားစွာဖြင့် တိုးတက်ပြောင်းလဲမှုများကို လုပ်ဆောင်ခဲ့သည်။

ကျန်ဇီမင်းသည် ၂၀၀၄ ခုနှစ်တွင် ဟူကျင်းတောင်းကို အာဏာလွှဲပြောင်းပေးအပ်ခဲ့ပြီး နိုင်ငံရေးမှ အနားယူခဲ့သည်။ သို့သော်လည်း ကျန်ဇီမင်းသည် တရုတ်နိုင်ငံရေး စာမျက်နှာတွင် လွှမ်းမိုးခဲ့သည့် ခေါင်းဆောင်တစ်ဦး ဖြစ်ခဲ့သည်။

အင်န်အိတ်ချ်ကေ၊ ဆင်ဟွာ



တရုတ်သမ္မတဟောင်း ကျန်ဇီမင်း။

## ဘင်္ဂလားဒေ့ရှ်၌ တစ်ပတ်အတွင်း လူပေါင်းကိုးသန်းကို ကိုဗစ်-၁၉ ကာကွယ်ဆေးထိုးနှံပေးမည်

ဒါကာ နိုဝင်ဘာ ၃၀

ဒီဇင်ဘာ ၁ ရက်မှစတင်ကာ တစ်ပတ်အတွင်း ဘင်္ဂလားဒေ့ရှ်ပြည်သူကိုးသန်းကို ကိုဗစ်-၁၉ ကာကွယ်ဆေး ထိုးနှံပေးမည်ဟု ကြေညာခဲ့သည်။

ကျန်းမာရေးဝန်ကြီးဌာန ကာကွယ်ဆေးထိုးနှံပေးရေးကော်မတီမှ အဖွဲ့ဝင်တစ်ဦးဖြစ်သူ ရှန်ဆောဟုခ်က ကာကွယ်ဆေးထိုးနှံပေးမည့် အစီအစဉ်ကို အသိပေးခြင်းနှင့် ကာကွယ်ဆေးထိုးနှံပေးခြင်းဟူ၍ နှစ်ပိုင်းခွဲထားကြောင်း ပြောသည်။

### ကာကွယ်ဆေးနှစ်ကြိမ် ထိုးနှံပြီးဖြစ်

ဒီဇင်ဘာ ၁ ရက်မှ ၇ ရက်အတွင်း စင်တာပေါင်း ၁၅၉၈၄ ခုတွင် ကာကွယ်ဆေးထိုးနှံပေးမှုများ လုပ်ဆောင်သွားမည်ဖြစ်သည်။ ဘင်္ဂလားဒေ့ရှ်နိုင်ငံတွင် ပြည်သူ ၇၃ ရာခိုင်နှုန်းမှာ ကိုဗစ်-၁၉ ကာကွယ်ဆေး နှစ်ကြိမ် ထိုးနှံပြီးသူများဖြစ်သည်။

### နောက်ထပ် ကိုဗစ်-၁၉ ကူးစက်ခံရသူ ၁၁ ဦး တွေ့ရှိ

အသက်ငါးနှစ်နှင့်အထက် ၉၅ ရာခိုင်နှုန်းမှာ ကာကွယ်ဆေး တစ်ကြိမ် ထိုးပြီးသူများဖြစ်သည်။ ၅၂ ရာခိုင်နှုန်းမှာမူ တတိယအကြိမ် ကာကွယ်ဆေးထိုးနှံပြီးသူများ ဖြစ်ကြသည်။ ဘင်္ဂလားဒေ့ရှ်နိုင်ငံတွင် နိုဝင်ဘာ ၂၉ ရက်က ကိုဗစ် -၁၉ နောက်ထပ်ကူးစက်ခံရသူ ၁၁ ဦး တွေ့ရှိခဲ့ပြီး သေဆုံးသူတစ်ဦးရှိခဲ့သည်ဟု သိရသည်။ ဆင်ဟွာ

## ယခုနှစ် ပထမ ၁၀ လအတွင်း ကမ္ဘောဒီးယားနိုင်ငံသို့ နိုင်ငံတကာခရီးသည် ၁ ဒသမ ၅၇ သန်းကျော် လာရောက်

ဖနောင်ပင် နိုဝင်ဘာ ၃၀

ကမ္ဘောဒီးယားနိုင်ငံသို့ ယခုနှစ် ပထမ ၁၀ လအတွင်း နိုင်ငံတကာခရီးသွားဧည့်သည် ၁ ဒသမ ၅၇ သန်းကျော် လာရောက်လည်ပတ်ကြောင်း နိုဝင်ဘာ ၃၀ ရက်က ခရီးသွားလုပ်ငန်း ဝန်ကြီးဌာန၏ ထုတ်ပြန်ချက်အရ သိရသည်။

ထို့အပြင် အဆိုပါထုတ်ပြန်ချက်၌ ဇန်နဝါရီလမှ အောက်တိုဘာလအတွင်းကမ္ဘောဒီးယားနိုင်ငံသို့ လာရောက်လည်ပတ်သော နိုင်ငံတကာ ခရီးသွားဧည့်သည်အများဆုံး ဝင်ရောက်မှုစာရင်းတွင် ထိုင်းနိုင်ငံက ထိပ်ဆုံးတွင်ရှိကြောင်း ဖော်ပြထားသည်။

ကမ္ဘောဒီးယားနိုင်ငံသို့ ဝင်ရောက်လာသူများအနက် ၃၅ ဒသမ ၅ ရာခိုင်နှုန်းမှာ လေကြောင်းမှတစ်ဆင့် ရောက်ရှိလာကြောင်း၊ ၆၃ ဒသမ ၈ ရာခိုင်နှုန်းမှာ ကုန်းကြောင်းမှတစ်ဆင့် ရောက်ရှိလာကြောင်းနှင့် ၀ ဒသမ ၇ ရာခိုင်နှုန်းမှာ ရေကြောင်းမှ တစ်ဆင့် ရောက်ရှိလာကြောင်း သိရသည်။

ကမ္ဘောဒီးယား နိုင်ငံသည် ယခုနှစ်တွင် နိုင်ငံတကာခရီးသွားဧည့်သည် နှစ်သန်းအထိ လာရောက်လည်ပတ်ရန် ခန့်မှန်းထားကြောင်း ခရီးသွားလုပ်ငန်းဝန်ကြီး သောင်ခွန်က ဆင်ဟွာသို့ ပြောသည်။ခရီးသွားကဏ္ဍသည်ကမ္ဘောဒီးယားနိုင်ငံ၏ စီးပွားရေးကို ထောက်ပံ့ပေးသည့် အဓိကမဏ္ဍိုင်လေးခုအနက် တစ်ခုဖြစ်သည်ဟု ဆိုသည်။

ထို့အပြင် ကပ်ရောဂါမဖြစ်ပွားမီ ၂၀၁၉ ခုနှစ်က ကမ္ဘောဒီးယားနိုင်ငံသို့ နိုင်ငံတကာခရီးသွားဧည့်သည် ၆ ဒသမ ၆ သန်း လာရောက်လည်ပတ်ပြီး အဆိုပါခရီးသွားများထံမှဝင်ငွေ အမေရိကန်ဒေါ်လာ ၄ ဒသမ ၉၂ ဘီလီယံ ရရှိခဲ့ကြောင်း သိရသည်။



ကမ္ဘောဒီးယားနိုင်ငံ ကမ္ဘာ့အမွေအနှစ်စာရင်းဝင်နေရာတစ်ခုသို့ နိုင်ငံခြားခရီးသွားများ လာရောက်လည်ပတ်စဉ်။

ကမ္ဘောဒီးယားနိုင်ငံ၌ လူသိများသော ကမ္ဘာ့အမွေအနှစ်စာရင်းဝင်နေရာ သုံးခုရှိကြောင်းနှင့် အနောက်တောင်ပိုင်း ပြည်နယ် လေးခုကို ဖြတ်၍ ၄၅၀ ကီလိုမီတာ ရှည်လျားသော ကမ်းရိုးတန်း တစ်ခု ရှိကြောင်းလည်း သိရသည်။ ဆင်ဟွာ

## ဂျပန်နိုင်ငံ၌ နိုင်ငံခြား ကားကုမ္ပဏီများက လျှပ်စစ်ကား အရောင်းမြှင့်တင်

တိုကျို နိုဝင်ဘာ ၃၀

ဂျပန်ကားထုတ်လုပ်ရေး ကုမ္ပဏီများသည် လျှပ်စစ်ကားများကို ပြည်တွင်း၌ ထုတ်လုပ်ရန်ကြိုးပမ်းနေကြစဉ် ပြည်ပကား ထုတ်လုပ်ရေး ကုမ္ပဏီကြီးများ၏ ယှဉ်ပြိုင်မှုနှင့်လည်း ကြုံတွေ့နေရသည်။

ဂျာမနီမှ ဖောက်စ်ဝက်ဂွန်မှာ တစ်ခါအားသွင်းထားရုံမျှဖြင့် ကီလိုမီတာ ၅၆၀ အထိ မောင်းနှင်နိုင်သည့် အက်စ်ယူဗွီမော်ဒယ်လျှပ်စစ်ကားကို ထုတ်လုပ်ထားသည်။ အဆိုပါ ကားထုတ်လုပ်ရေးကုမ္ပဏီမှာ အခြားသော ဈေးကွက်များတွင်လည်း ယခုမော်ဒယ်ကို ရောင်းချလျက်ရှိသည်။ ထို့ပြင် နိုဝင်ဘာလအတွင်း ၎င်းတို့၏ ပထမဆုံး လျှပ်စစ်ကားကို ဂျပန်နိုင်ငံ၌ရောင်းချရန် ရွေးချယ်ခဲ့သည်။

လျှပ်စစ်ကားမှာ သီးသန့်ဈေးကွက်ကောင်းတစ်ခုဖြစ်သော်လည်း ဂျပန်နိုင်ငံတွင် နှစ်စဉ်အနည်းဆုံးလျှပ်စစ်ကားမော်ဒယ်တစ်မျိုး ထုတ်လုပ်နိုင်ရန် မျှော်လင့်နေပြီဟု ဖောက်စ်ဝက်ဂွန်ကုမ္ပဏီ၏ ဂျပန်နိုင်ငံဆိုင်ရာ ဒါရိုက်တာ အန်ဒရီရာကော်ဂါနီက ပြောသည်။

အမေရိကန် ကုမ္ပဏီဖြစ်သည့် တက်စလာသည်လည်း တစ်ကမ္ဘာလုံးဆိုင်ရာ ကားဈေးကွက်တွင် အကြီးဆုံးနေရာယူထားသူဖြစ်ပြီး စက်တင်ဘာလအတွင်း ၎င်းတို့၏ နောက်ဆုံးပေါ်မော်ဒယ်ကို စတင်ဖြန့်ဝေနေပြီ ဖြစ်သည်။

ဂျပန်နိုင်ငံတွင် ယခုနှစ် ဇန်နဝါရီလမှ အောက်တိုဘာလအထိ နိုင်ငံခြားမှ လျှပ်စစ်ကားအစီး ၉၇၃၃ စီးကို ရောင်းချထားပြီးဖြစ်ကြောင်း ဂျပန်ကားတင်ပို့သူများအဖွဲ့အစည်းက ပြောသည်။ ယင်းပမာဏမှာ ပြီးခဲ့သည့်နှစ်နှင့် နှိုင်းယှဉ်လျှင် ၅၀ ရာခိုင်နှုန်း တိုးလာသည်။ အင်န်အိတ်ချ်ကေ




## အာကာသယာဉ်မှူး ခြောက်ဦး တရုတ်အာကာသစခန်း၌ သမိုင်းဝင်တွေ့ဆုံ

ပေကျင်း နိုဝင်ဘာ ၃၀

ရှင်ကျိုး-၁၅ အာကာသယာဉ်ပေါ်တွင် လိုက်ပါလာသော အာကာသယာဉ်မှူး သုံးဦးသည် တရုတ်နိုင်ငံအာကာသစခန်းသို့ အောင်မြင်စွာဝင်ရောက်ခဲ့ပြီးနောက် နိုဝင်ဘာ ၃၀ ရက်တွင် အခြားအာကာသယာဉ်မှူး သုံးဦးနှင့် ပထမဆုံးအကြိမ် သမိုင်းဝင်တွေ့ဆုံနိုင်ခဲ့ကြောင်း ဆင်ဟွာသတင်းတစ်ရပ်၏ ဖော်ပြချက်အရ သိရသည်။

ရှင်ကျိုး-၁၅ အာကာသယာဉ် အမှုထမ်းများ၏ အကြီးအကဲဖြစ်သူ ဖေးဂျွင်လုံသည် ပေကျင်းစံတော်ချိန် နံနက် ၇ နာရီ ၃၃ မိနစ်တွင် တံခါးပေါက်ကို ဖွင့်လှစ်ပေးခဲ့ကြောင်း သိရသည်။ ထို့နောက်တွင် အာကာသယာဉ်မှူး သုံးဦးသည် ထပ်မံရောက်ရှိလာသည့် အာကာသယာဉ်မှူးများကို နွေးထွေးစွာ ပွေ့ဖက်နှုတ်ဆက်ခဲ့ပြီးနောက် အာကာသယာဉ်မှူး ခြောက်ဦးသည် အောင်မြင်မှုအထိမ်းအမှတ်အဖြစ် လက်ခံထောင်ကာ စုပေါင်းမှတ်တမ်းဓာတ်ပုံ ရိုက်ခဲ့ကြကြောင်း သိရသည်။

အာကာသယာဉ်မှူး ခြောက်ဦးသည် အာကာသစခန်း၌ ငါးရက်ခန့် နေထိုင်မည်ဖြစ်ပြီး စီစဉ်သတ်မှတ်ထားသည့် လုပ်ငန်းတာဝန်များနှင့် လွှဲပြောင်းမှုလုပ်ငန်းများကို အတူတကွ လုပ်ဆောင်သွားဖွယ် ရှိကြောင်း သိရသည်။ ဆင်ဟွာ



အာကာသယာဉ်မှူး ခြောက်ဦး တရုတ်အာကာသစခန်း၌ သမိုင်းဝင်မှတ်တမ်းဓာတ်ပုံရိုက်စဉ်။

## မြိတ်မြို့တွင် ကုန်သွယ်မှုလုပ်ငန်းများ ကောင်းမွန်လျက်ရှိ

၂၀၂၂ ခုနှစ်၊ နိုဝင်ဘာလအတွင်း မလေးရှားဆိပ်ကမ်းမှ တစ်ဆင့် တရုတ်နိုင်ငံသို့ ရော်ဘာ (၆၀၄ ဒသမ ၈) တန်၊ တစ်ဖက်ထိုင်းနိုင်ငံ ရနောင်းမြို့နှင့် ပရာကျွတ်ကရီခမ်မြို့သို့ အကောက်ခွန်သက်သာခွင့်ဆိုင်ရာ ပင်ရင်းနိုင်ငံ သက်သေခံလက်မှတ် (From D) ဖြင့် ငါးအသားလွှာ (၅၀ ဒသမ ၈၅)တန်၊ ငါးမှုန့် (၂၂၆၅) တန်၊ မုတ်ခွံ (၂၅ ဒသမ ၇၆) တန် တင်ပို့နိုင်ခဲ့သည်။ မြိတ်ဒေသမှထွက်ရှိသည့် ရော်ဘာများကို တရုတ်နိုင်ငံမှ ဝယ်လိုအားရှိသည့်အတွက် ၂၀၂၂-၂၀၂၃ ဘဏ္ဍာနှစ် နိုဝင်ဘာလတွင် တန်ချိန်အများဆုံး တင်ပို့နိုင်ခဲ့ကြောင်း သိရှိရသည်။

၂၀၂၂ ခုနှစ်၊ နိုဝင်ဘာလတွင် တစ်ဖက်နိုင်ငံ ရနောင်းမြို့မှ ငါးဖမ်းပိုက်ကွန်များ၊ ရေလုပ်ငန်းသုံး ပစ္စည်းများ၊ မော်တော်ဆိုင်ကယ် အပိုပစ္စည်းများ၊ ဆောက်လုပ်ရေးသုံး ပစ္စည်းများ၊ ဓာတ်မြေဩဇာ၊ စက်သုံးဆီ (ဓာတ်ဆီ၊ ဒီဇယ်) များကို ထိုင်းနိုင်ငံ၊ စင်ကာပူနိုင်ငံများမှ တင်သွင်းလျက်ရှိပြီး ငါးဖမ်းလုပ်ငန်းများတွင် အသုံးပြုနေသည့် စက်လှေများ၊ ရေခဲစက်ရုံများ၊ သယ်ယူပို့ဆောင်ရေး ပြုလုပ်သည့် မော်တော်ယာဉ်များ၊ မြိတ်ဒေသတွင် လျှပ်စစ်ဓာတ်အား ပေးဝေနိုင်ရေးတွင် အသုံးပြုသည့် စက်သုံးဆီများကို ပုံမှန်တင်သွင်းလျက်ရှိရာ နိုဝင်ဘာလတွင် ဒီဇယ် တန် ၇၇၈၀၊ ဓာတ်ဆီ တန် ၈၅၀ တင်သွင်းနိုင်ခဲ့ကြောင်း သိရှိရသည်။

ငွေလဲနှုန်းပေါက်ဈေးအနေဖြင့် (၁) ဘတ်လျှင် ၈၀ ကျပ်ဖြင့် အရောင်းအဝယ်ပြုလုပ်နေကြောင်း သတင်းရရှိသည်။

## နှစ်နိုင်ငံအကြား G to G စာချုပ်အရ ဘင်္ဂလားဒေ့ရှ်နိုင်ငံသို့ ဆန်တင်ပို့မှုအခြေအနေ

မြန်မာနိုင်ငံနှင့် ဘင်္ဂလားဒေ့ရှ်နိုင်ငံ နှစ်နိုင်ငံအစိုးရတို့အကြား ဆန်စပါး ကုန်သွယ်မှုဆိုင်ရာ နားလည်မှု စာချွန်လွှာ (Memorandum of Understanding – MoU) ကို ၂၀၂၂ ခုနှစ်၊ စက်တင် ဘာလတွင် လက်မှတ်ရေးထိုးခဲ့သည်။ အဆိုပါ နားလည်မှု စာချွန်လွှာအရ ၂၀၂၂ ခုနှစ်မှ ၂၀၂၇ ခုနှစ်အထိ မြန်မာနိုင်ငံမှ ဘင်္ဂလားဒေ့ရှ်နိုင်ငံသို့ နှစ်စဉ် အများဆုံး ဆန်ဖြူတန်ချိန် ၂၅၀၀၀၀ အထိနှင့် ပေါင်းဆန် တန်ချိန် ၅၀၀၀၀ အထိတို့ကို တင်ပို့ရောင်းချနိုင်မည်ဖြစ်သည်။ အဆိုပါ MoU အရ မြန်မာနိုင်ငံမှာ Myanmar Rice Federation – MRF နှင့် ဘင်္ဂလားဒေ့ရှ်နိုင်ငံမှ Directorate General of Food တို့မှ ဧည့်မထ ၅ ရာခိုင်နှုန်း တန်းမြင့်ဆန် တန်ချိန် ၂၀၀၀၀၀ တင်ပို့ရန် သဘောတူစာချုပ် (Sales Contract) ကို ချုပ်ဆိုခဲ့ပြီး တင်ပို့နိုင်ရေးအတွက် လိုအပ်သည်များ ဆောင်ရွက်ခဲ့ကြသည်။

အဆိုပါ Sales Contract အရ ၂၀၂၂ ခုနှစ်၊ နိုဝင်ဘာ ၂၈ ရက်အထိ ဆန်တန်ချိန် (၁၁၀,၀၀၀) ခန့်အား တင်ပို့ဆောင်ရွက်နိုင်ခဲ့ပြီးဖြစ်သည်။ တင်ပို့ရန်ကျန်ရှိသော ဆန်များအနက် ဆန်တန်ချိန် ၂၀၀၀ ကျော်အား သင်္ဘောတင်ဆဲဖြစ်ပြီး ကျန်ရှိသည့် ဆန်များအား သတ်မှတ်ကာလအတွင်း ပြည့်မီအောင် ဆက်လက်ပို့ဆောင်လျက်ရှိကြောင်း သတင်းရရှိသည်။

## အိန္ဒိယက ချမှတ်လိုက်သော ဆန်မူဝါဒအသစ်ကြောင့် ကမ္ဘာ့ဆန်ဈေးနှုန်းမြင့်တက်ဖွယ်ရှိ

ဆန်ကွဲများ တင်ပို့မှုကို ပိတ်ပင်ခြင်းနှင့် ဘာစမာတီမဟုတ်သည့် ဆန်ဖြူများ တင်ပို့မှုအတွက် အခွန်(၂၀ ရာခိုင်နှုန်း) ကောက်ခံသည့် ဆန်မူဝါဒအသစ်ကို အိန္ဒိယအစိုးရက ယခုနှစ် စက်တင်ဘာ ၉ ရက်ကတည်းက ချမှတ်ခဲ့သည်။ ယင်းမူဝါဒကြောင့် အိန္ဒိယနိုင်ငံမှ ဆန်တင်ပို့မှုသည် ၂၀၂၂-၂၀၂၃ ဘဏ္ဍာနှစ်တွင် တန်ချိန် လေးသန်းမှ ငါးသန်းအထိ ကျဆင်းနိုင်ဖွယ်ရှိကြောင်း ကျွမ်းကျင်သူများက ခန့်မှန်းကြောင်း သိရသည်။ အိန္ဒိယနိုင်ငံသည် ယခင် ၂၀၂၁-၂၀၂၂ ဘဏ္ဍာနှစ်တွင် ကမ္ဘာ့ဆန်တင်ပို့မှု ဈေးကွက်တွင် (၄၀ ရာခိုင်နှုန်း) အထိ ဈေးကွက်ဝေစု ရရှိခဲ့သည်။ ၎င်းအပြင် ဆန်မူဝါဒအသစ်သည် ဆန်ထုတ်လုပ်မှုကို တန်ချိန် ၁၇ ဒသမ ၈ သန်းခန့် လျော့နည်းနိုင်ကြောင်းကိုလည်း အိန္ဒိယနိုင်ငံ ဆန်တင်ပို့သူများအသင်း ဥက္ကဋ္ဌက ပြောကြားခဲ့ကြောင်း သိရသည်။

၎င်းဆန်မူဝါဒ အသစ်သည် ဆန်ဖြူများ၏ ဈေးနှုန်းကို အာရှတိုက်ရှိ ယှဉ်ပြိုင်ဘက်နိုင်ငံများ၏ ဈေးနှုန်းများအတိုင်း မြင့်တက်လာစေရန် ရည်ရွယ်ကြောင်းကို အိန္ဒိယနိုင်ငံ ဆန်တင်ပို့သူများအသင်းဥက္ကဋ္ဌက ပြောကြားသကဲ့သို့၊ အိန္ဒိယနိုင်ငံ အစားအသောက်ဝန်ကြီးက ပြည်ပသို့ ဆန်တင်ပို့မှုများပြားလာခြင်းသည် ပြည်တွင်း မွေးမြူရေး လုပ်ငန်းများအတွက် တိရစ္ဆာန်ကျွေးမွေးမှုနှင့် အရက်ပြန် ထုတ်လုပ်မှုများအတွက်လည်း ထိခိုက်နိုင်စေသည့်အတွက်ဖြစ်ကြောင်း ပြောကြားကြောင်းသိရသည်။

၎င်းဆန်မူဝါဒအသစ်ကြောင့် ဖြစ်ပေါ်လာမည့် ကမ္ဘာ့ဆန်ဈေးနှုန်းများ အခြေအနေကို ထိုင်းနိုင်ငံ ဆန်တင်ပို့သူများအသင်းနှင့် ဗီယက်နမ်နိုင်ငံ အစားအသောက်အသင်းမှလည်း စောင့်ကြည့်နေကြပြီး၊ ကမ္ဘာ့ဆန်ဈေးနှုန်းမှာ မြင့်တက်လာနိုင်ဖွယ်ရှိကြောင်း ၎င်းတို့က ခန့်မှန်းပြောကြားကြောင်း သိရသည်။

## ကန်ပိုက်တီကုန်သွယ်ရေးစခန်းမှ ရော်ဘာတင်ပို့မှုအခြေအနေ

ကန်ပိုက်တီကုန်သွယ်ရေး စခန်းမှတစ်ဆင့် ယခင်ကာလများတွင် အဓိကပို့ကုန်ဖြစ်သော တစ်သျှူး၄က်ပျောနှင့် ဖရဲတင်ပို့နိုင်ခဲ့သော်လည်း ယခုနှစ် နိုဝင်ဘာလနောက်ဆုံးပတ်၌ RSS-3 ရော်ဘာ တန်ချိန် (၁၅၀) စတင် တင်ပို့လာနိုင်ခဲ့သည်။ လက်ရှိ RSS-3 ရော်ဘာ (၁) တန်လျှင် ၉၁၉၈ ယွမ်ဖြင့် တင်ပို့နိုင်ခဲ့ခြင်းဖြစ်ပြီး တစ်ဖက်နိုင်ငံဘက်၌ Quota (ကိုတာ) ခွဲတမ်းရရှိသောကုမ္ပဏီနှင့် မြန်မာဘက်မှ ရော်ဘာတင်ပို့သောကုမ္ပဏီတို့ ချိတ်ဆက်တင်ပို့ခြင်းဖြစ်ကြောင်း သိရှိရပါသည်။ ငွေလဲနှုန်းအနေဖြင့် ၁ ယွမ်လျှင် မြန်မာကျပ်ငွေ ၄၁၆ ကျပ်ရှိကြောင်း သတင်းရရှိသည်။

### ၃၀.၁၁.၂၀၂၂ ရက်နေ့ တိုင်းဒေသကြီးနှင့်ပြည်နယ် မြို့နယ်အလိုက် ဆန်၊ ဆီ၊ မီးဖိုချောင်သုံးပစ္စည်းများ၊ သားငါး၊ ရွှေ ဈေးနှုန်းများ

ရေတွက်ပုံ(ကျပ်)

| စဉ် | မြို့အမည် | ဆန်(တစ်ပြည်) | | ဆီ(တစ်ပိဿာ) | | စားဖိုဆောင်သုံး (တစ်ပိဿာ) | | | | | | | | | | | | အသား၊ ငါး(တစ်ပိဿာ) | | | | | ၁၆' ပဲရည်ရွှေ (တစ်ကျပ်သား) |
|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|
| | | ဧည့်မထ | ငစိန် | ပဲဆီ | စားအုန်းဆီ | ငရုတ်ခြောက် | ကြက်သွန်နီ | ကြက်သွန်ဖြူ(ရှမ်းစ) | ကြက်သွန်ဖြူ (ကြူကုတ်) | နနွင်းတက် | ချင်း | ဆား | မြေပဲ | ကုလားပဲဝါ | မန်ကျီးသီး | အာလူး | သကြား | ကြက် | ဝက် | အမဲ | ဆိတ် | ငါးမြစ်ချင်း | |
| ၁ | ၂ | ၃ | ၄ | ၅ | ၆ | ၇ | ၈ | ၉ | ၁၀ | ၁၁ | ၁၂ | ၁၃ | ၁၄ | ၁၅ | ၁၆ | ၁၇ | ၁၈ | ၁၉ | ၂၀ | ၂၁ | ၂၂ | ၂၃ | ၂၄ |
| ၁ | မြစ်ကြီးနား | ၂၁၀၀ | | ၁၄၀၀၀ | ၇၅၀၀ | ၂၀၀၀၀ | ၅၀၀၀ | ၄၅၀၀ | ၄၅၀၀ | ၃၀၀၀ | ၂၅၀၀ | ၁၀၀၀ | ၇၀၀၀ | ၅၀၀၀ | ၅၅၀၀ | ၂၃၀၀ | ၃၀၀၀ | ၁၂၀၀၀ | ၁၄၀၀၀ | ၁၅၀၀၀ | ၂၀၀၀၀ | ၁၂၀၀၀ | ၂၆၆၀၀၀၀ |
| ၂ | လားရှိုး | ၁၈၅၀ | ၁၇၀၀ | ၁၅၀၀၀ | ၈၀၀၀ | ၁၉၀၀၀ | ၅၀၀၀ | ၄၀၀၀ | ၄၅၀၀ | ၃၀၀၀ | ၂၀၀၀ | ၅၀၀ | ၇၅၀၀ | ၄၈၀၀ | ၄၅၀၀ | ၂၅၀၀ | ၂၅၀၀ | ၁၂၀၀၀ | ၁၈၀၀၀ | ၁၈၅၀၀ | ၂၈၀၀၀ | ၈၀၀၀ | ၂၅၆၅၀၀၀ |
| ၃ | ကျိုင်းတုံ | ၂၅၀၀ | | ၁၆၆၀၀ | ၇၅၀၀ | ၂၀၀၀၀ | ၅၀၀၀ | ၅၅၀၀ | ၅၅၀၀ | | ၂၅၀၀ | ၁၀၀၀ | ၆၅၀၀ | ၅၅၀၀ | ၄၀၀၀ | ၂၈၀၀ | ၃၀၀၀ | ၉၅၀၀ | ၂၀၀၀၀ | ၂၂၀၀၀ | | ၈၅၀၀ | ၂၆၅၀၀၀၀ |
| ၄ | တောင်ကြီး | ၂၁၅၀ | ၁၉၅၀ | ၁၃၀၀၀ | ၆၃၀၀ | ၂၀၀၀၀ | ၄၆၀၀ | ၄၀၀၀ | ၅၅၀၀ | ၃၅၀၀ | ၁၀၀၀ | ၆၀၀ | ၆၅၀၀ | ၄၈၀၀ | ၃၀၀၀ | ၃၀၀၀ | ၂၈၀၀ | ၁၅၀၀၀ | ၁၃၀၀၀ | ၁၄၀၀၀ | ၂၁၀၀၀ | ၈၅၀၀ | ၂၅၅၀၀၀၀ |
| ၅ | လွိုင်ကော် | ၂၉၅၀ | ၂၀၀၀ | ၁၃၀၀၀ | ၆၇၀၀ | ၁၄၀၀၀ | ၄၂၀၀ | ၄၂၀၀ | ၅၂၀၀ | ၄၃၀၀ | ၁၁၀၀ | ၄၀၀ | ၆၃၀၀ | ၄၀၀၀ | ၃၅၀၀ | ၂၃၀၀ | ၃၀၀၀ | ၁၂၀၀၀ | ၁၄၀၀၀ | ၁၅၀၀၀ | ၂၄၀၀၀ | ၈၀၀၀ | ၂၆၅၆၀၀၀ |
| ၆ | ဘားအံ | ၁၈၀၀ | | ၁၁၅၀၀ | ၇၂၀၀ | ၁၈၀၀၀ | ၅၀၀၀ | ၄၀၀၀ | ၄၅၀၀ | ၅၀၀၀ | ၂၅၀၀ | ၇၀၀ | ၆၈၀၀ | ၄၆၀၀ | ၄၀၀၀ | ၂၅၀၀ | ၂၈၀၀ | ၁၀၀၀၀ | ၁၄၀၀၀ | ၁၈၀၀၀ | ၂၃၀၀၀ | ၆၀၀၀ | ၂၆၅၅၀၀၀ |
| ၇ | မော်လမြိုင် | ၁၈၀၀(သစ်) | | ၁၃၅၀၀ | ၇၀၀၀ | ၂၀၀၀၀ | ၄၈၀၀ | ၅၀၀၀ | ၅၀၀၀ | ၃၅၀၀ | ၂၅၀၀ | ၆၀၀ | ၉၀၀၀ | ၅၀၀၀ | ၅၀၀၀ | ၂၅၀၀ | ၂၈၀၀ | ၁၂၀၀၀ | ၁၅၀၀၀ | ၁၅၀၀၀ | ၂၅၀၀၀ | ၆၅၀၀ | ၂၆၀၀၀၀၀ |
| ၈ | ထားဝယ် | ၂၃၀၀ | | ၁၆၀၀၀ | ၈၅၀၀ | ၁၈၀၀၀ | ၅၀၀၀ | ၅၀၀၀ | ၅၀၀၀ | ၄၅၀၀ | ၂၀၀၀ | ၆၀၀ | ၆၅၀၀ | ၅၂၀၀ | ၅၀၀၀ | ၃၀၀၀ | ၂၈၀၀ | ၁၂၀၀၀ | ၁၈၀၀၀ | ၁၆၀၀၀ | ၂၄၀၀၀ | | ၂၆၆၀၀၀၀ |
| ၉ | မြိတ် | ၂၀၀၀ | | ၁၄၀၀၀ | ၇၀၀၀ | ၁၉၀၀၀ | ၄၇၀၀ | ၅၂၀၀ | ၄၄၀၀ | ၄၅၀၀ | ၂၁၀၀ | ၈၀၀ | ၆၃၀၀ | ၃၈၀၀ | ၄၅၀၀ | ၃၂၀၀ | ၃၁၀၀ | ၁၀၀၀၀ | ၁၆၀၀၀ | ၁၅၀၀၀ | ၂၄၀၀၀ | | ၂၆၅၅၀၀၀ |
| ၁၀ | ရန်ကုန် | ၂၀၀၀ | ၁၈၀၀ | ၁၂၀၀၀ | ၄၉၀၀ | ၂၃၀၀၀ | ၅၄၀၀ | ၆၂၀၀ | ၅၂၀၀ | ၈၀၀၀ | ၃၀၀၀ | ၆၀၀ | ၆၅၀၀ | ၅၀၀၀ | ၆၀၀၀ | ၃၀၀၀ | ၃၀၀၀ | ၉၀၀၀ | ၁၅၀၀၀ | ၁၆၀၀၀ | ၂၇၀၀၀ | ၁၀၀၀၀ | ၂၅၃၀၀၀၀ |
| ၁၁ | ပုသိမ် | ၂၀၀၀ | | ၁၃၀၀၀ | ၅၇၀၀ | ၂၀၀၀၀ | ၄၄၀၀ | ၄၂၀၀ | ၄၂၀၀ | ၅၀၀၀ | ၂၅၀၀ | ၄၀၀ | ၇၅၀၀ | ၄၅၀၀ | ၅၀၀၀ | ၃၀၀၀ | ၂၅၀၀ | ၁၁၀၀၀ | ၁၄၀၀၀ | ၁၇၀၀၀ | ၂၅၀၀၀ | ၉၀၀၀ | ၂၆၀၀၀၀၀ |
| ၁၂ | စစ်တွေ | ၁၈၅၀ | ၁၇၅၀ | ၁၂၀၀၀ | ၇၅၀၀ | ၂၅၀၀၀ | ၆၀၀၀ | ၅၀၀၀ | ၆၀၀၀ | ၄၅၀၀ | ၃၃၀၀ | ၅၀၀ | ၉၀၀၀ | ၄၅၀၀ | ၄၅၀၀ | ၄၅၀၀ | ၃၀၀၀ | ၁၂၀၀၀ | ၂၀၀၀၀ | ၂၂၀၀၀ | ၂၅၀၀၀ | | ၂၆၈၀၀၀၀ |
| ၁၃ | ဟားခါး | ၃၂၀၀ | | ၁၈၀၀၀ | | ၁၈၀၀၀ | ၅၀၀၀ | ၅၀၀၀ | | | ၁၅၀၀ | ၁၀၀၀ | | ၅၀၀၀ | | ၃၀၀၀ | ၄၀၀၀ | ၁၂၅၀၀ | ၁၂၀၀၀ | ၁၀၀၀၀ | | ၉၀၀၀ | ၂၇၅၀၀၀၀ |
| ၁၄ | မုံရွာ | ၂၇၅၀ | | ၉၅၀၀ | ၅၇၀၀ | ၂၀၀၀၀ | ၄၃၀၀ | ၃၅၀၀ | ၆၀၀၀ | ၅၂၀၀ | ၁၆၀၀ | ၈၀၀ | ၅၃၀၀ | ၆၀၀၀ | ၄၃၀၀ | ၂၆၀၀ | ၃၂၀၀ | ၁၂၀၀၀ | ၁၆၀၀၀ | ၁၇၀၀၀ | ၂၆၀၀၀ | ၈၀၀၀ | ၂၅၉၀၀၀၀ |
| ၁၅ | မန္တလေး | ၂၀၅၀ | ၁၅၀၀ | ၁၂၀၀၀ | ၅၈၀၀ | ၂၀၀၀၀ | ၄၃၀၀ | ၄၀၀၀ | ၆၀၀၀ | ၄၅၀၀ | ၁၅၀၀ | ၆၀၀ | ၆၅၀၀ | ၅၀၀၀ | ၄၄၀၀ | ၂၅၀၀ | ၂၈၀၀ | ၁၂၀၀၀ | ၁၆၀၀၀ | ၁၆၀၀၀ | ၂၂၀၀၀ | ၈၀၀၀ | ၂၆၆၀၀၀၀ |
| ၁၆ | ပခုက္ကူ | ၂၂၀၀ | | ၉၅၀၀ | ၅၇၀၀ | ၁၉၀၀၀ | ၃၇၀၀ | ၅၂၀၀ | ၄၅၀၀ | ၆၀၀၀ | ၂၀၀၀ | ၅၅၀ | ၅၈၀၀ | ၅၄၀၀ | ၄၅၀၀ | ၂၄၀၀ | ၂၆၀၀ | ၁၄၀၀၀ | ၁၅၀၀၀ | ၁၄၀၀၀ | ၂၂၀၀၀ | ၆၀၀၀ | ၂၆၇၀၀၀၀ |
| ၁၇ | မကွေး | ၂၃၀၀ | | ၁၀၀၀၀ | ၅၉၀၀ | ၁၈၀၀၀ | ၅၀၀၀ | ၄၂၀၀ | ၄၇၀၀ | ၅၃၀၀ | ၂၂၀၀ | ၁၀၀၀ | ၆၃၀၀ | ၅၂၀၀ | ၄၃၀၀ | ၂၈၀၀ | ၂၈၀၀ | ၁၄၀၀၀ | ၁၆၀၀၀ | ၁၆၀၀၀ | ၂၂၀၀၀ | ၇၀၀၀ | ၂၆၆၀၀၀၀ |
| ၁၈ | ပြည် | 1800(သစ်) | | ၁၂၅၀၀ | ၅၈၀၀ | ၂၅၀၀၀ | ၄၄၀၀ | ၆၀၀၀ | ၄၀၀၀ | ၄၅၀၀ | ၁၇၀၀ | ၄၀၀ | ၆၀၀၀ | ၅၀၀၀ | ၄၀၀၀ | ၂၈၀၀ | ၂၃၀၀ | ၁၂၀၀၀ | ၁၃၀၀၀ | ၁၅၀၀၀ | ၂၅၀၀၀ | ၉၀၀၀ | ၂၇၅၀၀၀၀ |
| ၁၉ | ပဲခူး | 1800(သစ်) | | ၁၃၅၀၀ | ၆၀၀၀ | ၁၈၀၀၀ | ၄၈၀၀ | ၄၅၀၀ | ၄၀၀၀ | | ၂၀၀၀ | ၆၀၀ | ၅၈၀၀ | ၄၈၀၀ | ၅၀၀၀ | ၂၃၀၀ | ၂၇၀၀ | ၈၀၀၀ | ၁၂၀၀၀ | ၁၅၀၀၀ | ၂၅၀၀၀ | ၆၀၀၀ | ၂၆၇၀၀၀၀ |
| ၂၀ | ပျဉ်းမနား | ၂၁၀၀ | | ၁၂၀၀၀ | ၅၈၀၀ | ၁၅၀၀၀ | ၄၀၀၀ | ၄၂၀၀ | ၅၀၀၀ | ၄၀၀၀ | ၁၆၀၀ | ၅၀၀ | ၆၅၀၀ | ၄၆၀၀ | ၄၀၀၀ | ၂၄၀၀ | ၂၇၀၀ | ၁၂၀၀၀ | ၁၄၀၀၀ | ၁၃၀၀၀ | ၂၄၀၀၀ | ၈၀၀၀ | ၂၆၇၀၀၀၀ |
| ၂၁ | နေပြည်တော် | ၂၁၀၀ | | ၁၂၅၀၀ | ၅၈၀၀ | ၁၆၀၀၀ | ၄၂၀၀ | ၄၆၀၀ | ၅၅၀၀ | ၄၂၀၀ | ၁၈၀၀ | ၅၀၀ | ၆၈၀၀ | ၄၆၀၀ | ၄၂၀၀ | ၂၆၀၀ | ၂၇၀၀ | ၁၂၀၀၀ | ၁၄၀၀၀ | ၁၃၀၀၀ | ၂၄၀၀၀ | ၈၅၀၀ | ၂၆၇၀၀၀၀ |
| ၂၂ | ကလေး | ၂၅၀၀ | ၁၈၀၀ | ၁၁၀၀၀ | ၆၇၀၀ | | ၄၂၀၀ | ၄၀၀၀ | ၆၀၀၀ | | ၁၈၀၀ | ၇၀၀ | ၇၅၀၀ | ၅၀၀၀ | ၆၀၀၀ | ၃၀၀၀ | ၃၀၀၀ | ၁၂၀၀၀ | ၁၄၀၀၀ | ၁၄၀၀၀ | ၂၄၀၀၀ | ၆၀၀၀ | ၂၇၅၀၀၀၀ |

မှတ်ချက်။ (၁) ပဲဆီ တစ်ပိဿာလျှင် ထားဝယ်တွင် ကျပ် ၁၀၀၀၊ စားအုန်းဆီ တစ်ပိဿာလျှင် လားရှိုးနှင့် မော်လမြိုင်တွင် ကျပ် ၅၀၀၊ ကြက်သွန်နီ တစ်ပိဿာလျှင် မော်လမြိုင်၊ ပုသိမ်နှင့် စစ်တွေတွင် ကျပ် ၂၀၀၊ ပျဉ်းမနားနှင့် နေပြည်တော်တွင် ကျပ် ၄၀၀၊ ကြက်သွန်ဖြူ(ရှမ်းစ) တစ်ပိဿာလျှင် မြိတ်နှင့် ပုသိမ်တွင် ကျပ် ၂၀၀၊ (ကြူကုတ်စ) တစ်ပိဿာလျှင် ပုသိမ်တွင် ကျပ် ၂၀၀၊ ချင်း တစ်ပိဿာလျှင် စစ်တွေတွင် ကျပ် ၁၀၀၊ မြေပဲဆံ တစ်ပိဿာလျှင် မြစ်ကြီးနားနှင့် ကျိုင်းတုံတွင် ကျပ် ၅၀၀၊ စစ်တွေတွင် ကျပ် ၂၀၀၊ ကုလားပဲဝါ တစ်ပိဿာလျှင် မြစ်ကြီးနားတွင် ကျပ် ၂၀၀၊ ကြက်သား တစ်ပိဿာလျှင် ထားဝယ်တွင် ကျပ် ၂၀၀၀၊ အမဲသား တစ်ပိဿာလျှင် စစ်တွေတွင် ကျပ် ၁၀၀၀ ဈေးတက်ခဲ့ပါသည်။

(၂) ငရုတ်ခြောက် တစ်ပိဿာလျှင် မော်လမြိုင်တွင် ကျပ် ၂၀၀၀၊ ကြက်သွန်နီ တစ်ပိဿာလျှင် တောင်ကြီးတွင် ကျပ် ၂၀၀၊ ကြက်သွန်ဖြူ(ရှမ်းစ) တစ်ပိဿာလျှင် ကျိုင်းတုံတွင် ကျပ် ၅၀၀၊ (ကြူကုတ်စ) တစ်ပိဿာလျှင် ကျိုင်းတုံတွင် ကျပ် ၅၀၀၊ မြိတ်တွင် ကျပ် ၂၀၀၊ အာလူး တစ်ပိဿာလျှင် မော်လမြိုင်တွင် ကျပ် ၃၀၀ ဈေးကျခဲ့ပါသည်။

သတင်းအရင်းအမြစ် – စီးပွား/ကူးသန်း

# ကိုဗစ်-၁၉ ရောဂါ ဓာတ်ခွဲအတည်ပြုလူနာသစ် ၂၈ ဦး တွေ့ရှိ

## ယနေ့တွင် ကိုဗစ်-၁၉ ရောဂါဖြင့် သေဆုံးသူ မရှိ

**(၃၀-၁၁-၂၀၂၂) ရက်နေ့၊ ည (၈:၀၀) နာရီ**

ကျန်းမာရေးဝန်ကြီးဌာနသည် ကိုဗစ်-၁၉ သံသယလူနာများ၊ ဓာတ်ခွဲအတည်ပြုလူနာနှင့် အနီးကပ်ထိတွေ့ခဲ့သူများနှင့် အသွားအလာကန့်သတ်ထားရှိသူများအား COVID-19 ရောဂါ ရှိ၊ မရှိ ဓာတ်ခွဲစစ်ဆေးခြင်း ပုံမှန်ဆောင်ရွက်လျက်ရှိပြီး (၂၉-၁၁-၂၀၂၂) ရက်နေ့၊ ည (၈:၀၀) နာရီမှ (၃၀-၁၁-၂၀၂၂) ရက်နေ့၊ ည (၈:၀၀) နာရီအတွင်း ဓာတ်ခွဲနမူနာစုစုပေါင်း (၇,၉၄၁) ခုအား စစ်ဆေးပြီးစီးခဲ့ရာ ကိုဗစ်-၁၉ ရောဂါ ဓာတ်ခွဲအတည်ပြုလူနာသစ် (၂၈) ဦး တွေ့ရှိရသဖြင့် ရောဂါပိုးတွေ့ရှိမှု ရာခိုင်နှုန်းမှာ (၀.၃၅) ရာခိုင်နှုန်း ရှိပါသည်။

သို့ဖြစ်ပါ၍ ယနေ့အထိ ဓာတ်ခွဲနမူနာစုစုပေါင်း (၉,၆၆၅,၈၈၇) ခုအား စစ်ဆေးခဲ့ပြီး ကိုဗစ်-၁၉ ဓာတ်ခွဲအတည်ပြုလူနာ စုစုပေါင်း (၆၃၃,၂၄၅) ဦး ရှိပြီဖြစ်ပါသည်။

ဓာတ်ခွဲအတည်ပြုလူနာများအား နေအိမ်တွင်သီးခြားထားရှိခြင်းနှင့် ဆေးရုံများတွင် သီးခြားထားရှိကုသမှုပေးခြင်းများ ဆောင်ရွက်ခဲ့ရာ ယနေ့တွင် ပြန်လည်ကောင်းမွန်လာသူ (၃၅) ဦး ရှိသဖြင့် ယနေ့အထိ ပြန်လည်ကောင်းမွန်လာသူ စုစုပေါင်း (၆၀၇,၇၆၀) ဦး ရှိပြီဖြစ်ပါသည်။ ယနေ့တွင် ကိုဗစ်-၁၉ ရောဂါဖြင့် သေဆုံးသူ မရှိပါသဖြင့် ယနေ့အထိ သေဆုံးသူစုစုပေါင်း (၁၉,၄၈၈) ဦး ရှိပါသည်။

ကိုဗစ်-၁၉ ရောဂါ ကာကွယ်ထိန်းချုပ်ရေးအတွက် တိုင်းဒေသကြီး/ပြည်နယ်များတွင် ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေးကို ဦးတည်အုပ်စုများသတ်မှတ်၍ ထိုးနှံပေးလျက်ရှိရာ (၂၉-၁၁-၂၀၂၂) ရက်နေ့အထိ အသက် (၁၈) နှစ်နှင့်အထက် လူဦးရေစုစုပေါင်း (၃၀,၇၇၁,၃၉၅) ဦး နှင့် အသက် (၁၈) နှစ်အောက် လူဦးရေစုစုပေါင်း (၆,၇၆၄,၂၈၇) ဦး တို့အား ထိုးနှံထားရှိပြီး ဖြစ်ပါသည်။

**ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေးထိုးနှံပြီးစီးမှု**
**(၂၉-၁၁-၂၀၂၂ ရက်နေ့အထိ)**

| | |
|---|---|
| အသက် (၁၈) နှစ်နှင့်အထက် ထိုးနှံထားသည့် လူဦးရေစုစုပေါင်း | ၃၀,၇၇၁,၃၉၅ |
| အသက် (၁၈) နှစ်အောက် ထိုးနှံထားသည့် လူဦးရေစုစုပေါင်း | ၆,၇၆၄,၂၈၇ |

ယခုအခါ ကိုဗစ်-၁၉ ကမ္ဘာ့ကပ်ရောဂါသည် ကမ္ဘာတစ်ဝန်းလုံးတွင် ဖြစ်ပွား၊ သေဆုံးမှုအနေဖြင့် လျော့နည်းကျဆင်းလာလျက်ရှိပြီး မြန်မာနိုင်ငံတွင်လည်း ကျန်းမာရေးဝန်ကြီးဌာန၏ ကိုဗစ်-၁၉ ရောဂါစောင့်ကြပ်ကြည့်ရှုခြင်းလုပ်ငန်းစဉ်မှ နေ့စဉ်ဓာတ်ခွဲစစ်ဆေးမှုများ၌ ရောဂါပိုးတွေ့ရှိမှုအနေဖြင့် (၁၅) ရက်ဆက်တိုက် (၁) ရာခိုင်နှုန်းအောက်သို့ ကျဆင်းလျက်ရှိကြောင်း တွေ့ရှိရပါသည်။

သုတေသနတွေ့ရှိချက်များအရ ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေး ထိုးနှံထားသူများတွင် ရောဂါပြင်းထန်မှု၊ ဆေးရုံတက်ရောက်ကုသခံယူရမှုနှင့် သေဆုံးမှုတို့ကို လျှော့ချနိုင်ပြီး ထပ်ဆောင်းကာကွယ်ဆေး ထိုးနှံထားခြင်းဖြင့် ရောဂါပြင်းထန်မှု၊ ဆေးရုံတက်ရောက်ကုသခံရမှုနှင့် သေဆုံးမှုတို့ကို ပိုမိုလျှော့ချနိုင်ကြောင်းကို တွေ့ရှိရပါသည်။

သို့ဖြစ်ပါ၍ ပြည်သူလူထုအနေဖြင့် ကိုဗစ်-၁၉ ရောဂါနှင့်အတူယှဉ်တွဲပြီး (Living with COVID) နေထိုင်ရာတွင် နေထိုင်မှုပုံစံသစ် (New Normal) နည်းလမ်းအား လိုက်နာ၍ နေထိုင်ရမည်ဖြစ်သဖြင့်-

- အသက် (၅) နှစ်နှင့်အထက် ပြည်သူများအားလုံးသည် ကျန်းမာရေးဝန်ကြီးဌာနမှ အခမဲ့ထိုးနှံပေးလျက်ရှိသော ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေးကို အကြိမ်ပြည့်ထိုးနှံခြင်းနှင့် ကာကွယ်ဆေးထိုးနှံပြီး (၆) လ ပြည့်ပြီးပါက ထပ်ဆောင်းကာကွယ်ဆေးများ ထိုးနှံခြင်းတို့ကို နီးစပ်ရာကျန်းမာရေးဌာနများ၊ ကျေးရွာ/ရပ်ကွက်အုပ်ချုပ်ရေးမှူးရုံးများနှင့် ဆက်သွယ်၍ မပျက်မကွက်ခံယူကြရန်၊
- အလုံပိတ်အခန်းများ၊ လူထူထပ်သောနေရာများ၊ အများပြည်သူနှင့်သက်ဆိုင်သော နေရာများ၌ ရှိနေစဉ် ပါးစပ်နှင့်နှာခေါင်းစည်းကို စနစ်တကျတပ်ဆင်ရန်၊
- အလုံပိတ်အခန်း၌ လူတစ်ဦးထက်ပို၍ ရှိနေစဉ် လေဝင်/လေထွက်ကောင်းမွန်စေရေးအတွက် ဖြစ်နိုင်ပါက ပြတင်းပေါက်များအား ဖွင့်ထားရန်၊
- လက်ကို ဆပ်ပြာ၊ ရေ (သို့မဟုတ်) အယ်လ်ကိုဟော (အနည်းဆုံး ၆၀ ရာခိုင်နှုန်း) ပါဝင်သော လက်သန့်ဆေးရည်ဖြင့် စက္ကန့် (၂၀) ကြာ မကြာခဏ ဆေးကြောရန်၊
- လူတစ်ဦးနှင့်တစ်ဦး ခပ်ခွာခွာနေရန်၊
- တတ်နိုင်သမျှ လူစုလူဝေးရှောင်ကြဉ်ရန်၊
- ပါးစပ်နှင့်နှာခေါင်းစည်း တပ်ဆင်မထားချိန်၌ ချောင်းဆိုး၊ နှာချေလျှင် တံတောင်ဆစ်ကွေးနှင့် အုပ်၍ ချောင်းဆိုး၊ နှာချေခြင်း စသည့်တစ်ကိုယ်ရေကာကွယ်ရေးနည်းလမ်းများကို ဆက်လက်လိုက်နာကြပါရန် တိုက်တွန်းနှိုးဆော်အပ်ပါသည်။

ကိုဗစ်-၁၉ ရောဂါဆိုင်ရာ သတင်းအချက်အလက်များကို ကျန်းမာရေးဝန်ကြီးဌာန၏ အင်တာနက်စာမျက်နှာ moh.gov.mm တွင် ဝင်ရောက်ကြည့်ရှုနိုင်ပါသည်။

**ကျန်းမာရေးဝန်ကြီးဌာန**

**ကိုဗစ် - ၁၉ ရောဂါ ကာကွယ်ဆေးအကြိမ်ပြည့်ထိုးနှံမှု ခံယူခြင်းနှင့် ထပ်ဆောင်းကာကွယ်ဆေးများ ထိုးနှံမှုခံယူခြင်းဖြင့် ရောဂါကူးစက်ခံရမှု၊ ရောဂါပြင်းထန်စွာခံစားရမှုနှင့် ရောဂါကြောင့် သေဆုံးရမှုတို့ကို ထိရောက်စွာလျှော့ချနိုင်ပါ၍ ကာကွယ်ဆေးထိုးနှံမှု မပျက်မကွက်ခံယူကြပါရန် တိုက်တွန်းအပ်ပါသည်။**

## ရန်ကုန်မြို့နှင့် မန္တလေးမြို့အတွက် ရည်ညွှန်းလက်ကားဈေးနှုန်းများနှင့် ပြည်ထောင်စုနယ်မြေ နေပြည်တော်၊ တိုင်းဒေသကြီး/ ပြည်နယ် မြို့တော်များအတွက် ရည်ညွှန်းလက်လီဈေးနှုန်းများ

၁-၁၂-၂၀၂၂ ကျပ်/လီတာ

| Fuel (လက်လီဈေးနှုန်း) | ရန်ကုန် | မန္တလေး | နေပြည်တော် | ပဲခူး | မကွေး | ထားဝယ် | မုံရွာ | ပုသိမ် | မြစ်ကြီးနား | စစ်တွေ | ဘားအံ | မော်လမြိုင် | လားရှိုး | တောင်ကြီး | လွိုင်ကော် | ဟားခါး | ကျိုင်းတုံ |
|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|
| 92 Ron | ၁၉၆၅ | ၂၀၁၀ | ၂၀၀၅ | ၁၉၇၀ | ၂၀၁၀ | ၂၀၃၀ | ၂၀၁၅ | ၁၉၉၅ | ၂၀၉၀ | ၂၁၀၅ | ၂၀၀၀ | ၂၀၁၀ | ၂၀၄၅ | ၂၀၄၅ | ၂၀၅၀ | ၂၂၆၅ | ၂၉၂၀ |
| 95 Ron | ၂၀၄၀ | ၂၀၉၀ | ၂၀၈၅ | ၂၀၅၀ | ၂၀၈၅ | ၂၁၀၀ | ၂၀၉၅ | ၂၀၇၀ | ၂၁၆၅ | ၂၁၈၀ | ၂၀၈၀ | ၂၀၉၅ | ၂၁၂၀ | ၂၁၂၀ | ၂၁၂၅ | ၂၃၄၅ | ၃၀၀၀ |
| HSD (500 ppm) | ၂၃၈၀ | ၂၄၂၅ | ၂၄၂၀ | ၂၃၉၀ | ၂၄၂၅ | ၂၄၅၀ | ၂၄၄၅ | ၂၄၁၀ | ၂၅၂၅ | ၂၅၂၀ | ၂၄၂၀ | ၂၄၂၅ | ၂၄၆၀ | ၂၄၆၀ | ၂၄၆၅ | ၂၆၈၅ | ၃၆၄၀ |
| HSD (50 ppm) | ၂၄၅၅ | ၂၅၀၀ | ၂၅၀၀ | ၂၄၆၅ | ၂၅၀၀ | ၂၅၂၅ | ၂၅၂၀ | ၂၄၈၅ | ၂၆၀၀ | ၂၅၉၅ | ၂၄၉၅ | ၂၅၀၅ | ၂၅၃၅ | ၂၅၄၀ | ၂၅၄၀ | ၂၇၆၀ | ၃၆၆၅ |
| HSD (10 ppm) | ၂၄၅၅ | ၂၅၀၀ | ၂၅၀၀ | ၂၄၆၅ | ၂၅၀၀ | ၂၅၂၅ | ၂၅၂၀ | ၂၄၈၅ | ၂၆၀၀ | ၂၅၉၅ | ၂၄၉၅ | ၂၅၀၅ | ၂၅၃၅ | ၂၅၄၀ | ၂၅၄၀ | ၂၇၆၀ | ၃၆၆၅ |

ကျပ်/လီတာ

| Fuel (လက်ကားဈေးနှုန်း) | ရန်ကုန် | မန္တလေး |
|---|---|---|
| 92 Ron | ၁၈၆၆ | ၁၉၃၇ |
| 95 Ron | ၁၉၄၁ | ၂၀၁၃ |
| HSD (500 ppm) | ၂၂၇၁ | ၂၃၄၅ |
| HSD (50 ppm) | ၂၃၄၄ | ၂၄၂၁ |
| HSD (10 ppm) | ၂၃၄၄ | ၂၄၂၁ |

မှတ်ချက်။ (၁) MOPS ဈေးနှုန်းပေါ်တွင် အခြေခံတွက်ချက်ထားခြင်းဖြစ်ပါသည်။

(၂) သုံးစွဲသူ မိဘပြည်သူများအနေဖြင့် စက်သုံးဆီများဝယ်ယူသုံးစွဲရာတွင် ကျေနပ်မှုမရှိပါက ကော်မတီ၏ အောက်ဖော်ပြပါ ဖုန်းနံပါတ်များသို့ လုံခြုံစိတ်ချစွာဖြင့် သတင်းပေးတိုင်ကြားနိုင်ပါကြောင်း အသိပေးအပ်ပါသည်-

၀၆၇- ၄၁၀၉၈၈၁၊ ၀၉-၆၉၉၆၁၁၁၁၆

၀၆၇- ၄၁၁၁၂၉၊ ၀၉-၄၄၀၄၃၃၅၃၃

စက်သုံးဆီတင်သွင်းသိုလှောင်ဖြန့်ဖြူးခြင်းလုပ်ငန်းကြီးကြပ်ရေးကော်မတီ

# ဘားအံမြို့ တောင်ဝိုင်းမင်္ဂလာဈေး (ဈေးရုံ) ပန္နက်တင်မင်္ဂလာအခမ်းအနားကျင်းပ

**ဘားအံ နိုဝင်ဘာ ၃၀**

ကရင်ပြည်နယ် ဘားအံမြို့ တောင်ကလေး တိုးချဲ့မြို့ပြအိမ်ရာစီမံကိန်း၊ တောင်ဝိုင်း မင်္ဂလာဈေး (ဈေးရုံ) ပန္နက်တင်မင်္ဂလာအခမ်းအနားကို ယနေ့ နံနက် ၈ နာရီက အဆိုပါဈေးရုံ တည်ဆောက်မည့်မြေနေရာ၌ ကျင်းပသည်။

အခမ်းအနားတွင် ကရင်ပြည်နယ်ဝန်ကြီးချုပ် ဦးစောမြင့်ဦး၊ ပြည်နယ်တရားလွှတ်တော် တရားသူကြီးချုပ် ဒေါ်ခင်ဆွေထွန်း၊ ပြည်နယ်သယံဇာတရေးရာဝန်ကြီး ဦးဇော်ဝင်း၊ ပြည်နယ်အစိုးရအဖွဲ့ဝင်များနှင့် ပြည်နယ်စည်ပင်သာယာရေးအဖွဲ့ ညွှန်ကြားရေးမှူး သူရမြင့်သူတို့က သတ်မှတ်နေရာအသီးသီးတွင် မင်္ဂလာပန္နက်တိုင်များအား ကိုးကြိမ်စီ ရိုက်သွင်းခဲ့ကြပြီး အမွှေးနံ့သာရည်များ ပက်ဖျန်းပေးကြသည်။

ဘားအံမြို့ တောင်ကလေးတိုးချဲ့မြို့ပြအိမ်ရာစီမံကိန်း၊ တောင်ဝိုင်း မင်္ဂလာဈေး(ဈေးရုံ) ကို ခွင့်ပြုရန်ပုံငွေကျပ် ၁၁၉ ဒသမ ၀၀၂ သန်းဖြင့် အလျား ၉၂ ပေ၊ အနံ ၅၂ ပေ၊ အမြင့် ၂၈ ပေ ၆ လက်မရှိ ဆိုင်ခန်းပေါင်း ၇၂ ခန်းပါဝင်သော Steel Structure အမျိုးအစား ဈေးရုံတစ်ရုံ၊ အများသုံး သန့်စင်ခန်းနှစ်လုံး၊ Pumphouse၊ အဝီစိတွင်းတစ်တွင်း၊ ဂါလန် ၁၀၀၀ ဆံ့ ရေကန်တစ်လုံးတို့ ပါဝင်ပြီး ၂၀၂၃ ခုနှစ် ဇန်နဝါရီလကုန်တွင် အပြီး တည်ဆောက်သွားမည်ဖြစ်သည်။

ဆက်လက်၍ ပြည်နယ်ဝန်ကြီးချုပ်နှင့် တာဝန်ရှိသူများသည် ဘားအံမြို့ တောင်ကလေး တိုးချဲ့မြို့ပြအိမ်ရာစီမံကိန်း(၉၂၈ ဒသမ ၉၃ ဧက)အတွင်း မြို့ကွက်ဖော်ဆောင်ထားမှု၊ တစ်ကြောင်းထိုးမြေသားလမ်းနှင့် ရေမြောင်းတူးဖော်ဆောင်ရွက်ထားမှုကို လှည့်လည်ကြည့်ရှုစစ်ဆေးပြီး သတ်မှတ်စံနှုန်းများနှင့်အညီ အမြန်ဆုံးပြီးစီးနိုင်ရေး မှာကြားသည်။

ယင်းနောက် ပြည်နယ်ဝန်ကြီးချုပ်နှင့်အဖွဲ့သည် ဘားအံမြို့နယ် လှာကမြင်ကျေးရွာအုပ်စု ရသဝေါ်အင်းနှင့် ပါရမီလူကူးတံတားတို့ကို



အများပြည်သူ လမ်းလျှောက်အားကစား ကျန်းမာရေးလေ့ကျင့်ခန်းများ ဆောင်ရွက်နိုင်ပြီး အနားယူအပန်းဖြေနိုင်သည့် နေရာတစ်ခုအဖြစ် ဖန်တီးဆောင်ရွက်နိုင်ရေး ကွင်းဆင်းကြည့်ရှုစစ်ဆေးပြီး လိုအပ်သည်များ မှာကြားသည်။

**သတင်းစဉ်**

# ၂၀၂၂-၂၀၂၃ ခုနှစ် ငါးမဖမ်းရရာသီ၊ ငါးမဖမ်းရဧရိယာသတ်မှတ်ခြင်းနှင့် ပင်လယ်ငါးလုပ်ငန်းဆိုင်ရာစည်းဝေး

**နေပြည်တော် နိုဝင်ဘာ ၃၀**

၂၀၂၂-၂၀၂၃ ခုနှစ် ငါးမဖမ်းရရာသီ၊ ငါးမဖမ်းရဧရိယာ သတ်မှတ်ခြင်းနှင့် ပင်လယ်ငါးလုပ်ငန်းဆိုင်ရာအစည်းအဝေးကို ယမန်နေ့ မွန်းလွဲပိုင်းက စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ပြည်ထောင်စု ဝန်ကြီးရုံး အစည်းအဝေးခန်းမ၌ ကျင်းပသည်။

အစည်းအဝေးသို့ ဒုတိယဝန်ကြီး ဒေါက်တာအောင်ကြီး၊ တိုင်းဒေသကြီး ပြည်နယ်အစိုးရအဖွဲ့များမှ ကိုယ်စားလှယ်များ၊ ဆက်စပ်ဝန်ကြီးဌာနများ၊ တပ်မတော် (ရေ) နှင့် မြန်မာနိုင်ငံ ရေကြောင်းရဲတပ်ဖွဲ့တို့မှ တာဝန်ရှိသူများ၊ ငါးလုပ်ငန်းဆိုင်ရာ အကြံပေးပုဂ္ဂိုလ်များနှင့် ပညာရှင်များ၊ မြန်မာနိုင်ငံ ငါးလုပ်ငန်းအဖွဲ့ချုပ်မှ တာဝန်ရှိသူများ၊ တိုင်းဒေသကြီး၊ ပြည်နယ် ငါးလုပ်ငန်းဦးစီးဌာနမှူးများ၊ ငါးလုပ်ငန်းအဖွဲ့ချုပ်များနှင့် ငါးလုပ်ငန်းအသင်းအဖွဲ့များမှ တာဝန်ရှိသူများ တက်ရောက်ကြသည်။





အစည်းအဝေးတွင် ဒုတိယဝန်ကြီး ဒေါက်တာအောင်ကြီးက ယနေ့အစည်းအဝေးတွင် သက်ဆိုင်ရာ နယ်ပယ်အသီးသီးမှ တာဝန်ရှိသူများ၊ ပညာရှင်များ၏ ဆွေးနွေးတင်ပြချက်များနှင့် သုတေသနရလဒ်တွေ့ရှိချက်များကို နှိုင်းယှဉ်သုံးသပ်ပြီး ၂၀၂၂-၂၀၂၃ ခုနှစ်အတွက် ငါးမဖမ်းရရာသီနှင့် ငါးမဖမ်းရဧရိယာ သတ်မှတ်ခြင်းကို ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း၊ အလားတူ ငါးမဖမ်းရရာသီအတွင်း ကြီးကြပ်စစ်ဆေးမည့် ကြီးကြပ်စစ်ဆေးရေးအဖွဲ့ဖွဲ့စည်းနိုင်ရေး ဝိုင်းဝန်း ဆွေးနွေးကြစေလိုကြောင်း၊ လက်ရှိတွင် တနင်္သာရီတိုင်းဒေသကြီး ရေလုပ်ငန်းရှင်များက ၎င်းတို့၏ ရေထွက်ပစ္စည်းများ ပြည်ပတင်ပို့မှု အပေါ်မှ ဝ ဒသမ ၅ ရာခိုင်နှုန်းကို သုတေသနရန်ပုံငွေအဖြစ်ထည့်ဝင်ပြီး ငါးလုပ်ငန်းဦးစီးဌာန၊ မွေးမြူရေး သုတေသနဦးစီးဌာနနှင့် တနင်္သာရီတိုင်းဒေသကြီး အစိုးရအဖွဲ့တို့ ပူးပေါင်း၍ တနင်္သာရီတိုင်းဒေသကြီးအတွင်း ငါးလုပ်ငန်း ဖွံ့ဖြိုးရေးသုတေသနလုပ်ငန်းနှင့် ငါး၊ ပုစွန်မွေးမြူရေးလုပ်ငန်းကို အထောက်အကူပြုမည့် သုတေသနလုပ်ငန်းများ ဆောင်ရွက်လျက်ရှိရာ ငါးသယံဇာတအရင်းအမြစ်ကို ဖမ်းဆီးထုတ်ယူခြင်းအပြင် မွေးမြူထုတ်လုပ်မှု ဖွံ့ဖြိုးလာရေးအတွက် ပူးပေါင်းဆောင်ရွက်ကြရန် တိုက်တွန်းပါကြောင်း ပြောကြားသည်။ (ဝဲပုံ)

ပင်လယ်ပြင်ပိုင်ဆိုင်သော နိုင်ငံများအနေဖြင့် မိမိနိုင်ငံ၏ရေပြင်အတွင်းရှိ ငါးသယံဇာတအရင်းအမြစ်များ ရေရှည်တည်တံ့စေရန်နှင့် စဉ်ဆက်မပြတ်ဖမ်းဆီးထုတ်လုပ်နိုင်ရန် သုတေသနနှင့် လက်တွေ့နယ်ပယ်များ၏ တွေ့ရှိချက်များကို အခြေခံကာ အားလုံးပူးပေါင်းပါဝင်သော စီမံခန့်ခွဲမှုများ ဆောင်ရွက်လျက်ရှိသည်။

**သတင်းစဉ်**

# “တူယှဉ်နွဲပျော်ဂီတပွဲတော်” သီချင်းဆိုပြိုင်ပွဲ Season-2 ပွဲစဉ် (၁၄) ဒုတိယအဆင့်(Level -2) ပြိုင်ပွဲကို မြန်မာ့ရုပ်မြင်သံကြားမှ တိုက်ရိုက် Live ပြသမည်

**နေပြည်တော် နိုဝင်ဘာ ၃၀**

(၇၅) နှစ်မြောက် စိန်ရတုလွတ်လပ်ရေးနေ့ကို ကြိုဆိုဂုဏ်ပြုသောအားဖြင့် “တူယှဉ်နွဲပျော်ဂီတပွဲတော်” Season-2 သီချင်းဆိုပြိုင်ပွဲကို ရန်ကုန်မြို့ ပြည်လမ်းရှိ မြန်မာ့အသံနှင့် ရုပ်မြင်သံကြားတွင် စက်တင်ဘာ ၂ ရက်နေ့မှစတင်ပြီး ပွဲစဉ်(၁၈)ပွဲဖြင့် အပတ်စဉ်သောကြာနေ့ညတိုင်း ကျင်းပလျက်ရှိရာ ဒီဇင်ဘာ ၃၀ ရက်နေ့အထိ ဆက်လက်ကျင်းပမည်ဖြစ်သည်။

အဆိုပါပြိုင်ပွဲများတွင် အကဲဖြတ်ဒိုင်များအဖြစ် ထပ်ဆင့်အကယ်ဒမီချိုပြုံး၊ စန္ဒရား မျိုးနိုင်နှင့် တေးသံရှင်ခိုင်ဝါတို့ကလည်းကောင်း၊ သရုပ်ဆောင်/တေးသံရှင်များ ဖြစ်ကြသည့် ဝေလျှံနှင့်သဥ္ဇာမြင့်မိုရ်တို့က အစီအစဉ်တင်ဆက်သူများအဖြစ် လည်းကောင်း ဆက်လက် ဆောင်ရွက်ကြမည်ဖြစ်သည်။

ယင်းပြိုင်ပွဲသို့ နေပြည်တော်၊ တိုင်းဒေသကြီးနှင့် ပြည်နယ်များမှ ရွေးချယ်ထားသည့် ပြိုင်ပွဲဝင် သုံးဦးစီဖြင့် စုစုပေါင်း ၄၅ ဦး ပါဝင်ယှဉ်ပြိုင်ခဲ့ကြရာမှ ပြိုင်ပွဲ၏ ဒုတိယအဆင့် (Level-2) တွင် ယှဉ်ပြိုင်ရန် ပြိုင်ပွဲဝင် ၁၀ ဦးအား ဦးစွာရွေးချယ်ခဲ့ပြီး ဆက်လက်ယှဉ်ပြိုင်ရန် ထပ်မံရွေးချယ်ခဲ့ရာ ပြိုင်ပွဲဝင် ခုနစ်ဦး ပေါ်ထွက်လာပြီဖြစ်၍ ဒီဇင်ဘာ ၂ ရက်နေ့ သောကြာနေ့ညတွင် ပွဲစဉ် (၁၄) အဖြစ် ပြဇာတ်တေးသီချင်းများဖြင့် သီဆိုယှဉ်ပြိုင်ကြမည် ဖြစ်သည်။




အဆိုပါ ပြိုင်ပွဲ၏ ဒုတိယအဆင့် (Level-2) မှစ၍ အကဲဖြတ်ဒိုင်များ၏ အမှတ်ပေးမှု ၃၀ ရာခိုင်နှုန်းနှင့် ပရိသတ်များ၏ SMS Voting ဖြင့် ပေးပို့မှု ၇၀ ရာခိုင်နှုန်း သတ်မှတ်ထားရှိရာ ပရိသတ်များအနေဖြင့် ပြိုင်ပွဲဝင်များဖြစ်ကြသော ချင်းပြည်နယ်မှ မြင့်မြတ်သူ (MF02)၊ ရန်ကုန်တိုင်းဒေသကြီးမှ ထွန်းပပအောင် (MF03)၊ ပဲခူးတိုင်းဒေသကြီးမှ လျှမ်းထက်ကို (MF05)၊ ကရင်ပြည်နယ်မှ ချိုသဲဦး (MF06)၊ ကချင်ပြည်နယ်မှ လလဆွတ် (MF07)၊ နေပြည်တော်မှ ပူတူး (MF09) နှင့် ဧရာဝတီတိုင်းဒေသကြီးမှ စိုးထက်အောင် (MF010) တို့အား SMS အကန့်အသတ်မရှိ ပေးပို့နိုင်မည်ဖြစ်ကြောင်းနှင့် ယင်းတို့၏ သီဆိုယှဉ်ပြိုင်ကြပုံများကို လာမည့် ဒီဇင်ဘာ ၂ ရက် သောကြာနေ့ည (၉) နာရီခန့်တွင် MRTV – HD မှ တိုက်ရိုက် Live ရိုက်ကူး ထုတ်လွှင့်သွားမည်ဖြစ်ပြီး ဒီဇင်ဘာ ၄ ရက် တနင်္ဂနွေနေ့ နံနက် ၁၀ နာရီခန့်တွင် ပြန်လည်ပြသမည် ဖြစ်ကြောင်းသိရသည်။

**သတင်းစဉ်**

# “နိပါတ်တော်လာ ဇာတ်သဘင်မဟာ အစီအစဉ်” မှ “မဟောသဓာ သားတရားစီရင်ခန်း” ဇာတ်တော်ကို မြန်မာ့ရုပ်မြင်သံကြား၌ ပြသမည်

**နေပြည်တော် နိုဝင်ဘာ ၃၀**

မိဘပြည်သူများ ဇာတ်သဘင် ဖျော်ဖြေတင်ဆက်မှုဖြင့် စိတ်အပန်းပြေစေရန်၊ လူငယ်လူရွယ်များ ဗုဒ္ဓဝင်ဇာတ်နိပါတ်တော်များ အကြောင်း သိရှိနားလည်ပြီး အသိပညာဗဟုသုတ ရရှိနိုင်ရန်နှင့် သဘင်ပညာရှင်များ၏ အနုပညာစွမ်းရည်များ ဖော်ထုတ်ပြသနိုင်ရန် ရည်ရွယ်ချက်များဖြင့် “နိပါတ်တော်လာ ဇာတ်သဘင် မဟာအစီအစဉ်” ဆန်းသစ်တင်ဆက်မှုကို အောက်တိုဘာ ၂၂ ရက်မှ စတင်၍ အပတ်စဉ်စနေနေ့ ညတိုင်း မြန်မာ့အသံနှင့် ရုပ်မြင်သံကြား၏ MRTV–HD Channel မှ ထုတ်လွှင့်ပြသလျက်ရှိသည်။

အဆိုပါ အစီအစဉ်မှ “မဟောသဓာ သားတရားစီရင်ခန်း” ဇာတ်တော်ကို သဘင်ပညာရှင် ပတ္တမြားကေခိုင်စီစဉ်ပြီး Art Director ဆန်းမင်း၏အနုပညာ ဖန်တီးမှု၊ ရွှာစားဝါးခယ်မစိန်မုန့်လုံး၏တီးခတ်မှုနှင့်အတူ ဘွန်း၊ ဆန်းနေအောင်၊ ချက်ပေါက်၊ ချမ်းချမ်းမိုး၊ စန္ဒာလင်း၊ သဒ္ဒါသိမ့်တို့နှင့်အတူ သဘင်ပညာရှင်များ၊ အနုပညာရှင်များက ပါဝင်တင်ဆက်ကြမည် ဖြစ်သည်။

ထိုသို့တင်ဆက်မှုကို ဒီဇင်ဘာ ၃ ရက်၊ စနေနေ့ ည ၉ နာရီခန့်တွင် ပြသမည်ဖြစ်ပြီး ဒီဇင်ဘာ ၇ ရက် ဗုဒ္ဓဟူးနေ့၊ ညနေ ၆ နာရီခွဲတွင်လည်း ပြန်လည်ပြသမည် ဖြစ်ကြောင်း သိရသည်။

**သတင်းစဉ်**

# သုတဝေဖြာ သီရိဂေဟာ မိသားစုပြိုင်ပွဲ အသိပညာမျှဝေမှု အစီအစဉ် လူ့ရှင်တော်အသင်းမှ မိသားစုများ ပါဝင်ယှဉ်ပြိုင်ကြမည်

**နေပြည်တော် နိုဝင်ဘာ ၃၀**

သုတဝေဖြာသီရိဂေဟာ မိသားစုပြိုင်ပွဲ အသိပညာပေးအစီအစဉ် (Family Quiz) ပွဲစဉ် (၉၄) ကို ဒီဇင်ဘာ ၂ ရက်တွင် မြန်မာ့အသံနှင့်ရုပ်မြင်သံကြား၏ MRTV–HD Channel မှ ဆက်လက်ထုတ်လွှင့်မည် ဖြစ်သည်။

အဆိုပါ ကိုဗစ်-၁၉ ဆိုင်ရာ အသိပညာမျှဝေမှု အစီအစဉ်ကို အစီအစဉ်တင်ဆက်သူ နေသူရနှင့် သိမ့်သိမ့်အောင်တို့က တင်ဆက်ကြမည်ဖြစ်ပြီး လူ့ရှင်တော်အသင်းမှ မိသားစုများ ပါဝင်ယှဉ်ပြိုင်ကြမည်ဖြစ်ရာ ယင်းပြိုင်ပွဲများကို ဒီဇင်ဘာ ၂ ရက်၊ ၃ ရက်နှင့် ၄ ရက် နေ့များတွင် မြန်မာ့အသံနှင့် ရုပ်မြင်သံကြား၏ MRTV–HD မှ ည ၇ နာရီခန့်တွင် ထုတ်လွှင့်ပြသမည်ဖြစ်ကြောင်း သိရသည်။

**သတင်းစဉ်**



# ဆွမ်းဆန်တော်၊ ဆီ၊ ဆား၊ ပဲ အမယ်(၄)မျိုး၊ နေ့ဆွမ်းများနှင့် နဝကမ္မအလှူငွေများ ဆက်ကပ်လှူဒါန်း

**နေပြည်တော် နိုဝင်ဘာ ၃၀**

တပ်မတော် (ကြည်း၊ရေ၊ လေ) အရာရှိ၊ စစ်သည်၊ အရာထမ်း၊ အမှုထမ်းများနှင့် စေတနာရှင်အလှူရှင်များက မြို့နယ်အသီးသီးရှိ ဘုန်းတော်ကြီးကျောင်းများ၊ သာသနာ့နွယ်ဝင် သီလရှင်ကျောင်းများ၊ ဘာသာရေးကျောင်းများနှင့် ဘိုးဘွားရိပ်သာများသို့ ဆွမ်းဆန်တော်၊ ဆီ၊ ဆား၊ ပဲ အမယ် (၄) မျိုးနှင့် လှူဖွယ်ပစ္စည်းများ လှူဒါန်းခြင်း၊ နေ့ဆွမ်းများ ဆက်ကပ်လှူဒါန်းခြင်းနှင့် လိုအပ်သည့် ကျန်းမာရေးစစ်ဆေးကုသပေးခြင်းများကို ဆောင်ရွက်လျက်ရှိသည်။

ထိုသို့ဆောင်ရွက်လျက်ရှိရာ ယနေ့တွင် ကချင်ပြည်နယ် မြစ်ကြီးနားမြို့ရှိ မဟာဂန္ဓာရုံဘုန်းတော်ကြီးကျောင်းတိုက်၊ ပူတာအိုမြို့ရှိ မန်ပန်ဘုန်းတော်ကြီးကျောင်း၊ ရှမ်းပြည်နယ်(မြောက်ပိုင်း) တန့်ယန်းမြို့ရှိ နယ်စပ်ဒေသတောင်တန်း သာသနာပြုရွှေမောင်းသာသနာဝေပုလ္လသီလရှင် စာသင်တိုက်၊ ကွမ်းလုံမြို့ရှိ သာသနာ့အလင်းရောင် ဘုန်းတော်ကြီးကျောင်း၊ ရန်ကုန်တိုင်းဒေသကြီး မှော်ဘီမြို့နယ် မိုးကုလားစုကျေးရွာရှိ အောင်ဘုန်းပွင့်ကျောင်းတိုက်၊ လှည်းကူးမြို့နယ် ဆားတလင်းကျေးရွာရှိ ကျူတောရိုးကျောင်းတိုက်၊ သန်လျင်မြို့နယ် စစ်ပင်ကွင်းကျေးရွာရှိ အရှေ့ကျောင်းတိုက်၊ ဧရာဝတီတိုင်းဒေသကြီး ပုသိမ်မြို့ အောင်မြေဘုံသာကျောင်းတိုက်၊ ကွင်းကောက်မြို့ သီရိမင်္ဂလာကျောင်းကြီးစာသင်တိုက်၊ ရခိုင်ပြည်နယ် စစ်တွေမြို့နယ် ကြို့တဲကျေးရွာဘုန်းတော်ကြီးကျောင်း၊ အမ်းမြို့နယ် စပ်စီကျေးရွာဘုန်းတော်ကြီးကျောင်း၊ ဘူးသီးတောင်မြို့ အောင်မြေရတနာဘုန်းတော်ကြီးကျောင်း၊ စစ်ကိုင်းတိုင်းဒေသကြီး မုံရွာမြို့နယ်ရှိ ဇိနမာရ်အောင်တပ်ဦးကျောင်းတိုက်နှင့် မင်္ဂလာရုံကျောင်းတိုက်၊ ခန္တီးမြို့ရှိ မဟာသုခိတာရာမကျောင်း၊ မန္တလေးတိုင်းဒေသကြီး အောင်မြေသာစံမြို့နယ် ဥပုသ်တောင်ရပ်ကွက်ရှိ ဇိနောဒယသီလရှင်စာသင်တိုက်၊ ပုသိမ်ကြီးမြို့နယ် ချမ်းမြရုံသီပရိယတ္တိစာသင်တိုက်နှင့် နံ့သာတောရကျောင်းတိုက်၊ အမရပူရမြို့နယ် ဖျောက်ဆိပ်ကုန်းကျေးရွာရှိ သန္တာဝတီသီလရှင်စာသင်တိုက်၊ မိတ္ထီလာမြို့ ရတနာမာရ်အောင်ရပ်ကွက် အောင်ချမ်းသာကျောင်းတိုက်နှင့် သရက်ပင်ကျေးရွာ ဘုန်းတော်ကြီးကျောင်း၊ ကျီးပင်ကုန်းကျေးရွာရှိ ကျီးပင်ကုန်းကျောင်းတိုက်၊ ကျောက်ပန်းတောင်းမြို့နယ် နွယ်ရိုးတောရဓမ္မရိပ်သာ၊ ပြင်ဦးလွင်မြို့ စစ်ဆေးရုံတပ်ဦးကျောင်းတိုက်၊ ရမည်းသင်းမြို့နယ် မြို့မရပ်ကွက် ရန်အောင်မြင်ကျောင်းတိုက်၊ ပျော်ဘွယ်မြို့နယ် ရှမ်းပွဲရပ်ကွက် ပါဠိတက္ကသိုလ်ရေလယ်ကျောင်းတိုက်၊ မြစ်သားမြို့နယ် ဖောင်းခရွှေဘုန်းတော်ကြီးကျောင်း၊ မကွေးတိုင်းဒေသကြီး စကုမြို့ ဇေယျာမဏ္ဍိုတ်သီလရှင်ကျောင်း၊ မိကျောင်းရဲမြို့ မင်္ဂလာတပ်ဦးဘုန်းတော်ကြီးကျောင်း၊ မကွေးမြို့ ခေမာသီရိသီလရှင်စာသင်တိုက်၊ စိတ္တသုခကျောင်းတိုက်၊ ငဖဲမြို့နယ် မြစ်ဖျားကျေးရွာ ဘုန်းတော်ကြီးကျောင်း၊ ပန်းထိန်းအုပ်စု ဗိုလ်ကုန်းကျေးရွာ ပွင့်လင်းဘုန်းတော်ကြီးကျောင်း၊ သရက်မြို့နယ် မုဠလီကျေးရွာဘုန်းတော်ကြီးကျောင်း၊ အောင်လံမြို့နယ် ရွာထောင်ရပ်ကွက် ဆုတောင်းပြည့်ရွာလယ် ဘုန်းတော်ကြီးကျောင်း၊ ရေနံချောင်းမြို့ ဆားတိုင်ဘုန်းတော်ကြီးကျောင်း၊ မင်းဘူးမြို့ မုဒိတာသီလရှင်စာသင်တိုက်၊ ပဲခူးတိုင်းဒေသကြီး ပြည်မြို့ နဝင်းရပ်ကွက်ရှိ နဝင်းဝါဆိုဘုန်းတော်ကြီးကျောင်းတို့မှ သံဃာတော်များနှင့် သာသနာ့နွယ်ဝင်သီလရှင်များအား ဆွမ်းဆန်တော်၊ ဆီ၊ ဆား၊ ပဲ အမယ်(၄)မျိုး၊ နဝကမ္မ အလှူငွေများ၊ ကိုဗစ်–၁၉ ရောဂါ ကာကွယ်ရေးအထောက်အကူပြုပစ္စည်းများ၊ နေ့ဆွမ်းများနှင့် လှူဖွယ်ပစ္စည်းများကို သက်ဆိုင်ရာ တိုင်းစစ်ဌာနချုပ်များမှ တိုင်းမှူးများနှင့် တာဝန်ရှိသူများက သွားရောက် ဆက်ကပ်လှူဒါန်းကြပြီး နယ်မြေခံဆေးအဖွဲ့များက လိုအပ်သည့် ကျန်းမာရေးစစ်ဆေးကုသပေးခြင်းများ ဆောင်ရွက်ပေးသည်။



ထို့ပြင် မန္တလေးတိုင်းဒေသကြီး အောင်မြေသာစံမြို့နယ်ဥပုသ်တော်ရပ်ကွက်ရှိမန်းတောင်ခြေဘိုးဘွားရိပ်သာနှင့် မကွေးတိုင်းဒေသကြီး မကွေးမြို့ရှိ ဖန်ခါးမြေဘိုးဘွားရိပ်သာတို့မှ အဘိုးအဘွားများအား အလယ်ပိုင်းတိုင်းစစ်ဌာနချုပ်၊ မန္တလေးတပ်နယ်နှင့် မကွေးတပ်နယ်တို့မှ နယ်မြေခံတပ်မတော်သားများက အလှူငွေများနှင့် အာဟာရဖြည့်စားသောက်ဖွယ်ရာများ သွားရောက်လှူဒါန်းသည်။

**သတင်းစဉ်**


# ပုဗ္ဗသီရိမြို့နယ်လုံးဆိုင်ရာ ဒုတိယအကြိမ် မဟာပဋ္ဌာန်းမြတ်ပူဇော်ပွဲ ဖွင့်ပွဲအခမ်းအနားကျင်းပ

**ပုဗ္ဗသီရိ နိုဝင်ဘာ ၃၀**

ပြည်ထောင်စုနယ်မြေ နေပြည်တော် ပုဗ္ဗသီရိမြို့နယ် သတ္တသတ္တာဟ (ပွင့်စေတီ)ဓမ္မာရုံ၌ပုဗ္ဗသီရိမြို့နယ်လုံးဆိုင်ရာ ဒုတိယအကြိမ်အသံမစဲ မဟာပဋ္ဌာန်းမြတ်ပူဇော်ပွဲဖွင့်ပွဲအခမ်းအနားကို နေပြည်တော်ကောင်စီမှ ကြီးမှူး၍ နိုဝင်ဘာ ၂၈ ရက် နံနက်ပိုင်းက ကျင်းပသည်။

အခမ်းအနားသို့ ပုဗ္ဗသီရိမြို့နယ် သံဃနာယကအဖွဲ့ ဥက္ကဋ္ဌ၊ ရွှေလှမ်းတောင်ကျောင်းပဓာနနာယက၊ ဘဒ္ဒန္တဥတ္တမနှင့် ပင့်သံဃာတော်များ၊ နေပြည်တော်ကောင်စီဝင် ဦးမြင့်စိုး၊ နေပြည်တော်သာသနာရေးဦးစီးဌာနမှ ဒုတိယညွှန်ကြားရေးမှူး ဦးသက်နိုင်ဝင်း၊ ဇေယျာသီရိခရိုင်စီမံအုပ်ချုပ်ရေးအဖွဲ့ဝင် ဒုတိယဗိုလ်မှူးကြီး ဇေယျာမင်း၊ မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဝင်များ၊ မြို့နယ်အဆင့် ဌာနဆိုင်ရာများမှ တာဝန်ရှိသူများ တက်ရောက်ခဲ့ကြပြီး အခမ်းအနားကို နမောတဿသုံးကြိမ်ရွတ်ဆိုဖွင့်လှစ်ကာ ရွှေလှမ်းတောင်ကျောင်းပဓာနနာယက၊ ဘဒ္ဒန္တဥတ္တမ မထေရ်မြတ်ထံမှ ပရိသတ်များက ငါးပါးသီလခံယူဆောက်တည်ခဲ့ကြသည်။ ဆက်လက်၍ နေပြည်တော်ကောင်စီဝင်က သာသနာရေးဆိုင်ရာများ လျှောက်ထားကာ ဆရာတော် သံဃာတော်များထံ ပဋ္ဌာန်းကျမ်းစာအုပ်၊ ပဋ္ဌာန်းပရိတ်ပန်းအိုးနှင့် ပရိတ်ရေများ အသီးသီး ကပ်လှူပူဇော်ခဲ့ကြသည်။

ထို့နောက် ဆရာတော် သံဃာတော်များက ဦးဆောင်၍ ပရိသတ်အားလုံးက ပဋ္ဌာန်းပစ္စယုဒ္ဒေသပါဠိတော်ကို သုံးကြိမ်ရွတ်ဖတ်ပူဇော်ပြီး "ဗုဒ္ဓသာသနံစိရံတိဋ္ဌတု" သုံးကြိမ်ရွတ်ဆို ဆုတောင်း၍ အခမ်းအနားကို ရုပ်သိမ်းကာ ဆရာတော် သံဃာတော်များအား နေ့ဆွမ်းဆက်ကပ်ခဲ့ကြသည်။ အဆိုပါ ဒုတိယအကြိမ်မြောက် အသံမစဲမဟာပဋ္ဌာန်းမြတ်ရွတ်ဖတ်ပူဇော်ပွဲကို နိုဝင်ဘာ ၂၈ ရက်မှ ဒီဇင်ဘာ ၂ ရက်အထိ ငါးရက်တိုင် အလှည့်ကျသံဃာတော် ၂၄ ပါးဖြင့် ရွတ်ဖတ်ပူဇော်သွားမည်ဖြစ်ကြောင်း သိရသည်။



**သားငယ်(ပုဗ္ဗ)**

## နေရာကွက်ကျားမှ နေရာကျဲကျဲ မိုးထစ်ချုန်းရွာမည်

**နေပြည်တော် နိုဝင်ဘာ ၃၀**

နေပြည်တော်၊ မန္တလေးတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး၊ ရန်ကုန်တိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီး၊ တနင်္သာရီတိုင်းဒေသကြီး၊ ရှမ်းပြည်နယ်၊ ချင်းပြည်နယ်၊ ရခိုင်ပြည်နယ်၊ ကယားပြည်နယ်၊ ကရင်ပြည်နယ်နှင့် မွန်ပြည်နယ်တို့တွင် နေရာကွက်ကျားမှ နေရာကျဲကျဲ မိုးထစ်ချုန်းရွာမည်။ **မိုး/ဇလ**

**(၇၅) နှစ်မြောက် စိန်ရတုလွတ်လပ်ရေးနေ့ကို ကြိုဆိုဂုဏ်ပြုသောအားဖြင့် (၂၁) ကြိမ်မြောက် မြန်မာ့တိုင်းရင်းဆေးသမားတော်များညီလာခံနှင့် မြန်မာ့တိုင်းရင်းဆေးပညာနှီးနှောဖလှယ်ပွဲကို ၂၀၂၂ ခုနှစ် ဒီဇင်ဘာလ (၈၊ ၉)ရက် တို့တွင် MICC - 2 နေပြည်တော်၌ ကျင်းပမည်ဖြစ်ပါသည်။**

# တိုင်းဒေသကြီးနှင့်ပြည်နယ်များ၌ ကိုဗစ် – ၁၉ ရောဂါ ကာကွယ်ဆေးများ ဆက်လက်ထိုးနှံ



**နေပြည်တော် နိုဝင်ဘာ ၃၀**

တိုင်းဒေသကြီးနှင့် ပြည်နယ်အသီးသီးတို့၌ ကာကွယ်ဆေးထိုးနှံခြင်းကို ဆောင်ရွက်လျက်ရှိရာ ယနေ့တွင် ဧရာဝတီတိုင်းဒေသကြီး အတွင်းရှိ မြို့နယ် ၂၆ မြို့နယ်တို့၌ ဒေသခံပြည်သူ ၄၁၃၉ ဦး၊ မန္တလေးတိုင်းဒေသကြီး အတွင်းရှိ ခရိုင် ခုနစ်ခုတို့မှ ဒေသခံပြည်သူ ၅၂၆၉ ဦးတို့ကို တပ်မတော်မှ ဆေးအဖွဲ့များက ပြည်သူ့ဆေးရုံများမှ ဆရာဝန်များ၊ သက်ဆိုင်ရာ ကျန်းမာရေးဝန်ထမ်းများ၊ စေတနာ့ဝန်ထမ်းများနှင့် ပူးပေါင်း၍ ကိုဗစ်–၁၉ ရောဂါကာကွယ်ဆေး ထိုးနှံပေးသည်။

ထို့အတူ ကျောင်းသား ကျောင်းသူများကိုလည်း ကိုဗစ်–၁၉ ရောဂါ ကာကွယ်ဆေးများ ထိုးနှံပေးလျက်ရှိရာ ယနေ့တွင် မန္တလေးတိုင်းဒေသကြီး အတွင်းရှိ ခရိုင် ခုနစ်ခုတို့၌ ကျောင်းသား ကျောင်းသူ ၃၉၀ တို့ကို တပ်မတော်မှ ဆေးအဖွဲ့များက ပြည်သူ့ဆေးရုံများမှ ဆရာဝန်များ၊ သက်ဆိုင်ရာ ကျန်းမာရေးဝန်ထမ်းများ၊ စေတနာ့ဝန်ထမ်းများနှင့် ပူးပေါင်း၍ ကိုဗစ်–၁၉ ရောဂါ ကာကွယ်ဆေးထိုးနှံပေးသည်။

ထို့ပြင် ကိုဗစ်–၁၉ ရောဂါ ထိန်းချုပ်ကာကွယ်ရာတွင် အထောက်အကူဖြစ်စေရန်အတွက် နှာခေါင်းစည်းများကို ပြည်သူများ လက်ဝယ်အရောက် တိုင်းစစ်ဌာနချုပ်အသီးသီးမှ တာဝန်ရှိသူများက အခမဲ့ပေးဝေလှူဒါန်းလျက်ရှိရာ ယနေ့တွင် တနင်္သာရီတိုင်းဒေသကြီး မြိတ်မြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး အတွင်းရှိ မြို့နယ် ၄၄ မြို့နယ်၊ မန္တလေးတိုင်းဒေသကြီး စဉ့်ကူးမြို့နယ်တို့မှ စာသင်ကျောင်းများ၊ ဈေးများ၊ လမ်းများ၊ မြို့အဝင်ဂိတ်များနှင့် လူစည်ကားရာနေရာများတွင် နယ်မြေခံတပ်မတော်သားများက ခရိုင်/မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့မှ တာဝန်ရှိသူများ၊ ဌာနဆိုင်ရာဝန်ထမ်းများ၊ ပရဟိတအဖွဲ့များနှင့် ပူးပေါင်း၍ ကိုဗစ်–၁၉ ရောဂါ ကာကွယ်ရေးအတွက် အသိပညာပေးဆောင်ရွက်ခြင်း၊ နှာခေါင်းစည်းများတပ်ဆင်ပြီး သွားလာကြရန် လှုံ့ဆော်ခြင်းနှင့် နှာခေါင်းစည်းများအား ဒေသခံပြည်သူများ လက်ဝယ်အရောက် အခမဲ့ပေးဝေလှူဒါန်းခဲ့ကြကြောင်း သိရသည်။

**သတင်းစဉ်**

## ဥပဒေဘောင်အတွင်း ဝင်ရောက်လာသည့် ပြစ်မှုကျူးလွန်ခြင်းမရှိခဲ့သော PDF အဖွဲ့ဝင်များကို ၎င်းတို့၏ မိဘအုပ်ထိန်းသူများထံ ထပ်မံလွှဲပြောင်းပေးအပ်

**နေပြည်တော် နိုဝင်ဘာ ၃၀**

တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့ နယ်မြေအတွင်း သင်တန်းများတက်ရောက်ခဲ့ပြီး ပြစ်မှုကျူးလွန်ခြင်း မရှိခဲ့သည့် ဥပဒေဘောင်အတွင်းဝင်ရောက်လာသော PDF အဖွဲ့ဝင်များကို ပြန်လည်ကြိုဆိုလက်ခံ၍ ၎င်းတို့၏ မိဘအုပ်ထိန်းသူများထံသို့ လွှဲပြောင်းပေးအပ်လျက်ရှိသည်။

ယနေ့နံနက်ပိုင်းတွင်လည်း မကွေးတိုင်းဒေသကြီး ငဖဲမြို့နယ် မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနရုံး အစည်းအဝေးခန်းမ၌ ပြန်လည်ကြိုဆိုလက်ခံခြင်း အခမ်းအနားကို ပြုလုပ်ရာ အလယ်ပိုင်းတိုင်းစစ်ဌာနချုပ်၊ ပဒါန်းတပ်နယ်မှ တာဝန်ရှိသူများ၊ ခရိုင်/ မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဝင်များ၊ ဌာနဆိုင်ရာ တာဝန်ရှိသူများ၊ ဥပဒေဘောင်အတွင်း ဝင်ရောက်လာသူများနှင့် ၎င်းတို့၏ မိဘအုပ်ထိန်းသူများ တက်ရောက်ကြသည်။

ဦးစွာ တာဝန်ရှိသူတစ်ဦးက နယ်မြေဒေသတည်ငြိမ်အေးချမ်းရေးနှင့် တရားဥပဒေဆိုင်ရာပုဒ်မများကို ရှင်းလင်းဆွေးနွေး ပြောကြားသည်။ ထို့နောက်ဥပဒေဘောင်အတွင်းပြန်လည်ဝင်ရောက်ခဲ့သည့် ပြစ်မှုကျူးလွန်ခြင်းမရှိခဲ့သော မန္တလေးတိုင်းဒေသကြီး မဟာအောင်မြေမြို့နယ်နှင့် မကွေးတိုင်းဒေသကြီး စေတုတ္တရာမြို့နယ်တို့မှ PDF အဖွဲ့ဝင် အမျိုးသား နှစ်ဦးကို ဝန်ခံကတိလက်မှတ်ရေးထိုးစေကာ ၎င်းတို့၏ မိဘအုပ်ထိန်းသူများထံသို့ လွှဲပြောင်းအပ်နှံပေးကြသည်။

PDF အပါအဝင် အဖွဲ့အစည်းအမျိုးမျိုးတို့အနေဖြင့် နိုင်ငံတော်၏ ရှေ့လုပ်ငန်းစဉ်များတွင် ပါဝင်ပူးပေါင်းဆောင်ရွက်နိုင်ရေး သတ်မှတ်စည်းကမ်းချက်များနှင့်အညီ ဥပဒေဘောင်အတွင်းသို့ လက်နက်အပ်နှံပြီး ပြည်သူ့ဘဝသို့ ပြန်လည်ဝင်ရောက်မည်ဆိုပါက ကြိုဆိုလက်ခံသွားမည်ဖြစ်ကြောင်း နိုင်ငံတော်အစိုးရက ထုတ်ပြန်ထားပြီးဖြစ်ရာ ပြစ်မှုကျူးလွန်ခဲ့ခြင်းမရှိသော PDF အဖွဲ့ဝင်များက တိုင်းဒေသကြီးနှင့် ပြည်နယ်အသီးသီး၌ ဥပဒေဘောင်အတွင်း ပြန်လည်ဝင်ရောက်လျက်ရှိကြသဖြင့် သက်ဆိုင်ရာ တာဝန်ရှိသူများက ၎င်းတို့၏ မိဘအုပ်ထိန်းသူများထံသို့ လွှဲပြောင်းအပ်နှံပေးလျက်ရှိကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**



## ဖလူး၊ ကျောက်ခက်၊ သေဘောဘိုး၊ ဝေါလေဒေသတစ်ဝိုက်နှင့် မြဝတီ - ဝေါလေကားလမ်းတစ်လျှောက်ရှိ ကျေးရွာများမှ ပြည်သူများ ၎င်းတို့နေရပ်အသီးသီးသို့ ပြန်လည်ဝင်ရောက်လျက်ရှိ



**နေပြည်တော် နိုဝင်ဘာ ၃၀**

ကရင်ပြည်နယ်အတွင်းရှိ ဖလူး၊ ကျောက်ခက်၊ သေဘောဘိုး၊ ဝေါလေဒေသတစ်ဝိုက်နှင့် မြဝတီ – ဝေါလေကားလမ်းတစ်လျှောက်တို့အား KNU ၊ KNLA မှ အကြမ်းဖက်မှုကို လိုလားသောအဖွဲ့နှင့် PDF အမည်ခံအကြမ်းဖက်သမားများက ၂၀၂၂ မေလမှ စတင်ထိန်းချုပ်၍ အဆိုပါဒေသတစ်ဝိုက်ရှိ လူနေအိမ်များ၊ ဘာသာရေးဆိုင်ရာအဆောက်အဦများ၊ စာသင်ကျောင်းများအတွင်း ဝင်ရောက်နေထိုင်ကာ အဖျက်အမှောင့်လုပ်ငန်းများ လုပ်ဆောင်လျက်ရှိသဖြင့် ဒေသခံပြည်သူများအနေဖြင့် ဘေးလွတ်ရာ နေရာများသို့ ထွက်ပြေး တိမ်းရှောင်လျက်ရှိသည်။

အဆိုပါ ဒေသတစ်ဝိုက်အား လုံခြုံရေးတပ်ဖွဲ့ဝင်များက နိုဝင်ဘာ ၂၈ ရက်မှစ၍ ပြန်လည်ထိန်းချုပ်နိုင်ခဲ့ပြီး ဒေသတည်ငြိမ်အေးချမ်းမှု ရှိသည့်အတွက် ထွက်ပြေး တိမ်းရှောင်နေသည့် အပြစ်မဲ့ပြည်သူများအား ပြန်လည်နေထိုင်နိုင်ရေးအတွက် တယ်လီဖုန်းများဖြင့်လည်းကောင်း၊ အသံချဲ့စက်များဖြင့် မြန်မာဘာသာ၊ ကရင်ဘာသာစကားများဖြင့်လည်းကောင်း ပြန်လည်ဖိတ်ခေါ်ခြင်းနှင့် လိုအပ်သည်များ ညှိနှိုင်းဆောင်ရွက်ပေးမှု များကြောင့် ထွက်ပြေးတိမ်းရှောင်နေသူများ ပြန်လည် ဝင်ရောက်လျက်ရှိရာ ယနေ့တွင် သေဘောဘိုးကျေးရွာနှင့် ဘလက်ဒိုကျေးရွာများသို့ အမျိုးသား ၅၄ ဦး၊ အမျိုးသမီး ၆၄ ဦး စုစုပေါင်း ၁၁၈ ဦး ပြန်လည်ရောက်ရှိလာကြောင်း သိရှိရသည်။

အဆိုပါ ပြန်လည်ဝင်ရောက်လာသူများအား သက်ဆိုင်ရာ တာဝန်ရှိသူများက နွေးညမပြတ် ပြန်လည်ကြိုဆို၍ စနစ်တကျလက်ခံလျက်ရှိပြီး (ဝဲပုံ) လိုအပ်သည်များ၊ ကူညီကယ်ဆယ်ရေး လုပ်ငန်းများနှင့် ကျန်းမာရေး စောင့်ရှောက်မှုများ ဆောင်ရွက်ပေးလျက်ရှိကြောင်း သတင်းရရှိသည်။ **သတင်းစဉ်**

## ငါန်းဇွန်မြို့နယ်၌ “ De Huse Company ” မှ ကုမ္ပဏီဝန်ထမ်းများကို လုပ်အားခလစာထုတ်ပေးရန် YOMA Bank မှ ငွေကျပ်သိန်း ၁၇၆၀ ထည့်ထားသည့် ATM စက်နှစ်လုံးနှင့် မော်တော်ယာဉ်တစ်စီးတို့ PDF အကြမ်းဖက်သမားများက ဓားပြတိုက်လုယက်ယူဆောင်

**နေပြည်တော် နိုဝင်ဘာ ၃၀**

မန္တလေးတိုင်းဒေသကြီး မြို့သာစက်မှုဇုန်ရှိ “De Huse Company ” မှ ကုမ္ပဏီဝန်ထမ်းများကို လုပ်အားခလစာထုတ်ပေးရန် YOMA Bank မှ ငွေကျပ်သိန်း ၁၇၆၀ ထည့်ထားသည့် ATM စက်နှစ်လုံးနှင့် မော်တော်ယာဉ်တစ်စီးတို့ကို ငါန်းဇွန်မြို့နယ် ထန်းတပင်ကျေးရွာအနီး၌ ယနေ့နံနက်ပိုင်းတွင် PDF အကြမ်းဖက်သမားများက ဓားပြတိုက်လုယက်ယူဆောင်ခဲ့ကြောင်း သိရသည်။

ဖြစ်စဉ်မှာ ယနေ့နံနက်ပိုင်းတွင် အောင်မြေသာစံမြို့နယ် သီရိမာလာအရှေ့ရပ်ကွက် ၂၆ လမ်း၊ ၈၆ လမ်းနှင့် ၈၇ လမ်းကြားရှိ YOMA BANK မှ ဘဏ်ဝန်ထမ်း ဦးကောင်းဆက်သူနှင့် ဦးထက်ပိုင်စိုးတို့ နှစ်ဦးသည် မြို့သာစက်မှုဇုန်ရှိ “De Huse Company”မှ ကုမ္ပဏီဝန်ထမ်းများကို လုပ်အားခလစာများ ထုတ်ပေးနိုင်ရန်အတွက် ATM စက်တစ်လုံးလျှင် ငွေကျပ်သိန်း ၈၈၀ စီထည့်ထားသည့် ATM စက်နှစ်လုံးကို ဘဏ်မှယာဉ်မောင်းဖြစ်သူ ဦးသန်းဖြိုးအောင် မောင်းနှင်သည့် MDY 5R/9902 Diner Box မော်တော်ယာဉ်ပေါ် တင်ဆောင်ကာ မြို့သာ – တံတားဦးကားလမ်းအတိုင်း ထွက်ခွာလာခဲ့ရာ နံနက် ၈ နာရီခွဲတွင် ငါန်းဇွန်မြို့နယ် ထန်းတပင်ကျေးရွာအနီးအရောက်၌ PDF အကြမ်းဖက်သမားခြောက်ဦးက ဆိုင်ကယ် သုံးစီးဖြင့် လမ်းကိုပိတ်ရပ်ကာ မော်တော်ယာဉ်ကိုတားဆီးပြီး ဦးကောင်းဆက်သူတို့သုံးဦးကို သေနတ်များဖြင့် ခြိမ်းခြောက်၍ ယာဉ်ပေါ်မှ ဆင်းခိုင်းကာ မော်တော်ယာဉ်နှင့် ငွေကျပ်သိန်း ၁၇၆၀ ပါ ATM စက်နှစ်လုံး ဓားပြတိုက် လုယက်ယူဆောင်သွားခဲ့ကြောင်း သိရှိရသည်။

ထိုသို့ဓားပြတိုက် လုယက်ယူဆောင်သွားသော PDF အမည်ခံအကြမ်းဖက်သမားများကို ဖမ်းဆီးရမိရေးအတွက် လုံခြုံရေးတပ်ဖွဲ့ဝင်များက လိုအပ်သော ပိတ်ဆို့ရှာဖွေစစ်ဆေးခြင်းများ ဆောင်ရွက်လျက်ရှိကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

## အင်းတော်မြို့မရဲစခန်းအား PDF အမည်ခံအကြမ်းဖက်သမားများက ၄၀ မမ ဗုံးပစ်လောင်ချာများဖြင့် ရမ်းသန်းပစ်ခတ်ရာ ဗုံးသီးများမှာ ရဲစခန်းအနီး လူနေရပ်ကွက်များအတွင်း ကျရောက်ပေါက်ကွဲခဲ့သဖြင့် အပြစ်မဲ့အရပ်သား ပြည်သူ အမျိုးသမီး ခုနစ်ဦး ထိခိုက်ဒဏ်ရာရရှိ

**နေပြည်တော် နိုဝင်ဘာ ၃၀**

စစ်ကိုင်းတိုင်းဒေသကြီး အင်းတော်မြို့မရဲစခန်းအား PDF အမည်ခံအကြမ်းဖက်သမားများက နိုဝင်ဘာ ၂၉ ရက် ညနေပိုင်းက ၄၀ မမ ဗုံးပစ်လောင်ချာများဖြင့် ရမ်းသမ်း ပစ်ခတ်ခဲ့သဖြင့် ၄၀ မမဗုံးသီးများမှာ ရဲစခန်းအနီး လူနေရပ်ကွက်များအတွင်း ကျရောက်ပေါက်ကွဲခဲ့ပြီး အပြစ်မဲ့အရပ်သား ပြည်သူ အမျိုးသမီး ခုနစ်ဦး ထိခိုက်ဒဏ်ရာရရှိခဲ့ကြောင်း သိရသည်။

ဖြစ်စဉ်မှာ နိုဝင်ဘာ ၂၉ ရက် ညနေ ၄ နာရီတွင် အင်းတော်မြို့နယ် အောင်ချမ်းသာရပ်ကွက်ရှိ အင်းတော်မြို့မရဲစခန်းအား PDF အမည်ခံအကြမ်းဖက်သမားများက ရဲစခန်း၏ မြောက်ဘက် ၄ ဖာလုံခန့်အကွာရှိ ဗန်းမောက်လမ်းဆုံဘက်မှနေ၍ ၄၀ မမ ဗုံးပစ်လောင်ချာများဖြင့် ရမ်းသန်းပစ်ခတ်တိုက်ခိုက်ခဲ့သဖြင့် လုံခြုံရေးတပ်ဖွဲ့ဝင်များက ပြန်လည်ခုခံပစ်ခတ်ခဲ့ရာ PDF အမည်ခံ အကြမ်းဖက်သမားများသည် သက္ကယ်ကျင်းကျေးရွာဘက်သို့ ဆုတ်ခွာထွက်ပြေးသွားသည်။

အကြမ်းဖက်သမားများ၏ ဗုံးပစ်လောင်ချာများဖြင့် ရမ်းသန်းပစ်ခတ်ခဲ့မှုကြောင့် ဗုံးသီးများမှာ ရဲစခန်းအနီး လူနေရပ်ကွက်များအတွင်းသို့ ကျရောက်ပေါက်ကွဲခဲ့မှုကြောင့် အပြစ်မဲ့ အရပ်သားပြည်သူများဖြစ်သည့် ဒေါ်စိန်ရင် (၅၀)နှစ်၊ ဒေါ်မိုးဥမ္မာကျော် (၄၇)နှစ်၊ ဒေါ်သဲကော(၃၂)နှစ်၊ ဒေါ်ဝါဝါခိုင်(၅၁)နှစ်၊ ဒေါ်မိမိငယ်(ခ)မငယ် (၄၃)နှစ်၊ ဒေါ်ခင်ထွေးစိန် (၃၇)နှစ် နှင့် ဒေါ်ကေသွယ်ဝင်း (၄၆)နှစ်တို့ ခုနစ်ဦးတို့တွင် မစိုးရိမ်ရ ဗုံးစထိမှန်ဒဏ်ရာများ ရရှိခဲ့သဖြင့် လုံခြုံရေးတပ်ဖွဲ့ဝင်များက လိုအပ်သောဆေးဝါးကုသမှုများ ဆောင်ရွက်ပေးခဲ့သည်။

ထိုကဲ့သို့ အပြစ်မဲ့အရပ်သားပြည်သူများ ထိခိုက်ဒဏ်ရာရရှိအောင် ဗုံးပစ်လောင်ချာများဖြင့် ရမ်းသန်းပစ်ခတ်ပြီး ဆုတ်ခွာထွက်ပြေးသွားသည့် အကြမ်းဖက်သမားများကို ဖော်ထုတ်ဖမ်းဆီး အရေးယူနိုင်ရေး လုံခြုံရေးတပ်ဖွဲ့ဝင်များက လုံခြုံရေးလုပ်ငန်းစဉ်များနှင့်အညီ ဆက်လက်ဆောင်ရွက်လျက်ရှိကြောင်း သတင်းရရှိသည်။ **သတင်းစဉ်**

## မြန်မာ့အသံနှင့်ရုပ်မြင်သံကြား

၁-၁၂-၂၀၂၂ ကြာသပတေးနေ့

**MRTV HD**

၀၆:၀၀ တောင်တန်းသာသနာပြုဆရာတော် ဘုရားကြီး၏ပရိတ်တရားတော်(ဓဇဂ္ဂသုတ်)
၀၇:၀၀ နံနက်ခင်းသတင်း
၀၈:၃၅ ဒီမိုကရေစီဆိုသည်မှာ
၁၀:၀၀ သတင်းထဲကသတင်း
၁၀:၃၀ ကမ္ဘာ့အမွေအနှစ်စာရင်းဝင် ဗိသုနိုးရှေးဟောင်းယဉ်ကျေးမှုနယ်မြေ
၁၂:၃၀ 2022 World Cup Highlight (11)
၁၂:၃၅ နိုင်ငံခြားဇာတ်လမ်းတွဲ "**ချစ်ပန်းရနံ့လွင့်ပျံ့အမှုန်း**" (အပိုင်း-၃၇)
၁၃:၃၀ MRTV National News
၁၄:၀၀ နိုင်ငံခြားဇာတ်လမ်းတွဲ "**အောင်ပွဲမဏ္ဍိုင် ရင်ဆိုင်ချီတက်**" (အပိုင်း-၁)
၁၅:၃၀ ကာတာကမ္ဘာ့ဖလားနေ့စဉ်ပွဲကြို သုံးသပ်ချက်များ
၁၇:၁၀ Soccer View
၁၇:၂၅ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ၏ ပြည်သူ့အကျိုးပြုတစ်လတာ (၂၀၂၂ခုနှစ်၊နိုဝင်ဘာလ)(ပထမပိုင်း)
၁၈:၀၀ ပြည်တွင်းသတင်း
၁၈:၃၀ ၂၀၂၃ခုနှစ်၊(၇၅)နှစ်မြောက် စိန်ရတု လွတ်လပ်ရေးနေ့အထိမ်းအမှတ်ပဒေသာကပွဲ ဖျော်ဖြေပွဲတိုက်ရိုက်ထုတ်လွှင့်မှုအစီအစဉ် (အသက်ထက်မြတ်သော ဝုဏ်သိက္ခာ ဆို၊ငို၊ပြော ဇာတ်ကြီးဖျော်ဖြေတင်ဆက်မှု)
၂၀:၀၀ ပြည်တွင်းသတင်း၊ နိုင်ငံတကာသတင်း၊ မိုးလေဝသအခြေအနေ
၂၁:၀၀ 2022 World Cup Highlight (11)
၂၁:၀၅ ၂၀၂၃ခုနှစ်၊(၇၅)နှစ်မြောက် စိန်ရတု လွတ်လပ်ရေးနေ့အထိမ်းအမှတ်ပဒေသာကပွဲ ဖျော်ဖြေပွဲတိုက်ရိုက်ထုတ်လွှင့်မှုအစီအစဉ် (အသက်ထက်မြတ်သော ဝုဏ်သိက္ခာ ဆို၊ငို၊ပြော ဇာတ်ကြီးဖျော်ဖြေတင်ဆက်မှု)

**mitv**

07:01 Evergreen Classic: Sone Taw Myaing (Takkatho Lae Lae)
07:11 Lest We Forget Great Gratitude Of Parents:
07:30 Discovering Tribes: Enn (Their Life and Customs)
07:56 Dat Taw Gyaik Waterfall
08:01 News
08:27 Malikha & Fairy Island
08:40 Ywar Thit's Monhinkhar
08:54 Myanma Toddy Palm, A Source of Rural Income
09:01 Bagan Lacquerware
09:15 Artist Life: Designer May Myat Waso
09:37 A Visit To Ye
10:01 News
10:26 Topical Topics (No.17) Efficiently apply Social Media & Collectively participate in Combatting Fake News and False Information
10:33 Chanmyay Yeiktha Meditation Centre- Chaw Dwin Gone

**MRTV NRC**

**ချင်း(လိုင်ဇိုး) (၆:၀၀ မှ ၇:၀၀)**
နွေးထွေးသည့်လုပ်အားဘန်ရှာသို့အလည်တစ်ခေါက် (အပိုင်း-၂)

**ချင်း(ချိုး) (၇:၀၀ မှ ၈:၀၀)**
ချင်း(ချိုး)ဘာသာစကားပြောကြရအောင်(အပိုင်း-၃)

**မွန် (၈:၀၀ မှ ၉:၀၀)**
ကျဲကောသီး၏အကျိုးကျေးဇူး

**ရခိုင် (၉:၀၀ မှ ၁၁:၀၀)**
ရခိုင်ရှိသင်္ဘောတလာဘ်ကောင်ဖျာလူ

**ရှမ်း (၁၁:၀၀ မှ ၁၃:၀၀)**
အလှမှာယဉ်ဆေးဖက်ဝင်တဲ့တရုတ်စကားပွင့်

**"ဝ" (၁၃:၀၀ မှ ၁၅:၀၀)**
ဟိုပန်မြို့သို့အလည်တစ်ခေါက်

**ကချင် (၁၅:၀၀ မှ ၁၇:၀၀)**
ပူတာအိုသို့အလည်တစ်ခေါက်

**ကယား (၁၇:၀၀ မှ ၁၉:၀၀)**
ရိုးရာဝါးခမောက်လက်မှုပညာအမွေ

**ဝကေကရင် (၁၉:၀၀ မှ ၂၁:၀၀)**
သွေးတိုးရောဂါအကြောင်းသိကောင်းစရာ

**အနောက်ပိုးကရင် (၂၁:၀၀ မှ ၂၂:၀၀)**
လှျာလည်သွားစေမဲ့ခရုသုပ်

**အရှေ့ပိုးကရင် (၂၂:၀၀ မှ ၂၃:၀၀)**
ဆွေညီနောင်များဘာသာစကားဖြင့် ချစ်ကြည်စေမည် အမိမြန်မာပြည်(အပိုင်း-၉)

**MRTV NEWS**

၀၆:၀၀ အဖွင့်၊တေးသီချင်း
၀၆:၄၀ အားကစားသတင်း
၀၈:၃၀ နိုင်ငံတကာသတင်း (LIVE)
၀၉:၀၀ ပြည်တွင်းသတင်း (LIVE)
၀၉:၃၀ နိုင်ငံတကာသတင်း (LIVE)
၁၁:၀၀ ပြည်တွင်းသတင်း (LIVE)
၁၂:၁၅ ကာတာကမ္ဘာ့ဖလား (Highlights)
၁၂:၃၀ နိုင်ငံတကာသတင်း (LIVE)
၁၃:၃၀ နိုင်ငံတကာသတင်း (LIVE)
၁၄:၀၀ MRTV National News
၁၅:၀၀ ပြည်တွင်းသတင်း (LIVE)
၁၅:၄၅ ကာတာကမ္ဘာ့ဖလား (ပွဲကြိုသုံးသပ်ချက်)

**MRTV PARLIAMENT**

၀၉:၀၀ အဖွင့်၊အလံ
၀၉:၃၀ ဥပဒေရေးရာအဖြာဖြာဇာတ်လမ်းတို "ဖြူစင်သောစိတ်ထား"
၁၀:၀၀ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်၏ ကြေညာချက်သတင်းများ
၁၀:၃၀ ဥပဒေဆိုင်ရာသိမှတ်ဖွယ်ရာဆွေးနွေးခန်း (အပိုင်း-၄)
၁၁:၀၀ နိုင်ငံတကာရွေးကောက်ပွဲများအကြောင်း ကိုရီးယားနိုင်ငံ (အပိုင်း-၂)
၁၁:၃၀ အတွေးအမြင် (အပိုင်း-၄)

**MRTV FARMERS**

၀၆:၀၀ အဖွင့်၊နိုင်ငံတော်သီချင်း၊နှုတ်ခွန်းဆက်
၀၆:၀၂ တောင်သူလယ်သမားရေးရာသတင်း
၀၆:၂၅ ကမ္ဘာ့ဝန်းကျင်ဇီဝမျိုးကွဲစုံလင်
၀၆:၄၅ သမားရိုးကျမှုသည်ဆန်းသစ်မှုဆီသို့
၀၇:၁၀ ပိုးစာစိုက်တဲ့မြေ၊ပိုးထည်ဝတ်တဲ့ပြည်
၀၇:၄၅ သူသူငါငါနေရာတကာမှိုရတဲ့မျက်နှာ
၀၈:၂၀ လက်ပံတန်းနယ်မြေအတွင်း မတ်ပဲစိုက်ခင်းများဆီသို့
၀၈:၅၀ ပန်းမြတ်သပြေ
၀၉:၄၅ ဒေသနဲ့ကိုက်ညီတဲ့စိုက်ပျိုးနည်း

**MRTV SPORTS**

၀၆:၀၀ အဖွင့်
၀၆:၃၀ အခြေခံအားကစားနည်းစနစ်များ
၀၇:၀၀ Sports News
၀၇:၃၀ Soccer View/ Weekly Sports Info/ Sports Diary
၀၇:၄၅ အားကစားလောကထဲက သူတို့အကြောင်း
၀၈:၀၀ ပြန်လည်ခံစားမြန်မာနေရှင်နယ်လိဂ် ဘောလုံးပွဲစဉ်များ
၁၅:၂၀ 2022 World Cup HightLight/ ကာတာကမ္ဘာ့ဖလားနေ့စဉ်ပွဲကြိုသုံးသပ်ချက်
၂၀:၀၀ ပြည်တွင်းသတင်း

Education Channel ကို နေ့စဉ် နံနက် (၉:၀၀)နာရီမှ တစ်ကြိမ်လျှင် (၈)နာရီ (၆)ကြိမ်နှုန်း (၂၄)နာရီ ထုတ်လွှင့်ပြသပေးလျက်ရှိပါသည်။

SCAN ME
www.mrtv.gov.mm t.me/mrtvnews twitter.com/mrtvwebportal

# သက်ကြီးစာပေပညာရှင်များ ပူဇော်ကန်တော့ပွဲအတွက် အလှူငွေများလှူဒါန်း

ရန်ကုန် နိုဝင်ဘာ ၃၀

၁၃၈၄ ခုနှစ် မြန်မာနိုင်ငံစာဆိုတော်နေ့ အထိမ်းအမှတ်အဖြစ် (၃၅)ကြိမ်မြောက် သက်ကြီးစာပေပညာရှင်များ ပူဇော်ကန်တော့ပွဲအတွက် မြန်မာနိုင်ငံစာရေးဆရာအသင်းသို့ စေတနာရှင်များက အလှူငွေများ ဆက်လက်လှူဒါန်းကြရာ ရန်ကုန်တိုင်းဒေသကြီး အစိုးရအဖွဲ့က အလှူငွေကျပ် သိန်း ၁၅၀၊ ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးပါတီ (နေပြည်တော်) က ငွေကျပ် ၁၀ သိန်း၊ သီပေါမြို့နယ် စာရေးဆရာအသင်းက ငွေကျပ် ၁၅၀၀၀၀၊ နေပြည်တော်စာကြည့်တိုက်များ ဖောင်ဒေးရှင်းဥက္ကဋ္ဌ ဦးထွန်းထွန်းဝင်း (ကိုထွန်း- ကျယ်ဂေါင်)၊ ဦးလှကြည် - ဒေါ်မြင့်မြင့် - နွယ်မာညာဏ် မိသားစု နေပြည်တော်၊ သာကေတမြို့နယ် စာရေးဆရာအသင်း၊ ကြို့ပင်ကောက်မြို့နယ် စာရေးဆရာအသင်း၊ တာချီလိတ်မြို့နယ် စာရေးဆရာအသင်း၊ ညောင်လေးပင်မြို့နယ် စာရေးဆရာအသင်းနှင့် ဒလမြို့နယ် စာရေးဆရာအသင်းတို့က ငွေကျပ် တစ်သိန်းစီ။



ခနောဖြူမြို့နယ် စာရေးဆရာအသင်းက ငွေကျပ် ခုနစ်သောင်း၊ အောင်မြေသာစံမြို့နယ် စာရေးဆရာအသင်းက ငွေကျပ်ခြောက်သောင်း၊ ရေကြည်မြို့နယ် စာရေးဆရာအသင်း၊ လယ်ဝေးမြို့နယ် စာရေးဆရာအသင်း၊ ပုဗ္ဗသီရိမြို့နယ် စာရေးဆရာအသင်းနှင့် ပုဏ္ဏားကျွန်းမြို့နယ် စာရေးဆရာအသင်းတို့က ငွေကျပ်ငါးသောင်းစီ၊ မြန်မာနိုင်ငံ သတင်းမီဒီယာကောင်စီ ဒုတိယဥက္ကဋ္ဌ (၂) ဦးတင်မောင်ဦး (ကြို့ပင်ကောက် တင်မောင်ဦး) နှင့် သံဖြူဇရပ်မြို့နယ် စာရေးဆရာအသင်းတို့က ငွေကျပ် သုံးသောင်းစီ၊ စာရေးဆရာ လင်းညို့သွေးက ငွေကျပ် တစ်သောင်း အသီးသီးပေးအပ်လှူဒါန်းကြရာ အသင်းဥက္ကဋ္ဌ ဦးအုန်းမောင်(မြင်းမူမောင်နိုင်မိုး)၊ အတွင်းရေးမှူး ဦးညွန့်တင် (မောင်ငြိမ်းသူ-ကြို့ပင်ကောက်) နှင့် တာဝန်ရှိသူများက လက်ခံရယူပြီး ကျေးဇူးတင်စကား ပြန်လည်ပြောကြားသည်။

အလှူငွေဖြစ်စေ၊ အလှူပစ္စည်းဖြစ်စေ လှူဒါန်းလိုပါက မြန်မာနိုင်ငံစာရေးဆရာအသင်း အမှတ် (၁၇၃/၁၇၅) ပန်းဆိုးတန်းလမ်း (အလယ်) ကျောက်တံတားမြို့နယ် ရန်ကုန်မြို့။ ဖုန်း-၀၁-၂၅၂၄၁၇၊ ၀၉-၄၅၀၀၉၀၄၈၆သို့ ဆက်သွယ် လှူဒါန်းနိုင်ကြောင်း သိရသည်။ **သတင်းစဉ်**

## ယနေ့ဈေးကွက်ပေါက်ဈေးများ

၃၀ - ၁၁ - ၂၀၂၂

**ရွှေ**

| | | | |
|---|---|---|---|
| အကယ်ဒမီမီးလင်းရွှေအဖွင့်ဈေး | တစ်ကျပ်သား | ကျပ် | ၂၀၆၅၀၀၀ |
| အကယ်ဒမီမီးလင်းရွှေအပိတ်ဈေး | တစ်ကျပ်သား | ကျပ် | ၂၀၆၇၀၀၀ |
| ကမ္ဘာ့ရွှေဈေးအဖွင့်ဈေး | တစ်အောင်စ | အမေရိကန်ဒေါ်လာ | ၁၇၅၃ |
| ကမ္ဘာ့ရွှေဈေးအပိတ်ဈေး | တစ်အောင်စ | အမေရိကန်ဒေါ်လာ | ၁၇၅၅ |

(ရန်ကုန်တိုင်းဒေသကြီး ရွှေလုပ်ငန်းရှင်များအသင်းမှ ရယူပါသည်)

**စက်သုံးဆီ(လက်လီဈေးနှုန်းများ)**

| စက်သုံးဆီ | (ရန်ကုန်) | (မန္တလေး) |
|---|---|---|
| ဒီဇယ်(တစ်လီတာ) | ၂၂၉၀ ကျပ် | ၂၃၃၅ ကျပ် |
| ပရီမီယံဒီဇယ်(တစ်လီတာ) | ၂၃၆၅ ကျပ် | ၂၄၁၀ ကျပ် |
| အောက်တိန်း ၉၂ | ၁၉၀၀ ကျပ် | ၁၉၄၅ ကျပ် |
| အောက်တိန်း ၉၅ | ၂၀၀၅ ကျပ် | ၂၀၅၀ ကျပ် |

(Moon Sun စက်သုံးဆီအရောင်းဆိုင်မှ ရယူပါသည်)

**နိုင်ငံတကာ ငွေကြေးများ**

| | | | |
|---|---|---|---|
| အမေရိကန် | တစ်ဒေါ်လာ | ကျပ် | ၂၁၀၀ . ၀ |
| ဥရောပ | တစ်ယူရို | ကျပ် | ၂၁၇၈ . ၅ |
| စင်ကာပူ | တစ်ဒေါ်လာ | ကျပ် | ၁၅၃၅ . ၈ |
| ထိုင်း | တစ်ဘတ် | ကျပ် | ၅၉ . ၆၁၇ |
| ဂျပန် | ယန်း ၁၀၀ | ကျပ် | ၁၅၁၃ . ၈ |
| မလေးရှား | တစ်ရင်းဂစ် | ကျပ် | ၄၇၂ . ၅၅ |
| တရုတ် | တစ်ယွမ် | ကျပ် | ၂၉၅ . ၇၁ |
| အိန္ဒိယ | တစ်ရူပီး | ကျပ် | ၂၅ . ၇၈၇ |

(မြန်မာနိုင်ငံတော်ဗဟိုဘဏ်မှ ရယူပါသည်)

## ရန်ကုန်စတော့အိတ်ချိန်းဈေးကွက်

| ကုမ္ပဏီအမည် | အဖွင့်ဈေး (ကျပ်) | အပိတ်ဈေး (ကျပ်) | ရှယ်ယာစောင်ရေ | ရှယ်ယာတန်ဖိုး (ကျပ်) |
|---|---|---|---|---|
| FMI | ၉၀၀၀ | ၉၀၀၀ | ၂၀၂၉ | ၁၈၂၆၁၀၀၀ |
| MTSH | ၃၃၅၀ | ၃၃၀၀ | ၄၀၄၁ | ၁၃၃၄၆၈၅၀ |
| MCB | ၀ | ၀ | ၀ | ၀ |
| FPB | ၁၉၅၀၀ | ၁၉၅၀၀ | ၈၈ | ၁၇၁၆၀၀၀ |
| TMH | ၂၆၅၀ | ၂၆၅၀ | ၄၉၃ | ၁၃၀၆၄၅၀ |
| EFR | ၂၆၅၀ | ၂၆၅၀ | ၂၄၁ | ၆၃၈၆၅၀ |
| AHP | ၄၉၀၀ | ၄၉၀၀ | ၆၆၀ | ၃၂၃၄၀၀၀ |

ညီညီ - စုစည်းသည်

မြန်မာ့အလင်း

စာတည်းမှူးချုပ် - အောင်နိုင်ဦး
ခေတ္တစာတည်းမှူး - မြင့်စိုး
သတင်းထောက်မှူး - ခင်ရတနာ
စာတည်းများ - ကြည်ဝင်း၊ ဝင်းကျော်၊ သိမ့်သိမ့်မိုး
ဘာသာပြန်စာတည်း - ခြူးစန္ဒီနွေး၊ တင်လင်းအောင်
အကြီးတန်းသတင်းထောက်များ - ကျော်သူဝင်း၊ ဇင်ဦး၊ တင်မောင်လွင်၊ ဟိန်းထက်ဇော်၊ နေဝင်းထွန်း(၂)
အငယ်တန်းသတင်းထောက်များ - ဝေသူနွယ်၊ ဇော်ဝိုင်းအောင်၊ ခင်ဖြူထွေး
ဓာတ်ပုံသတင်းထောက် - တင်စိုး
သုတေသန - အိအိခင်နှင့် အဖွဲ့
စာပြင် - အေးအေးမိုးလှိုင်နှင့် အဖွဲ့
စာမျက်နှာဖွဲ့စည်းမှုနှင့် ဒီဇိုင်း - သန်းထွန်းအောင်နှင့် အဖွဲ့
အီးမေးနှင့် အွန်လိုင်း - သက်လွင်ဦးနှင့် အဖွဲ့
ထုတ်ဝေခြင်းအမှတ် - (၀၁၀၉၃)
ပုံနှိပ်ခြင်းအမှတ် - (၀၀၈၇၇)

mmalin.npt@ gmail.com
www.facebook.com/MYANMAALINNNEWS

နေပြည်တော်-စာတည်းမှူး ၀၆၇-၃၆၁၀၄၂၊ စာတည်းအဖွဲ့ ၀၆၇-၃၆၁၀၄၅၊ ဖက်စ် ၀၆၇-၃၆၁၀၄၃၊ ရန်ကုန်ရုံးခွဲ- အမှတ်(၅၃)၊ နတ်မောက်လမ်းသွယ်(၁)၊ ဗိုလ်ချုပ်(၂) ရပ်ကွက်၊ ဗဟန်းမြို့နယ်၊ ရန်ကုန်မြို့၊ စာတိုက်သေတ္တာအမှတ်-၄၀၊ စာတည်းအဖွဲ့ ၀၁-၅၄၄၃၀၉၊ မန်နေဂျာ ၀၁-၅၄၄၃၀၄၊ စီမံ ၀၁-၅၄၄၃၁၅၊ ငွေစာရင်း ၀၁-၅၄၄၃၁၆၊ ကြော်ငြာ ၀၁-၅၄၅၈၃၄၊ ၀၁- ၅၅၉၀၁၈၊ Fax ၀၁-၅၄၆၂၂၁၊ ၀၆၇-၃၆၁၀၄၈၊ ဖြန့်ချိရေး ၀၁-၅၄၄၃၁၇၊ Fax ၀၁-၈၆၀၄၅၄၆။

MYANMAR Digital News Presented by NPE www.mdn.gov.mm

◆ *ကျောဖုံးမှ*

တာဝန်ထမ်းဆောင်လျက်ရှိသော မြို့နယ် လျှပ်စစ်အင်ဂျင်နီယာသည် နိုင်ငံ့တာဝန်ထမ်းဆောင်ရင်း ကျိုက်ထိုမြို့၌ လုပ်ကြံပစ်ခတ်ခံခဲ့ရသဖြင့် အပြစ်မဲ့နိုင်ငံဝန်ထမ်း တစ်ဦး အသက်ဆုံးရှုံးခဲ့ရခြင်း၊ (၂၈-၁၁-၂၀၂၂) ရက်နေ့တွင် ၂၃၀ ကေဗွီ ညောင်ပင်ကြီး-ချောင်းကူး မဟာဓာတ်အားလိုင်း ကို လက်နက်ကြီးဖြင့် ပစ်ခတ်ခဲ့သဖြင့် မြို့ (၁၃) မြို့ ဓာတ်အားပြတ်တောက်ခဲ့ခြင်းနှင့် (၂၈-၁၁-၂၀၂၂) ရက်နေ့တွင် မကွေးတိုင်းဒေသကြီး၊ ကျွန်းချောင်းရှိ (၂၀.၅၄) မဂ္ဂါဝပ် သဘာဝဓာတ်ငွေ့သုံး အင်ဂျင်စက်ရုံမှ ဝန်ထမ်းများအား ခြိမ်းခြောက် ငွေတောင်းခံခဲ့ပြီး ငွေပေးသွင်းခြင်းမရှိပါက အသက်အန္တရာယ်အား ခြိမ်းခြောက်ခဲ့သဖြင့် နိုင်ငံခြားသားဝန်ထမ်းများ ထွက်ခွာခဲ့ရကာ ဓာတ်အားပေးစက်ရုံကို ရပ်တန့်ခဲ့ရပြီး ဓာတ်အားထုတ်လုပ်မှု လျော့နည်းခဲ့ရခြင်းစသည့် ဖြစ်စဉ်များဖြစ်ပေါ်ခဲ့ရပါသည်။

လျှပ်စစ်စွမ်းအားဝန်ကြီးဌာနမှ ဝန်ထမ်းများသည် ပြည်သူလူထုအတွက် အခြေခံအကျဆုံး လိုအပ်ချက်ဖြစ်သော လျှပ်စစ်ဓာတ်အားများကို ပြည့်မီစွာ ဖြည့်ဆည်းပေးနိုင်ရေးအတွက် လျှပ်စစ်ဓာတ်အားပေးစက်ရုံများ၊ မဟာဓာတ်အားလိုင်းများ၊ ဖြန့်ဖြူးရေး ဓာတ်အားလိုင်းများကို ပြုပြင်ထိန်းသိမ်းခြင်း၊ အသစ်တည်ဆောက်ခြင်း




၂၃၀ ကေဗွီ ညောင်ပင်ကြီး-ချောင်းကူး ဓာတ်အားလိုင်း လက်နက်ကြီး ထိမှန်မှုကြောင့် ဓာတ်အားလိုင်းကြိုး ပြတ်ကျနေသည့် မှတ်တမ်းဓာတ်ပုံ။



၁၃၂ ကေဗွီ ဘီလူးချောင်း (၂) - တီကျစ် နှစ်ထပ်မဟာဓာတ်အားလိုင်း တာဝါတိုင်အမှတ် (၁၃၀) ပြန်လည်တည်ဆောက်နေသည့် မှတ်တမ်းဓာတ်ပုံ။



ရန်ကုန်တိုင်းဒေသကြီး လှိုင်မြို့နယ်လျှပ်စစ်မန်နေဂျာရုံး လက်ပစ်ဗုံးဖြင့် ပစ်ခတ်ခံရမှုကြောင့် ပျက်စီးဆုံးရှုံးမှု မှတ်တမ်းဓာတ်ပုံ။



ဘီလူးချောင်း အမှတ် (၁) ရေအားလျှပ်စစ်ဓာတ်အားပေးစက်ရုံ၊ ရေထိန်းတံခါး၊ Control ခန်းရှိ ကျည်ထိမှန်ခဲ့သော မှန်ချပ်များကို တွေ့ရစဉ်။

များကို နေ့မအား ညမနား ဆောင်ရွက်လျက်ရှိသည့်အပြင် နိုင်ငံတော်၏ ရန်ပုံငွေဖြစ်သည့် လျှပ်စစ်ဓာတ်အားခများ ပြန်လည်ရရှိရေးအတွက် အချို့သော လျှပ်စစ်သုံးစွဲသူများမှ မိမိတို့သုံးစွဲမှုအတိုင်း ပြန်လည်ပေးဆောင်ခြင်းမရှိသည့် ဓာတ်အားခများကို လိုက်လံ ကောက်ခံခြင်းများကိုလည်း ဆောင်ရွက်လျက်ရှိပါသည်။

ထိုသို့ ဆောင်ရွက်လျက်ရှိမှုများအပေါ် NUG လက်ဝေခံ PDF အကြမ်းဖက်သောင်းကျန်းသူများသည် အများပြည်သူသို့ ဖြည့်ဆည်းပေးလျက်ရှိသည့် နိုင်ငံတော်၏ အခြေခံအဆောက်အအုံများအပေါ် ပျက်စီးစေရန် ရည်ရွယ်ချက်ဖြင့် အကြမ်းဖက်တိုက်ခိုက်မှုများ ပြုလုပ်ခဲ့ရာ လျှပ်စစ်စွမ်းအား ဝန်ကြီးဌာနမှ နိုင်ငံ့ဝန်ထမ်းများအား လုပ်ကြံပစ်ခတ်မှုအနေဖြင့် (၂၄) ကြိမ်၊ ဓာတ်အားပေးစက်ရုံ၊ ခွဲရုံ၊ ရုံးနှင့် ဝန်ထမ်းအိမ်ရာများသို့ ဝင်ရောက်ဖောက်ခွဲပစ်ခတ်ဖျက်ဆီးမှု (၂၀၉) ကြိမ် အပြင် အများပြည်သူသို့ ဖြန့်ဖြူးပေးလျက်ရှိသည့် လျှပ်စစ်ဓာတ်အားလိုင်းများကို မိုင်းခွဲဖျက်ဆီးခဲ့မှုများအနေဖြင့် မဟာဓာတ်အားလိုင်းတာဝါ (၄၈) တိုင်နှင့် ဖြန့်ဖြူးရေးလိုင်း (၄၉) တိုင်တို့ကို အသီးသီးဖျက်ဆီးဖောက်ခွဲခဲ့သဖြင့် နိုင်ငံတော်ဓာတ်အားစနစ်သို့ ပို့လွှတ်လျက်ရှိသည့် လျှပ်စစ်ဓာတ်အား (၁၆၀) မဂ္ဂါဝပ်ခန့် လျော့နည်းခဲ့ကာ အချို့သော နေရာများတွင် ပြုပြင်ဆောင်ရွက်ခြင်း မပြုလုပ်နိုင်သေးသဖြင့် ပြည်သူလူထုသို့ ဖြန့်ဝေပေးနိုင်မှုမရှိသည်များကို ကြုံတွေ့နေရပါသည်။

လျှပ်စစ်စွမ်းအားဝန်ကြီးဌာနအနေဖြင့် ထိုသို့ဖောက်ခွဲဖျက်ဆီးခံရမှုများအပေါ် အကြိမ်ကြိမ် ပြုပြင်ဆောင်ရွက်မှုများ ပြုလုပ်နေစဉ် အချိန်များတွင်လည်း နှောင့်ယှက်တိုက်ခိုက်မှုများ ရှိခဲ့သဖြင့် လျှပ်စစ်စွမ်းအားဝန်ကြီးဌာနဝန်ထမ်းများမှ အသက်ပေးဆပ်ခြင်း (၁၉) ဦးနှင့် ထိခိုက်ဒဏ်ရာရရှိခြင်း (၅၆) ဦး ရှိခဲ့သော်လည်း လျှပ်စစ်စွမ်းအားဝန်ကြီးဌာနသည် သက်ဆိုင်ရာနယ်မြေများရှိ လုံခြုံရေးအဖွဲ့များနှင့် ပူးပေါင်းကာ အကြိမ်ကြိမ် ပြုပြင်ဆောင်ရွက်မှုများကိုလည်း ဆက်လက် လုပ်ဆောင်ပေးလျက်ရှိပါသည်။

ထိုသို့ လျှပ်စစ်စွမ်းအားဝန်ကြီးဌာနအနေဖြင့် ပြည်သူလူထု၏ လိုအပ်လျက်ရှိသော လျှပ်စစ်ဓာတ်အားများကို ဖြည့်ဆည်းပေးနိုင်ရေးအတွက် ကြိုးပမ်းဆောင်ရွက်နေမှုအပေါ် ပြည်သူလူထုမှလည်း နိုင်ငံဝန်ထမ်းများကို လုပ်ကြံပစ်ခတ်ခြင်းနှင့် လျှပ်စစ်ဓာတ်အားထုတ်လုပ်၊ သွယ်တန်း၊ ဖြန့်ဖြူးပေးလျက်ရှိသည့် နိုင်ငံ့အခြေခံ အဆောက်အအုံများ လုပ်ကြံပစ်ခတ်ခြင်း၊ ဖောက်ခွဲတိုက်ခိုက်ဖျက်ဆီးခြင်းများ မပြုလုပ်စေရေး ဝိုင်းဝန်းပူးပေါင်းဆောင်ရွက်ပေးကြပါရန် အသိပေးပန်ကြားအပ်ပါသည်။

**လျှပ်စစ်စွမ်းအားဝန်ကြီးဌာန**





၂၃၀ ကေဗွီ မော်လမြိုင် - မြဝတီ (Double Circuit) ဓာတ်အားလိုင်း ဖျက်ဆီးခံရသည့် တာဝါတိုင်အမှတ် (၁၇၂) ပြန်လည်တည်ဆောက်ခြင်းလုပ်ငန်း ဆောင်ရွက်ပြီးစီးသည့် မှတ်တမ်းဓာတ်ပုံ။



၂၃၀ ကေဗွီ မော်လမြိုင် - မြဝတီ (Double Circuit) ဓာတ်အားလိုင်း ဖျက်ဆီးခံရသည့် တာဝါတိုင်အမှတ် (၁၇၃) ပြန်လည်တည်ဆောက်ခြင်း လုပ်ငန်းဆောင်ရွက်ပြီးစီးသည့် မှတ်တမ်းဓာတ်ပုံ။



မကွေးတိုင်းဒေသကြီး ကျွန်းချောင်းရှိ (၂၀.၅၄) မဂ္ဂါဝပ် သဘာဝဓာတ်ငွေ့သုံးအင်ဂျင်စက်ရုံ။

## လျှောက်လွှာပိတ်ရက် တိုးမြှင့်ပြင်ဆင်သတ်မှတ်ခြင်း

ပြည်ထောင်စုအစိုးရအဖွဲ့ရုံးဝန်ကြီးဌာန၊ အခွန်အယူခံခုံအဖွဲ့ရုံးမှ မြန်မာ့အလင်းနှင့် ကြေးမုံသတင်းစာတို့တွင် ၂၀-၁၀-၂၀၂၂ရက်၌ ထည့်သွင်းကြေညာခဲ့သော အငယ်တန်းစာရေး (၄)နေရာ၊ ဒု-လက်ထောက်ကွန်ပျူတာလုပ်ဆောင်ရေးမှူး(၁)နေရာ၊ စာရင်းကိုင် -၄(၁)နေရာ၊ ယာဉ်မောင်း စက်ပြင်-၅(၂)နေရာနှင့် သန့်ရှင်းရေးအကူ (၂)နေရာအတွက် အလုပ်လျှောက်လွှာခေါ်ယူခဲ့ရာတွင် အလုပ်လျှောက်လွှာများ ပြန်လည်တင်သွင်းရမည့်ရက်ကို ၃၀-၁၁-၂၀၂၂ရက်အစား ၂၃-၁၂-၂၀၂၂ရက်အထိ တိုးမြှင့်လျှောက်ထားနိုင်ကြောင်းနှင့် ဖြေဆိုရမည့် နေ့ရက်၊ အချိန်နှင့် ဖြေဆိုခွင့်ရရှိသူများ စာရင်းကို အခွန်အယူခံခုံအဖွဲ့ Facebook Page, Myanmar National Portal နှင့် www.myanmar.gov.mm//revenueတွင် ထပ်မံအသိပေးကြေညာသွားမည်ဖြစ်ကြောင်း အသိပေးကြေညာအပ်ပါသည်။

**အခွန်အယူခံခုံအဖွဲ့ရုံး**

## အမည်ပြောင်း

ရန်ကုန်မြို့၊ ဒဂုံမြို့သစ်(တောင်ပိုင်း)မြို့နယ်၊ အမှတ် (၁၃၃)၊ လယ်သမားလမ်း၊ (၂၁)ရပ်ကွက်နေ ဦးဇော်ဇော်လင်း-ဒေါ်ရီရီချိုတို့၏ သမီး၊ ရွှေပြည်စိုး ကိုယ်ပိုင်အထက်တန်းကျောင်းမှ မဇွန်ပွင့်ဖြူအား မခြူးဆင့်အိမ်ဟု ပြောင်းလဲခေါ်ဆိုပါရန်။

## ဖောင်းကြွပျောက်လျှောက်ထားခြင်း

ယာဉ်အမှတ် ၆ဃ/၂၇၃၀ ၏ ဖောင်းကြွနံပါတ်ပြားပျောက်ဆုံး၍ ထုတ်ပေးရန်လျှောက်ထားလာပါသဖြင့် ယခင်ဖောင်းကြွနံပါတ်ပြားပျက်ပြယ်ကြောင်း အများသိစေရန်ကြေညာအပ်ပါသည်။

**ကညန၊ အနောက်ပိုင်းခရိုင်ရုံး(ရန်ကုန်)**

## စစ်ကိုင်းတိုင်းဒေသကြီး၊ ကလေးမြို့နယ် သမဝါယမအသင်းစု လေလံလျှောက်လွှာခေါ်ယူခြင်း

၁။ စစ်ကိုင်းတိုင်းဒေသကြီး၊ကလေးမြို့နယ်၊ သမဝါယမအသင်းစုပိုင် အောက်ဖော်ပြပါ မြေ(၁)ကွက်နှင့် ၎င်းမြေပေါ်ရှိ အဆောက်အအုံ (၅)လုံးတို့အား လေလံစနစ်ဖြင့် ရောင်းချမည်ဖြစ်ပါသည်-

**ကလေးမြို့၊ အောင်မြေမာန်ရပ်ကွက်၊ နယ်မြေ(၂)၊ ဇေယျာလမ်း၊ ကွင်းအမှတ်(၇၄)၊ ဦးပိုင်အမှတ်(၄၂ + $\frac{၄၈}{၂၁၀}$ )မြေဧရိယာ (၀ဒသမ၆၀၈)ဧကနှင့် အဆိုပါမြေပေါ်ရှိ (၁) ၄၈' x ၁၆' x ၁၉' နံကပ် (၂)ထပ်တိုက် (၁)လုံး၊ (၂) ၄၈' x ၂၄' x ၁၆.၅' ပျဉ်ကာ ၁ထပ်(၁)လုံး၊ (၃) ၈၀' x ၈၀' x ၁၄' နံကပ် တစ်ထပ်(၂)လုံး၊ (၄) ၄၆.၅' x ၃၂' x ၂၁' နံကပ် တစ်ထပ်(၁)လုံး၊ စုစုပေါင်း အဆောက်အအုံ (၅)လုံး**

| | | |
|---|---|---|
| လေလံလျှောက်လွှာရောင်းချမည့်ရက် | - | ၁၂-၁၂-၂၀၂၂ရက်မှ ၂၃-၁၂-၂၀၂၂ရက်အထိ |
| လေလံလျှောက်လွှာပိတ်သိမ်းမည့်ရက် | - | ၂၃-၁၂-၂၀၂၂ရက်၊ ညနေ ၄နာရီ |
| လေလံလျှောက်လွှာရောင်းချမည့်နေရာ | - | ကလေးမြို့နယ်၊ သမဝါယမအသင်းစုရုံး |

၂။ အာမခံစပေါ်ပေးသွင်းထားသည့် အထောက်အထားချလန်မူရင်းအား သက်ဆိုင်ရာလေလံတင်ထုခွဲရောင်းချရေးအဖွဲ့(အသင်းအမှုဆောင်အဖွဲ့)ထံ သီးခြားအပ်နှံရမည်ဖြစ်ပြီး လေလံဈေးနှုန်းတင်သွင်းသည့် လျှောက်လွှာများကို အာမခံစပေါ်ငွေပေးသွင်းထားသည့် ချလန်မိတ္တူနှင့်အတူ လေလံလျှောက်လွှာပိတ်သိမ်းမည့်ရက် ၂၃-၁၂-၂၀၂၂ရက် ညနေ ၄နာရီ နောက်ဆုံးထား၍ ကလေးမြို့နယ်၊ သမဝါယမအသင်းစုရုံးတွင် ပေးသွင်းရန်ဖြစ်ပြီး သတ်မှတ်အချိန်ထက်ကျော်တင်သွင်းသော ဈေးနှုန်းတင်သွင်းသည့် လျှောက်လွှာများကို ထည့်သွင်းစဉ်းစားမည်မဟုတ်ပါ။

၃။ လေလံလျှောက်လွှာ ပိတ်သိမ်းပြီးနောက် ၂၆-၁၂-၂၀၂၂ရက် မွန်းလွဲ ၁ နာရီတွင် လေလံဖွင့်လှစ်ရောင်းချခြင်း ဆောင်ရွက်မည်ဖြစ်ပါသည်။

၄။ အသေးစိတ်သိရှိလိုပါက အောက်ပါဖုန်းနံပါတ်များသို့ ဆက်သွယ်မေးမြန်းနိုင်ပါသည်။

ဖုန်း-၀၉-၄၀၀၅၀၅၄၅၆၊ ၀၉-၂၅၆၁၈၉၃၇၆

**လေလံတင်ထုခွဲရောင်းချရေးအဖွဲ့**

## အထူးကိုယ်စားလှယ်လွှဲစာ ပြန်လည်ရုပ်သိမ်းကြောင်း အများသိစေရန်ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့နယ်၊ ပြည်အနောက်ရပ်ကွက်၊ ခရေပင်လမ်း၊ အမှတ် (၉၉)နေ ကျွန်မ ဒေါ်လီလီယံခါးနော်(ဘ)ဦးအယ်(လ်)တန်နော ၁၂/ကမရ(နိုင်)၀၄၈၇၉၈ ကိုင်ဆောင်သူသည် နေပြည်တော်၊ ဇမ္ဗူသီရိမြို့နယ်၊ ဇေယျာသိဒ္ဓိရပ်ကွက်၊ စပါယ်အိမ်ရာ၊ တိုက် (၂၂)၊ အခန်း (၂)နေ ဦးခမ်းအောင်(ဘ)ဦးတင်ဦး ၁၂/ကမရ(နိုင်)၀၂၁၉၉၆ ကိုင်ဆောင်သူထံသို့ ရန်ကုန်မြို့၊ စာချုပ်စာတမ်းမှတ်ပုံတင်ရုံးတွင် အထူးကိုယ်စားလှယ်လွှဲစာကို ၁၅-၁၀-၂၀၁၅ရက်က လွှဲအပ်ပေးထားခဲ့ပါသည်။

ယခုအခါတွင် ကျွန်မ ဒေါ်လီလီယံခါးနော်သည် ဦးခမ်းအောင်ထံ လွှဲအပ်ပေးထားသော အထူးကိုယ်စားလှယ်လွှဲစာကို ပြန်လည်ရုပ်သိမ်းပါကြောင်း အများသိစေရန်ကြေညာအပ်ပါသည်။

**ဒေါ်လီလီယံခါးနော်**
**၁၂/ကမရ(နိုင်)၀၄၈၇၉၈**
**အမှတ် (၉၉)၊ ခရေပင်လမ်း၊ ပြည်အနောက်ရပ်ကွက်၊ ဒဂုံမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး**

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 52W/20966, Kenbo 125, M/C ယာဉ်လက်ဝယ်ရှိသူ ဒေါ်စပယ်လှိုင် ၈/ပခန(နိုင်)၀၉၉၁၅၇ က (ကမ-၃)ပျောက်ဆုံး၍မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာ ရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန၊**
**ခရိုင်ရုံး(မန္တလေးတောင်ပိုင်း)**
**မန္တလေးမြို့**

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် ၄၄ယ/၅၃၉၅၈, Honda Scoopy-110 ယာဉ်လက်ဝယ်ရှိသူ Thiri Tayza Min Co., Ltd.က(ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက် ၃၀ အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာ ရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန၊**
**ခရိုင်ရုံး(မန္တလေးမြောက်ပိုင်း)**
**မန္တလေးမြို့**

## ငြင်းချက်ထုတ်ရန်သမ္မန်စာ
## (တရားမကျင့်ထုံး ကိုဒဥပဒေအမိန့် ၅၊ နည်းဥပဒေ ၂၀)
## တောင်ငူခရိုင်တရားရုံး၌
## ၂၀၂၂ ခုနှစ်၊ တရားမကြီးမှုအမှတ် - ၅၆

| | | |
|---|---|---|
| Petro Seven Co.,Ltd. (၎င်း၏ကိုယ်စား Assistant Manager ဦးပုည) အမှတ်(၃၃၃၄)၊ ပေါင်းလောင်း (၂)ရပ်ကွက်၊ ခရာဝါလမ်း၊ ပျဉ်းမနားမြို့နယ်၊ နေပြည်တော်။ | နှင့် | ၁။ ဦးအောင်လွင်ဦး(ခ)ဦးငွေး ၂။ ဒေါ်အေးစံပယ်အောင် သောင်ကုန်းကျေးရွာ၊ ငါးဖယ်အင်းအုပ်စု၊ တောင်ငူမြို့နယ်၊ ပဲခူးတိုင်းဒေသကြီး။ |
| **တရားလို** | | **တရားပြိုင်များ** |

အထက်ပါအမှုမှ တရားပြိုင် (၁) ဦးအောင်လွင်ဦး(ခ)ဦးငွေး၊ (၂) ဒေါ်အေးစံပယ်အောင်၊ သောင်ကုန်းကျေးရွာ၊ ငါးဖယ်အင်းအုပ်စု၊ တောင်ငူမြို့နယ်၊ ပဲခူးတိုင်းဒေသကြီးနေ (ယခုလိပ်စာမသိ)သူများ သိစေရမည်။

သင့်အပေါ် တရားလို Petro Seven Co.,Ltd. က စက်သုံးဆီဖိုးငွေ ကျပ် (၆၀၁၅၂၅၀)နှင့် နစ်နာကြေးငွေ ကျပ် (၄၀၀၀၀၀၀)၊ စုစုပေါင်းငွေ ကျပ် (၁၀၀၁၅၂၅၀) ရလိုမှုနှင့် လျှောက်ထားစွဲဆိုချက်ရှိသည်ဖြစ်၍ သင်ကိုယ်တိုင်ဖြစ်စေ၊ သို့တည်းမဟုတ် ၎င်းအမှုနှင့်စပ်လျဉ်း၍ အရေးကြီးသည့်စကားအရပ်ရပ်တို့ကို ချေပပြောဆိုနိုင်သူ သင့်ကိုယ်စားလှယ်ရုံးအခွင့်အမိန့်ရရှေ့နေဖြစ်စေ၊ သို့တည်းမဟုတ် ၎င်းအမှုနှင့်စပ်ဆိုင်သည့်အချက်များကို ချေပပြောဆိုနိုင်သူ တစ်ဦးတစ်ယောက် ၎င်းရှေ့နေနှင့်ပါစေ၍ဖြစ်စေ၊ ၂၀၂၂ ခုနှစ် ဒီဇင်ဘာ ၂၉ရက် (၁၃၈၄ ခုနှစ်၊ ပြာသိုလဆန်း ၁ရက်) နံနက် ၁၀နာရီတွင် တရားလိုစွဲဆိုချက်ကို ထုချေရှင်းလင်းရန် ရုံးသို့လာရောက်ရမည်။ ၎င်းအပြင် သင်သိစေရမည်မှာ အထက်ကဆိုခဲ့သည့်နေ့ရက်တွင် သင်မလာမရောက်ပျက်ကွက်ခဲ့လျှင် သင့်ကွယ်ရာတွင် ငြင်းချက်များကိုထုတ်ပေးလိမ့်မည်။ ၎င်းပြင်တရားလိုက ကြည့်ရှုလိုသည့် စာရွက်စာတမ်းများနှင့် သင်ကထုချေတင်ပြအမှီပြုလိုသည့်စာချုပ်စာတမ်းအစရှိသည်တို့ကို သင်နှင့်အတူ ယူဆောင်လာရမည်။ သို့တည်းမဟုတ် သင့်ကိုယ်စားလှယ်ရှေ့နေလက်တွင် ထည့်အပ်ပို့လိုက်ရမည်။ သင်က ထုချေလွှာတင်သွင်းလိုလျှင် အမှုမဆိုင်မီ လေးရက်က တင်သွင်းရမည်။

၂၀၂၂ ခုနှစ် နိုဝင်ဘာ ၂၉ရက်တွင် ဤရုံးတံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုးထုတ်ပေးလိုက်သည်။

**(သန့်စင်ငြိမ်း)**
**ဒုတိယခရိုင်တရားသူကြီး (၂)**
**တောင်ငူခရိုင်တရားရုံး**

## ပျောက်ဆုံးကြောင်း

ကျွန်တော် မောင်ဝင်းအောင် ၅/ဝလန(နိုင်)၁၇၇၀၃၉၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။

ဖုန်း-၀၉-၇၅၃၁၅၉၇၆၉

## ပျောက်ဆုံးကြောင်း

ကျွန်တော် မောင်သန်းယု၅/ဝလန(နိုင်)၁၉၈၆၂၃၏ နိုင်ငံကူးလက်မှတ်အမှတ် (မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။

ဖုန်း-၀၉-၇၅၃၁၅၉၇၆၉

## ပျောက်ဆုံးကြောင်း

ကျွန်တော် မောင်ကျော်ရဲအောင် ၅/ဝလန(နိုင်)၁၅၆၇၅၆၏ နိုင်ငံကူးလက်မှတ်အမှတ် (မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။

ဖုန်း-၀၉-၇၅၃၁၅၉၇၆၉

## ပျောက်ဆုံးကြောင်း

ကျွန်တော် မောင်ကျော်စိုးလှိုင် ၅/ယမပ(နိုင်)၀၉၈၄၄၉၏ နိုင်ငံကူးလက်မှတ် အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။

ဖုန်း-၀၉-၄၅၇၂၅၂၅၉၂

## ကန့်ကွက်နိုင်ပါကြောင်း

ပုသိမ်မြို့၊ အမှတ်(၃)ရပ်ကွက်၊ အကွက်အမှတ်(၃၅)၊ မီးရထားလမ်းအကွက်၊ ဦးပိုင်အမှတ်(၁၁/၁/၈)၊ ဧရိယာ(၀ဒသမ၀၅၅)ဧကရှိ မြေကို ဦးဟန်မင်းဦးအမည်ဖြင့် မြေငှားဂရန်(အမည်ပြောင်း)ချထားပေးပါရန် လျှောက်ထားချက်များနှင့်ပတ်သက်၍ ကန့်ကွက်လိုသူများရှိပါက သတင်းစာတွင် ကြော်ငြာသည့်ရက်မှစ၍ ၁၅ရက်အတွင်း အထောက်အထားပြည့်စုံစွာဖြင့် ဤမြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနရုံးသို့ ကာယကံရှင်ကိုယ်တိုင်လာရောက် ဆက်သွယ်ကန့်ကွက်နိုင်ပါကြောင်း အသိပေးကြေညာအပ်ပါသည်။

**မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊ ပုသိမ်မြို့**

## ကန့်ကွက်နိုင်ကြောင်း အများသိစေရန်ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်(အရှေ့ပိုင်း)မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် (၁၂၄)၊ ဟံသာဝတီလမ်း၊ မြေကွက်အမှတ် (၂၃၇)တွင် တည်ရှိသော ဧရိယာအကျယ်အဝန်းပေ (၄၀x၆၀)မြေကွက်သည် မူလအမည်ပေါက် ဦးတင်စိုး- PGU-၂၀၅၉၈၆ ပိုင်ဆိုင်ပြီး မြေချပါမစ်မူရင်းဖြစ်ပါသည်။ ယင်းမြေကွက်နှင့် အကျိုးခံစားခွင့်အရပ်ရပ်ကို ဒေါ်မြင့်မြင့်အေး ၁၂/ဥကတ(နိုင်)၀၂၄၁၀၁ထံမှ ကျွန်ုပ်၏အမှုသည် ဒေါ်မိုင်ရွှေစင် ၄/ဖလန(နိုင်)၀၀၀၂၄၆မှ ၁၇-၁-၂၀၂၀ရက်တွင် စာချုပ်စာတမ်းအဆင့်ဆင့်ဖြင့် အရောင်းအဝယ်ပြုလုပ်ခဲ့ပြီး ယင်းမြေကွက်နှင့် မြေကွက်ပေါ်ရှိ (၁၂)ခန်းအဆောင်အတွဲကို ကျွန်ုပ်၏အမှုသည်မှ လက်ရှိတရားဝင်ပိုင်ဆိုင်ခွင့်ရှိသူဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

ကန့်ကွက်လိုပါက အကျိုးခံစားခွင့်ရှိသူ မည်သူမဆို ပိုင်ဆိုင်မှုအထောက်အထားမူရင်းများဖြင့် ယနေ့မှစ၍ ၁၄ ရက်အတွင်း ကျွန်ုပ်ထံသို့ လာရောက်ကန့်ကွက်နိုင်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**
**ဒေါ်သီတာနှင်းအေး (LL.B)**
**အထက်တန်းရှေ့နေ (စဉ်-၄၈၅၆၇)**
**အမှတ် (၃၁/က)၊ ဟားခါးလမ်း၊ (၇)ရပ်ကွက်၊ ဒဂုံမြို့သစ်(အရှေ့ပိုင်း) မြို့နယ်၊ ဖုန်း-၀၉-၈၈၂၇၈၃၇၂၆၊ ၀၉-၄၂၀၁၁၇၅၂၄**




## ကန့်ကွက်နိုင်ကြောင်းကြေညာခြင်း

ဒက္ခိဏသီရိမြို့၊ ဒက္ခိဏသီရိရပ်ကွက်၊ မြေတိုင်းရပ်ကွက်အမှတ်(၁၅/ထန်းတပင်ရပ်)၊ မြေကွက်အမှတ်(ဒ-၆၂၀၇)၊ မြေဧရိယာ(၀ဒသမ၀၅၅)ဧကရှိ ဦးအောင်ဇော်မင်း(ဘ)ဦးစံတင် ၁၀/ပမန(နိုင်) ၀၉၈၁၇၀ အမည်ပေါက် နှစ်(၃၀)မြေငှားစာချုပ် မြေကွက်ကို ဦးအောင်ဇော်မင်းထံမှ နေပြည်တော် စာချုပ်စာတမ်းမှတ်ပုံတင်ရုံး၏ အထူးကိုယ်စားလှယ်လွှဲအပ်စာအမှတ်(၄၆၁၂/၂၀၂၂)(၂၁-၉-၂၀၂၂)ရရှိထားသူ ဒေါ်မေသူဇာမြင့်(ဘ)ဦးစောချုံလင်း(ခ)ဦးမျိုးမြင့် ၁၂/လမတ(ဧည့်) ၀၀၀၆၃ မှ ဒေါ်အေးအေးကြွယ်(ဘ)ဦးစောချုံလင်း(ခ)ဦးမျိုးမြင့် ၁၂/လမတ(နိုင်) ၀၂၇၃၉၅နှင့် အရောင်းအဝယ်မှတ်ပုံတင်စာချုပ်ချုပ်ဆိုရန် မြေပုံ၊ မြေရာဇဝင် ရေးကူးခွင့်လျှောက်ထားလာပါသဖြင့် ကန့်ကွက်လိုသူများအနေဖြင့် တရားဝင်ပိုင်ဆိုင်မှုစာချုပ်စာတမ်းများ၊ တရားရုံးအမိန့်ဒီကရီများ၊ အထောက်အထားခိုင်လုံစွာတင်ပြ၍ နေပြည်တော်စည်ပင်သာယာရေးကော်မတီ၊ မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာနသို့ ဤကြေညာချက်ပါသည့်ရက်မှစ၍ ၁၅ ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ကြောင်းနှင့် သတ်မှတ်ကာလအတွင်း ကန့်ကွက်မှုမရှိပါက ဌာန၏လုပ်ထုံးလုပ်နည်းများနှင့်အညီ မြေပုံ၊ မြေရာဇဝင်လျှောက်ထားလာမှုအား ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အသိပေးကြေညာလိုက်သည်။

**မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန**
**နေပြည်တော်စည်ပင်သာယာရေးကော်မတီ**

## ကန့်ကွက်နိုင်ပါကြောင်း

ရန်ကုန်တိုင်းဒေသကြီး၊ လှိုင်သာယာ(အရှေ့ပိုင်း)မြို့နယ်၊ (၇)ရပ်ကွက်၊ တေးဥယျာဉ် (၁)လမ်း၊ အမှတ် (၁၇၁/ခ)၊ မြေအကျယ်အဝန်းပေ (၂၀x၆၀)ရှိ ဦးစိန်ကြီး အမည်ပေါက် ပါမစ်မြေနှင့် မြေပေါ်တွင် ဆောက်လုပ်ထားသော အဆောက်အအုံအပါအဝင် အကျိုးခံစားခွင့်အရပ်ရပ်အားလုံးအား ရောင်းချပိုင်ခွင့်ရှိကြောင်း ပြောဆိုဝန်ခံသူ ဒေါ်ချိုချိုအေး ၁၂/တမန(နိုင်)၀၄၆၇၅၃ထံမှ ကျွန်ုပ်၏မိတ်ဆွေဖြစ်သူ ဒေါ်ထားထားလွင် ၁၂/ကမတ(နိုင်)၀၄၅၂၀၇က အပြီးအပိုင်ဝယ်ယူရန်အတွက် စရန်ငွေပေးချေထားပြီးဖြစ်ပါသည်။ အရောင်းအဝယ်အား ကန့်ကွက်လိုပါက ကျွန်ုပ်ထံသို့ စာရွက်စာတမ်းအထောက်အထား(မူရင်း)များဖြင့် ဤသတင်းစာကြော်ငြာပါသည့်ရက်မှစ၍ ခုနစ်ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်ကျော်လွန်ပါက အရောင်းအဝယ်ကိစ္စအား ပြီးမြောက်သည်အထိ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် အသိပေးကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**
**ဦးစန်းမင်းဦး (LL.B)**
**အထက်တန်းရှေ့နေ (စဉ်-၅၁၅၃၁)**
**အမှတ် (၈၂၉/က)၊ အနန္တသူရိယလမ်း၊ (၁၈)ရပ်ကွက်၊ လှိုင်သာယာ (အနောက်ပိုင်း)မြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး**
**ဖုန်း-၀၉-၄၂၁၀၃၆၄၅၇**

## ပျောက်ဆုံးကြောင်း

ကျွန်တော် မောင်ဖွဲ့ပြည့်ဟန် ၅/ကလထ(နိုင်)၂၉၃၅၁၅၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြား ပေးပါရန်။

ဖုန်း-၀၉-၉၄၁၉၀၂၆၀၂

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် ၆၀ယ/၂၅၄၀၉, ဟွန်ဒါဝေ့ ၁၀၀ ယာဉ်လက်ဝယ်ရှိသူ ဒေါ်စုစုသက် ၆/ထဝန(နိုင်)၀၈၅၇၉၅ က(ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက် ၃၀ အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာ ရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန၊**
**တိုင်းဒေသကြီးဦးစီးမှူးရုံး(ထားဝယ်)**

## ဝယ်ယူသူ၏ ပျက်ကွက်မှုကြောင့်(၁၁-၉-၂၀၂၂)ရက်စွဲပါ မြေကွက်သက်သက် အရောင်းအဝယ်စရန်ငွေပေးကတိစာချုပ်မှာ ပျက်ပြယ်သွားပြီးဖြစ်ပါကြောင်း အများသိစေရန်ကြော်ငြာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ လှိုင်သာယာမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် ၇၊ ပီမိုးနင်းလမ်းရှိ(၄၀x၆၀)ပေရှိသော မြေကွက်အမှတ်(၁၀)ဟုခေါ်တွင်သော နှစ်(၆၀)မြေငှားဂရန် မြေကွက်ကို အမည်ပေါက်ပိုင်ဆိုင်သူ ဦးဝင်းထွဋ် ၁၂/တကန(နိုင်) ၀၃၈၉၅၁ထံမှ ဒေါ်အေးမန် ၁၃/လရန(နိုင်)၀၅၈၉၂၄က ဝယ်ယူရန် စရန်ငွေပေးခဲ့သော်လည်း စာချုပ်ပါအရ (၁၅-၉-၂၀၂၂)ရက်တွင် ဒုတိယအကြိမ် စရန်ငွေကျပ် (၂၀၀၀)သိန်းကို ဝယ်ယူသူက ရောင်းသူထံသို့ပေးချေရန် ပျက်ကွက်သဖြင့် ရောင်းသူအနေဖြင့် အဆိုပါမြေကွက်အား ဝယ်ယူသူထံသို့ ဆက်လက်ရောင်းချရန် တာဝန်မရှိတော့ပါကြောင်းနှင့် အဆိုပါမြေကွက်အရောင်းအဝယ် စရန်ငွေပေးစာချုပ်မှာ ပျက်ပြယ်သွားပြီးဖြစ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

| | | |
|---|---|---|
| **လွှဲအပ်ညွှန်ကြားသူ** | **လွှဲအပ်ညွှန်ကြားချက်အရ** | |
| **ဦးဝင်းထွဋ်** | **ဦးထွန်းထွန်းသာ** | **ဦးအောင်သိန်းကျော်(LL.B)** |
| | **အထက်တန်းရှေ့နေ** | **တရားလွှတ်တော်ရှေ့နေ** |
| | **(စဉ်-၉၉၀၅)** | **(စဉ်-၈၆၇၃/၂၀၁၂)** |
| | | **"Practice Lawyer" Law Group** |
| | | **ရုံးခန်း-တိုက်B-1၊ အခန်း(၁၀၂)၊ ပထမထပ်၊ ဗညားဒလလမ်း၊ ယုဇနပလာဇာအနီး၊ တာမွေမြို့နယ်၊ ရန်ကုန်မြို့၊** |
| | | **ဖုန်း-၀၉-၇၆၁၀၃၆၉၀၆၊** |
| | | **Facebook;land lawyer1** |

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် ၉ယ/၃၀၆၃၅, Honda Dream No-120m ယာဉ်လက်ဝယ်ရှိသူ ဦးသန်းတိုးအောင် ၁၀/ကထန(နိုင်)၁၆၄၉၂၅ က(ကမ-၃)ပျောက်ဆုံး၍မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက် ၃၀အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာ ရောက်ကန့် ကွက်နိုင်ပါသည်။

**ကညန၊**
**တိုင်းဒေသကြီးဦးစီးမှူးရုံး**
**(ထားဝယ်)**

## အမည်ပြောင်း

ရပ်စောက်မြို့၊ ယင်းတွင်းငကြောင်ကျေးရွာအုပ်စု၊ နားသွန်ကျေးရွာနေ ဦးထွန်းဝင်း ၁၃/ရစန(နိုင်)၀၉၅၅၂၉၏သား မောင်ကျော်ဇေမင်းနိုင်အား မောင်ခွန်မျိုးသီဟကျော်ဟု ပြောင်းလဲခေါ်ဆိုပါရန်။

**မောင်ခွန်မျိုးသီဟကျော်**

## ဖခင်အမည်မှန်

စစ်ကိုင်းတိုင်းဒေသကြီး၊ ကလေးမြို့ GCEC ကိုယ်ပိုင်အလယ်တန်းကျောင်း ကျောင်းဝင်အမှတ် ၈၉၊ အဋ္ဌမတန်းမှ မောင်ဖန်ကျိုးနုံးဘိခ်၏ ဖခင်အမည်မှန်မှာ ဦးဇဲနိတလွန်ထန် ၄/ထတလ(နိုင်)၀၀၁၆၅၁ ဖြစ်ပါကြောင်း။

**ဦးဇဲနိတလွန်ထန်**

## ပျောက်ဆုံးကြောင်း

ကျွန်မ မထူး(ဘ)ဦးသုမောင် ၉/ပမန(နိုင်)၂၉၆၉၇၃၏ နိုင်ငံကူး လက်မှတ် အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။

**ဖုန်း-၀၉-၉၅၃၄၃၀၄၄၀**

## ပျောက်ဆုံးကြောင်း

ကျွန်တော် မောင်ထက်ကောင်း(ဘ)ဦးတင်ညို ၉/ပမန(နိုင်)၂၆၈၆၀၃ ၏ နိုင်ငံကူး လက်မှတ် အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။

**ဖုန်း-၀၉-၉၅၃၄၃၀၄၄၀**

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 54W/60186, Kenbo 125 ယာဉ်လက်ဝယ်ရှိသူ ဦးထွန်းနန္ဒကျော် ၁၂/မဂဒ(နိုင်)၀၀၀၅၈၂ က(ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက်၃၀အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန**
**(နေပြည်တော်ရုံး)**

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 77W/26708, TVS ROCKZ125 ယာဉ်လက်ဝယ် ရှိသူ ဦးမင်းသိန်းထွန်း ၁၄/ဇလန(နိုင်)၁၄၁၆၈၂က(ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက်၃၀အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန၊ခရိုင်ရုံး**
**(ဟင်္သာတ)**

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 9R/9282ယာဉ်လက်ဝယ်ရှိသူ ဒေါ်မြတ်မြတ်ငြိမ်း ၁၂/မဘန(နိုင်)၁၀၇၆၄၆ က (ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက်၃၀အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန၊**
**တိုင်းဒေသကြီးဦးစီးမှူးရုံး**
**(ပဲခူး)**

## ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ
## ပညာရေးဝန်ကြီးဌာန
## အဆင့်မြင့်ပညာဦးစီးဌာန
## မြင်းခြံတက္ကသိုလ်
## ပထမအကြိမ်မြောက် ဘွဲ့နှင်းသဘင်လျှောက်လွှာခေါ်ယူခြင်းနှင့် ကျင်းပမည့်ရက်ကြေညာခြင်း

၁။ မြင်းခြံတက္ကသိုလ်က ကြီးမှူးကျင်းပခဲ့သည့် ၂၀၁၉-၂၀၂၀ ပညာသင်နှစ် (နေ့သင်တန်း)တွင် ဝိဇ္ဇာ/သိပ္ပံ(ဘွဲ့)၊ ဝိဇ္ဇာ/သိပ္ပံ(ဂုဏ်ထူးဘွဲ့)စာမေးပွဲများကို အောင်မြင်ခဲ့သော ကျောင်းသား ကျောင်းသူများ၊ ၂၀၁၉ ပညာသင်နှစ် (အဝေးသင် သင်တန်း)တွင် ဝိဇ္ဇာ/သိပ္ပံ(ဘွဲ့)အောင်မြင်ခဲ့ကြသူများသည် မြင်းခြံတက္ကသိုလ် ပထမအကြိမ်မြောက် ဘွဲ့နှင်းသဘင်တက် ရောက်ဘွဲ့ယူရန် (သို့မဟုတ်) အဝေးရောက်ဘွဲ့ယူရန် လျှောက်လွှာများ လျှောက်ထားနိုင်ပါသည်။

**ဘွဲ့နှင်းသဘင်ကြေး**

| | | |
|---|---|---|
| **တက်ရောက်ဘွဲ့** | - | ၁၅၀၀၀/- (ကျပ်တစ်သောင်းငါးထောင်ကျပ်တိတိ) |
| **အဝေးရောက်ဘွဲ့** | - | ၁၀၀၀၀/- (ကျပ်တစ်သောင်းကျပ်တိတိ) |
| **လျှောက်လွှာတင်သွင်းရမည့်ရက်** | - | ၁-၁၂-၂၀၂၂ရက်မှ ၁၅-၁၂-၂၀၂၂ရက်ထိ |

၂။ သတ်မှတ်ဘွဲ့လျှောက်လွှာပုံစံများကို သင်တန်းရေးရာဌာနတွင် ရယူဖြည့်စွက်ပြီး လွန်ခဲ့သော (၃)လအတွင်း မြန်မာဝတ်စုံ၊ တိုင်းရင်းသားဝတ်စုံ၊ အနောက်တိုင်းဝတ်စုံ(အမျိုးသား) နှစ်သက်ရာဝတ်စုံကို အပြည့်အစုံဝတ်ဆင်၍ သပ်ရပ် စွာရိုက်ကူးထားသော (၂"x၁၁/၂")အရွယ် ဓာတ်ပုံ (၃)ပုံနှင့်အတူ နိုင်ငံသားစိစစ်ရေးကတ်ပြားမိတ္တူကို ပူးတွဲတင်ပြလျှောက်ထားရမည်။

၃။ ဘွဲ့နှင်းသဘင်ကြေးများကို မြင်းခြံတက္ကသိုလ် ငွေကိုင်ဌာနတွင် ပေးသွင်းရမည်။

၄။ ရပ်ဝေးမှ ဘွဲ့လျှောက်လွှာတင်သွင်းသူများသည် သတ်မှတ်ကြေးများကို စာတိုက်ငွေပို့လွှာ (Postal Money Order)ဖြင့်သာ ပေးပို့နိုင်သည်။

၅။ အစမ်းလေ့ကျင့်ခြင်းနှင့် ဘွဲ့နှင်းသဘင်တက်ရောက်မည့်သူများသည် မြန်မာ့ရိုးရာယဉ်ကျေးမှုနှင့်လျော်ညီသော မြန်မာဝတ်စုံ၊ တိုင်းရင်းသားဝတ်စုံ၊ အနောက်တိုင်းဝတ်စုံ (အမျိုးသား)မှ နှစ်သက်ရာဝတ်စုံကို အပြည့်အစုံဝတ်ဆင်၍ တက်ရောက်ရမည်။ အကယ်၍ သတ်မှတ်ထားသည့်အတိုင်း ဝတ်ဆင်ခြင်းမရှိပါက ဘွဲ့နှင်းသဘင်အခမ်းအနားကို တက်ရောက်ခွင့်ပြုမည် မဟုတ်ပါ။

၆။ ဘွဲ့နှင်းသဘင်ကျင်းပမည့်ရက်ကို ထပ်မံကြေညာပါမည်။

၇။ အသေးစိတ်အချက်အလက်များကို သင်တန်းရေးရာဌာနသို့ မေးမြန်းစုံစမ်းနိုင်ပါသည်။

**ဌာနမှူး၊ သင်တန်းရေးရာဌာန**
**မြင်းခြံတက္ကသိုလ်**

## ကန့်ကွက်နိုင်ပါကြောင်း

ရှမ်းပြည်နယ်(မြောက်ပိုင်း)၊ လောက်ကိုင်မြို့၊ အမှတ်(၃)ရပ်ကွက်၊ ကွင်း/အကွက်အမှတ်(၁၆/စွမ်းဖုန်းချိန် (၂)ရပ်)၊ ဦးပိုင်အမှတ်(၈၅)၊ ဦးပိုင်အမှတ်(၈၁-ခ)ရှိ ဒေါ်ချောချောအေး ၁၃/လရန(နိုင်)၁၀၇၀၆၃အမည်ပေါက်ပိုင်ဆိုင်သည့် "New World Hotel" ကို ဒေါ်ဝမ်ဖိန်ချွန်း ၁၃/ကကန(နိုင်)၀၀၀၆၉၈သို့ အပြီးအပိုင်ရောင်းချပြီး ဖြစ်ပါ၍ ဟိုတယ်လုပ်ငန်းလိုင်စင် ပိုင်ရှင်အမည်ပြောင်း ဆောင်ရွက်မည် ဖြစ်ပါသဖြင့် ကန့်ကွက်လိုသူများရှိပါက အထောက်အထားစုံလင်စွာဖြင့် ယနေ့မှစ၍ ၁၄ ရက်အတွင်း ကျွန်ုပ်ထံသို့ လာရောက်ကန့်ကွက်နိုင်ပါသည်။

**ဒေါ်ဝမ်ဖိန်ချွန်း ၁၃/ကကန(နိုင်)၀၀၀၆၉၈၊**
**ကျူဖန်းကျေးရွာ၊ လောက်ကိုင်မြို့**

## သမီးအဖြစ်မှ အမွေပြတ်စွန့်လွှတ်ပါကြောင်း အများသိစေရန်ကြေညာခြင်း

သာစည်မြို့၊ အမှတ် (၇)၊ မကျီးအုပ်ရပ်ကွက်နေ ဦးတင်မိုးအောင် ၉/မထလ(နိုင်)၀၀၅၉၁၆၏ လွှဲအပ်ညွှန်ကြားချက်အရ အများသိစေရန် ကြေညာအပ်ပါသည်။

ဦးတင်မိုးအောင်၏သမီးဖြစ်သူ မနှင်းအိအိအောင် ၉/သစန(နိုင်)၁၆၉၉၉၁ သည် ဖခင်ဖြစ်သူ၏ ဆိုဆုံးမမှုကို နာခံမှုမရှိဘဲ ဂုဏ်သိက္ခာညှိုးနွမ်းအောင်ပြုခြင်း၊ စိတ်ဆင်းရဲကိုယ်ဆင်းရဲဖြစ်အောင် အကြိမ်ကြိမ်ပြုလုပ်နေခြင်း၊ ကိုယ်ထိလက်ရောက်ပြုလုပ်ခြင်းများကြောင့် ယနေ့မှစ၍ သွားနတ္တရသမီးအဖြစ် ကြေညာပြီး သမီးအဖြစ်မှ အမွေပြတ်စွန့်လွှတ်ပါကြောင်းနှင့် ၎င်းနှင့်ပတ်သက်သည့် ကိစ္စအဝဝအား တာဝန်ယူဖြေရှင်းပေးမည်မဟုတ်ကြောင်း အများသိစေရန်ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**
**ဦးမျိုးမြင့်အောင် (LL.B, LL.M)**
**တရားလွှတ်တော်ရှေ့နေ (စဉ်-၁၀၁၈၅)**
**ပြည်သာယာတောင်ရပ်ကွက်၊ မိတ္ထီလာမြို့**

## ပြင်ဆင်ဖတ်ရှုပါရန်

မြန်မာ့အလင်းသတင်းစာတွင် ၁၃-၁၀-၂၀၂၂ရက်နေ့ စာမျက်နှာ ၂၅ပါ ငြင်းချက်ထုတ်ရန် သမ္မန်စာတွင် ဒေါ်ယဉ်ငြိမ်းနု အစား ယဉ်ငြိမ်းနု တွဲဖက်မြို့နယ် တရားသူကြီး-၁ ရမည်းသင်းမြို့နယ် တရားရုံးဟု ပြင်ဆင်ဖတ်ရှုပေးပါရန်။

## တစ်ဦးတည်းဖြစ်ပါကြောင်း

ရေနံချောင်းတက္ကသိုလ်၊ အဝေးသင် ဒုတိယနှစ် (ပထဝီဝင်) အထူးပြုမှ မဒါလီမြင့်၏ဖခင် ဦးအောင်မြင့်နှင့် ဦးမောင်မြင့် ၈/စလန(နိုင်)၀၁၄၈၁၅ မှာ တစ်ဦးတည်းဖြစ်ပါကြောင်း။

**ဦးအောင်မြင့်(ခ)ဦးမောင်မြင့်**

## မီနီကွန်ဒိုတိုက်ခန်း(Pent House)ဝယ်ယူခြင်းအပေါ် ကန့်ကွက်နိုင်ပါကြောင်း

ရန်ကုန်တိုင်းဒေသကြီး၊ မရမ်းကုန်းမြို့နယ်၊(၈)ရပ်ကွက်၊ သူရသတိလမ်း၊ အမှတ်(၉၃)ဟုခေါ်တွင်သော ဧရိယာ(၂၀၅၂)စတုရန်းပေရှိ (Pent House)တိုက်ခန်းနှင့် အကျိုးခံစားခွင့်အရပ်ရပ်ကို ဝယ်ယူပိုင်ဆိုင်ထားသော ဒေါ်မေသူဇင် ၁၂/တမန(နိုင်) ၁၀၃၀၈၈ထံမှ ကျွန်ုပ်တို့၏မိတ်ဆွေများက ဝယ်ယူရန် တိုက်ခန်းဖိုးစရန်ငွေပေးချေပြီးဖြစ်ပါသည်။ အထက်ပါအရောင်းအဝယ်အား ကန့်ကွက်လိုပါက ဤကြော်ငြာပါသည့်ရက်မှစ၍ ခုနစ်ရက်အတွင်း ခိုင်လုံသော စာချုပ်စာတမ်းမူရင်းများနှင့်တကွ ကျွန်ုပ်တို့ထံသို့ လာရောက်ကန့်ကွက်နိုင်ပါသည်။ ထိုရက်ကျော်လွန်ပါက အရောင်းအဝယ်ကိစ္စကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**

| | |
|---|---|
| **ဒေါ်ငွေးငွေး(LL.B)** | **ဦးလွင်ဦး(LL.B)** |
| **တရားလွှတ်တော်ရှေ့နေ(စဉ်-၇၆၉၇** | **တရားလွှတ်တော်ရှေ့နေ(စဉ်-၆၂၃၅)** |

**တိုက်အမှတ်(၈၈)၊ မြေညီထပ်၊ ၃၈-လမ်း(အလယ်)၊**
**ကျောက်တံတားမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး၊**
**ဖုန်း-၀၉-၅၀၅၀၇၉၉**

## အများသိစေရန်ကြေညာခြင်း

ကျွန်ုပ်အမှုသည်များဖြစ်သည့် ဦးကျော်နိုင်ဦး၊ ဦးဇင်မောင်ဦး၊ ဦးဝေယံဦး၊ ဒေါ်ကေခိုင်ယု၊ မောင်လတ်ထူးအောင်၊ မချမ်းသီရိသာတို့၏ လွှဲအပ်ညွှန်ကြားချက်အရ အောက်ပါအတိုင်း အများသိစေရန်ကြေညာအပ်ပါသည်-

တနင်္သာရီတိုင်းဒေသကြီး၊ ထားဝယ်ခရိုင်၊ ရေဖြူမြို့နယ်၊ နဘုလယ်ကျေးရွာနေ ကျွန်ုပ်အမှုသည်တို့၏ဖခင် ဦးပိုသန်း(ဘ)ဦးဖေကြည် ၆/ထဝန(နိုင်)၀၄၀၆၁၃သည် ၂၀-၁၀-၂၀၂၂ရက်တွင် (၉၆)ပါးရောဂါဖြင့် ရုတ်တရက်ကွယ်လွန်သွားပါသည်။ ကွယ်လွန်သူ ဦးပိုသန်းပိုင်ဆိုင်သည့် မရွှေ့မပြောင်းနိုင်သောပစ္စည်းများနှင့် ရွှေ့ပြောင်းနိုင်သောပစ္စည်းများအပေါ် ဦးပိုသန်း၏ တရားဝင် သားသမီး (၆)ဦးဖြစ်သည့် ဦးကျော်နိုင်ဦး ၆/ထဝန(နိုင်)၀၇၀၂၅၉၊ ဦးဇင်မောင်ဦး ၆/ထဝန(နိုင်)၀၉၀၇၈၆၊ ဦးဝေယံဦး ၆/ထဝန(နိုင်)၁၀၃၇၇၁၊ ဒေါ်ကေခိုင်ယု ၆/ထဝန(နိုင်)၁၀၃၈၇၇၊ မောင်လတ်ထူးအောင်(ပြုလုပ်ဆဲ)၊ မချမ်းသီရိသာ(ပြုလုပ်ဆဲ)တို့သာ အမွေစားအမွေခံများဖြစ်ကြောင်း သို့ဖြစ်ပါ၍ ၎င်းတို့၏သဘောတူညီချက်မပါရှိဘဲ မည်သူတစ်ဦးတစ်ယောက်မျှ လွှဲပြောင်း၊ ရောင်းချ၊ ပေါင်နှံ၊ ပေးကမ်းလှူဒါန်းအာမခံထားခွင့်မရှိကြောင်း၊ အကယ်၍ ပြုလုပ်ပါက အထက်အမည်ပါ အမွေစားအမွေခံတို့မှ တရားဥပဒေနှင့်အညီ ကန့်ကွက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

| | |
|---|---|
| **လွှဲအပ်ညွှန်ကြားသူများ** | **လွှဲအပ်ညွှန်ကြားချက်အရ-** |
| **၁။ ဦးကျော်နိုင်ဦး** | **ဒေါ်ချစ်ချစ်ချော (LL.B)** |
| **၂။ ဦးဇင်မောင်ဦး၊** | **အထက်တန်းရှေ့နေ** |
| **၃။ ဦးဝေယံဦး၊** | **(စဉ်/၂၉၆၃၁) (၂၂-၁-၂၀၀၉)** |
| **၄။ ဒေါ်ကေခိုင်ယု၊** | **အမှတ် (၁၃၉)၊ နတ်စင်လမ်း၊** |
| **၅။ မောင်လတ်ထူးအောင်၊** | **ပိန္နဲတောရပ်၊ ထားဝယ်မြို့၊** |
| **၆။ မချမ်းသီရိသာ** | **ဖုန်း-၀၉-၄၀၀၄၈၀၀၀၁၊** |
| | **၀၉-၄၀၀၄၈၀၀၀၂** |

## သားအဖြစ်မှအမွေပြတ်စွန့်လွှတ်ခြင်း

ပဲခူးတိုင်းဒေသကြီး၊ ရေတာရှည်မြို့နယ်၊ (၃)ရပ်ကွက်၊ ရွှေဝါလေးလမ်းနေ ဒေါ်ခင်မာချို ၇/ပခန(နိုင်)၀၆၅၉၃၄၏ သားမောင်ရဲထက်ကျော် ၇/ရတရ(နိုင်) ၁၄၆၄၃၉သည် မိခင်ဖြစ်သူကို အကြိမ်ကြိမ်စိတ်ဆင်းရဲအောင်ပြုလုပ်သဖြင့် သားအဖြစ်မှ အမွေပြတ်စွန့်လွှတ်လိုက်ပါသည်။ နောက်နောင် ၎င်းနှင့်ပတ်သက်သော ကိစ္စအဝဝကို လုံးဝ(လုံးဝ) တာဝန်ယူမည်မဟုတ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ဒေါ်ခင်မာချို**

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 60W/76627, Honda Scoopy 110 ယာဉ်လက်ဝယ်ရှိသူ NCX Myanmar Co.,Ltd. မှတ်ပုံတင်အမှတ် ၇၈ လမ်း၊ ၂၆x၂၇ကြား၊ ချမ်းအေးသာစံမြို့နယ် က (ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက် ၃၀ အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန၊ ခရိုင်ရုံး**
**(မန္တလေးမြောက်ပိုင်း)မန္တလေးမြို့**

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ်7D/9460, CHANGHE, Pick Up (4x2)L ယာဉ်လက်ဝယ်ရှိသူ ဦးဝဏ္ဏ ၉/အမရ(နိုင်)၁၂၃၉၄ က (ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက် ၃၀ အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန၊ ခရိုင်ရုံး**
**(မန္တလေးမြောက်ပိုင်း)**
**မန္တလေးမြို့**

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 41W/17752, Yunde-110, M/C ယာဉ်လက်ဝယ်ရှိသူ ဦးတိုး ၉/မတရ(နိုင်)၀၇၉၂၁၂ က (ကမ-၃)ပျောက်ဆုံး၍မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက် ၃၀ အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန၊**
**ခရိုင်ရုံး(မန္တလေးတောင်ပိုင်း)**
**မန္တလေးမြို့**

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 19U/8665, Dayang ZooZH (200CC), T.W Motorcycle (Truck Bog) ယာဉ်လက်ဝယ်ရှိသူ ဦးပါး ၅/ကလတ(နိုင်)၁၂၁၇၆၁ က (ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက် ၃၀ အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာ ရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန၊ ခရိုင်ရုံး**
**(မန္တလေးမြောက်ပိုင်း)မန္တလေးမြို့**

## ကန့်ကွက်လွှာတင်သွင်းနိုင်ကြောင်းကြော်ငြာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ ကျောက်တံတားခရိုင်၊ ကျောက်တံတားမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် ၁၄F၊ မြေကွက်အမှတ် I-37၊ လမ်း(၄၀)၊ အမှတ် (၄၁၊ ၄၃၊ ၄၅)နှင့် (၃၉)လမ်း၊ အမှတ် (၄၂၊ ၄၄၊ ၄၆)ရှိ ကျောချင်းကပ်(၂)ထပ်ဂိုဒေါင် အဆောက်အအုံ (၁)လုံးနှင့် (၁)ထပ်ဂိုဒေါင်အဆောက်အအုံ (၂)လုံးအပါအဝင် မြေနှင့် အဆောက်အအုံတို့အား နိုင်ငံတော်ပိုင် ပြုလုပ်ရေး ဆောင်ရွက်မည်ဖြစ်ပါသဖြင့် မည်သူမဆို ကန့်ကွက်လိုပါက ခိုင်လုံသော စာရွက်စာတမ်းအထောက်အထားများဖြင့်၁၄ရက်အတွင်းကျောက်တံတားမြို့နယ်၊ အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနရုံးသို့ လာရောက်ကန့်ကွက်နိုင်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ကျောက်တံတားခရိုင်**
**ခရိုင်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန**

## အမည်မှန်

ကျုံပျော်ခရိုင်၊ ရေကြည် မြို့နယ်၊ အမက ကျုံမရမ်း၌ တာဝန်ကျနေသော မူလတန်းပြဆရာမ ဒေါ်စန်းစန်းငွေး ၁၄/မအပ(နိုင်)၁၃၃၀၄၉၏ ဖခင်အမည်မှန်မှာ ဦးဗိုလ်အောင်ဖြစ်ပါသည်။

**ဦးဗိုလ်အောင်**

## ပျောက်ဆုံးကြောင်း

ကျွန်တော် မောင်အောင်ဇော်လင်း မှတ်ပုံတင်အမှတ် ၈/ဆပဝ(နိုင်)၀၆၄၇၄၁သည် ပတ်စ်ပို့နံပါတ်(မမှတ်မိ)၍ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိလျှင် အကြောင်းကြားပေးပါရန်။

**ဖုန်း-၀၉-၉၅၅၆၉၈၀၄၇**

## အများသိစေရန် ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်(၃၂)၊ ရွှေပြည်သာ(၄)လမ်း၊ မြေကွက်အမှတ်(၅၃၅)ဟုခေါ်တွင်သည့် မြေငှားစာချုပ် အမည်ပေါက် ဦးအုန်းညွှန့်(AD-၀၄၉၂၈၈)ပိုင်ဆိုင်သော မြေအကျယ်အဝန်း (၄၀ x ၆၀)ပေရှိ ဂရန်မြေကွက်အနက်မှ တရားဝင်မခွဲစိတ်ရသေးသော မြေအကျယ်အဝန်း(၂၀x၆၀)ပေ (ခြေရင်းခြမ်း) မြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ နေအိမ်အပါအဝင် ယင်းတို့နှင့်သက်ဆိုင်သည့် အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့ကို မြေအမည်ပေါက်ပိုင်ရှင်ဖြစ်သူ ဦးအုန်းညွှန့်ထံမှ ကျွန်ုပ်၏မိတ်ဆွေဖြစ်သူ ဒေါ်သူဇာ ၁၂/ဥကတ(နိုင်)၀၃၈၆၀၁က ဝယ်ယူခဲ့ပြီး လက်ရောက်ရယူကာ အစဉ်တစိုက်နေထိုင်အကျိုးခံစားလျက်ရှိကြောင်း၊ အဆိုပါအိမ်နှင့်မြေတို့အား ကျွန်ုပ်၏မိတ်ဆွေဖြစ်သူ ဒေါ်သူဇာသာလျှင် စီမံခန့်ခွဲပိုင်ခွင့်ရှိသူဖြစ်ပါကြောင်း ကန့်ကွက်လိုပါက ခိုင်လုံသော စာရွက်စာတမ်းမူရင်း အထောက်အထား အပြည့်အစုံဖြင့် ဤကြော်ငြာပါသည့် ရက်မှစ၍ ခုနစ်ရက်အတွင်း ကျွန်ုပ်ထံသို့ လာရောက်ကန့်ကွက်နိုင်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ဒေါ်သူဇာ၏ လွှဲအပ်ညွှန်ကြားချက်အရ-**
**ဒေါ်ခင်ရဲမြင့်(LL.B,D.B.L,D.I.L,D.I.P.L)**
**တရားလွှတ်တော်ရှေ့နေ(စဉ်-၁၄၆၅၃)**
**အမှတ်(၈)၊ ရုံးပတ်လမ်း၊ မ.ဝ.တလမ်းဆုံ၊ မြို့နယ်တရားရုံးအနီး၊**
**(၃၇)ရပ်ကွက်၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊**
**ဖုန်း-၀၉-၄၂၀၀၄၉၆၁၅၊ ၀၉-၇၉၅၉၇၄၉၁၁**

## ကန့်ကွက်နိုင်ပါကြောင်း

ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်(အရှေ့ပိုင်း)မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်-၁၂၂၊ မြခွာညိုလမ်း၊ မြေကွက်အမှတ် (၄၄)၊ မြေအကျယ်အဝန်းပေ(၄၀x၆၀)ရှိ ဦးကျော်အေး (LMA-၀၄၄၃၅၂) အမည်ပေါက် မြေချပါမစ်မူရင်း မြေကွက်နှင့် ယင်းမြေကွက်နှင့်သက်ဆိုင်သည့် အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့အား အဆက်အစပ်စာချုပ်ဖြင့် လက်ရောက်ဝယ်ယူပိုင်ဆိုင်ထားသည့် ဦးလင်းအောင် ၉/ညဥန(နိုင်)၁၃၆၄၄၁က ၎င်းရောင်းချပိုင်ခွင့်ရှိကြောင်း ဝန်ခံအဆိုပြုပြီး ရောင်းချ ရန်ကမ်းလှမ်းရာ ကျွန်ုပ်၏မိတ်ဆွေ ဒေါ်နွယ်နွယ်ဝင်း ၁၂/ဥကတ(နိုင်)၁၁၉၇၉၂မှ အပြီးအပိုင်ဝယ်ယူရန်အတွက် စရန်ငွေ တစ်စိတ်တစ်ဒေသကို ပေးချေထားပြီးဖြစ်ပါသည်။ ကန့်ကွက်လိုပါက ခိုင်မာသော စာရွက်စာတမ်းမူရင်း၊ အထောက်အထား အပြည့်အစုံဖြင့် ဤကြော်ငြာပါသည့်ရက်မှစ၍ ခုနစ်ရက်အတွင်း ကျွန်ုပ်ထံသို့ လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ် ရက်အတွင်း ကန့်ကွက်မှုမရှိပါက အရောင်းအဝယ်ကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ဒေါ်နွယ်နွယ်ဝင်း၏လွှဲအပ်ညွှန်ကြားချက်အရ-**
**ဒေါ်ခင်ရဲမြင့် (LL.B,D.B.L,D.I.L,D.I.P.L.)**
**တရားလွှတ်တော်ရှေ့နေ (စဉ်-၁၄၆၅၃)**
**အမှတ် (၈)၊ ရုံးပတ်လမ်း၊ မ.ဝ.တ လမ်းဆုံ၊ မြို့နယ်တရားရုံးအနီး၊**
**(၃၇)ရပ်ကွက်၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊**
**ဖုန်း-၀၉-၄၂၀၀၄၉၆၁၅၊ ၀၉-၇၉၅၉၇၄၉၁၁**

## ကန့်ကွက်နိုင်ကြောင်းကြေညာခြင်း

နေပြည်တော်၊ ပုဗ္ဗသီရိမြို့၊ မြေတိုင်းရပ်ကွက်အမှတ် ၈/ပုဗ္ဗသီရိရပ်၊ ဝဏ္ဏဒီပရပ်ကွက်မှ မြေဧရိယာ(၀ဒသမ၀၅၅)ကေရှိ ဒေါ်ကြည်ကြည်ဝင်း ၉/လဝန(နိုင်) ၀၃၇၄၉၂(ဘ) ဦးရာပြတ် အမည်ပေါက် နှစ်(၃၀)မြေငှားစာချုပ်မြေကွက်အမှတ်(ပ-၃၁၆၈၈)ကို လယ်ဝေးမြို့စာချုပ်စာတမ်းမှတ်ပုံတင်ရုံး၏ အထူးကိုယ်စားလှယ်လွှဲစာ အမှတ် ၄၈/၂၀၂၂(၅-၇-၂၀၂၂) ဖြင့် မြေကွက်အမည်ပေါက်၏ အထူးကိုယ်စားလှယ်လွှဲစာရရှိထားသူ ဒေါ်ခင်မာလင်း ၇/အတန(နိုင်)၀၈၇၄၀၇ (ဘ)ဦးမာတေးအိုမှ ဦးအောင်တိုးမြင့် ၁၃/ကခန(နိုင်)၀၀၆၀၅၇ နှင့် မှတ်ပုံတင်အရောင်းအဝယ်စာချုပ်ချုပ်ဆိုရန်အတွက် မြေပုံ၊ မြေရာဇဝင်ရေးကူးပေးပါရန် လျှောက်ထားလာပါသဖြင့် ကန့်ကွက်လိုသူများ အနေဖြင့် တရားဝင်ပိုင်ဆိုင်မှုစာချုပ်စာတမ်းများ၊ တရားရုံးအမိန့်ဒီကရီများ အထောက်အထား ခိုင်လုံစွာတင်ပြ၍ နေပြည်တော်စည်ပင်သာယာရေးကော်မတီ၊ မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာနသို့ ဤကြေညာချက်ပါရှိသည့်ရက်မှစ၍ ၁၅ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ကြောင်းနှင့် သတ်မှတ်ကာလအတွင်း ကန့်ကွက်မှု မရှိပါက ဌာန၏လုပ်ထုံးလုပ်နည်းများနှင့်အညီ မြေပုံ၊ မြေရာဇဝင်ရေးကူးခွင့် လျှောက်ထားလာမှုအား ဆက်လက်ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း ကြေညာလိုက်သည်။

**မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန၊**
**နေပြည်တော်စည်ပင်သာယာရေးကော်မတီ**

## ဖခင်အမည်မှန်

သထုံမြို့နယ်၊ သုဝဏ္ဏဝတီမြို့၊ အထက သိမ်ဆိပ်(၁၀-တန်းအောင်)မှ မအိအိချော၊ တံတားဦးကျေးရွာအုပ်စု အလက(ဒဂ်ီးဆိပ်) Grade-8မှ မစံပယ်ဖူး၊ မောင်နိုင်ကိုဟိန်းတို့၏ ဖခင် ဦးဇော်ဝင်းခိုင်၏ အမည်မှန်မှာ ဦးဇော်ဝင်းထွန်း ၁၀/သထန(နိုင်)၁၁၅၂၀၈ ဖြစ်ပါကြောင်း။

## ပျောက်ဆုံးကြောင်း

ကျွန်တော် မောင်ကိုဇော်အောင် ၁၁/စတန(နိုင်)၁၁၀၉၀၁၏ နိုင်ငံကူးလက်မှတ် အမှတ်(မမှတ်မိ)မှာ ခရီးသွားရင်း ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။

ဖုန်း-၀၉-၂၅၁၃၄၂၄၃

## ပျောက်ဆုံးကြောင်း

ကျွန်တော် အောင်ဟိန်း ၁၃/တကန(နိုင်)၂၈၈၇၃၆၏ နိုင်ငံကူးလက်မှတ် အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။

ဖုန်း-၀၉-၇၅၃၈၇၁၈၂၈

## ဖခင်အမည်မှန်

တောင်ကြီးမြို့နယ်၊ အထက(ခွဲ) အေးသာယာ Grade-6မှ မောင်လှိုင်မင်းဦး၊ Grade-9မှ မစန္ဒာထွေး၊ Grade-3 မှ မောင်ကောင်းပြည့်စုံ တို့၏ ဖခင်အမည်မှန်မှာ ဦးလီလောက်ဝူ ဖြစ်ပါကြောင်း။

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 61W/78766, Canda 125 ယာဉ်လက်ဝယ်ရှိသူ ဦးစိုးထက်အောင် ၁၃/လရန(နိုင်)၁၃၁၆၈၄ က (ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက်၃၀ အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန၊ တောင်ကြီး**

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 60W/33432, Honda Scoopy 110 ယာဉ်လက်ဝယ်ရှိသူ Shwe Aung Myaing Co.,ltd. မှတ်ပုံတင်အမှတ် ၃၈လမ်း၊ ၈၀x၈၁ ကြား၊ မဟာအောင်မြေက (ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက် ၃၀ အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန၊ ခရိုင်ရုံး (မန္တလေးမြောက်ပိုင်း)၊ မန္တလေးမြို့**

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 1C/3869, Toyota Caldina AZT 241, S/W (4x2)R ယာဉ်လက်ဝယ်ရှိသူ ဒေါ်ခင်ထွန်းနိုင် ၉/မဟမ(နိုင်)၀၀၀၆၅၀ က (ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက် ၃၀အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင် ပါသည်။

**ကညန၊ ခရိုင်ရုံး(မန္တလေးတောင်ပိုင်း)၊ မန္တလေးမြို့**

## အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း
## အိတ်ဖွင့်တင်ဒါအမှတ် (၂/၂၀၂၂-၂၀၂၃)

၁။ ဆောက်လုပ်ရေးဝန်ကြီးဌာန၊ လမ်းဦးစီးဌာန၊ သန်လျင်ခရိုင်မှ ၂၀၂၂-၂၀၂၃ ဘဏ္ဍာနှစ်အတွင်း တိုင်းဒေသကြီး ရန်ပုံငွေဖြင့် တာဝန်ယူဆောင်ရွက်မည့် လမ်းလုပ်ငန်းများ ဆောင်ရွက်ရန် လိုအပ်လျက်ရှိသော လမ်းခင်းပစ္စည်း တည်ဆောက်ရေးလုပ်ငန်းသုံးပစ္စည်းများကို လုပ်ငန်းခွင်အရောက် မြန်မာကျပ်ငွေဖြင့် ဝယ်ယူလိုပါသဖြင့် အိတ်ဖွင့်တင်ဒါ (Open Tender) တင်သွင်းနိုင်ပါကြောင်း ကြေညာအပ်ပါသည်။

၂။ **တင်ဒါလျှောက်လွှာစတင်ရောင်းချမည့်** - ၅-၁၂-၂၀၂၂ရက် (တနင်္လာနေ့)
**နေ့ရက်/နေရာ** - လက်ထောက်ညွှန်ကြားရေးမှူး (မြို့ပြ)ရုံး၊ သန်လျင်ခရိုင်

၃။ **တင်ဒါဖွင့်ပွဲကျင်းပမည့်ရက်/အချိန်** - ထပ်မံကြေညာပါမည်။
**တင်ဒါဖွင့်ပွဲကျင်းပမည့်နေရာ** - လက်ထောက်ညွှန်ကြားရေးမှူး (မြို့ပြ)ရုံး၊ သန်လျင်ခရိုင်

၄။ အသေးစိတ်သိရှိလိုပါက လက်ထောက်ညွှန်ကြားရေးမှူး(မြို့ပြ)ရုံး၊ သန်လျင်ခရိုင်၊ ရန်ကုန်မြို့၊ ဖုန်း-၀၅၆-၂၁၀၅၆သို့ ရုံးချိန်အတွင်း ဆက်သွယ်မေးမြန်းနိုင်ပါသည်။

**တင်ဒါစိစစ်ရွေးချယ်ရေးကော်မတီ**

## ကန့်ကွက်နိုင်ပါကြောင်း

ပုသိမ်မြို့၊ အမှတ်(၅)ရပ်ကွက်၊ အကွက်အမှတ်(၆၉)၊ မရမ်းချိုကုန်း အကွက်၊ ဦးပိုင်အမှတ်(၇၈-ကက)၊ ဧရိယာ (၀ဒသမ၀၇၃)ကေရှိ ဦးအောင်မြင့်၊ ဒေါ်ရင်ရင်ငွေး အမည်ပေါက် ဘိုးဘပိုင်မြေကွက်အား ပုသိမ်မြို့၊ အမှတ်(၄)ရပ်ကွက်၊ ဗိုလ်ဘငွေးလမ်း၊ အိမ်အမှတ်(၄/ခ)နေ ကော်ကက်အင်း(ခ)ဒေါ်အေးအေးကြူမှ မြေအမည်ပြောင်း လျှောက်ထားလာပါသဖြင့် ယင်းလျှောက်ထားခြင်းနှင့် ပတ်သက်၍ ကန့်ကွက်လိုသူများရှိပါက အကျိုးအကြောင်းဖော်ပြချက်ခိုင်လုံစွာဖြင့် ကန့်ကွက်တင်ပြနိုင်သူ မည်သူမဆို ယခုလျှောက်ထားခြင်းကို ဆောင်ရွက်မပေးသင့်ကြောင်း ကန့်ကွက်လျှောက်လွှာကို ဤရုံးသို့ကြော်ငြာသည့်ရက်မှစ၍ ရက်ပေါင်း ၃၀ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်ကျော်လွန်ပါက တည်ဆဲ လုပ်ထုံးလုပ်နည်း ဥပဒေ/အမိန့်ညွှန်ကြားချက်များနှင့်အညီ မြေအမည်ပြောင်းလဲပေးရန် လျှောက်ထားခြင်းအား ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အသိပေးကြေညာအပ်ပါသည်။

**မြို့နယ်လယ်ယာမြေစီမံခန့်ခွဲရေးနှင့် စာရင်းအင်းဦးစီးဌာန၊ ပုသိမ်မြို့**

## ကန့်ကွက်နိုင်ကြောင်းကြေညာခြင်း

နေပြည်တော်၊ ပျဉ်းမနားမြို့၊ ရွှေချီရပ်ကွက်၊ မြေတိုင်းရပ်ကွက်အမှတ် ၁၀/မစိုးရိမ်အနောက်၊ ဦးပိုင်အမှတ် (၄၃ဃ)၊ ဧရိယာ ၀ဒသမ၀၃၈ကေရှိ ဦးကြည်(ဇနီး)ဒေါ်ထွေး အမည်ပေါက် ဘိုးဘပိုင်မြေကွက်အား (ဘီလစ်) ဒေါ်စန္ဒာထွန်း ၁၂/မဂဒ(နိုင်)၁၄၇၃၂၅မှ ဒက္ခိဏခရိုင်တရားရုံး၏ တရားမကြီးမှုအမှတ် (၁၄၃/၂၀၂၂)၊ တရားမဇာရီအမှုအမှတ် (၉၀/၂၀၂၂)၊ နိုင်ငံသားစိစစ်ရေးကတ်၊ အိမ်ထောင်စုလူဦးရေစာရင်းမူရင်းများတင်ပြပြီး ဒေါ်သီတာဝင်း ၉/ပမန(နိုင်)၀၀၇၃၆၄၊ ဦးနေမျိုး ဝင်း ၉/ပမန(နိုင်)၀၀၀၀၆၉တို့နှင့် မှတ်ပုံတင်အရောင်းအဝယ်စာချုပ်ချုပ်ဆိုရန်အတွက် မြေပုံ၊ မြေရာဇဝင်ရေးကူးပေးပါရန် လျှောက်ထားလာပါသဖြင့် ကန့်ကွက်လိုသူများအနေဖြင့် တရားဝင်ပိုင်ဆိုင်မှုစာချုပ်စာတမ်းများ၊ တရားရုံးအမိန့်ဒီကရီများ အထောက်အထားခိုင်လုံစွာတင်ပြ၍ နေပြည်တော် စည်ပင်သာယာရေးကော်မတီ၊ မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာနသို့ ဤကြေညာချက်ပါရှိသည့်ရက်မှစ၍ ၁၅ ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ကြောင်းနှင့် သတ်မှတ်ကာလအတွင်း ကန့်ကွက်မှုမရှိပါက ဌာန၏လုပ်ထုံးလုပ်နည်းများနှင့်အညီ မြေပုံ၊ မြေရာဇဝင်ရေးကူးခွင့်လျှောက်ထားလာမှုအား ဆက်လက်ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း ကြေညာလိုက်သည်။

**မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန**
**နေပြည်တော်စည်ပင်သာယာရေးကော်မတီ**

## အများသိစေရန်ကြေညာခြင်း

ရန်ကုန်မြို့၊ ထန်းတပင်မြို့နယ်၊ ကွဲကူးရပ်ကွက်၊ ကျေးရွာအုပ်စု၊ ကျေးရွာတော်ဝင်လမ်း၊ ဦးပိုင်မြေကွက်အမှတ် (၄၀)၊ ကွင်းအမှတ်-၁၅၈၊ ခြောက်လွှတ်ကုန်းတောင်၊ ဧရိယာ ၀ဒသမ၂၇ကေရှိ မြေကွက်အား စာချုပ်အဆက်စပ်ဖြင့် ပိုင်ဆိုင်ရောင်းချပိုင်ခွင့်ရှိသူ ဒေါ်သန္တာဆွေ ၁၂/တတန(နိုင်)၂၀၇၄၉၉ထံမှ ကျွန်ုပ်၏မိတ်ဆွေက အပြီးအပိုင်ဝယ်ယူခဲ့ပြီးဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**
**ဒေါ်အေးနန္ဒာဝင်း (LL.B.D.B.L, D.M.L)**
**တရားလွှတ်တော်ရှေ့နေ (စဉ်-၁၀၁၂၆)**
**အမှတ် (၁၀/၁၂)၊ (၃၅)လမ်း၊ ပထမထပ်၊ (၁၀၃/E)၊**
**ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့၊**
**ဖုန်း-၀၉-၄၃၀၂၈၅၈၂၊ ၀၉-၇၉၄၁၇၇၁၇၂**

## အသိပေးကြော်ငြာခြင်း

၁။ မူဆယ်မြို့နယ်၊ ကောင်းမူးတုံရပ်ကွက်၊ အကွက်အမှတ်(၅၂/နောင်ဖိုမေးအနောက်တောင်)၊ ဦးပိုင်အမှတ်(၂၅+၂၆)၊ မြေဧရိယာ (၀ဒသမ၃၆၆)ကေရှိ မြေနေရာအား မူလပိုင်ရှင် ဒေါ်မိုင်ငင်းထံမှ (၁၇-၉-၂၀၀၃)ရက်တွင် စာချုပ်စာတမ်းမှတ်ပုံတင်ဖြင့် ဒေါ်ဒွန်ဆွေလင့်က ဝယ်ယူခဲ့ပြီး ဒေါ်ဒွန်ဆွေလင့်၏ အထူးကိုယ်စားလှယ်လွှဲအပ်ခြင်းခံရသူ ဒေါ်ခမ်းမိုင်ထံမှ (၈-၇-၂၀၁၄)ရက်တွင် စာချုပ်စာတမ်းမှတ်ပုံတင်၍ ဒေါ်ရီရီမြင့်က အိမ်ဝိုင်းမြေလွှဲပြောင်း ရောင်းချခြင်း စာချုပ်ချုပ်ဆို၍ ဝယ်ယူထားရှိသဖြင့် ဒေါ်ရီရီမြင့် ၁၃/ကခန(နိုင်) ၀၁၈၇၉၆မှ မြေငှားဂရန်အသစ် ချထားပေးပါရန် ရည်ညွှန်းပါစာဖြင့် တင်ပြလျှောက်ထားလာပါသည်။

၂။ သို့ဖြစ်ပါ၍ မူဆယ်မြို့နယ်၊ ကောင်းမူးတုံရပ်ကွက်၊ အကွက်အမှတ်(၅၂/နောင်ဖိုမေးအနောက်တောင်)၊ဦးပိုင်အမှတ်(၂၅+၂၆)၊မြေဧရိယာ(၀ဒသမ၃၆၆)ကေရှိ မြေနေရာအား ဒေါ်ရီရီမြင့် အမည်ဖြင့် မြေငှားဂရန်အသစ် လျှောက်ထားခြင်းအား ကန့်ကွက်လိုသည့် ပုဂ္ဂိုလ်များအနေဖြင့် ခိုင်လုံသည့်စာရွက်စာတမ်း အထောက်အထားများဖြင့် မူဆယ်ခရိုင် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနသို့ ကြော်ငြာသည့်ရက်မှ ၁၅ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ပါကြောင်းနှင့် ကန့်ကွက်မည့်သူမရှိပါက လျှောက်ထားသူအား မြေငှားဂရန်အသစ် ထုတ်ပေးသွားမည်ဖြစ်ပါသည်။

**ခရိုင်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊ မူဆယ်မြို့**

## ကန့်သတ်မှုမရှိသောတင်ဒါ(အိတ်ဖွင့်တင်ဒါ) ခေါ်ယူခြင်း

၁။ ပညာရေးဝန်ကြီးဌာန၊ အခြေခံပညာဦးစီးဌာန၏ ကြီးကြပ်မှုဖြင့် ၂၀၂၃-၂၀၂၄ ပညာသင်နှစ်၊ အခြေခံပညာ အလယ်တန်းဆင့် Grade-9 (သင်ရိုးသစ်) ကျောင်းသားကျောင်းသူများ အသုံးပြုရမည့် သင်ကြားသင်ယူမှုအထောက်အကူ ပြုပစ္စည်းများဝယ်ယူနိုင်ရေးအတွက် မြန်မာနိုင်ငံသားလုပ်ငန်းရှင်ကုမ္ပဏီများအား သတ်မှတ်ချက်များနှင့်အညီ ကန့်သတ် မှုမရှိသောတင်ဒါ (အိတ်ဖွင့်တင်ဒါ) တင်သွင်းရန် ဖိတ်ခေါ်ပါသည်။

၂။ **အိတ်ဖွင့်တင်ဒါပုံစံ** - ၂-၁၂-၂၀၂၂ရက် (သောကြာနေ့)
**စတင်ရောင်းချမည့်ရက်၊ အချိန်** နံနက် ၉:၃၀ နာရီ
**အိတ်ဖွင့်တင်ဒါပိတ်မည့်ရက်၊ အချိန်** - ၁၆-၁၂-၂၀၂၂ရက် (သောကြာနေ့)မွန်းလွဲ ၀၂:၀၀နာရီ
**တင်ဒါတင်သွင်းရမည့်နေရာ** - စီမံကိန်းများကြီးကြပ်အကဲဖြတ်ဌာန-၂၊ အခြေခံပညာဦးစီးဌာန၊ ရုံးအမှတ် (၁၃)၊ နေပြည်တော်

၃။ **တင်ဒါဖွင့်မည့်ရက်** - ၂၁-၁၂-၂၀၂၂ရက် (ဗုဒ္ဓဟူးနေ့)
**တင်ဒါဖွင့်မည့်အချိန်** - နံနက် ၁၀:၀၀နာရီ
**တင်ဒါဖွင့်မည့်နေရာ** - ရုံးအမှတ်(၁၃)၊ အခြေခံပညာဦးစီးဌာန၊ အစည်းအဝေးခန်းမ

၄။ အိတ်ဖွင့်တင်ဒါတင်သွင်းရန် အသေးစိတ်အချက်အလက်များသိရှိလိုပါက အောက်ဖော်ပြပါဌာနတွင် ဆက်သွယ်စုံစမ်းနိုင်ပါသည်-

**အိတ်ဖွင့်တင်ဒါလက်ခံရေးနှင့် စိစစ်ရေးကော်မတီ**
**စီမံကိန်းများကြီးကြပ်အကဲဖြတ်ဌာန-၂၊**
**အခြေခံပညာဦးစီးဌာန၊ ရုံးအမှတ် (၁၃)၊ နေပြည်တော်**
**ဖုန်း-၀၆၇-၃၄၀၇၈၁၃၊ ၀၆၇-၃၄၀၇၈၁၄**

## ကန့်ကွက်လွှာခေါ်ယူခြင်း

မိတ္ထီလာမြို့၊ ပြည်သာယာ(မြောက်)ရပ်ကွက်နေ ဦးစိုးဝင်း ၉/မလန(နိုင်)၀၆၆၆၆၆၊ အထက်တန်းကျောင်းအုပ်(ငြိမ်း)မှ ၎င်းအမည်ဖြင့်ရရှိထားသော မိတ္ထီလာမြို့၊ ပြည်သာယာ (မြောက်)ရပ်ကွက်၊ မြေကွက်အမှတ်(၃-၂၂)၏ မြေပေးမိန့်မူရင်းပျောက်ဆုံးသွားသဖြင့် မြေပေးမိန့်မိတ္တူပြန်လည်ထုတ်ပေးနိုင်ပါရန် ခရိုင်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊ မိတ္ထီလာမြို့သို့ တင်ပြလာပါသည်။ အဆိုပါမြေနေရာနှင့်ပတ်သက်၍ ကန့်ကွက်လိုသူများရှိပါက ခိုင်လုံသော စာရွက်စာတမ်း၊ အထောက်အထားများဖြင့် ကြော်ငြာပါသည့်ရက်မှစ၍ ၁၄ ရက်အတွင်း ခရိုင်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊ မိတ္ထီလာမြို့သို့ ကန့်ကွက်လွှာ တင်သွင်းနိုင်ပါကြောင်း ကြေညာအပ်ပါသည်။

**ခရိုင်အုပ်ချုပ်ရေးမှူး**
**ခရိုင်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊ မိတ္ထီလာခရိုင်၊**
**မိတ္ထီလာမြို့**

## ကန့်ကွက်နိုင်ကြောင်း အများသိစေရန် ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ တောင်ဥက္ကလာပမြို့နယ်၊ (၁၄/၃)ရပ်ကွက်၊ ဆပ်သွားဖူးလမ်း၊ အမှတ် (၄၅/၁)၊ အလျား ၆၇ပေxအနံပေ ၃၀၊ ဧရိယာ စတုရန်း ၂၀၁၀ ပေါ်ရှိ ဂရန်မြေအမျိုးအစားကို ရောင်းချပိုင်ခွင့်ရှိသည်ဟု ဝန်ခံကတိပြုသူ ဦးအောင်ထွန်းသိန်း ၁၀/မဒန(နိုင်)၀၀၈၀၀၈ထံမှ အပြီးအပြတ်ဝယ်ယူရန်အတွက် စရန်ငွေတစ်စိတ်တစ်ဒေသကို ပေးချေထားပြီးဖြစ်ပါသည်။

ဖော်ပြပါကိစ္စနှင့်စပ်လျဉ်း၍ ကန့်ကွက်လိုသူများရှိပါက ကျွန်ုပ်ထံသို့ ခိုင်လုံသောစာချုပ်စာတမ်းများနှင့်အတူ ယခုကြော်ငြာပါသည့်ရက်မှစ၍ ခုနစ်ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ပါသည်။ ယင်းနေ့ကျော်လွန်၍ ကန့်ကွက်သူမရှိပါက အရောင်းအဝယ်ကို ဥပဒေနှင့်အညီ ပြီးမြောက်သည်အထိ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ဦးဇေယျာမြင့်**
**၁၂/ဥကတ(နိုင်)၁၅၀၇၈၃**
**ဖုန်း-၀၉-၇၆၄၂၁၁၀၂၅**

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 48W/61872, Honda Scoopy 110, M/C ယာဉ်လက်ဝယ်ရှိသူ ဦးနန္ဒ ၁/ဗမန(နိုင်)၀၉၄၂၁၀ က (ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန်လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက် ၃၀ အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန၊ ခရိုင်ရုံး (မန္တလေးတောင်ပိုင်း)၊ မန္တလေးမြို့**

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် TNI/12620, YAMAHA R 15 ယာဉ်လက်ဝယ်ရှိသူ ဦးသီဟအောင် ၆/သရခ(နိုင်)၁၀၁၂၀၁ က (ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက် ၃၀ အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန၊ တိုင်းဒေသကြီးဦးစီးမှူးရုံး (ထားဝယ်)**

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် ၆သယ/၈၈၇၅၃, Honda Click 125 ယာဉ်လက်ဝယ်ရှိသူ ဦးအောင်ခိုင် ၉/မဟမ(နိုင်)၀၇၀၈၂၁ က (ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန်လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက် ၃၀ အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန၊ ခရိုင်ရုံး (မန္တလေးမြောက်ပိုင်း)၊ မန္တလေးမြို့**

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် TNI/5211, Honda Dream 125 ယာဉ်လက်ဝယ်ရှိသူ ဦးရန်မင်းထွေး ၆/လလန(နိုင်)၁၂၄၆၆၅ က(ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက် ၃၀ အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန၊တိုင်းဒေသကြီးဦးစီးမှူးရုံး (ထားဝယ်)**

## စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီးဌာန
## ငွေရေးကြေးရေးကြီးကြပ်စစ်ဆေးရေးဦးစီးဌာန
## နေပြည်တော်
## ဒုတိယဦးစီးမှူးရာထူး(၁၈)နေရာအတွက် ရေးဖြေစာမေးပွဲ ကျင်းပမည့်ရက်အား အသိပေးကြေညာခြင်း

၁။ ငွေရေးကြေးရေးကြီးကြပ်စစ်ဆေးရေးဦးစီးဌာနတွင် လစ်လပ်လျက်ရှိသော ဒုတိယဦးစီးမှူး(လစာနှုန်းကျပ် ၂၁၆၀၀၀-၂၀၀၀-၂၂၆၀၀၀)ရာထူး (၁၈) နေရာအတွက် ရေးဖြေစာမေးပွဲအား နေပြည်တော်(ရုံးချုပ်)နှင့် တိုင်းဒေသကြီး/ပြည်နယ်ရုံး များတွင် အောက်ပါအတိုင်း ကျင်းပပြုလုပ်မည် ဖြစ်ပါသည်-

(က) ရက်စွဲ - ၁၈-၁၂-၂၀၂၂ရက် (တနင်္ဂနွေနေ့)
(ခ) အချိန် - နံနက် ၉နာရီမှ ၁၁ နာရီအထိ (မြန်မာစာနှင့်အင်္ဂလိပ်စာ) မွန်းလွဲ ၁ နာရီမှ ၅နာရီအထိ (အထွေထွေဗဟုသုတ)
(ဂ) နေရာ - ငွေရေးကြေးရေးကြီးကြပ်စစ်ဆေးရေးဦးစီးဌာန၊ ရုံးအမှတ် (၃၄)၊ နေပြည်တော်နှင့်တိုင်းဒေသကြီး/ပြည်နယ်၊ ငွေရေးကြေးရေး ကြီးကြပ်စစ်ဆေးဦးစီးဌာနရုံးများ

၂။ ရေးဖြေစာမေးပွဲ ဖြေဆိုခွင့်ကတ်ပြားများကို ရုံးအမှတ်(၃၄)၊ နေပြည်တော်နှင့် သက်ဆိုင်ရာ တိုင်းဒေသကြီး/ပြည်နယ်ရုံး စာဖြေဌာနများတွင် ၁၄-၁၂-၂၀၂၂ရက် မှ ၁၆-၁၂-၂၀၂၂ရက်အထိ ရုံးချိန်အတွင်း နိုင်ငံသားစိစစ်ရေးကတ်ပြား (မူရင်း)ပြသ၍ ကာယကံရှင်ကိုယ်တိုင် လာရောက်ထုတ်ယူရမည် ဖြစ်သည်။

၃။ ဒုတိယဦးစီးမှူးရာထူးနေရာ လျှောက်ထားသူများ၏ ရေးဖြေစာမေးပွဲ ဖြေဆိုရန် သတ်မှတ်ထားသည့် ငွေရေးကြေးရေး ကြီးကြပ်စစ်ဆေးရေး ဦးစီးဌာန၊ ရုံးချုပ်နှင့် တိုင်းဒေသကြီး/ပြည်နယ် ရုံး/နေရာများအား ဝန်ကြီးဌာန၏ website:www.mopf.gov.mmရှိ ငွေရေးကြေးရေးကြီးကြပ်စစ်ဆေးရေးဦးစီးဌာန Webpage နှင့်ရုံးချုပ်၊ တိုင်းဒေသကြီး/ပြည်နယ်ရုံးများ၏ ကြော်ငြာသင်ပုန်းတို့တွင် ကြေညာထားမည်ဖြစ်ပါကြောင်းနှင့် ဖုန်း-၀၆၇-၃၄၃၀၁၇၄၊ ၀၆၇-၃၄၃၀၂၄၂ တို့သို့လည်း စုံစမ်းမေးမြန်းနိုင်ပါကြောင်း အသိပေးကြေညာအပ်ပါသည်။

**ငွေရေးကြေးရေးကြီးကြပ်စစ်ဆေးရေးဦးစီးဌာန**

## အစုရှယ်ယာလျှော့ချကြောင်းကြေညာခြင်း

တောင်ကြီးမြို့၊ ကျောင်းကြီးစုရပ်ကွက်၊ နယ်မြေ(၁၂)၊ မြို့ရှောင်လမ်း၊ အမှတ်(ဖ/တ-၃၀၀)တွင် ဖွင့်လှစ်ထားသော HEXA MYANMAR ENGINEERING Co.,Ltd၊ ကုမ္ပဏီ မှတ်ပုံတင်အမှတ် (၁၁၃၃၅၈၄၃၂)သည် ၃၀-၁၁-၂၀၂၂ရက်တွင် ကျင်းပသည့်ကုမ္ပဏီ၏ အထူးအစည်းအဝေးဆုံးဖြတ်ချက်အရ လက်ရှိအစုရှယ်ယာအရေအတွက် (၁၀၀၀) (တန်ဖိုးကျပ်သိန်း ၁၀၀၀)မှ အစုရှယ်ယာအရေအတွက် (၁၀၀)(တန်ဖိုးကျပ်သိန်း ၁၀၀)သို့ အစုရှယ်ယာလျှော့ချရန် အတည်ပြုဆုံးဖြတ်လိုက်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ဒါရိုက်တာအဖွဲ့**

## ကန့်ကွက်နိုင်ကြောင်းအများသိစေရန်ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ တာမွေမြို့နယ်၊ မေတ္တာညွန့်ရပ်ကွက်၊ လယ်ယာရွှေမြေလမ်း၊ အမှတ်(၂၀)ဟုခေါ်တွင်သည့် မြေပေါ်တွင် တည်ဆောက်ထားသော (၂)ခန်းတွဲ (၆)ထပ်ရှိသည့်အနက်မှ ဒုတိယထပ် A(တိုက်ရှေ့ မျက်နှာမူလျှင် လက်ယာဘက်ခြမ်း) အကျယ် (၂၀ x ၆၀)ပေရှိ တိုက်ခန်းနှင့်တကွ အကျိုးခံစားခွင့် အရပ်ရပ်အားလုံးတို့အား ဝယ်ယူပိုင်ဆိုင်ပြီး ရောင်းချပိုင်ခွင့်ရှိကြောင်း ဝန်ခံအဆိုပြုသူ ဦးမောင်ဇော်(ဘ)ဦးသိန်းမြင့် ၆/မအရ(နိုင်)၀၀၆၀၉၆ ၏ထံမှ ကျွန်ုပ်၏ မိတ်ဆွေက ဝယ်ယူရန် စရန်ငွေပေးချေထားပြီးဖြစ်ပါသည်။ အဆိုပါ အရောင်းအဝယ်အား ကန့်ကွက်လိုပါက ကျွန်ုပ်ထံစာရွက်စာတမ်း အထောက်အထားမူရင်းများဖြင့် ယနေ့မှစ၍ ခုနစ်ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ပါသည်။ ထိုရက်ကျော်လွန်သွားပါက အရောင်းအဝယ်ကိစ္စကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**
**ဒေါ်သန္တာမြင့်ဝင်း(LL.B) တရားလွှတ်တော်ရှေ့နေ(စဉ်-၁၆၄၃၈)**
**အမှတ်(၁၁၆/လ)၊ ကျုံစစ်သားလမ်းသွယ်၊ (၂၀)ရပ်ကွက်၊**
**ရွှေပေါက်ကံမြို့သစ်၊ မြောက်ဥက္ကလာပမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး၊**
**ဖုန်း-၀၉-၂၅၀၅၂၈၆၁၆**

## ငြင်းချက်ထုတ်ရန်သမ္မန်စာ
## (တရားမကျင့်ထုံး ဥပဒေအမိန့် ၅၊ နည်းဥပဒေ ၂၀)
## မြဝတီမြို့နယ်တရားရုံးတော်၌
## ၂၀၂၂ ခုနှစ် တရားမကြီးမှုအမှတ် - ၁၈

| | | |
|---|---|---|
| ဒေါ်သန်းငွေး | နှင့် | ဦးလှမြင့် |
| **တရားလို** | | **တရားပြိုင်** |

မြဝတီမြို့၊ အမှတ် (၄)ရပ်ကွက်နေ တရားပြိုင် ဦးလှမြင့် (ယခုနေရပ်လိပ်စာမသိ)သူအား သိစေရမည်။

သင့်အပေါ်၌ ဒေါ်သန်းငွေးက မှတ်ပုံတင်စာချုပ် ချုပ်ဆိုပေးစေလိုမှု လျှောက်ထားစွဲဆိုထားချက်ရှိသည်ဖြစ်၍ သင်ကိုယ်တိုင်ဖြစ်စေ၊ သို့တည်းမဟုတ် ၎င်းအမှုနှင့်စပ်လျဉ်း၍ အရေးကြီးသည့်စကားအရပ်ရပ်တို့ကို ချေပပြောဆိုနိုင်သူ ကိုယ်စားလှယ်နှင့်ဖြစ်စေ၊ ရှေ့နေနှင့်ဖြစ်စေ ၂၀၂၂ ခုနှစ် ဒီဇင်ဘာ ၆ ရက် (၁၃၈၄ ခုနှစ်၊ တန်ဆောင်မုန်းလပြည့်ကျော် ၈ ရက်)မွန်းမတည့်မီ ၁၀နာရီတွင် အထက်အမည်ပါသူ တရားလို၏ အဆိုလွှာကို ထုချေရှင်းလင်းရန် ရုံးတော်သို့ လာရောက်ရမည်။ ၎င်းအပြင် သင်သိစေရမည်မှာ အထက်က ဆိုခဲ့သည့်နေ့ ရက်တွင် သင်မလာရောက်ပျက်ကွက်ခဲ့လျှင် သင့်မျက်ကွယ်တွင် ငြင်းချက်များကိုထုတ်ပေးလိမ့်မည်။ ၎င်းအပြင် တရားလိုကကြည့်ရှုလိုသည့် စာရွက်စာတမ်းများနှင့် သင်ကထုချေတင်ပြအမှီပြုလိုသည့်စာချုပ်စာတမ်း အစရှိသည်တို့ကို သင်နှင့်အတူ ယူဆောင်လာရမည်။ သို့မဟုတ် သင်၏ ကိုယ်စားလှယ် ရှေ့နေလက်တွင် ထည့်အပ်လိုက်ရမည်။ သင်က ထုချေလွှာတင်သွင်းလိုလျှင် အမှုမဆိုင်မီ လေးရက်က တင်သွင်းရမည်။

၂၀၂၂ ခုနှစ် နိုဝင်ဘာ ၂၂ရက်တွင် ဤရုံးတံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုးထုတ်ပေးလိုက်သည်။

**(ဝေဇင်မန်း)**
**မြို့နယ်တရားသူကြီး**
**မြဝတီမြို့နယ်တရားရုံး**

## ပျောက်ဆုံးကြောင်း

ကျွန်မ မနှင်းသီတာအောင် ၅/ကနန(နိုင်)၀၈၅၆၄၁ ၏ နိုင်ငံကူး လက်မှတ်နံပါတ် (မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိပါကအကြောင်းကြားပေးပါရန်။

ဖုန်း-၀၉-၉၆၃၀၇၆၄၃၀

## ဖောင်းကြွနံပါတ်ပြား ပျောက်လျှောက်ထားခြင်း

ယာဉ်အမှတ် 8G/1200 ၏ ဖောင်းကြွနံပါတ်ပြား ပျောက်ဆုံး၍ ထုတ်ပေးရန် လျှောက်ထားလာပါသဖြင့် ယခင်ဖောင်းကြွနံပါတ်ပြားပျက်ပြယ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

ကညန၊
ခရိုင်ရုံး(ရန်ကုန်အနောက်ပိုင်း)

## အစုရှယ်ယာများပြန်လည်ဝယ်ယူရန်ကမ်းလှမ်းချက် တစ်ရပ်ကို မြန်မာဘရူဝါရီလီမိတက် ("ကုမ္ပဏီ") တွင် ပါဝင်သူများက အတည်ပြုရန်အတွက် စာဖြင့်ရေးသားထားသော ဆုံးဖြတ်ချက်များအား ကုမ္ပဏီတွင်ပါဝင်သူများထံ ဖြန့်ဝေမည်ဖြစ်ကြောင်း အကြောင်းကြားခြင်း

အစုရှယ်ယာများ ပြန်လည်ဝယ်ယူခြင်းကို ကုမ္ပဏီတွင်ပါဝင်သူများက အတည်ပြုမည့်ဆုံးဖြတ်ချက်အား ကုမ္ပဏီ၏ဖွဲ့စည်းပုံအခြေခံစည်းမျဉ်းနှင့် မြန်မာနိုင်ငံကုမ္ပဏီများဥပဒေပုဒ်မ ၁၅၆(ဃ)တို့နှင့်အညီ စာဖြင့် ရေးသား၍ ချမှတ်ခြင်းပြုလုပ်ရန်အတွက် ဖြန့်ဝေမည်ဖြစ်ကြောင်း မြန်မာနိုင်ငံကုမ္ပဏီများ ဥပဒေပုဒ်မ- ၁၂၁(ဃ) အရ အကြောင်းကြားအပ်ပါသည်။

စာဖြင့်ရေးသား၍ ချမှတ်မည့်ဆုံးဖြတ်ချက်မူကြမ်းနှင့် ပူးတွဲပါရှိသည့် စာရွက်စာတမ်းများအား မှတ်ပုံတင်အရာရှိထံ ပေးပို့တင်ပြပြီး ဖြစ်ပါသည်။

## ဖောင်းကြွနံပါတ်ပြားပျောက်လျှောက်ထားခြင်း

ယာဉ်အမှတ် BB/1124 ၏ ဖောင်းကြွနံပါတ်ပြားပျောက်ဆုံး၍ ထုတ်ပေးရန် လျှောက်ထားလာပါသဖြင့် ယခင်ဖောင်းကြွနံပါတ်ပြားပျက်ပြယ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

ကညန၊ ခရိုင်ရုံး(ရန်ကုန်တောင်ပိုင်း)၊ သန်လျင်

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 68W/92659, Kamax 125, M/C ယာဉ်လက်ဝယ်ရှိသူ Kamax Group Myanmar Co.,Ltd က (ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက် ၃၀ အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါ သည်။

ကညန(မုံရွာ)

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 2L/1373, TOYOTA LITEACE, Pick up ယာဉ်လက်ဝယ်ရှိသူ ဒေါ်မာမာစိုး ၉/မရန(နိုင်)၁၂၀၅၉၆ က (ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက် ၃၀အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။

ကညန(မုံရွာ)

## တစ်ဦးတည်းဖြစ်ကြောင်း

စစ်ကိုင်းတိုင်းဒေသကြီး၊ ယင်းမာပင်မြို့နယ်၊ ချောင်းဆုံကျေးရွာမှ မသန်းသန်းမော်၏ဖခင် ဦးချို၀င်းနှင့် ဦးချိုချို၀င်း ၅/ယမပ(နိုင်)၀၂၄၀၁၇ မှာ တစ်ဦးတည်းဖြစ်ပါကြောင်း။

## ဝယ်လိုသည်

Denyo 45 KVA Silent Type မီးစက် Good second hand ဝယ်လိုသည်။

ဖုန်း-၀၉-၄၃၁၆၅၉၄၃

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 12W/13700, Jialong-90, M/C ယာဉ်လက်ဝယ်ရှိသူ ဦးရဲမြတ်ထွေး ၉/မရမ(နိုင်) ၀၀၀၄၆၂ က (ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက် ၃၀အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။

ကညန၊
ခရိုင်ရုံး(မန္တလေးတောင်ပိုင်း)၊
မန္တလေးမြို့

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 57W/34025, Honda Scoopy 110 ယာဉ်လက်ဝယ်ရှိသူ Palatial Porner Co.,Ltd ၈၀လမ်း၊ ၃၈x၃၉ကြား၊ ယာ/မြေ က (ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက် ၃၀ အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါ သည်။

ကညန၊
ခရိုင်ရုံး(မန္တလေးမြောက်ပိုင်း)၊
မန္တလေးမြို့

## အများသိစေရန်

ရန်ကုန်မြို့၊ တောင်ဥက္ကလာပမြို့နယ်၊ (၇)ရပ်ကွက်၊ ဖြူဟ္မစိုရ်လမ်းအမှတ်(၂၂ /ခ) ဟု ခေါ်တွင်သော (၈) ထပ်ခွဲ အဆောက်အုံ၏ မြေညီထပ်ကို မြေရှင် ဒေါက်တာကြည်ကြည်ဝင်း ၁၂/မဂတ(နိုင်)၀၂၂၇၂၀နှင့် ခင်ပွန်းဖြစ်သူ ဦးဗချီ ၁၂ /ဥကတ (နိုင်) ၀၁၈၄၂၂ တို့ထံမှ ဒေါ်ခင်ခင်သိန်း ၁၂/သကတ(နိုင်) ၁၂၇၅၉၇ က(၇-၁-၂၀၂၀)ရက်တွင် ကြိုပို့ငွေစနစ်ဖြင့် ဝယ်ယူ၍ လက်ရှိနေထိုင်လျက်ရှိသော တိုက်ခန်းဖြစ်ကြောင်း အများသိစေရန် ကြေညာပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ -

| | |
|---|---|
| ဒေါ်ထူးထူးမြတ် (LL.B) | ဦးစိုးဟန် (LL.B) |
| တရားလွှတ်တော်ရှေ့နေ | တရားလွှတ်တော်ရှေ့နေ |
| စဉ်-၁၂၅၃၆ (၁၆-၅-၂၀၁၇) | စဉ်-၅၈၁၂ (၁၇-၁၂-၁၉၉၁) |
| အမှတ်(၃၇)၊ ဘုရားကုန်းမြို့ပြ | အမှတ်(၃၇)၊ ဘုရားကုန်းမြို့ပြ |
| ကွက်သစ်၊ သန်လျင်မြို့ | ကွက်သစ်၊ သန်လျင်မြို့ |
| ဖုန်း-၀၉-၂၅၀၉၈၇၀၂၉ | ဖုန်း-၀၉-၂၅၀၀၃၃၄၉၀၊ |
| | ၀၉-၄၄၃၁၆၉၄၁၂ |

## အများသိစေရန်

ရန်ကုန်မြို့၊ တောင်ဥက္ကလာပမြို့နယ်၊ (၇)ရပ်ကွက်၊ ဖြူဟ္မစိုရ်လမ်း၊ အမှတ်(၄၁)နေအိမ်နှင့် ယင်းနေအိမ်အဆောက်အအုံတည်ရှိရာ မြေကွက်ကို မှတ်ပုံတင် အရောင်းအဝယ်စာချုပ်ပိုင်ရှင်က ဒေါ်ခင်ခင်သိန်း ၁၂/သကတ(နိုင်)၁၂၇၅၉၇ ထံသို့ မြေကွက်၏ နှစ်(၆၀)ဂရန်မိတ္တူ၊ ၉-၂-၂၀၀၀ ရက်စွဲပါ အရောင်းအဝယ် မှတ်ပုံတင်စာချုပ် မူရင်းများပေးအပ်၍ ငွေကျပ်သိန်း ၂၀၀၀ ကို "ငွေယုံကြည်အပ်နှံစာချုပ်" ချုပ်ဆိုရယူထားကြောင်း အများသိစေရန် ကြေညာပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ-

| | |
|---|---|
| ဒေါ်ထူးထူးမြတ် (LL.B) | ဦးစိုးဟန် (LL.B) |
| တရားလွှတ်တော်ရှေ့နေ | တရားလွှတ်တော်ရှေ့နေ |
| (စဉ်-၁၂၅၃၆) (၁၆-၅-၂၀၁၇) | (စဉ်-၅၈၁၂) (၁၇-၁၂-၁၉၉၁) |
| အမှတ်(၃၇)၊ ဘုရားကုန်းမြို့ပြ | အမှတ်(၃၇)၊ ဘုရားကုန်းမြို့ပြ |
| ကွက်သစ်၊ သန်လျင်မြို့ | ကွက်သစ်၊ သန်လျင်မြို့ |
| ဖုန်း-၀၉-၂၅၀၉၈၇၀၂၉ | ဖုန်း-၀၉-၂၅၀၀၃၃၄၉၀၊ |
| | ၀၉-၄၄၃၁၆၉၄၁၂ |

## ကန့်ကွက်နိုင်သည်

ရန်ကုန်တိုင်းဒေသကြီး၊ မရမ်းကုန်းမြို့နယ်၊ စမိုင်၊ (၆)ရပ်ကွက်၊ ပေါက်စေတီ(၂)လမ်း၊ အမှတ်(စ/၃၁၉)နေ (၁) ဦးရန်နောင်ဝင်း ၁၂/မရက (နိုင်)၁၂၃၄၃၂၊ (၂) ဦးမင်းခေါင်ဝင်း ၁၂/မရက (နိုင်)၁၂၃၈၁၂၊ (၃) ဒေါ်နန္ဒာအိဝင်း ၁၂/မရက(နိုင်)၁၂၃၈၁၀ တို့ ပိုင်ဆိုင်ရောင်းချပိုင်ခွင့်ရှိသော ရန်ကုန်တိုင်းဒေသကြီး၊ ကမာရွတ်မြို့နယ်၊ အမှတ်(၂၁/၂၃)၊ (၅-အေ)၊ ဦးထွန်းလင်းခြံလမ်း၊ လှည်းတန်း၊ ကမာရွတ်မြို့နယ် (၂၂ x ၆၉)ပေ အကျယ်အဝန်းရှိ တိုက်ခန်းနှင့် အကျိုးခံစားခွင့်များအားလုံးကို ကျွန်ုပ်၏မိတ်ဆွေက အပြီးအပိုင်ဝယ်ယူရန်အတွက် ရောင်းဖိုးငွေ၏ တစ်စိတ်တစ်ဒေသ စရန်ငွေအဖြစ် ပေးချေပြီးဖြစ်ပါသည်။ အဆိုပါ တိုက်ခန်းပိုင်ဆိုင်မှုနှင့်ပတ်သက်၍ ပိုင်ရေးပိုင်ခွင့်ရှိသူ မည်သူမဆို ပိုင်ဆိုင်မှုအထောက်အထား မူရင်းများနှင့်တကွ ကျွန်ုပ်ထံသို့ ဤကြော်ငြာပါသည့်နေ့မှစ၍ ခုနစ်ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်ကျော်လွန်ပါက အရောင်းအဝယ်ကိစ္စကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်မည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ-
ဦးမြင့်ဦး (LL.B) ဥပဒေတွဲ့
တရားလွှတ်တော်ရှေ့နေ (စဉ်-၇၇၆၅)
အမှတ်(၁၄+၁)၊ ပန်းပင်ကြီးလမ်း၊ ကြည့်မြင်တိုင်မြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး
ဖုန်း-၀၉-၅၁၈၈၅၆၄

## အများသိရှိစေရန် ကြေညာခြင်း

စစ်ကိုင်းတိုင်းဒေသကြီး၊ မုံရွာမြို့၊ ဒေါနခြံရပ်ကွက်၊ သာစည်လမ်းနေ ဒေါ်စိန်နီ ၅/ဒပယ(နိုင်)၀၁၈၂၈၅ လွှဲအပ်ညွှန်ကြားချက်အရ အများသိစေရန် ကြေညာအပ်ပါသည်။

မုံရွာမြို့၊ မြဝတီရပ်ကွက်၊ အကွက်အမှတ်(၆၆-သီရိမင်္ဂလာ)၊ ဦးပိုင်အမှတ် (၁၂၆၊ ၁၂၇)၊ ဧရိယာ ၀ ဒသမ ၉၀၀ ဧကရှိ ဝင်းမြေကွက်နှင့် ဝင်းမြေကွက်ပေါ်ရှိ အကျိုးခံစားခွင့် အရပ်ရပ်အားလုံးနှင့် အလားအလာမှာ အရှေ့လားသော်-လမ်း၊ အနောက်လားသော်-ဒေါ်သန်းငွေ၊ ဦးဇော်ဝင်း၊ တောင်လားသော်-ဦးအေးပို၊ ဦးသာအောင်၊ မြောက်လားသော်-ဦးကျော်ဝင်း ၎င်းနယ်လေးရပ်အတွင်း ဝင်းမြေမှာ ဦးသာလှ+ဒေါ်စိန်နီ ပိုင်ဆိုင်အကျိုးခံစားနေသည့် ဝင်းမြေကွက်ဖြစ်ပါသည်။

ယင်းမြေကွက်ကို မည်သူမဆို အမွေဆက်ခံခွင့်ရှိကြောင်း၊ ပိုင်ဆိုင်ကြောင်း၊ အကျိုးခံစားခွင့်ရှိပါကြောင်း အဆိုရှိသူမည်သူမဆို အထောက်အထားများအရ ၁၅-၁၂-၂၀၂၂ရက်အတွင်း ကန့်ကွက်တားမြစ်နိုင်ပါကြောင်း၊ သတ်မှတ်ရက်ကျော်ပါက အဆိုပါဝင်းမြေကွက်ကို ဥပဒေနှင့်အညီ တရားဝင်ပိုင်ရေးပိုင်ခွင့်ကို ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း ကြေညာအပ်ပါသည်။

| | |
|---|---|
| လွှဲအပ်သူ- | လွှဲအပ်ညွှန်ကြားချက်အရ- |
| ဒေါ်စိန်နီ | ဦးသန်းထွန်းအောင် |
| | (B.A, H.G.P, Dip Account) |
| | အထက်တန်းရှေ့နေ (စဉ်-၁၉၈၇၁) |
| | အိမ်အမှတ် (၁၄၅)၊ (၄)လမ်း၊ ရန်ကင်းရပ်၊ |
| | မုံရွာမြို့၊ |
| | ဖုန်း-၀၇၁-၂၆၀၁၆၊ ၀၉-၄၃၁၅၄၂၈၁ |

## အများသိစေရန်ကြော်ငြာခြင်း

မကွေးမြို့၊ အောင်မေတ္တာရပ်ကွက်၊ (၁၅)လမ်း၊ မြေကွက်အမှတ် (၇၄၅) အား မကွေးမြို့၊ မြို့မြေကွက်များ ဖော်ထုတ်ရေး တိုင်းကြီးကြပ်မှုကော်မတီမှ ကြည်း/၁၁၅၃၈ ဒုဗိုလ်မှူးကြီးနေဝင်း (ဘ) ဦးစံဦး ခလရ(၁၁)သို့ ၁၉၉၂ခုနှစ် ဒီဇင်ဘာ ၂၆ ရက်တွင် စာအမှတ် ၁၁၀၉/၁၉/တ၀တ (မကွေး) ဖြင့် ချထားသောမြေကွက်ဖြစ်ပြီး ၎င်းမြေကွက်အား အခြားတစ်စုံတစ်ဦးသို့ ရောင်းချခြင်း၊ ပေါင်နှံခြင်း၊ အခြား နည်းဖြင့် လွှဲပြောင်းခြင်း ပြုလုပ်ထားခြင်းမရှိကြောင်း သိစေအပ်ပါသည်။

ဒုဗိုလ်မှူးကြီးနေဝင်း(ငြိမ်း)
ဖုန်း-၀၉-၇၉၁၇၇၁၀၃၈

## ဦးကျော်ဆွေ ၁၂/ကမရ(နိုင်)၀၅၂၄၈၀ (Famous Parami Group Co., Ltd.) ဒေါ်နှင်းအိဖြူ ၇/ညလပ(နိုင်)၀၃၈၈၆၄ ဆိုသူတို့၏ ကြော်ငြာချက်နှင့်ပတ်သက်၍ ဒေါ်တင့်တင့်လွင် ၁၂/ကမရ (နိုင်)၀၀၁၂၃၈ (Tint Tint Myanmar Group Co.,Ltd.) မှ အများသိစေရန် ပြန်လည်ရှင်းလင်းကြေညာချက်

ကျွန်ုပ်၏အမှုသည် ဒေါ်တင့်တင့်လွင် ၁၂/ကမရ(နိုင်)၀၀၁၂၃၈ (Tint Tint Myanmar Group Co., Ltd.)နှင့်ပတ်သက်၍ ဒေါ်နှင်းအိဖြူ ၇/ညလပ(နိုင်)၀၃၈၈၆၄ ၏ လွှဲအပ်ညွှန်ကြားချက်အရ ၂၇-၁၁-၂၀၂၂ရက်တွင် မြန်မာ့အလင်းသတင်းစာ(စာမျက်နှာ-၂၅)နှင့် (၂၈-၁၁-၂၀၂၂) ရက်စွဲပါ ကြေးမုံသတင်းစာ (စာမျက်နှာ-၂၇)တွင် ကြော်ငြာမှုနှင့် ပတ်သက်၍ မှန်ကန်မှုမရှိကြောင်း ရှင်းလင်းကြေညာအပ်ပါသည်။

ကျွန်ုပ်၏အမှုသည်နှင့် ဦးကျော်ဆွေတို့၏ ငွေကြေးကိစ္စများအား ၂၉-၁၁-၂၀၂၂ ရက်နေ့ မြန်မာ့အလင်းသတင်းစာတွင် ပြန်လည်ရှင်းလင်းထားပြီး ဖြစ်ပါသည်။ သို့သော် ၎င်းတို့မှ နေ့စဉ်ရက်ဆက် သတင်းစာကြော်ငြာ၍ ဒေါ်တင့်တင့်လွင် ၁၂/ကမရ(နိုင်)၀၀၁၂၃၈ (Tint Tint Myanmar Group Co., Ltd.) အား ဂုဏ်သိက္ခာမဲ့စေရန်ရည်ရွယ်ကာ ပြုလုပ်ခဲ့ခြင်းသာဖြစ်သည့်အပြင် ဦးကျော်ဆွေသည် ငွေကြေးကိစ္စများကို အကြောင်းပြ၍ အနိုင်ကျင့်ခြင်း၊ ခြိမ်းခြောက်ခြင်းများကို ကြိမ်ဖန်များစွာပြုလုပ်ပြီး ၂၂-၁၁-၂၀၂၂ ရက်၊ ည (၇)နာရီခန့်တွင် ငွေကြေးသွားပေးသူ ဒေါ်တင့်တင့်လွင် ၁၂/ကမရ(နိုင်)၀၀၁၂၃၈ (Tint Tint Myanmar Group Co., Ltd.) အား ဥပဒေမဲ့စွာ ဦးကျော်ဆွေ၏နေအိမ်ရုံးခန်း၌ ဒေါ်တင့်တင့်လွင်အား ထပ်မံ၍ အနိုင်ကျင့် ငွေကြေးတောင်းခံပြီး ပိတ်ဆို့ချုပ်နှောင်မှုများ ပြုလုပ်ခဲ့ပါသည်။ ထို့ကြောင့် ဒေါ်တင့်တင့်လွင် ၁၂/ကမရ(နိုင်)၀၀၁၂၃၈ မှ တရားလိုပြုလုပ်၍ ဦးကျော်ဆွေနှင့် အပေါင်းအဖော်များအား စမ်းချောင်းမြို့နယ်ရဲစခန်း၌ (ပ)၃၅၉/၂၂ ရာဇသတ်ကြီးပုဒ်မ ၃၅၄၊ ၃၄၂/၅၀၆/၁၁၄ ဖြင့် ဥပဒေနှင့်အညီ အမှုဖွင့်ဆောင်ရွက်ထားဆဲဖြစ်ပါသည်။ ၎င်းအကြောင်းအရာကြောင့် ဦးကျော်ဆွေမှ ဒေါ်တင့်တင့်လွင် ၁၂/ကမရ(နိုင်)၀၀၁၂၃၈ (Tint Tint Myanmar Group Co., Ltd.) အား အရှက်တကွဲအကျိုးနည်းဖြစ်စေရန်ရည်ရွယ်၍ အမှန်တကယ်ငွေကြေးပေးအပ်ထားခြင်းမရှိသူ ဒေါ်နှင်းအိဖြူ အမည်ဖြင့် သတင်းစာများ၌ မမှန်မကန် ကြော်ငြာထည့်သွင်းခဲ့ခြင်းဖြစ်ပါသည်။

သို့ဖြစ်၍ နောက်နောင်တွင် ငွေကြေးအမှန်တကယ်ပေးအပ်ထားခြင်းမရှိသူများကို အမည်ခံအသုံးချကြော်ငြာခြင်းများ၊ ခြိမ်းခြောက်နှောင့်ယှက်မှုများ ထပ်မံပြုလုပ်ပါက တည်ဆဲဥပဒေများနှင့်အညီ အရေးယူဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အသိပေးကြော်ငြာအပ်ပါသည်။

| | | |
|---|---|---|
| လွှဲအပ်ညွှန်ကြားသူ- | လွှဲအပ်ညွှန်ကြားချက်အရ - | |
| ဒေါ်တင့်တင့်လွင် | ဒေါ်ခင်လှဲ့ဝေ (LL.B., D.B.L) | ဒေါ်စန္ဒာစိုး (LL.B) |
| (၁၂/ကမရ(နိုင်) ၀၀၁၂၃၈) | (စဉ်-၁၃၂၉၁) | (စဉ်-၈၅၃၇) |

တရားလွှတ်တော်ရှေ့နေများ
အမှတ်- ၅၅၊ အခန်း(၁၅)၊ မဟာဗန္ဓုလပန်းခြံလမ်း၊
ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့၊ ဖုန်း- ၀၉-၄၃၀၉၅၃၂၀

## ငြင်းချက်ထုတ်ရန်သမ္မန်စာ
(တရားမကျင့်ထုံး ကိုဋ်ဥပဒေအမိန့် ၅၊ နည်းဥပဒေ ၂၀)
ကျောက်မဲခရိုင်တရားရုံး၌
၂၀၂၂ ခုနှစ်၊ တရားမကြီးမှုအမှတ်-၁၁

| | | |
|---|---|---|
| ကမ္ဘောဇဘဏ်လီမိတက်(ကိုယ်စား) | နှင့် | ၁။ ဦးခင်ဇော် |
| ဒေါ်နန်းဥမ္မာနိုင်၊ ဒုတိယမန်နေဂျာ | | ၂။ ဒေါ်မီနာ |
| ဘဏ်ခွဲတာဝန်ခံ၊ နောင်ချိုမြို့ | | ၃။ ဒေါ်ဒန်းမာယာ |
| (တရားလို) | | (တရားပြိုင်များ) |

နောင်ချိုမြို့၊ တောင်ရပ်ကွက်၊ ကံကြီးလမ်း၊ အမှတ်(၁၉)၊ နယ်မြေ(၃)နေ ဦးခင်ဇော် (ယခုနေရပ်လိပ်စာမသိသူ)သိစေရမည်။

သင့်အပေါ်၌ တရားလို ကမ္ဘောဇဘဏ်လီမိတက်(ကိုယ်စား) ဒေါ်နန်းဥမ္မာနိုင်၊ ဒုတိယမန်နေဂျာ၊ ဘဏ်ခွဲတာဝန်ခံ၊ နောင်ချိုမြို့က ငွေ (၂၇၄၇၃၇၀၈၅.၁၁) ငွေကျပ် နှစ်ထောင့်ခုနစ်ရာလေးဆယ့်ခုနစ်သိန်းသုံးသောင်းခုနစ်ထောင်ရှစ်ဆယ်ငါးကျပ်၊ တစ်ပြားတိတိ)အတွက် အပေါင်ဒီကရီရလိုမှု လျှောက်ထားစွဲဆိုချက်ရှိသည်ဖြစ်၍ သင်ကိုယ်တိုင်ဖြစ်စေ၊ သို့တည်းမဟုတ် ၎င်းအမှုနှင့်စပ်လျဉ်း၍ အရေးကြီးသည့်စကားအရပ်ရပ်တို့ကို ချေပပြောဆိုနိုင်သူ သင့်ကိုယ်စားလှယ်ရုံးအခွင့်အမိန့်ရရှေ့နေဖြစ်စေ၊ သို့တည်းမဟုတ် ၎င်းအမှုနှင့်စပ်ဆိုင်သည့် အချက်များကို ချေပပြောဆိုနိုင်သူ တစ်ဦးတစ်ယောက်၊ ၎င်းရှေ့နေနှင့်ပါစေ၍ဖြစ်စေ၊ ၂၀၂၂ ခုနှစ် ဒီဇင်ဘာ ၁၉ ရက်(၁၃၈၄ ခုနှစ် နတ်တော်လပြည့်ကျော် ၁၂ ရက်) နေ့မွန်းမတည့်မီ (၁၀:၀၀) နာရီတွင် အထက်ကအမည်ရေးသားပါရှိသူ တရားလိုစွဲဆိုချက်ကို ထုချေရှင်းလင်းရန်ရုံးတော်သို့ လာရောက်ရမည်။ ၎င်းပြင် သင်သိစေရမည်မှာ၊ အထက်ကဆိုခဲ့သည့်နေ့ရက်တွင် သင်မလာမရောက် ပျက်ကွက်ခဲ့လျှင်၊ သင့်ကွယ်ရာတွင် ငြင်းချက်များကို ထုတ်ပေးလိမ့်မည်။ ၎င်းအပြင် တရားလိုကကြည့်ရှုလိုသည့် စာရွက်စာတမ်းများနှင့်၊ သင်က ထုချေတင်ပြအမှီပြုလိုသည့် စာချုပ်စာတမ်းအစရှိသည်တို့ကို သင်နှင့်အတူ ယူဆောင်လာရမည်။ သို့တည်းမဟုတ် သင့်ကိုယ်စားလှယ် ရှေ့နေလက်တွင် ထည့်အပ်ပို့လိုက်ရမည်။ သင်ကထုချေလွှာတင်သွင်းလိုလျှင် အမှုမဆိုင်မီလေးရက်က တင်သွင်းရမည်။

၂၀၂၂ ခုနှစ် နိုဝင်ဘာ ၂၅ ရက်တွင် ဤရုံးတံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုး ထုတ်ပေးလိုက်သည်

(အေးနိုင်)
ခရိုင်တရားသူကြီး
ကျောက်မဲခရိုင်တရားရုံး

## ငြင်းချက်ထုတ်ရန်ဆင့်စာ
(တရားမကျင့်ထုံးဥပဒေ အမိန့် ၅၊ နည်းဥပဒေ ၁ နှင့် ၅)
မရမ်းကုန်းခရိုင် တရားရုံးတော်
၂၀၂၂ ခုနှစ်၊ တရားမကြီးမှုအမှတ် - ၄၀၄

**ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်(၃၅)၊ စောလုဘော်လမ်း၊ မြေကွက်အမှတ်(၃၈၈)၊ အကျယ်အဝန်း(၄၁ပေ× ၆၀ပေ)ရှိ ဦးတင်မောင်(SKGN-၀၂၂၁၂၀)အမည်ပေါက် နှစ်(၆၀)ဂရန်မြေကွက်အနက်မှ ခေါင်းရင်းခြမ်း အကျယ်အဝန်း(၂၁ပေ× ၆၀ပေ)ရှိမြေကွက်နှင့် နေအိမ်အပါအဝင် အကျိုးခံစားခွင့်အရပ်ရပ်တို့ကို နှစ်(၆၀)ဂရန်အမည်ပေါက်သူကွယ်လွန်၍ ဇနီးဖြစ်သူအနေဖြစ် အမွေဆက်ခံပိုင်ဆိုင်ပြီး ရောင်းချပိုင်ခွင့်ရှိကြောင်းအဆိုပြုသူ ဒေါ်တင်လှိုင်(၁၂/ဗဟန(နိုင်)၀၇၁၉၄၄)ထံမှ ကျွန်ုပ်တို့၏မိတ်ဆွေက ဝယ်ယူရန်အတွက် စရံငွေပေးချေထားပြီးဖြစ်ပါသည်။ အရောင်းအဝယ်အား ကန့်ကွက်လိုပါက ကျွန်ုပ်တို့ထံသို့ တရားဝင်ခိုင်လုံသော စာရွက်စာတမ်းအထောက်အထားမူရင်းများဖြင့် ယနေ့မှစ၍(၇)ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ပါသည်။ ထိုရက်ကျော်လွန်ပါက အရောင်းအဝယ်ကိစ္စကို ဥပဒေနှင့်အညီ ပြီးဆုံးသည်အထိ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။**

**လွှဲအပ်ညွှန်ကြားချက်အရ–**

**ဦးဇော်မျိုးနိုင်** LL.B, D.B.L
အထက်တန်းရှေ့နေ(စဉ်–၄၅၆၅၃)

**ဦးတင်ကိုလှိုင်** LL.B
အထက်တန်းရှေ့နေ(စဉ်–၅၀၅၈၂)

အမှတ်(၇၂/မြေညီထပ်)၊ ငမိုးရိပ်(၁၀)လမ်း၊အပိုင်း(၄)၊ ငမိုးရိပ်ရပ်ကွက်၊ သဃ်ာန်းကျွန်းမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး။
ဖုန်း – ၀၉၂၅၀၂၉၀၇၈၁၊ ၀၉၂၅၀၉၇၁၇၂၉

## ကန့်ကွက်နိုင်ပါသည်

ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊ ဗိုလ်မှူးဗထူးလမ်း၊ မြေတိုင်းရပ်ကွက်အမှတ်(၄၆)၊ မြေကွက်အမှတ်(၁၅၀၇)၊ အကျယ်အဝန်းပေ (၄၀'x၆၀')၊ ၀ ဒသမ ၀၅၅ ဧကအကျယ်ရှိ ဒေါ်တင်တင်မြင့် ၁၂/လသန(နိုင်) ၀၁၁၂၃၃ အမည်ပေါက်သည့် နှစ်(၆၀)ဂရန်မြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ အဆောက်အအုံအပါအဝင် အကျိုးခံစားခွင့်အရပ်ရပ်ကို အရပ်ကတိစာချုပ်အစဉ်အဆက်ဖြင့် ဝယ်ယူပိုင်ဆိုင်ထားသူ ဦးအောင်ကျော်ထူး ၉/မနမ(ပြု)၀၀၀၀၀၇မှ အပေါင်အနှံ အရှုပ်အရှင်းကင်းရှင်း၍ တရားဝင်လွှဲပြောင်းရောင်းချပိုင်ခွင့်ရှိကြောင်း ဝန်ခံပြောဆိုလာသောကြောင့် ကျွန်ုပ်၏မိတ်ဆွေက အပြီးအပိုင် ဝယ်ယူရန် စရန်ငွေတစ်စိတ်တစ်ဒေသကို ပေးချေထားပြီးဖြစ်ပါသဖြင့် ကန့်ကွက်လိုသူများသည် ဤကြော်ငြာပါသည့်ရက်မှစ၍ ၁၄ ရက်အတွင်း ခိုင်လုံသော ပိုင်ဆိုင်မှုစာရွက်စာတမ်း(မူရင်း)အထောက်အထားများနှင့်တကွ ကျွန်ုပ်ထံသို့ လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ကာလအတွင်း ကန့်ကွက်မည့်သူမရှိပါက အရောင်းအဝယ်ကို ဥပဒေနှင့်အညီ ပြီးဆုံးသည်အထိ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ–**
**ဒေါ်ဌေးဌေးဝင်း(LL.B, D.I.L, WIPO (Switzerland)) တရားလွှတ်တော်ရှေ့နေ(စဉ်–၁၃၃၁၆)**
**အမှတ်–၂၇၊ နိဂြောဓလမ်း၊ ကျောက်မြောင်း၊ တာမွေမြို့နယ်၊ ရန်ကုန်မြို့**
**ဖုန်း–၀၉–၅၀၃၇၅၅၈၊ ၀၉–၇၈၅၀၃၇၅၅၈**

## ကန့်ကွက်နိုင်ပါကြောင်း

**ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်(တောင်ပိုင်း)မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်(၂၁)၊ ဦးကြီးများလမ်း၊ မြေကွက်အမှတ်(၂၃၇)၊ အကျယ်အဝန်း(၄၀ပေ× ၆၀ပေ)ရှိ ဦးခင်မောင်ကြည်(MHA-၀၀၅၅၁၂) အမည်ပေါက် မြေချပါမစ်မြေကွက်အနက်မှ မြေရင်းခြမ်း(၂၀ပေ× ၆၀ပေ)ရှိမြေကွက်နှင့် နေအိမ်အပါအဝင် အကျိုးခံစားခွင့်အရပ်ရပ်တို့ကို ရောင်းချပိုင်ခွင့်ရှိကြောင်းအဆိုပြုသူ ဦးစန်းလွင်(၇/ဖမန(နိုင်)၀၅၂၉၂၀)ထံမှ ကျွန်ုပ်တို့၏မိတ်ဆွေက ဝယ်ယူရန်အတွက် စရံငွေပေးချေထားပြီးဖြစ်ပါသည်။ အရောင်းအဝယ်အား ကန့်ကွက်လိုပါက ကျွန်ုပ်တို့ထံသို့ တရားဝင်ခိုင်လုံသော စာရွက်စာတမ်းအထောက်အထားမူရင်းများဖြင့် ယနေ့မှစ၍(၇)ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ပါသည်။ ထိုရက်ကျော်လွန်ပါက အရောင်းအဝယ်ကိစ္စကို ဥပဒေနှင့်အညီ ပြီးဆုံးသည်အထိ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။**

**လွှဲအပ်ညွှန်ကြားချက်အရ –**

**ဦးဇော်မျိုးနိုင်** LL.B, D.B.L
အထက်တန်းရှေ့နေ(စဉ်–၄၅၆၅၃)

**ဦးတင်ကိုလှိုင်** LL.B
အထက်တန်းရှေ့နေ(စဉ်–၅၀၅၈၂)

အမှတ်(၇၂/မြေညီထပ်)၊ ငမိုးရိပ်(၁၀)လမ်း၊အပိုင်း(၄)၊ ငမိုးရိပ်ရပ်ကွက်၊ သဃ်ာန်းကျွန်းမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး။
ဖုန်း – ၀၉၂၅၀၂၉၀၇၈၁၊ ၀၉၂၅၀၉၇၁၇၂၉

## ယာဉ်မှတ်ပုံတင်စာအုပ်မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် ၅ယ/၇၁၂၈၃ယာဉ်လက်ဝယ်ရှိသူ ဒေါ်ဝင်းနွယ် ၁၀/မဒန(နိုင်)၁၇၂၈၅၈ က (ကမ–၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက် ၃၀ အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက် ကန့်ကွက်နိုင်ပါသည်။

**ကညန၊ပြည်နယ်ဦးစီးမှူးရုံး**
**မော်လမြိုင်မြို့**

## ယာဉ်မှတ်ပုံတင်စာအုပ်မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် ၇၃ယ/၉၀၃၉၇ ယာဉ်လက်ဝယ်ရှိသူ ဦးထွန်းစောင် ၁၀/ကမရ(နိုင်)၀၄၃၆၁၉ က (ကမ–၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက် ၃၀ အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက် ကန့်ကွက်နိုင်ပါသည်။

**ကညန၊ပြည်နယ်ဦးစီးမှူးရုံး**
**မော်လမြိုင်မြို့**

## ယာဉ်မှတ်ပုံတင်စာအုပ်မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် ၇၉ယ/၄၇၂၉၂ ယာဉ်လက်ဝယ်ရှိသူ ဦးမောင်နိုင် ၁၀/မလမ(နိုင်)၀၃၅၆၅၈ က (ကမ–၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက် ၃၀ အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက် ကန့်ကွက်နိုင်ပါသည်။

**ကညန၊ပြည်နယ်ဦးစီးမှူးရုံး**
**မော်လမြိုင်မြို့**

## ကန့်ကွက်နိုင်ပါကြောင်း ကြေညာခြင်း

ဒက္ခိဏသီရိမြို့၊ ဒက္ခိဏသီရိရပ်ကွက်၊ မြေတိုင်းရပ်ကွက်အမှတ် ၉/ဒက္ခိဏသီရိတောင်ရပ်)၊ မြေကွက်အမှတ်(ဒ–၃၂၀၄၈)၊ မြေဧရိယာ ၀ ဒသမ ၁၅၇ ဧကရှိ ဒေါ်သင်းသင်းဦး (ဘ)ဦးမြဟန် ၁၂/အစန(နိုင်)၁၁၅၁၉၉ အမည်ပေါက် နှစ်(၃၀) မြေငှားစာချုပ် မြေကွက်ကို ဒေါ်သင်းသင်းဦးထံမှ နေပြည်တော်စာချုပ်စာတမ်းမှတ်ပုံတင်ရုံး၏ အထူးကိုယ်စားလှယ်လွှဲအပ်စာအမှတ်(၁၈၀၁/၂၀၂၁)၊ (၂၈–၁၀–၂၀၂၁)ရရှိထားသူ ဦးရဲသူရလတ် (ဘ)ဦးသူရစော ၇/ဖမန(နိုင်)၀၀၀၃၂၉ မှ ဒေါ်မြစုခိုင် (ဘ)ဦးမောင်လုံးဖြူ ၁၁/ကတန(နိုင်)၀၃၈၄၀၈နှင့် အရောင်းအဝယ်မှတ်ပုံတင်စာချုပ် ချုပ်ဆိုရန် မြေပုံ၊ မြေရာဇဝင်ရေးကူးခွင့် လျှောက်ထားလာပါသဖြင့် ကန့်ကွက်လိုသူများအနေဖြင့် တရားဝင်ပိုင်ဆိုင်မှု စာချုပ်စာတမ်းများ၊ တရားရုံးအမိန့်ဒီကရီများ အထောက်အထားခိုင်လုံစွာ တင်ပြ၍ နေပြည်တော်စည်ပင်သာယာရေးကော်မတီ၊ မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာနသို့ ဤကြေညာချက်ပါရှိသည့်ရက်မှစ၍ ၁၅ ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ကြောင်းနှင့် သတ်မှတ်ကာလအတွင်း ကန့်ကွက်မှုမရှိပါက ဌာန၏လုပ်ထုံးလုပ်နည်းများနှင့်အညီ မြေပုံ၊ မြေရာဇဝင်ရေးကူးခွင့် လျှောက်ထားလာမှုအား ဆက်လက်ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း ကြေညာလိုက်သည်။

**မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန**
**နေပြည်တော်စည်ပင်သာယာရေးကော်မတီ**

## ကန့်ကွက်နိုင်ကြောင်းကြေညာခြင်း

နေပြည်တော်၊ ပုဗ္ဗသီရိမြို့၊ မြေတိုင်းရပ်ကွက်အမှတ် ၁၄/ဆင်ဖြူရှင်ရပ်၊ ဆင်ဖြူရှင်ရပ်ကွက်ရှိ တပ်ကြပ်ကျော်စိုးလင်း (ကိုယ်ပိုင်အမှတ် တ–၆၆၀၇၆) (ဘ)ဦးစိုးလင်း အမည်ပေါက် ပါမစ်မြေကွက်အမှတ် ပစ(င)၇၂၀ အမည်ပေါက်(ကွယ်လွန်)၏ တရားဝင်အမွေခံဇနီးဖြစ်သူ ဒေါ်မိုးသဲဖြူ ၅/မရန(နိုင်)၁၉၀၂၂၀ (ဘ)ဦးနေစိုးမှ တရားဝင်အမွေခံဖြစ်ကြောင်း တရားရုံးကျမ်းကျိန်ဆိုချက်မူရင်း၊ မြေကွက်ဖိုးပေးသွင်းချလန်မိတ္တူ၊ တပ်ကြပ်ကျော်စိုးလင်း သေဆုံးခြင်းလက်မှတ်မိတ္တူ၊ မြေကွက်ပေါ်ရှိ အဆောက်အအုံပုံများတင်ပြပြီး ၎င်း၏အမည်ဖြင့် မြေငှားစာချုပ်ချထားပေးပါရန် လျှောက်ထားလာပါသဖြင့် ကန့်ကွက်လိုသူများအနေဖြင့် တရားဝင်ပိုင်ဆိုင်မှု စာချုပ်စာတမ်းများ၊ တရားရုံးအမိန့်ဒီကရီများ အထောက်အထားခိုင်လုံစွာတင်ပြ၍ နေပြည်တော်စည်ပင်သာယာရေးကော်မတီ၊ မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာနသို့ ဤကြေညာချက်ပါရှိသည့်ရက်မှစ၍ ၁၅ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ကြောင်းနှင့် သတ်မှတ်ကာလအတွင်း ကန့်ကွက်မှုမရှိပါက ဌာန၏လုပ်ထုံးလုပ်နည်းများနှင့်အညီ မြေငှားစာချုပ် လျှောက်ထားလာမှုအား ဆက်လက်ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း ကြေညာလိုက်သည်။

**မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာန**
**နေပြည်တော်စည်ပင်သာယာရေးကော်မတီ**

## ကန့်ကွက်နိုင်ကြောင်း ကြေညာခြင်း

ဒက္ခိဏသီရိမြို့၊ ဒက္ခိဏသီရိရပ်ကွက်၊ မြေတိုင်းရပ်ကွက်အမှတ် (၁၀/ဒက္ခိဏသီရိအနောက်ရပ်)၊ မြေကွက်အမှတ်(ဒ–၃၂၇၇၈)၊ မြေဧရိယာ ၀ ဒသမ ၁၄၆ ဧကရှိ ဒုတိယဗိုလ်မှူးကြီးမိုးဟိန်း (ဘ)ဦးလှရှိန် ၁၃/ရစန(နိုင်)၀၅၈၉၁၁ အမည်ပေါက်(ပါမစ်)မြေကွက်ကို ဒေါ်စောစန္ဒာသက် (ဘ)ဦးသက်တင် ၉/မနမ(နိုင်)၁၂၀၅၈၅ မှ မြေပေးမိန့်မူရင်း၊ မြေကွက်အရောင်းအဝယ်ကတိစာချုပ်မူရင်း၊ ရောင်းသူ/ဝယ်သူ တရားရုံးကျမ်းကျိန်မူရင်း၊ နှစ်ဦးသဘောတူကတိဝန်ခံချက်မူရင်း၊ ရပ်ကွက်အုပ်ချုပ်ရေးမှူး ထောက်ခံချက်မူရင်း၊ ရဲစခန်းထောက်ခံချက်မူရင်း၊ ဝယ်ယူသူမှ ဝန်ခံကတိပြုချက်မူရင်းများ တင်ပြပြီး မြေငှားစာချုပ် လျှောက်ထားလာပါသဖြင့် ကန့်ကွက်လိုသူများအနေဖြင့် တရားဝင်ပိုင်ဆိုင်မှု စာချုပ်စာတမ်းများ၊ တရားရုံးအမိန့်ဒီကရီများ အထောက်အထားခိုင်လုံစွာတင်ပြ၍ နေပြည်တော်စည်ပင်သာယာရေးကော်မတီ၊ မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာနသို့ဤကြေညာချက်ပါရှိသည့်ရက်မှစ၍ ၁၅ ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ကြောင်းနှင့် သတ်မှတ်ကာလအတွင်း ကန့်ကွက်မှုမရှိပါက ဌာန၏လုပ်ထုံးလုပ်နည်းများနှင့်အညီ မြေငှားစာချုပ် လျှောက်ထားလာမှုအား ဆက်လက်ဆောင်ရွက်ပေးသွားမည်ဖြစ်ပါကြောင်း အသိပေးကြေညာလိုက်သည်။

**မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာန**
**နေပြည်တော်စည်ပင်သာယာရေးကော်မတီ**

## ယာဉ်မှတ်ပုံတင်စာအုပ်မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် KCN/21248 ယာဉ်လက်ဝယ်ရှိသူ ဦးမွန်တာအားမက် ၁/မကန(နိုင်)၀၈၃၇၂၆ က (ကမ–၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက် ၃၀ အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန၊ပြည်နယ်ရုံး(မြစ်ကြီးနား)**

## ပျောက်ဆုံးကြောင်း

ကျွန်မ မရတနာတင့် ၁၄/ဒဒရ(နိုင်)၁၉၆၆၇၀ ၏ နိုင်ငံကူးလက်မှတ်အမှတ် (မမှတ်မိ)သည် ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိပါက အကြောင်းကြားပေးပါရန်။

**ဖုန်း–၀၉–၆၇၁၅၃၂၅၂၈**

## ပတ်စ်ပို့ပျောက်ဆုံးကြောင်း

အရှင်ကုန္ဒသာရ ၁၂/ဥကမ(သ)၀၀၁၉၂၅ ၏ နိုင်ငံကူးလက်မှတ် (မမှတ်မိ)သည် ခရီးသွားရင်း ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိပါက အကြောင်းကြားပေးပါရန်။

**ဖုန်း–၀၉–၄၂၀၂၅၂၂၁၃**

## ပတ်စ်ပို့ပျောက်

ကျွန်တော် မောင်ကျော်မင်းဦး ၈/မသန(နိုင်)၀၉၆၇၃၅၏ နိုင်ငံကူးလက်မှတ်အမှတ် (နံပါတ်မမှတ်မိ) သည် ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိပါက အောက်ပါဖုန်းနံပါတ်သို့ အကြောင်းကြားပေးပါရန်။

**ဖုန်း–၀၉–၄၀၁၅၇၆၃၄**

## ပတ်စ်ပို့ပျောက်

ကျွန်တော် မောင်ဆန်းလင်းထွန်း ၈/ပဖန(နိုင်)၁၇၅၄၂၀ ၏ နိုင်ငံကူးလက်မှတ်အမှတ် (နံပါတ်မမှတ်မိ) သည် ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိပါက အောက်ပါဖုန်းနံပါတ်သို့ အကြောင်းကြားပေးပါရန်။

**ဖုန်း–၀၉–၇၈၈၃၂၆၄၅၉**

## အမည်ပြောင်း

ဒက္ခိဏသီရိမြို့နယ်၊ Pioneer Education၊ Grade 3 မှ မရှင်းကျော့မေ (ဘ)ဦးမိုးလတ် ၁၂/အစန(နိုင်)၀၁၁၇၇၉ အား ယနေ့မှစ၍ မယွန်းဝင့်ဝါဟု အမည်ပြောင်းလဲခေါ်ပါရန်။

**မယွန်းဝင့်ဝါ**

## အမည်ပြောင်း

ပဲခူးမြို့၊ ဒေါ်ပန် ကိုယ်ပိုင်အထက်တန်းကျောင်း Grade 10 မှ ဦးမြင့်ဇော်–ဒေါ်ဇင်မင်းမင်းလတ်တို့၏သား မောင်ကိုကိုကြီးအား ယနေ့မှစ၍ မောင်စွမ်းထက်ဟု အမည်ပြောင်းလဲခေါ်ပါရန်။

**မောင်စွမ်းထက်**

## ပတ်စ်ပို့ပျောက်

ကျွန်တော် မောင်ခိုင်ဖြိုးဝေ ၈/မသန(နိုင်)၁၂၁၀၆၆ ၏ နိုင်ငံကူးလက်မှတ်အမှတ် (နံပါတ်မမှတ်မိ) သည် ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိပါက အောက်ပါဖုန်းနံပါတ်သို့ အကြောင်းကြားပေးပါရန်။

**ဖုန်း–၀၉–၇၇၄၅၉၅၁၃၃**

## ပတ်စ်ပို့ပျောက်

ကျွန်တော် မမြတ်မွန်လှိုင် ၈/မလန(နိုင်)၀၉၀၂၄၅ ၏ နိုင်ငံကူးလက်မှတ်အမှတ် (နံပါတ်မမှတ်မိ) သည် ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိပါက အောက်ပါဖုန်းနံပါတ်သို့ အကြောင်းကြားပေးပါရန်။

**ဖုန်း–၀၉–၇၇၈၄၂၄၀၈၈**

## အမည်မှန်နှင့် ဖခင်အမည်မှန်

မြစ်ကြီးနားမြို့၊ အထက(၁၀)၊ Grade–8 မှ မဘောက်ဆိုင်း၏ အမည်မှန်မှာ မဘောက်လှိုင် ဖြစ်ပြီး ၎င်း၏ဖခင်အမည်မှန်မှာ ဦးဘလူးလ ၁/မကန(နိုင်)၁၈၀၂၅၁ ဖြစ်ပါသည်။

## မိခင်အမည်မှန်

မြစ်ကြီးနားမြို့၊ အထက (ဓီးလွန်)၊ Grade–10(စနစ်သစ်) ဓီဝတွဲ မှ မောင်အာကာနှင့် Grade–3 (စနစ်သစ်)မှ မောင်ဇေ့ဗဟာဒူးတို့၏ မိခင်အမည်မှန်မှာ ဒေါ်မာလာ ၁/မကန(နိုင်)၂၆၉၅၉၇ ဖြစ်ပါသည်။

## ပတ်စ်ပို့ပျောက်

ကျွန်မ မမန်ဂလား(ခ)စုစန္ဒီထွန်း ၁/မကန(နိုင်)၁၈၄၉၆၂၏ ပတ်စ်ပို့နံပါတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။

**ဖုန်း–၀၉–၂၅၈၆၉၂၀၀၉**

## ပတ်စ်ပို့ပျောက်

ဦးဇော်လင်းအောင် – ဒေါ်မန်ဂလား (ခ) စုစန္ဒီထွန်းတို့၏သား ကျွန်တော် မောင်အောင်ကောင်းထက်၏ ပတ်စ်ပို့နံပါတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။

**ဖုန်း–၀၉–၂၅၈၆၉၂၀၀၉**

## ကန့်ကွက်နိုင်ကြောင်း ကြော်ငြာစာ

ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်(၃၉/B)၊ သမာဓိ(၂)လမ်း၊ မြေကွက်အမှတ်(၂၆၂)၊ (၄၀x၆၀)ပေ၊ ၀ ဒသမ ၀၅၅ဧကေ(၂၄၀၀)စတုရန်းပေရှိ နှစ်(၆၀)မြေငှားဂရန်အမျိုးအစားမြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ နေအိမ်အပါအဝင် အကျိုးခံစားခွင့်အရပ်ရပ်တို့အား ဦးမောင်မောင် အမည်ပေါက် နှစ်(၆၀)မြေငှားဂရန်မူရင်းနှင့်အတူ အဆက်စပ်စာချုပ်စာတမ်းများဖြင့် လက်ရောက်ဝယ်ယူပိုင်ဆိုင်ထားသူ ဦးဝင်းဗိုလ် ၁၂/ဥကတ(နိုင်)၀၁၆၅၉၈ မှ ၎င်းလက်ရှိပိုင်ဆိုင်ရောင်းချခွင့်ရှိကြောင်း ဝန်ခံအဆိုပြု၍ နှစ်(၆၀)မြေငှားဂရန်မူရင်းဖြင့် ရောင်းချရန်ကမ်းလှမ်းရာ ကျွန်ုပ်၏မိတ်ဆွေမှ အပြီးအပိုင်ဝယ်ယူရန်အတွက် စရန်ငွေပေးအပ်၍ စရန်ပေးစာချုပ်ချုပ်ဆိုထားပြီး ဖြစ်ပါသည်။ ကန့်ကွက်လိုသူများရှိပါက ခိုင်မာသော စာရွက်စာတမ်းမူရင်းအပြည့်အစုံဖြင့် ဤကြော်ငြာပါသည့်ရက်မှစ၍ ခုနစ်ရက်အတွင်း ကျွန်ုပ်ထံသို့ လာရောက်ကန့်ကွက်နိုင်ပြီး ကန့်ကွက်မှုမရှိပါက အရောင်းအဝယ်ကို ဥပဒေနှင့်အညီ တရားဝင်ပြီးမြောက်အောင် ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြော်ငြာအပ်ပါသည်။

**ဝယ်ယူသူဒေါ်စုစုလှိုင်၏ လွှဲအပ်ညွှန်ကြားချက်အရ–**

**ဦးသိန်းထူး LL.B** — တရားလွှတ်တော်ရှေ့နေ(စဉ်–၇၈၁၅)
**ဦးဇော်မိုးလွင် LL.B** — တရားလွှတ်တော်ရှေ့နေ(စဉ်–၁၄၅၇၄)

**ရုံး – ရုံးပတ်လမ်း၊ မြို့နယ်တရားရုံးအနီး၊ မ၀တ(လမ်းဆုံ)၊ (၃၇)ရပ်ကွက်၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊ ရန်ကုန်မြို့**
**ဖုန်း – ၀၉–၄၄၄၄၃၅၃၅၃၊ ၀၉–၂၅၆၂၈၆၃၉၁**

## ကြော်ငြာစာ

မန္တလေးမြို့၊ ပြည်ကြီးတံခွန်မြို့နယ်၊ (ဇ)ရပ်ကွက်၊ အကွက် အမှတ်(နန–၁၅)၊ ဦးပိုင်အမှတ်(၄)၊ ၆၀x၆၁ လမ်းကြား၊ စံပြနှင့် သခင်ဖိုးလှကြီး လမ်းကြားရှိ တောဂရန်မြေကွက်အမည်ပေါက်သူ ဦးတင့်ဆွေ ဒီဂျေ–၀၁၄၈၅၉ ၏ (SP ရသူ ဦးကျော်အေး)က အမည်ပေါက်သူ ဦးတင့်ဆွေ၏မှတ်ပုံတင်၊ အိမ်ထောင်စုဇယားတို့ တင်ပြရမည်ဖြစ်သော်လည်း ငှားရမ်း၍ မရကြောင်း တင်ပြစာ၊ တောဂရန်နှင့်အတူ အမှုတွဲအမှတ်(၄၄၈၈/၂၀၂၂–၂၀၂၃) ဖြင့် တောမှမြို့ပြောင်း၊ သက်တမ်းတိုး လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများ၊ မှတ်ပုံတင်စာချုပ်စာတမ်းများ၊ တရားရုံးဒီကရီများဖြင့် ၁၄ ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

**မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန**
**မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ**

## ကြော်ငြာစာ

မန္တလေးမြို့၊ ပြည်ကြီးတံခွန်မြို့နယ်၊ (ဇ)ရပ်ကွက်၊ အကွက် အမှတ်(နန–၁၈)၊ ဦးပိုင်အမှတ်(၇၅)၊ ၆၃x၆၄ လမ်းကြား၊ စံပြ နှင့် သခင်ဖိုးလှကြီး လမ်းကြားရှိ တောဂရန်မြေကွက်အမည်ပေါက်သူ ဒေါ်ဝင်း ၉/မနမ(နိုင်)၀၇၅၀၇၄ ၏ (G.P ရသူ ဒေါ်ခင်မာဝေ)က အမည်ပေါက်သူ ဒေါ်ဝင်း၏ မှတ်ပုံတင်၊ အိမ်ထောင်စုဇယားတို့ တင်ပြရမည်ဖြစ်သော်လည်း ငှားရမ်း၍မရကြောင်း တင်ပြစာ၊ တောဂရန်နှင့်အတူ အမှုတွဲအမှတ်(၄၄၇၇/၂၀၂၂–၂၀၂၃) ဖြင့် တောမှမြို့ပြောင်း၊ သက်တမ်းတိုး လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများ၊ မှတ်ပုံတင်စာချုပ်စာတမ်းများ၊ တရားရုံးဒီကရီများဖြင့် ၁၄ ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

**မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန**
**မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ**

## ကြော်ငြာစာ
## (အမွေဆက်ခံခြင်း အက်ဥပဒေပုဒ်မ ၂၈၃)
## မဟာအောင်မြေခရိုင်တရားရုံး
## ၂၀၂၂ ခုနှစ်၊ တရားမအထွေထွေမှုအမှတ်-၃၈

**ကွယ်လွန်သူ ဦးစိုးမြင့်၏ ကျန်ရစ်သောပစ္စည်းများနှင့်စပ်လျဉ်းသည့်အမှု**

မန္တလေးမြို့၊ ပြည်ကြီးတံခွန်မြို့နယ်၊ တံခွန်တိုင်ရပ်၊ ကွင်းအမှတ်(၅၉၄)၊ ဦးပိုင်အမှတ်(၁၃၃/က)၊ ဧရိယာ ၀ ဒသမ ၅၂ ဧကေ၌ နေထိုင်ခဲ့သော ကွယ်လွန်သူ ဦးစိုးမြင့်၏ ကျန်ရစ်သောပစ္စည်းအပေါ်၌ အမွေထိန်းလက်မှတ်ထုတ်ပေးပါမည့်အကြောင်းနှင့် ဒေါ်ခင်မြမြက အမွေဆက်ခံခြင်း အက်ဥပဒေအရ လျှောက်ထားသဖြင့် ဤအမှုကို ၂၀၂၂ ခုနှစ် ဒီဇင်ဘာ ၂၃ ရက်တွင် ဆိုင်ဆိုကြားနာရန် ချိန်းဆိုထားသည် ဖြစ်သောကြောင့် ထိုကွယ်လွန်သူ ဦးစိုးမြင့်၏ ကျန်ရစ်သောပစ္စည်းများတွင် အကျိုးစီးပွားသက်ဆိုင်သည့် အဆိုရှိသူတို့အား အဆိုပါအမှုတွင် ၎င်းတို့ (လာရောက်ဆိုင်ဆိုရန် သင့်လျော်မည်ဟု ထင်မြင်လျှင်) ဆိုခဲ့သော ၂၀၂၂ ခုနှစ် ဒီဇင်ဘာ ၂၃ ရက်၌ မိမိတို့ ကိုယ်တိုင်သော်လည်းကောင်း၊ ကိုယ်စားလှယ်တစ်ဦးဦးအားဖြင့်သော်လည်းကောင်း၊ လာရောက်ဆိုင်ဆိုရန်နှင့် အမွေထိန်းလက်မှတ် မထုတ်ပေးမီမှတ်တမ်းများကို ကြည့်ရှုရန် အမွေဆက်ခံခြင်းအက်ဥပဒေပုဒ်မ ၂၈၃ နှင့်အညီ ဆင့်ဆိုလိုက်သည်။ လာရောက်ခြင်းမရှိ ပျက်ကွက်ခဲ့လျှင် ရုံးတော်က ဒေါ်ခင်မြမြ၏ လျှောက်လွှာအပေါ်၌ စစ်ဆေးဆောင်ရွက်ပြီးလျှင် ၎င်းအမှုအကြောင်းအရာတွင် စီရင်ချက်ချမှတ်လိမ့်မည်ဖြစ်သည်။

၂၀၂၂ ခုနှစ် နိုဝင်ဘာ ၂၈ ရက်တွင် ဤရုံးတော်တံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုး ထုတ်ပေးလိုက်သည်။

(ခင်သီတာ)
ဒုတိယခရိုင်တရားသူကြီး (၂)
မဟာအောင်မြေခရိုင်တရားရုံး

## အကြောင်းပြရန်ပေးသည့် အကြောင်းကြားစာ
## မန္တလေးတိုင်းဒေသကြီးတရားလွှတ်တော်
## ၂၀၂၁ ခုနှစ်၊ တရားမပြင်ဆင်မှုအမှတ် – ၁၀၀

ဦးနန္ဒမဇ္ဈူသာ နှင့် ဦးမြင့်ဆွေ(၎င်း၏အခွင့်ရ ကိုယ်စားလှယ်စာရသူ ဦးသီဟဇော်) ပါ ၂

**လျှောက်ထားသူ** **လျှောက်ထားခံရသူများ**

လျှောက်ထားခံရသူ ၂။ ဦးအုန်းငွေ မနောမယိဒ္ဓိစေတီတော်၊ အတွင်းရေးမှူး၊ ၃၉ လမ်း၊ ၆၄-၆၅လမ်းကြား၊ မဟာမြိုင်(၁)ရပ်ကွက်၊ မဟာအောင်မြေမြို့နယ်၊ မန္တလေးမြို့ (ယခုနေရပ်လိပ်စာမသိ) သိစေရမည်။

အထက်အမည်ပါ ဦးနန္ဒမဇ္ဈူသာ ဤရုံးသို့ မန္တလေးခရိုင်တရားရုံး၊ တရားမကြီးမှုအမှတ်- ၃၅၉/၂၀၂၀ ၏ ၂၄-၉-၂၀၂၁ ရက်စွဲပါ အမိန့်အကြောင်းနှင့် လျှောက်ထားသည်ဖြစ်၍ သင်ကဤလျှောက်လွှာအတိုင်း အမိန့်မချသင့်ကြောင်းနှင့် အကြောင်းပြရန် ၂၀၂၂ခုနှစ် ဒီဇင်ဘာ ၂၉ ရက် မွန်းမတည့်မီ ၁၀ နာရီတွင် သင်ကိုယ်တိုင်ဖြစ်စေ၊ သင့်ရှေ့နေဖြစ်စေ ဤရုံးသို့ လာရောက်ရမည်။ မလာရောက်ခဲ့လျှင် အဆိုပါ လျှောက်ထားချက်ကို သင့်မျက်ကွယ်တွင် တစ်ဖက်သတ်ကြားနာစစ်ဆေးဆုံးဖြတ်လိမ့်မည်။

၂၀၂၂ ခုနှစ် နိုဝင်ဘာ ၂၉ ရက်တွင် ဤရုံးတံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုး ထုတ်ပေးလိုက်သည်။

(မြတ်မြတ်လွင်)
လက်ထောက်ညွှန်ကြားရေးမှူး
မန္တလေးတိုင်းဒေသကြီးတရားလွှတ်တော်

## ဒီကရီကိုအတည်ပြုရန် အမိန့်မထုတ်သင့်ကြောင်း ထုချေစေရန် အကြောင်းကြားစာ
## (တရားမကျင့်ထုံးကိုဥပဒေအမိန့် ၂၁၊ နည်းဥပဒေ ၂၂)
## ကျောက်မဲခရိုင် တရားမရုံးတော်၌
## ၂၀၂၀ ပြည့်နှစ် တရားမကြီးမှု အမှတ်-၁၅ နှင့် ဆက်နွယ်သည့်
## ၂၀၂၂ ခုနှစ် တရားမဇာရီမှုအမှတ် – ၁၅

ကမ္ဘောဇဘဏ်လီမိတက်(ကိုယ်စား) **နှင့်** ၁။ ဦးစန်းမြင့်
ဒေါ်နန်းဥမ္မာနိုင်၊ ဒုတိယမန်နေဂျာ ၂။ ဒေါ်အေးအေးခိုင်
ဘဏ်ခွဲတာဝန်ခံ နောင်ချိုဘဏ်ခွဲ

**ဒီကရီအနိုင်ရသူ** **တရားရှုံးများ**

နောင်ချိုမြို့၊ တောင်ရပ်ကွက်၊ နယ်မြေ(၈)နေ ဦးစန်းမြင့်၊ ဒေါ်အေးအေးခိုင် (အတူနေလင်မယား) (ယခုနေရပ်လိပ်စာမသိသူ)တို့ သိစေရမည်။

ကျောက်မဲခရိုင်တရားရုံး၏ ၂၀၂၀ ပြည့်နှစ် တရားမကြီးမှုအမှတ်- ၁၅ တွင် ကျရှိသည့်ဒီကရီကို အတည်ပြုလုပ်ရန် ဤရုံးတော်တွင် တရားနိုင် ကမ္ဘောဇဘဏ်လီမိတက်(ကိုယ်စား) ဒေါ်နန်းဥမ္မာနိုင် (ဒုတိယမန်နေဂျာ)၊ ဘဏ်ခွဲတာဝန်ခံက လျှောက်ထားသည်ဖြစ်၍ မည်သည့်အကြောင်းကြောင့် အတည်ပြုလုပ်စေရန် အမိန့်ကိုမထုတ်သင့်ကြောင်း အကြောင်းတစ်ခုခုရှိလျှင်၊ ပြ၍ချေဆိုရန် သင်ကိုယ်တိုင်ဖြစ်စေ ရှေ့နေ သို့မဟုတ် အခွင့်ရကိုယ်စားလှယ်ဖြင့်ဖြစ်စေ၊ ဒီကရီအနိုင်ရသူ၏ ဇာရီမှုကို ထုချေရှင်းလင်းစေရန် ၂၀၂၂ ခုနှစ် ဒီဇင်ဘာ ၁၉ ရက် (၁၃၈၄ ခုနှစ် နတ်တော်လပြည့်ကျော် ၁၂ ရက်) မွန်းမတည့်မီ ၁၀ နာရီတွင် ဤရုံးတော်ရှေ့ လာရောက်စေ။

၂၀၂၂ ခုနှစ် နိုဝင်ဘာ ၂၅ ရက်တွင် ဤရုံးတော် တံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုး ထုတ်ပေးလိုက်သည်။

(အေးနိုင်)
ခရိုင်တရားသူကြီး
ကျောက်မဲခရိုင်တရားရုံး

## ကန့်ကွက်နိုင်ကြောင်း ကြော်ငြာစာ

စစ်ကိုင်းမြို့၊ပါရမီရပ်ကွက်၊ကွင်း/အကွက်အမှတ်နှင့်အမည်(၇၉၇/ ရွာထောင်အရှေ့)၊ မြေကွက်အမှတ် (က/၉၉)၊ မြေဧရိယာ ၀ ဒသမ ၂၇၈ ဧကရှိမြေသည် ဒေါ်အုန်းခင် အမည်ဖြင့် မြေငှားဂရန် အမှုတွဲအမှတ် RP No ၂၇၂/V/of 1993 မြေငှားဂရန်သက်တမ်းမှာ ၁-၁-၁၉၉၀ ရက်မှ ၁-၁-၂၀၂၀ ရက်အထိ နှစ် (၃၀)မြေငှားဂရန် ဖြစ်ကြောင်း ၁၉-၅-၂၀၂၂ရက်တွင် ဒေါ်အုန်းခင်(ဘ)ဦးစိန်ထွန်း ၉/မရမ(နိုင်)၀၁၁၁၃၁မှ ဒေါ်သန်းသန်းအေး (ဘ) ဦးရန်ဆင်းရွက် ၁၃/ကခန (နိုင်) ၀၆၁၂၆၉သို့ တရားဝင် မြေကွက်အရောင်းအဝယ်စာချုပ်ချုပ်ဆို၍ စစ်ကိုင်းမြို့နယ် စာချုပ်စာတမ်းမှတ်ပုံတင်ရုံး၌ မှတ်ပုံတင်ထားကြောင်း မြေငှားဂရန် သက်တမ်းသည်လည်း ကုန်ဆုံးနေသည်ဖြစ်၍ ယခုအခါ မြေကွက်ဝယ်ယူပိုင်ဆိုင်သူ ဒေါ်သန်းသန်းအေးမှ ၎င်းအမည်ဖြင့် မြေငှားဂရန် အမည်ပြောင်း/သက်တမ်းတိုး လျှောက်ထားဆောင်ရွက်သွားမည်ဖြစ်ပါ၍ ကန့်ကွက်လိုသူမည်သူမဆို ယင်းမြေကွက်နှင့်ပတ်သက်ပြီး ယနေ့မှစ၍ ၁၅ရက်အတွင်း စစ်ကိုင်းခရိုင် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနသို့ (ရုံးချိန်အတွင်း) တရားဝင်ပိုင်ဆိုင်မှုအထောက်အထားများဖြင့် လာရောက်ကန့်ကွက်နိုင်ပါကြောင်းနှင့် သတ်မှတ်ရက်ကျော်လွန်ပြီးမှ တင်ပြလာခြင်းကို လက်ခံစဉ်းစားမည်မဟုတ်ဘဲ တည်ဆဲမြေယာအက်ဥပဒေ၊ နည်းဥပဒေ၊ လုပ်ထုံးလုပ်နည်းများနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် အသိပေးကြော်ငြာအပ်ပါသည်။

ခရိုင်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန
စစ်ကိုင်းခရိုင်၊ စစ်ကိုင်းမြို့

## ငြင်းချက်ထုတ်ရန်ဆင့်စာ
## (တရားမကျင့်ထုံးဥပဒေအမိန့် - ၅၊ နည်းဥပဒေ-၂၀)
## ဒဂုံမြို့သစ်ခရိုင်တရားရုံး
## ၂၀၂၂ ခုနှစ်၊ တရားမကြီးမှုအမှတ် – ၄၈၉

ဦးနီဟရဲ **နှင့်** ၁။ ဦးအောင်တင်
၂။ ဒေါ်မြင့်မြင့်ငြိမ်း

**(တရားလို)** **(တရားပြိုင်များ)**

ရန်ကုန်တိုင်းဒေသကြီး၊ ပုဇွန်တောင်မြို့နယ်၊ (၂)ရပ်ကွက်၊ မဟာဗန္ဓုလလမ်း၊ အခန်း(၈)နေ (၁)တရားပြိုင် ဦးအောင်တင်နှင့် ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ် (အရှေ့ပိုင်း)မြို့နယ်၊ (၁၄)ရပ်ကွက် ၊ သစ္စာလမ်း၊ အမှတ်(၄၉၁)နေ (၂) တရားပြိုင် ဒေါ်မြင့်မြင့်ငြိမ်း (ယခုနေရပ်လိပ်စာမသိသူ)တို့ သိစေရမည်။

သင်တို့အပေါ်၌ တရားလိုက ရောင်းသူ၏ တာဝန်ဝတ္တရားအရ အရောင်းအဝယ် မှတ်ပုံတင်စာချုပ် ချုပ်ဆိုပေးစေလိုမှု လျှောက်ထားစွဲဆိုသည်ဖြစ်၍ သင်ကိုယ်တိုင်ဖြစ်စေ၊ ၎င်းအမှုနှင့်စပ်လျဉ်း၍ အရေးကြီးသည့် စကားအရပ်ရပ်တို့ကို ချေပပြောဆိုနိုင်သူ ကိုယ်စားလှယ်နှင့်ဖြစ်စေ၊ ရှေ့နေနှင့်ဖြစ်စေ၊ ၂၀၂၂ ခုနှစ် ဒီဇင်ဘာ ၁၂ ရက် (၁၃၈၄ ခုနှစ် နတ်တော်လပြည့်ကျော် ၅ ရက်) မွန်းမတည့်မီ ၁၀:၀၀တွင် အထက်အမည်ပါသူ တရားလို၏အဆိုလွှာကို ထုချေရှင်းလင်းရန် ရုံးတော်သို့ လာရောက်ရမည်။ ၎င်းအပြင် အထက်ပါနေ့ရက်တွင် သင်မလာရောက် ပျက်ကွက်ခဲ့လျှင် သင့်မျက်ကွယ်တွင် ငြင်းချက်များကိုထုတ်ပေးလိမ့်မည်။ ၎င်းအပြင် တရားလိုကကြည့်ရှုလိုသည့် သက်ဆိုင်သည့် စာရွက်စာတမ်းများနှင့် သင်ကထုချေတင်ပြအမှီပြုလိုသည့် စာချုပ်စာတမ်း အစရှိသည်တို့ကို သင်နှင့်အတူ ယူဆောင်လာရမည်။ သို့မဟုတ် သင့်ကိုယ်စားလှယ် ရှေ့နေလက်တွင် ထည့်အပ်လိုက်ရမည်။ သင်က ထုချေလွှာတင်သွင်းလိုလျှင် အမှုမဆိုင်မီလေးရက်က တင်သွင်းရမည်။

၂၀၂၂ ခုနှစ် နိုဝင်ဘာ ၂၈ ရက်တွင် ဤရုံးတံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုး ထုတ်ပေးလိုက်သည်။

(အောင်မင်းထွန်း)
ခရိုင်တရားသူကြီး
ဒဂုံမြို့သစ်ခရိုင်တရားရုံး

## ငြင်းချက်ထုတ်ရန်ဆင့်စာ
## (တရားမကျင့်ထုံးဥပဒေ အမိန့် ၅၊ နည်းဥပဒေ ၂၀)
## ချမ်းမြသာစည်မြို့နယ် တရားရုံးတော်
## ၂၀၂၂ ခုနှစ်၊ တရားမကြီးမှုအမှတ်-၂၅၇

ဒေါ်မိုးပွင့်ဖြူ **နှင့်** ဒေါ်ခင်အုန်းမြင့်

**တရားလို** **တရားပြိုင်**

မန္တလေးမြို့၊ ၃၁(အေ)လမ်း၊ ၇၃ x ၇၄ လမ်းကြား၊ မောရဂီဝါ ရပ်ကွက်၊ ချမ်းအေးသာစံမြို့နယ်၊ ဆေးတက္ကသိုလ်ဝင်းရပ်နေ ဒေါ်ခင်အုန်းမြင့်(ဘ) ဦးထွန်းအောင်ကျော် သိစေရမည်။

သင့်အပေါ်၌ တရားလို ဒေါ်မိုးပွင့်ဖြူက မှတ်ပုံတင်အရောင်းအဝယ်စာချုပ် ချုပ်ဆိုပေးစေလိုမှုရလိုကြောင်းနှင့် လျှောက်ထားစွဲဆိုသည်ဖြစ်၍ သင်ကိုယ်တိုင်ဖြစ်စေ၊ ၎င်းအမှုနှင့်စပ်လျဉ်း၍ အရေးကြီးသည့် စကားအရပ်ရပ်တို့ကို ချေပပြောဆိုနိုင်သူ ကိုယ်စားလှယ်နှင့်ဖြစ်စေ၊ ရှေ့နေနှင့်ဖြစ်စေ ၂၀၂၂ ခုနှစ် ဒီဇင်ဘာ ၁၂ ရက် (၁၃၈၄ ခုနှစ် နတ်တော်လပြည့်ကျော် ၅ ရက်) မွန်းမတည့်မီ ၁၀ နာရီတွင် အထက်အမည်ပါသူ တရားလို၏အဆိုလွှာကို ထုချေရှင်းလင်းရန် ရုံးတော်သို့လာရောက်ရမည်။ ၎င်းပြင် အထက်ပါနေ့ရက်တွင် သင်မလာရောက်ပျက်ကွက်ခဲ့လျှင် သင့်မျက်ကွယ်တွင် ငြင်းချက်များကို ထုတ်ပေးလိမ့်မည်။ ၎င်းပြင် တရားလိုကကြည့်ရှုလိုသည့် စာရွက်စာတမ်းများနှင့် သင်ကထုချေတင်ပြ အမှီပြုလိုသည့် စာချုပ်စာတမ်းအစရှိသည်တို့ကို သင်နှင့်အတူယူဆောင်လာရမည်။ သို့မဟုတ် သင့်ကိုယ်စားလှယ် ရှေ့နေလက်တွင် ထည့်အပ်ပို့လိုက်ရမည်။ သင်ကထုချေလွှာတင်သွင်းလိုလျှင် အမှုမဆိုင်မီလေးရက်က တင်သွင်းရမည်။

၂၀၂၂ ခုနှစ် နိုဝင်ဘာ ၂၈ ရက်တွင် ဤရုံးတံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုး ထုတ်ပေးလိုက်သည်။

(မဂျီဂျာဆိုင်းပန်)
တွဲဖက်မြို့နယ်တရားသူကြီး(၂)
ချမ်းမြသာစည်မြို့နယ်တရားရုံး

## မြန်မာနိုင်ငံငါးမွေးမြူရေးလုပ်ငန်းရှင်များအသင်း
## (၂၀၂၃-၂၀၂၇) အလုပ်အမှုဆောင်ရွေးချယ်မည့်အစီအစဉ်

(၂၀၂၃-၂၀၂၇) (၅)နှစ်သက်တမ်း အလုပ်အမှုဆောင်အသစ် ရွေးချယ်ပွဲကို ကျင်းပပြုလုပ်မည်ဖြစ်ပါ၍ အလုပ်အမှုဆောင်အဖြစ် တာဝန်ထမ်းဆောင်လိုသူ အသင်းသားများသည် ၁၆-၁၂-၂၀၂၂ ရက် နောက်ဆုံးထား၍ အသင်းရုံးတည်ရှိရာ မြန်မာနိုင်ငံငါးလုပ်ငန်းအဖွဲ့ချုပ်ရုံးသို့ အဆိုပြုလွှာများ တင်သွင်းကြပါရန် အကြောင်းကြားအပ်ပါသည်။

**ဆက်သွယ်ရန် ဖုန်း-၀၉- ၇၈၂၅၅၇၉၆၄**

**အလုပ်အမှုဆောင်အဖွဲ့**

## ဆိုင်အမည်အမှတ်တံဆိပ် သတိပေးကြေညာခြင်း

ကျွန်ုပ်၏မိတ်ဆွေဖြစ်သူ မန္တလေးမြို့၊ မဟာအောင်မြေမြို့နယ်၊ ၄၁ လမ်း၊ ၅၃x၅၄ လမ်းကြားနေ ဦးဇေယျာဖြိုး(ဘ)ဦးအုန်းဌေး ၁၄/လမန(နိုင်)၀၇၇၅၉၀ ၏ လွှဲအပ်ချက်အရ အောက်ပါအတိုင်း အများသိစေရန် ကြေညာလိုက်ပါသည်-




**ဆိုင်အမည်အမှတ်တံဆိပ် မှတ်ပုံတင်စာချုပ်အမှတ် ( ၃၅၅၉ / ၂၀၂၂)**

အထက်တွင် ဖော်ပြထားသော "**နန်းစံသူ** ကဖေး"ဆိုင်အမည် အမှတ်တံဆိပ်ကို မန္တလေးမြို့ စာချုပ်စာတမ်းမှတ်ပုံတင်ဌာနမှူးရုံး၏ ဆိုင်အမည်အမှတ်တံဆိပ် မှတ်ပုံတင်မြွက်ဟကြေညာစာတမ်း စာချုပ်မှတ်ပုံတင်အမှတ် (၃၅၅၉/၂၀၂၂)အရ ကျွန်ုပ်၏မိတ်ဆွေမှ ဥပဒေနှင့်အညီ တရားဝင်မှတ်ပုံတင်သွင်းကြေညာခဲ့ပြီးဖြစ်ပါသည်။

ကျွန်ုပ်၏မိတ်ဆွေမှ "**နန်းစံသူ** ကဖေး" ဆိုင်အမည်အမှတ်တံဆိပ်ကို အသုံးပြုပြီး "လက်ဖက်ရည်၊ ကော်ဖီ-အပူ/အအေးအမျိုးမျိုး၊ မုန့်အမျိုးမျိုးနှင့်စားဖွယ်စုံ" တို့ကို သန့်ရှင်းလတ်ဆတ်စွာဖြင့် ပြုလုပ်ရောင်းချလျက်ရှိရာ လူအများနှစ်သက်စွာဖြင့် အထူးအားပေးလျက်ရှိပါသည်။ ကျွန်ုပ်၏ မိတ်ဆွေမှ "**နန်းစံသူ** ကဖေး"ဆိုင်အမည်အမှတ်တံဆိပ်နှင့် အမှတ်အသား (လိုဂို)အား ပုံသဏ္ဍာန်၊ ဒီဇိုင်း၊ အရောင်၊ အရွယ်အစား ဆိုဒ်အမျိုးမျိုးတို့ဖြင့်ပြုလုပ်ပြီး ကပ်နှိပ်၍လည်းကောင်း ရေးဆွဲ၍လည်းကောင်း ဖွင့်လှစ်ရောင်းချလျက်ရှိပါသည်။

သို့ဖြစ်ပါ၍ ကျွန်ုပ်၏မိတ်ဆွေမှ တရားဝင်မှတ်ပုံတင်သွင်းအသုံးပြု ဖွင့်လှစ်လျက်ရှိသော "**နန်းစံသူ** ကဖေး"ဆိုင်အမည် အမှတ်တံဆိပ်နှင့် အမှတ်အသား(လိုဂို)ကို ကျွန်ုပ်၏ မိတ်ဆွေမှတစ်ပါး မည်သူတစ်ဦးတစ်ယောက်မှဖြစ်စေ၊ အများကဖြစ်စေ၊ ပုံတူပုံမှား၊ ထင်ယောင်ထင်မှား၊ တစ်စိတ်တစ်ဒေသဖြစ်စေ၊ သွယ်ဝိုက်၍ဖြစ်စေ၊ တုပပြုလုပ်သုံးစွဲနေသည်များကို တွေ့မြင်သိရှိရပါက ကျွန်ုပ်၏ မိတ်ဆွေလုပ်ငန်းအကျိုးစီးပွား ထိခိုက်နစ်နာဆုံးရှုံးကုန်ကျသမျှအရပ်ရပ်၏ စရိတ်ငွေကြေးများအတွက် တောင်းခံနိုင်ရန် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံအတွင်းရှိ မည်သည့်တရားရုံးများတွင်မဆို တရားမကြောင်းဖြင့်ဖြစ်စေ၊ ရာဇဝတ်ကြောင်းဖြင့်ဖြစ်စေ တရားစွဲဆိုလျော်ကြေးငွေများ တောင်းခံသွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ -**
**ဦးအောင်ခိုင်မြဲ (LL.B)**
**အထက်တန်းရှေ့နေ (စဉ်-၅၄၇၇၇)**
**အိမ်အမှတ် (၂၃/ C)၊ ၃၅ လမ်း၊ ၇၉ x ၈၀ လမ်းကြား၊ မဟာအောင်မြေမြို့နယ် ၊ မန္တလေးမြို့**
**ဖုန်း-၀၉-၄၅၄၅၈၈၉၁၁**

## ကန့်ကွက်နိုင်ကြောင်း ကြော်ငြာစာ

စစ်ကိုင်းမြို့၊ ပါရမီရပ်ကွက်၊ ကွင်း/အကွက်အမှတ်နှင့် အမည်(၇၉၇/ ရွာထောင်အရှေ့)၊ မြေကွက်အမှတ် (က/၉၈)၊ မြေဧရိယာ ၀ ဒသမ ၂၇၈ ဧကရှိမြေသည် ဒေါ်အုန်းခင် အမည်ဖြင့် မြေငှားဂရန် အမှုတွဲအမှတ် RP No ၂၇၅ /V/ of 1993 မြေငှားဂရန်သက်တမ်းမှာ ၁-၁-၁၉၉၀ ရက်မှ ၁-၁- ၂၀၂၀ ရက်အထိ နှစ် (၃၀) မြေငှားဂရန်ဖြစ်ကြောင်း၊ ၁၉-၅-၂၀၂၂ရက်တွင် ဒေါ်အုန်းခင်(ဘ) ဦးစိန်ထွန်း ၉/မရမ(နိုင်)၀၁၁၁၃၁ မှ ဦးရဲလွင်(ဘ) ဦးအားရုံ ၁၃/တကန(နိုင်)၁၂၄၂၆၅ သို့ တရားဝင် မြေကွက်အရောင်းအဝယ်စာချုပ် ချုပ်ဆို၍ စစ်ကိုင်းမြို့နယ် စာချုပ်စာတမ်းမှတ်ပုံတင်ရုံး၌ မှတ်ပုံတင်ထားကြောင်း၊ မြေငှားဂရန်သက်တမ်းသည်လည်း ကုန်ဆုံးနေသည်ဖြစ်၍ ယခုအခါ မြေကွက်ဝယ်ယူပိုင်ဆိုင်သူ ဦးရဲလွင်မှ ၎င်းအမည်ဖြင့် မြေငှားဂရန်အမည်ပြောင်း/သက်တမ်းတိုး လျှောက်ထားဆောင်ရွက်သွားမည်ဖြစ်ပါ၍ ကန့်ကွက်လိုသူမည်သူမဆို ယင်းမြေကွက်နှင့်ပတ်သက်ပြီးယနေ့မှစ၍ ၁၅ ရက်အတွင်း စစ်ကိုင်းခရိုင် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနသို့ (ရုံးချိန်အတွင်း) တရားဝင်ပိုင်ဆိုင်မှုအထောက်အထားများဖြင့် လာရောက်ကန့်ကွက်နိုင်ပါကြောင်းနှင့် သတ်မှတ်ရက်ကျော်လွန်ပြီးမှ တင်ပြလာခြင်းကို လက်ခံစဉ်းစားမည်မဟုတ်ဘဲ တည်ဆဲမြေယာအက်ဥပဒေ၊ နည်းဥပဒေ၊ လုပ်ထုံးလုပ်နည်းများနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် အသိပေးကြော်ငြာအပ်ပါသည်။

ခရိုင်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန
စစ်ကိုင်းခရိုင်၊ စစ်ကိုင်းမြို့

## ပျောက်ဆုံးကြောင်း

ကျွန်မ ဒေါ်အိရွှေစင်မိုး ၂/လကန(နိုင်)၀၉၂၆၅၈ ၏ နိုင်ငံကူး လက်မှတ်အမှတ် (မမှတ်မိ)သည် ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။

**ဖုန်း-၀၉-၈၈၉၀၅၆၃၇၃**

## ပျောက်ဆုံးကြောင်း

ကျွန်တော် ဦးအိုက်စိုင်း ၁၃/မခန(နိုင်)၀၂၄၂၁၈ ၏ နိုင်ငံကူးလက်မှတ် (မမှတ်မိ) သည် ခရီးသွားရင်း ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိပါက အကြောင်းကြားပေးပါရန်။

**ဖုန်း-၀၉-၈၉၉၂၂၅၅၃၃**

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 52W/32623 Dayang-125, M/C ယာဉ်လက်ဝယ်ရှိသူ Khwar Nyo Co., Ltd က (ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက် ၃၀အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန၊**
**ခရိုင်ရုံး(မန္တလေးတောင်ပိုင်း)၊**
**မန္တလေးမြို့**

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 66W/58737 Honda Click 125, M/C ယာဉ်လက်ဝယ်ရှိသူ Khin Thet Hter Co., Ltd က (ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက် ၃၀အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန၊**
**ခရိုင်ရုံး(မန္တလေးတောင်ပိုင်း)**
**မန္တလေးမြို့**

## အထူးဝမ်းနည်းကြေကွဲခြင်း
## ဦးထွန်းမင်း
### အသက်(၉၆)နှစ်

သူငယ်ချင်းဦးဇော်မင်းသိန်း-ဒေါ်ချိုချိုအောင်တို့၏ ဖခင်ဖြစ်သူ ဦးထွန်းမင်းသည် ၂၉-၁၁-၂၀၂၂ရက် မွန်းလွဲ ၁:၃၀နာရီတွင် ကွယ်လွန်ကြောင်း သိရှိရပါသဖြင့် မိသားစုနှင့်ထပ်တူ ဝမ်းနည်းကြေကွဲရပါသည်။

ဗိုလ်လောင်းသင်တန်းအမှတ်စဉ် ၇၇ မှ
သူငယ်ချင်းများနှင့် မိသားစုများ

## ဦးတိုးမြင့်ဝေ
### ကထိက(ငြိမ်း) နိုင်ငံရေးသိပ္ပံဌာန
### အသက် (၈၆)နှစ်

ရေတာရှည်မြို့၊ ရန်ကုန်-မန္တလေးလမ်းမကြီး၊ အိမ်အမှတ် (၂၇၅)၊ အမှတ်(၁)ရပ်ကွက်နေ (ဦးစောလှ-ဒေါ်နုရင်)တို့၏သား၊ ဒေါ်တင်တင်မော်၏ခင်ပွန်း၊ ရန်ကုန်မြို့နေ (ဦးအုန်းမြိုင်)-ဒေါ်ရီရီမြင့်၊ ဦးခင်ဝေ-ဒေါ်ရီလှိုင်တို့၏မောင်၊ ဦးဉာဏ်လင်းထက်-ဒေါ်သီဂီတိုး၊ Capt သက်နိုင်အေး-ဒေါ်ကလျာတိုး၊ ဦးမျိုးဆက်တိုး-ဒေါ်ဇွန်ပွင့်၊ ဦးနေလင်းတိုးတို့၏ ကျေးဇူးရှင်ဖခင်ကြီး၊ မြေး ငါးယောက်တို့၏အဘိုးသည် ၂၉-၁၁-၂၀၂၂ရက် ည ၈:၅၅နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၃၀-၁၁-၂၀၂၂ရက်တွင် မီးသဂြိုဟ်ပြီးစီးပါကြောင်း ရပ်နီးရပ်ဝေးမှ ဆွေမျိုးမိတ်သင်္ဂဟများအား အသိပေးအကြောင်းကြားအပ်ပါသည်။

ကျန်ရစ်သူမိသားစု

## အထူးဝမ်းနည်းကြေကွဲခြင်း
## ဒေါ်သန်းသန်းနွယ်(ခ)တန်ဘိဟုန်
### အသက် (၈၆)နှစ်

မြန်မာနိုင်ငံ အဝေးပြေးကုန်စည်ပို့ဆောင်ရေးဝန်ဆောင်မှုလုပ်ငန်းရှင်များအသင်းမှ ဦးရဲထွန်းအောင် (အလုပ်အမှုဆောင်) ၏ မိခင်ကြီး ဒေါ်သန်းသန်းနွယ်(ခ)တန်ဘိဟုန် အသက် (၈၆)နှစ်သည် ၂၉-၁၁-၂၀၂၂ရက် (အင်္ဂါနေ့) နံနက် ၃:၅၅ နာရီတွင် ကွယ်လွန်သွားကြောင်း သိရှိရပါသဖြင့် ကျန်ရစ်သူမိသားစုနှင့်အတူ ထပ်တူထပ်မျှဝမ်းနည်းကြေကွဲရပါသည်။

အလုပ်အမှုဆောင်အဖွဲ့
မြန်မာနိုင်ငံအဝေးပြေးကုန်စည်ပို့ဆောင်ရေး
ဝန်ဆောင်မှုလုပ်ငန်းရှင်များအသင်း

## ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း၊ ဇရပ် ဒါယိကာမကြီး
## ဒေါ်ကြည်ကြည်ဝင်း(မြောင်းမြ)
### အသက်(၈၆)နှစ်

ဧရာဝတီတိုင်းဒေသကြီး၊ မြောင်းမြမြို့နယ်နေ (ဦးစိန်ရိုး-ဒေါ်စောနှစ်)တို့၏ သမီးထွေး၊ ရန်ကုန်တိုင်းဒေသကြီး၊ အလုံမြို့နယ်၊ ဌာနာရပ်ကွက်၊ နံ့သာလမ်း၊ အိမ်အမှတ် (၉)နေ ဦးစိန်လှိုင်၏ဇနီး၊ ဦးအောင်ဆန်းမြင့်-ဒေါ်ခင်ခင်ဦး၊ (ဦးခင်ထွန်း)-ဒေါ်စိန်စိန်၊ ဦးတင်ဝင်းထွန်း-ဒေါ်အေးအေးမော်၊ ဦးသောင်းဟန်-ဒေါ်ခင်စန္ဒာလှိုင်၊ ဦးဆန်းဦး-ဒေါ်လှလှမင်းတို့၏ချစ်လှစွာသော မိခင်ကြီး၊ ကိုသူရိန်ကျော်-မလဲ့ရည်မွန်၊မဆုမွန်အောင်၊ကိုမိုးမြင့်မောင်၊ ကိုထူးမြတ်ရှိန်-မခင်ချမ်းမြေ့ထွန်း၊ ကိုနေသီဟ၊ ကိုဆုပန်မိုးဆွေ-မမြတ်သဲစု၊ မနှင်းသန့်ဖြူ၊ မောင်ကောင်းဇာနည်ထွန်း၊ မသန့်ဖြူစင်၊ မောင်အောင်ကောင်းမြတ်၊ မောင်သုတတို့၏ချစ်လှစွာသောအဘွား၊ မြစ်ငါးယောက်တို့၏ချစ်လှစွာသောဘွားဘွားကြီးသည် ၃၀-၁၁-၂၀၂၂ရက် နံနက် ၀၀:၅၂နာရီတွင် (၉၆)ပါးသောရောဂါဖြင့် ကွယ်လွန်သွားပါသဖြင့် ယင်းနေ့တွင်ပင် ရေဝေးသုသာန်သို့ပို့ဆောင်မီးသဂြိုဟ်ပြီးဖြစ်ပါကြောင်း ရပ်နီးရပ်ဝေးမှ ဆွေမျိုးမိတ် သင်္ဂဟများအား အသိပေးအကြောင်းကြားအပ်ပါသည်။

ကွယ်လွန်သူအားရည်စူး၍ ၆-၁၂-၂၀၂၂ရက် (အင်္ဂါနေ့)တွင် အလုံမြို့နယ်၊ နံ့သာလမ်း၊ အမှတ်(၉)နေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာ ကြွရောက်ပါရန်ဖိတ်ကြားအပ်ပါသည်။ ကျန်ရစ်သူမိသားစု

## ဘုရား၊ ရဟန်း၊ ကျောင်း ဒါယိကာမကြီး
## ဒေါ်စောမေ(စစ်တွေ)
### အသက်(၈၁)နှစ်

ရန်ကုန်မြို့၊ တာမွေမြို့နယ်၊ ဘိုးလိန်းအောင်မင်္ဂလာရပ်ကွက်၊ တိုက် A3၊ အခန်း(007, 107)၊ ဗညားဒလလမ်းနေ (ဦးစိန်ထွန်းဦး -ဒေါ်မဲရီ)တို့၏ သမီး၊ ဒေါ်အဝမ်း၏ ညီမ၊ ဦးရွှေထွန်းမောင်၏အစ်မ၊ (ဦးစံရွှေဖြူ၏ ချစ်လှစွာသောဇနီး)၊ (ဒေါ်ညိုညိုသိန်း) (M.Sc Zoology)(ဒုဦးစီးမှူး-ငါးလုပ်ငန်းဦးစီးဌာန)၊ ဦးအေးထွန်းသိန်း(ATT Mobile)-မတင်တင်အေး၊ ဦးအေးထွန်းဖြူ ဒေါ်မြသိန်းတို့၏ ကျေးဇူးရှင်မိခင်၊ မောင်နွေငြိမ်းလင်း၊ မောင်မိုးသစ်ငြိမ်းတို့၏ ချစ်လှစွာသောဘောင်ဘောင်ကြီး ဒေါ်စောမေသည် ၂၉-၁၁-၂၀၂၂ရက် (အင်္ဂါနေ့) ည ၉နာရီတွင် နေအိမ်၌ လူကြီးရောဂါဖြင့်ကွယ်လွန်သွားပါသဖြင့် ၁-၁၂-၂၀၂၂ရက် (ကြာသပတေးနေ့) နံနက် ၁၁နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်မီးသဂြိုဟ်မည်ဖြစ်ပါကြောင်း။

(နေအိမ်မှကားများ နံနက် ၉နာရီတွင် ထွက်ခွာပါမည်။)

ကွယ်လွန်သူအားရည်စူး၍ ၅-၁၂-၂၀၂၂ရက် (တနင်္လာနေ့) နံနက် ၇နာရီမှ ၁၀နာရီအထိ အထက်ပါနေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။

ကျန်ရစ်သူမိသားစု

**ဇီဝမျိုးစုံမျိုးကွဲတွေ ကြွယ်စေဖို့**
**သဘာဝ တောတွေ ထိန်းသိမ်းစို့**

## ဒေါ်ဆန်းမေ (မစရဏာဉာဏီ)
### (ပထမကျော်၊ သာသနဓဇသိရီပဝရဓမ္မာစရိယ၊ ဝိနယပါဠိပါရဂူ)
### (အလယ်တောရ၊ ဗဟန်းမြို့နယ်)
### အသက် (၉၄)နှစ်

ပဲခူးတိုင်းဒေသကြီး၊ ရေကင်းမြို့နယ်၊ ကျွန်းညိုရွာနေ (ဦးဘိုးတန်-ဒေါ်ဒေါ်စော)တို့၏သမီး၊ ရန်ကုန်မြို့၊ သာကေတမြို့နယ်၊ အခန်း (၁၀၁)၊ ပထမထပ်၊ နီလာတိုက်၊ မြခွာညိုရတနာတိုက်များနေ ဒေါ်ခင်ဒေါင်းဖြူ ဦးရဲညွန့်ဇော်-ဒေါ်ပုံ့သူဇာ၊ ဒေါ်ခင်ဂျိုးဖြူ ဦးဟုမ်း-ဒေါ်ခင်ဗျိုင်းဖြူတို့၏ကျေးဇူးရှင်မွေးသမိခင်၊ ဒေါ်ခင်ဝေ၊ ဒေါ်သောင်းမော်တို့၏အဒေါ်၊ မြေး သုံးယောက်တို့၏အဘွား၊ (ဦးညွန့်ဇော်)(သာသနာရေးဦးစီးဌာန)၏ဇနီး၊ ဒေါ်ဆန်းမေ(မစရဏာဉာဏီ) အသက် (၉၄)နှစ်သည် ၂၉-၁၁-၂၀၂၂ရက် (အင်္ဂါနေ့) ည ၇:၀၂နာရီတွင် ဘဝတစ်ပါးသို့ ကူးပြောင်းသွားပါသဖြင့် ကြွင်းကျန်ရစ်သော ရုပ်ကလာပ်အား ၁-၁၂-၂၀၂၂ရက် ညနေ ၃နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်မီးသဂြိုဟ်ပြီး ၅-၁၂-၂၀၂၂ရက် (တနင်္လာနေ့) နံနက် ၇နာရီမှ ၁၁နာရီတွင် ရက်လည်ဆွမ်းကျွေးတရားတော်နာကြွရောက်ပါရန် ညှိုးငယ်သောစိတ်ထားဖြင့် ဖိတ်ကြားအပ်ပါသည်။ (နေအိမ်မှကားများ မွန်းလွဲ ၁နာရီတွင် ထွက်ခွာပါမည်။)

ကျန်ရစ်သူမိသားစု

## ၁၅ နှစ်ပြည့် လွမ်းဆွတ်သတိရအမျှပေးဝေခြင်း
### ဘုရား၊ ရဟန်း၊ ဓမ္မာရုံ ဒါယကာကြီး
## ဦးစိုးမြင့်
### ဒုတိယညွှန်ကြားရေးမှူး(ငြိမ်း) မီးသတ်ဦးစီးဌာန

ကွဲကွာချိန်ကြာမြင့်သော်လည်း ကျေးဇူးရှင်ဖခင်ကြီး၏ ကျေးဇူးတရားများကို သတိရအောက်မေ့သောအားဖြင့် ဖခင်ကြီးအား နေ့စဉ်၊ လစဉ်၊ နှစ်စဉ် ပြုလုပ်ခဲ့သော ကောင်းမှုအစုစုကို အမျှပေးဝေပါ၏။ မြင့်မြတ်သောဘုံဘဝမှ သာဓုခေါ်ဆိုနိုင်ပါစေ။

| | | |
|---|---|---|
| ချစ်ဇနီး | - | ဒေါ်နွယ်နွယ်ဦး(ဦးစီးမှူး-ငြိမ်း၊ မီးသတ်ဦးစီးဌာန) |
| သမီးကြီး | - | ဒေါက်တာမြတ်မြတ်စိုး(ညွှန်ကြားရေးမှူး၊ တီထွင်ဆန်းသစ်မှုနှင့် သုတေသနဦးစီးဌာန)-ဦးခင်သောင်း(လ/ထညွှန်ကြားရေးမှူး-ငြိမ်း) |
| သမီးလတ် | - | ဒေါက်တာနေမာစိုး(ပါမောက္ခ-ဌာနမှူး၊ ဓာတုဗေဒဌာန၊ ရန်ကုန်ပညာရေးတက္ကသိုလ်) |
| သမီးငယ် | - | ဒေါ်ဖြူဖြူစိုး(အမက-၂၁၊ လှိုင်)-ဦးမျိုးညီညီ(မြို့နယ်မီးသတ်ဦးစီးအရာရှိ၊ တာမွေမြို့နယ် |
| ချစ်မြေးလေး | - | မြတ်သီဟသောင်း(Johnson) |

## ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း၊ ရေတွင်း ဒါယကာကြီး
## ဦးကျော်ငြိမ်းလွင်
### အသက် (၇၆)နှစ်

နေပြည်တော်၊ ပျဉ်းမနားမြို့၊ မင်္ဂလာရပ်ကွက်၊ ဗိုလ်လက်ျာလမ်း၊ အိမ်အမှတ် (၂/၅၁)နေ (ဦးလွင်-ဒေါ်ခင်စိုး)တို့၏သား၊ (ဦးဆွယ်-ဒေါ်အုန်းတင်)တို့၏သားသမက်၊ ဒေါ်ခင်စမ်းနွဲ့၏ခင်ပွန်း၊ ဦးကြည်သာထက်-ဒေါ်နိုင်နိုင်လွင်၊ ဗိုလ်မှူးကြီးရဲလင်းအောင်-ဒေါ်နွယ်နွယ်လွင်တို့၏ဖခင်၊ မောင်ဟိန်းထက်အောင်၊ မောင်အောင်ခန့်စည်၊ မောင်အောင်မြတ်ငြိမ်းတို့ ၏ အဘိုးသည် ၃၀-၁၁-၂၀၂၂ရက် ၁၂နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၁-၁၂-၂၀၂၂ရက် ညနေ ၃နာရီတွင် ကွေ့ကြီးသုသာန်၌ ဂူသွင်းသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း အသိပေးအကြောင်းကြားအပ်ပါသည်။

ကျန်ရစ်သူမိသားစု

## ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း၊
## တန်ဆောင်း ဒါယိကာမကြီး
## ဒေါ်မြင့်မြင့်မာ
### အသက်(၆၅)နှစ်

ရန်ကုန်မြို့၊ မရမ်းကုန်းမြို့နယ်၊ သမိုင်း(၁)ရပ်ကွက်၊ (၈)လမ်း၊ အမှတ်(၄၃၅)နေ (ဦးမြင့်ဖေ-ဒေါ်အမာစိန်)တို့၏သမီးကြီး၊ ဦးသိန်းလွင်၏ ချစ်လှစွာသောဇနီး၊ ကိုမင်းမင်းဦး၊ မအေးသန္တာဆွေ(ရွှေသံစဉ်အင်ဂျင်ဝိုင်ရောင်းဝယ်ရေး၊ ဘုရင့်နောင်)၊ ကိုဟိန်းထက်အောင်တို့၏ ချစ်လှစွာသောမွေးသမိခင်၊ မောင်မော်ကွန်းဦး၏ ချစ်လှစွာသော အဘွားသည် ၃၀-၁၁-၂၀၂၂ရက် (ဗုဒ္ဓဟူးနေ့) မွန်းလွဲ ၁:၂၅နာရီတွင် ကန်သာယာဆေးရုံ၌ ကွယ်လွန်သွားပါသဖြင့် ၂-၁၂-၂၀၂၂ရက် (သောကြာနေ့) မွန်းလွဲ ၂နာရီတွင် ထိန်ပင်သုသာန်၌ မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်နီးရပ်ဝေးမှ ဆွေမျိုးမိတ်သင်္ဂဟများအား အသိပေးအကြောင်းကြားအပ်ပါသည်။

ကျန်ရစ်သူမိသားစု

### ပျောက်ဆုံးကြောင်း

ကျွန်တော် မောင်ကျော်မင်းခန့် ၅/ယမပ(နိုင်) ၁၅၂၉၁၉ ၏ နိုင်ငံကူးလက်မှတ်အမှတ် (မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။

ဖုန်း-၀၉-၉၆၁၂၂၀၃၇၄

### ပျောက်ဆုံးကြောင်း

ကျွန်မ မပပစိုး ၅/ဆလက(နိုင်) ၀၉၉၅၂၆၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။

ဖုန်း-၀၉-၄၅၁၃၀၂၄၆၆

## ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း ဒါယကာကြီး
## ဦးဝင်း(ခ)ဦးကျန်ဝန်
### အသက် (၉၄)နှစ်

ရန်ကုန်မြို့၊ လသာမြို့နယ်၊ လသာလမ်း၊ အမှတ် (၄၄)နေ ဒေါ်သိန်းစိုး၏ခင်ပွန်း၊ ဦးချစ်မောင်-ဒေါ်ကြည်ကြည်ဝင်း၊ ဦးတင်မောင်ဝင်း၊ ဦးသိန်းထွန်း-ဒေါ်တင်တင်ဝင်း၊ ဦးအောင်သန်းကြည်-ဒေါက်တာခင်ခင်ဝင်း၊ ဦးသက်ဦး-ဒေါ်သိန်းသိန်းဝင်း၊ ဦးအစိမ်း-ဒေါ်စန်းစန်းဝင်း၊ ဦးသန်းငွေ-ဒေါ်တိုးတိုးဝင်း၊ ဒေါက်တာ မောင်မောင်မိုး-ဒေါ်သန္တာမြင့်၊ ဒေါက်တာ ကျော်ကျော်ဦး-ဒေါ်ယဉ်ယဉ်ဝင်း၊ ဦးမိုးကျော်-ဒေါ်သန်းထိုက်အေးတို့၏ကျေးဇူးရှင်ဖခင်ကြီး မြေး ၁၁ ယောက်၊ မြစ် နှစ် ယောက်တို့၏အဘိုး ဦးဝင်း(ခ)ဦးကျန်ဝန်သည် ၂၉-၁၁-၂၀၂၂ရက် (အင်္ဂါနေ့) ည ၁၁နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၁-၁၂-၂၀၂၂ရက် (ကြာသပတေးနေ့) နံနက် ၁၁ နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်ဂူသွင်းသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်နီးရပ်ဝေးမှ ဆွေမျိုးမိတ်သင်္ဂဟများအား အသိပေးအကြောင်းကြားအပ်ပါသည်။

ကျန်ရစ်သူမိသားစု

## အထူးဝမ်းနည်းကြေကွဲခြင်း
## ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း ဒါယကာကြီး
## ဦးဝင်း(ခ)ဦးကျန်ဝန်
### အသက်(၉၄)နှစ်

ရန်ကုန်မြို့၊ လသာမြို့နယ်၊ လသာလမ်းနေ ဦးအောင်သန်းကြည်-ဒေါက်တာ ဒေါ်ခင်ခင်ဝင်း(Singapore)၏ ကျေးဇူးရှင်ဖခင်ကြီး ဦးဝင်း(ခ) ဦးကျန်ဝန် အသက်(၉၄)နှစ်သည် ၂၉-၁၁-၂၀၂၂ရက် (အင်္ဂါနေ့) ည ၁၁နာရီတွင် ကွယ်လွန်သွားပါကြောင်း ကြားသိရပါသဖြင့် ကျန်ရစ်သူမိသားစုနှင့် ထပ်တူဝမ်းနည်းကြေကွဲရပါသည်။

ဒုတိယဗိုလ်ချုပ်ကြီး မြင့်လှိုင်(ငြိမ်း)-ဒေါ်ခင်သန့်စင် မိသားစု

## ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်းဒါယကာကြီး
## ဦးဝင်းမြိုင် (ထောက်ကြန့်)
### အသက် (၉၁)နှစ်

ရန်ကုန်တိုင်းဒေသကြီး၊ မင်္ဂလာဒုံမြို့နယ်၊ ထောက်ကြန့်နေ ဦးဘခင်-ဒေါ်အေးရင်တို့၏သား၊ ဦးကျင်တိတ်-ဒေါ်စိန်ယုံတို့၏သားသမက်၊ ထောက်ကြန့်လမ်းဆုံရပ်ကွက်နေ ဒေါ်စန်းမြိုင်၊ ဦးအုန်းကျင်-ဒေါ်စန်းတင်၊ ဦးအုန်းဆိုင်-ဒေါ်ထွေးတင်၊ ဒေါ်ရင်လှိုင်၊ ဒေါ်ရင်မြိုင်တို့၏ ညီ/မောင်၊ ဦးပု-ဒေါ်ရီ၊ ဦးမြအေး-ဒေါ်သန်းညွန့်၊ ဦးမြထွေး-ဒေါ်ညွန့်ညွန့်သိန်း၊ ဦးခင်မောင်အေး-ဒေါ်အေးအေးဝင်းတို့၏အစ်ကို၊ ရန်ကုန်မြို့နေ ဦးထွန်းလင်း-ဒေါ်စိန်မြ၊ ဦးညွန့်မောင်-ဒေါ်အေးခိုင်တို့၏ အစ်ကို၊ ဦးသန်းနိုင်ဝင်း-ဒေါ်အေးအေးသန်း၊ ဦးရန်မျိုးအောင်၊ (ဦးသန်းဝင်း)-ဒေါ်ယုဆွေဝင်း၊ ဒေါ်မာလာဝင်းတို့၏မွေးသဖခင် ကျေးဇူးရှင်၊ မကျော့ကေခိုင်၊ မောင်ကောင်းခန့်ဇော်တို့၏အဘိုး၊ ထောက်ကြန့်မြို့၊ တောင်ပိုင်းရပ်ကွက်၊ ပြည်လမ်း၊ အမှတ် (၇၅)နေ ဒေါ်တင်ယုံ၏ချစ်လှစွာသော ခင်ပွန်းသည် ၃၀-၁၁-၂၀၂၂ရက် (ဗုဒ္ဓဟူးနေ့) နံနက် ၀၄:၅၀နာရီတွင် ကွယ်လွန်အနိစ္စ ရောက်သွားပါသဖြင့် ကြွင်းကျန်ရစ်သော ရုပ်ကလာပ်ကို ၄-၁၂-၂၀၂၂ရက် (တနင်္ဂနွေနေ့) မွန်းလွဲ ၁နာရီတွင် မြို့ရှောင်လမ်း သုသာန်၌မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း။ (နေအိမ်မှကားများ မွန်းလွဲ ၁၂:၃၀နာရီတွင် ထွက်ပါမည်။)

ကွယ်လွန်သူအားရည်စူး၍ ၆-၁၂-၂၀၂၂ရက် (အင်္ဂါနေ့) နံနက် ၇ နာရီတွင် အမှတ် (၇၅)၊ ပြည်လမ်း၊ တောင်ပိုင်းရပ်ကွက်၊ နေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာကြွရောက်ပါရန် ညှိုးငယ်သောစိတ်ထားဖြင့် ဖိတ်ကြားအပ်ပါသည်။ ကျန်ရစ်သူမိသားစု

## ရဟန်း၊ ကျောင်း ဒါယကာကြီး
## ဦးငွေအောင် B.Sc Engg(Civil)
### ညွှန်ကြားရေးမှူး(ငြိမ်း)၊ စက်မှုဆောင်ရွက်မှုလုပ်ငန်း
### အသက်(၉၀)နှစ်

ကချင်ပြည်နယ်၊ မိုးမောက်မြို့နေ (ဦးခေးတွာ-ဒေါ်ဝေ)တို့၏သားကြီး၊ တောင်ငူမြို့နေ (ဦးကြိုင်-ဒေါ်အုန်းကြည်)တို့၏သားသမက်၊ ရန်ကုန်မြို့၊ လှိုင်မြို့နယ်၊ သုခလမ်းသွယ်(၅၆)၊ အမှတ်(၂၇)နေ (ဒေါ်မူမူကြိုင်)၏ခင်ပွန်း၊ (ဦးမျိုးတင့်-ဒေါ်သောင်းရွှေ)၊ (ဒေါ်မြင့်နွယ်)၊ ဒေါက်တာမင်းအောင်(မေ့ဆေး)-ဒေါ်ချိုနွယ်ဦး၊ ပါမောက္ခ ဒေါက်တာစိုးအောင်(သားဖွား/မီး ယပ်)-ဒေါ်သန်းသန်းညွန့်၊ (ဦးဘမောင်)၊ ဦးဘအောင်-ဒေါ်စိန်စိန်ရီတို့၏အစ်ကိုကြီး၊ ဦးဇော်ဝင်းအောင်-(ဒေါ်မေကြည်)(USA)၊ ဒေါက်တာဟန်ဝင်းအောင်-ဒေါက်တာကြည်ကြည်မော်(Australia)၊ ဒေါက်တာသန္တာအောင်-ဒေါက်တာချစ်ခိုင်(USA)၊ ဒေါက်တာသီဂီအောင်-ဒေါက်တာဝင်းထိန်ကျော်(UK)တို့၏ ချစ်လှစွာသောဖခင်၊ မောင် Leonဝေဖြိုးအောင်၊ မောင်Hugo စည်သူအောင်တို့၏ အဘိုး ဦးငွေအောင်သည် USA နိုင်ငံ Los Angelesမြို့၊ UCLA Ronal Reagon Hospitalတွင် ၂၀-၁၁-၂၀၂၂ ရက်တွင် ကွယ်လွန်သွားပါသဖြင့် Peek Dignity Memorial, Westminster, California ၌ မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ဆွေမျိုးမိတ်သင်္ဂဟများအား အသိပေးအကြောင်းကြားအပ်ပါသည်။

ကျန်ရစ်သူမိသားစု

### တစ်ဦးတည်းဖြစ်ပါကြောင်း

ကျောက်ပန်းတောင်းမြို့နယ်၊ တည်ပင်တဲအုပ်စု၊ ကြက်ဖြူတဲရွာမှ မသီရိရွှေဇင် ၉/ကပတ(နိုင်) ၂၉၇၃၇၇၏ ဖခင်မှာ ဦးဝင်းတင့် ဦး(ခ)ဦးဝင်းတင်မှာ တစ်ဦးတည်းဖြစ်ပါကြောင်း။

### ဖခင်အမည်မှန်

ကချင်ပြည်နယ်၊ ရွှေကူမြို့နယ်၊ ထက်အောင်ကိုယ်ပိုင်အထက်တန်းကျောင်း Grade (11)တွင် ပညာသင်ကြားနေသော မခိုင်မျိုးဝေ၏ ဖခင်အမည်မှန်မှာ ဦးမောင်မျိုး(ခ)ဦးမျိုးထွန်းအောင် ၁/ရကန(နိုင်)၀၄၆၀၂၉ ဖြစ်ပါကြောင်း။

### ပြင်ဆင်ဖတ်ရှုပါရန်

၂၈-၉-၂၀၂၂ရက်နေ့ မြန်မာ့အလင်းသတင်းစာ စာမျက်နှာ (၂၉) ပါ ကြော်ငြာစာတွင် တောမှမြို့ပြောင်း၊ သက်တမ်းတိုး၊ အမည်ပြောင်း လျှောက်ထားသည့်အမှုတွဲအမှတ် ၃၃၁၇/၂၀၂၂-၂၀၂၃အစား၊ ၄၄၉၉/၂၀၂၂-၂၀၂၃ ဟု ပြင်ဆင်ဖတ်ရှုပါရန်။

ကျွန်တော်တို့အားလုံး ဖြတ်သန်းလာခဲ့တဲ့ တစ်နိုင်ငံလုံးပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေး သဘောတူစာချုပ် (NCA) ချုပ်ဆိုခဲ့တဲ့ (၇)နှစ်ပြည့်ကာလမှာ ကျွန်တော့်အနေနဲ့ -

- ဖြတ်သန်းလာခဲ့ရတဲ့ ကာလတစ်လျှောက် အတွေ့အကြုံတွေအရ တည်ငြိမ်အေးချမ်းမှုရှိခြင်းနဲ့ တည်ငြိမ်အေးချမ်းမှုမရှိခြင်းတို့ရဲ့ အကျိုးအပြစ်တွေကို သုံးသပ်ဆင်ခြင်ပြီး NCA စာချုပ်ရဲ့ တန်ဖိုးအနှစ်သာရပီပြင်လာအောင် ဝိုင်းဝန်းဆောင်ရွက်ကြပါ။
- ဒို့တာဝန်အရေးသုံးပါးမူဝါဒကို လေးစားတန်ဖိုးထားပြီး ပေါင်းစည်းညီညွတ်သော ဒီမိုကရေစီနဲ့ ဖက်ဒရယ်စနစ်ကိုအခြေခံတဲ့ ပြည်ထောင်စုဖော်ဆောင်အောင်မြင်နိုင်ဖို့ NCA စာချုပ်ပါ ကတိကဝတ်တွေကို လေးလေးစားစားလိုက်နာကြပါ။
- အမျိုးသားနိုင်ငံရေးအတွေးအမြင်ကြွယ်ဝသော၊ နိုင်ငံသားသစ္စာတရားပြည့်ဝသော နိုင်ငံကြီးသားစိတ်ထားရှိသူတွေ ဖြစ်လာစေရန် မိမိတို့ကိုယ်တိုင်နှင့် မိမိတို့ပတ်ဝန်းကျင်ကို ပြုစုပျိုးထောင်သွားကြပါ။
- NCA မှာ လက်မှတ်ရေးထိုးရန်ကျန်ရှိနေသေးသည့် အဖွဲ့အစည်းတွေ ပါဝင်လာစေဖို့အတွက် နှီးနှောဖလှယ်တိုက်တွန်းမှုတွေ၊ စည်းရုံးသိမ်းသွင်းမှုတွေ တတ်စွမ်းနိုင်သမျှ ပံ့ပိုးလုပ်ဆောင်ခြင်းဖြင့် သမိုင်းမှတ်တမ်းကောင်းတစ်ခု စိုက်ထူသွားကြပါစို့လို့ နှီးဆော်တိုက်တွန်းရင်း နိဂုံးချုပ်အပ်ပါတယ်။

(နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် အမျိုးသားစည်းလုံးညီညွတ်ရေးနှင့် ငြိမ်းချမ်းရေးဖော်ဆောင်မှုဗဟိုကော်မတီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်၏ ၂၀၂၂ ခုနှစ်၊ အောက်တိုဘာလ ၁၅ ရက်နေ့တွင် ကျင်းပပြုလုပ်သည့် တစ်နိုင်ငံလုံးပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေး သဘောတူစာချုပ် (NCA) ချုပ်ဆိုခြင်း (၇) နှစ်မြောက် နှစ်ပတ်လည်နေ့တွင် ပြောကြားသည့်မိန့်ခွန်းမှ ကောက်နုတ်ချက်)

## ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဦးတည်ချက် ၉ ရပ်

၁။ **နိုင်ငံရေး**

(က) စစ်မှန်၍ စည်းကမ်းပြည့်ဝသော ပါတီစုံဒီမိုကရေစီစနစ်ကို တရားမျှတမှုအပြည့် ကျင့်သုံးပြီး ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကိုအခြေခံသည့် ပြည်ထောင်စုကို တည်ဆောက်နိုင်ရေး၊

(ခ) တစ်နိုင်ငံလုံး ထာဝရငြိမ်းချမ်းရေးရရှိရေးအတွက် တစ်နိုင်ငံလုံး ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေး သဘောတူစာချုပ် (NCA) ပါအတိုင်း အလေးထားလုပ်ဆောင်ရေး၊

(ဂ) လွတ်လပ်၍ တက်ကြွပြီး ဘက်မလိုက်သော နိုင်ငံခြားရေးမူဝါဒကို ကျင့်သုံးပြီး နိုင်ငံများအကြား ငြိမ်းချမ်းစွာ အတူယှဉ်တွဲနေထိုင်ရေး "မူ" ကို ဆက်လက်လိုက်နာကျင့်သုံးရေး၊

၂။ **စီးပွားရေး**

(က) စိုက်ပျိုးရေးနှင့် မွေးမြူရေးကို အခြေခံသည့် ကုန်ထုတ်လုပ်မှုကို ခေတ်မီနည်းစနစ်များဖြင့် ပိုမိုဖွံ့ဖြိုးတိုးတက်အောင်ဆောင်ရွက်ပြီး အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး၊

(ခ) ဈေးကွက်စီးပွားရေးစနစ် တည်ငြိမ်အောင်ဖော်ဆောင်ပြီး နိုင်ငံတကာရင်းနှီးမြှုပ်နှံမှုများကို ဖိတ်ခေါ်၍ တိုင်းရင်းသားပြည်သူတစ်ရပ်လုံး၏ စီးပွားရေးဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး၊

(ဂ) ပြည်တွင်းစီးပွားရေးလုပ်ငန်းများကို အားပေးကူညီပြီး နိုင်ငံတော်၏ ထုတ်ကုန်များစွာ ထုတ်လုပ်နိုင်သည့် အလုပ်အကိုင်အခွင့်အလမ်းများ ဆောင်ရွက်ဖော်ဆောင်ရေး၊

၃။ **လူမှုရေး**

(က) စစ်မှန်သော မျိုးချစ်စိတ်ဓာတ်ဖြစ်သည့် ပြည်ထောင်စုစိတ်ဓာတ် ရှင်သန်ထက်မြက်ရေး၊

(ခ) တိုင်းရင်းသားလူမျိုးအပေါင်းတို့၏ ဓလေ့ထုံးတမ်းအစဉ်အလာများကို လေးစားလိုက်နာပြီး အမျိုးသားယဉ်ကျေးမှုစရိုက်လက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး၊

(ဂ) တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မားရေး။

## NUG လက်ဝေခံ PDF အကြမ်းဖက်သောင်းကျန်းသူများမှ အပြစ်မဲ့ လျှပ်စစ်ဝန်ထမ်းတစ်ဦးအား လုပ်ကြံပစ်ခတ်ခဲ့မှုနှင့် လျှပ်စစ်ဓာတ်အားထုတ်လုပ်ဖြန့်ဖြူးလျက်ရှိသည့် အခြေခံအဆောက်အအုံများအား တိုက်ခိုက်ဖျက်ဆီးမှုအခြေအနေများအား သတင်းထုတ်ပြန်ခြင်း

၂၀၂၂ ခုနှစ်၊ နိုဝင်ဘာလ ၃၀ ရက်

ပြည်သူများ၏ လျှပ်စစ်ဓာတ်အားလိုအပ်ချက်ကို ထုတ်လုပ်၊ ဖြန့်ဖြူးဆောင်ရွက်နေသော လျှပ်စစ်စွမ်းအားဝန်ကြီးဌာနမှ ဝန်ထမ်းများ၊ လျှပ်စစ်ဓာတ်အားထုတ်လုပ်ပေးလျက်ရှိသည့် ဓာတ်အားပေးစက်ရုံများနှင့် ဓာတ်အားလိုင်းများအား NUG လက်ဝေခံ PDF အကြမ်းဖက်သောင်းကျန်းသူများ၏ လုပ်ကြံတိုက်ခိုက်ဖျက်ဆီးမှုများကြောင့် (၂၉-၁၁-၂၀၂၂) ရက်နေ့ ညနေပိုင်းတွင် လျှပ်စစ်ဓာတ်အားဖြန့်ဖြူးရေးလုပ်ငန်း၊ မွန်ပြည်နယ်၊ ကျိုက်ထိုမြို့နယ် လျှပ်စစ်ရုံး၌ *စာမျက်နှာ ၂၀ ကော်လံ ၁* ◆




၂၃၀ ကေဗွီ မော်လမြိုင် - မြဝတီ (Double Circuit) ဓာတ်အားလိုင်း ဖျက်ဆီးခံရသည့် တာဝါတိုင်အမှတ် (၁၇၃) မှတ်တမ်းဓာတ်ပုံ။

## (၇၅)နှစ်မြောက် စိန်ရတုလွတ်လပ်ရေးနေ့ အထိမ်းအမှတ် ပဒေသာကပွဲ MRTV မှ တိုက်ရိုက်ထုတ်လွှင့်မည်

**နေပြည်တော် နိုဝင်ဘာ ၃၀**

(၇၅) နှစ်မြောက် စိန်ရတုလွတ်လပ်ရေးနေ့ အထိမ်းအမှတ် ပဒေသာကပွဲကို နေပြည်တော်၊ မြို့တော်ခန်းမ လဟာပြင်ကဇာတ်ရုံ၌ နိုဝင်ဘာ ၂၆ ရက်က စတင်ကျင်းပခဲ့ရာ နိုဝင်ဘာ ၃၀ ရက် ညတွင် သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန အနုပညာဦးစီးဌာနမှ အနုပညာရှင်များ ဖျော်ဖြေတင်ဆက်ခဲ့သည့် **"အသက်ထက်မြတ်သော ဂုဏ်သိက္ခာ"** ပြဇာတ်ကြီးကို ပရိသတ်များ၏ တောင်းဆိုချက်အရ ဒီဇင်ဘာ ၁ ရက် ညနေ ၆ နာရီခွဲမှ ည ၁၁ နာရီအတွင်း နေပြည်တော် မြို့တော်ခန်းမရှိ လဟာပြင်ကဇာတ်ရုံ၌ ဆက်လက်ဖျော်ဖြေတင်ဆက်သွားမည်ဖြစ်သည်။

အဆိုပါပဒေသာကပွဲ၏ ဖျော်ဖြေတင်ဆက်မှုများကို MRTV- HD ၊ MRTV Parliament Channel ၊ MWD HD Channel ၊ MWD Variety HD Channel ၊ MRTV Web & App တို့မှလည်း ညနေ ၆ နာရီခွဲမှ ည ၈ နာရီအထိနှင့် ည ၉ နာရီမှ ည ၁၁ နာရီအထိ နှစ်ချိန်ခွဲ၍ တိုက်ရိုက် (LIVE) ထုတ်လွှင့်ပြသခြင်းကို တစ်ရက်တိုး၍ တင်ဆက်သွားမည်ဖြစ်သည်။ **သတင်းစဉ်**

## အုပ်စု (ခ) နောက်ဆုံးပွဲစဉ်များတွင် အင်္ဂလန်နှင့် အမေရိကန်တို့ အနိုင်ရပြီး နောက်တစ်ဆင့်တက်



အင်္ဂလန်အသင်းမှ ရက်ဖို့ဒ်၏ ထိုးဖောက်ကစားဟန်။

ကမ္ဘာ့ဖလားပြိုင်ပွဲ အုပ်စု (ခ) မှ နောက်ဆုံးပွဲစဉ်များကို နိုဝင်ဘာ ၃၀ ရက် နံနက်ပိုင်း တစ်ချိန်တည်း ယှဉ်ပြိုင်ကစားခဲ့ရာ အင်္ဂလန်နှင့် အမေရိကန်တို့ အနိုင်ရရှိပြီး နောက်တစ်ဆင့်တက်ရောက်နိုင်ခဲ့သည်။

ဝေးလ်နှင့် အင်္ဂလန်အသင်းတို့ပွဲစဉ်တွင် အင်္ဂလန်အသင်းက ပွဲချိန် မိနစ် ၅၀ ၊ ၅၁ မိနစ်နှင့် ၆၈ မိနစ်တို့တွင် ရက်ဖို့ဒ်နှင့် ဖိုဒင် တို့၏ သွင်းဂိုးများနှင့်အတူ သုံးဂိုးပြတ် အနိုင်ရရှိခဲ့သည်။ ထို့ကြောင့် အင်္ဂလန်အသင်းသည် သုံးပွဲကစားပြီး ရမှတ် ၇ မှတ်နှင့်အတူ အုပ်စုပထမဖြင့် ရှုံးထွက်အဆင့် တက်ရောက်နိုင်ခဲ့ခြင်းဖြစ်သည်။

အီရန်နှင့် အမေရိကန်အသင်းတို့ပွဲစဉ်တွင် အမေရိကန်အသင်းက ပွဲချိန် ၃၈ မိနစ်တွင်ရရှိခဲ့သော ပူလီဆစ်၏ တစ်လုံးတည်းသော သွင်းဂိုးဖြင့် အနိုင်ရရှိခဲ့သည်။ ယခုအနိုင်ပွဲကြောင့် အမေရိကန်အသင်းသည် သုံးပွဲကစားပြီး ရမှတ် ငါးမှတ်နှင့်အတူ အုပ်စုဒုတိယဖြင့် ရှုံးထွက်အဆင့် တက်ရောက်နိုင်ခဲ့ခြင်းဖြစ်သည်။ *စာမျက်နှာ ၁၂ ကော်လံ ၅* ❒

## ယနေ့ သတင်းအညွှန်း

**ငါန်းဇွန်မြို့နယ်၌ "De Huse Company"မှ ကုမ္ပဏီဝန်ထမ်းများကို လုပ်အားခလစာထုတ်ပေးရန် YOMA Bank မှ ငွေကျပ်သိန်း ၁၇၆၀ ထည့်ထားသည့် ATM စက်နှစ်လုံးနှင့် မော်တော်ယာဉ် တစ်စီးတို့ PDF အကြမ်းဖက်သမားများက ဓားပြတိုက်လုယက်ယူဆောင်**

ပြည်တွင်းသတင်း စာ - ၁၈